www.dhammaransi.com

ဗုဒ္ဓဘာသာဝင်အများ

သိသင့်သိထိုက်သော

# ဗုဒ္ဓဘဏ္ဍာတော်ပြဿနာကျမ်း

နှင့်

## ဘာသာ သာသနာရေးဆိုင်ရာ

## သိမှတ်ဘွယ်ရာများ

၁၃၃၆-ခု၊ (ဓမ္မဒါနစာအုပ်-၃၀၀၀) ၁၉၇၄-ခု၊

**ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်**

**အမှတ် ၃၄၉၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့**

www.dhammaransi.com

၁၆၈၇၂

ဝက်လက်မြို့—သမဂ္ဂသံဃာတော်များ ပြုစု၍
မင်းကွန်း—ဓမ္မနာဒတိုက်
(မဟာဗုဒ္ဓဝင်ကျမ်းပြု)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အရှင်ဝိစိတ္တသာရာဘိဝံသ ပြင်ဆင်တည်းဖြတ်သည့်

# ဗုဒ္ဓဘဏ္ဍာတော်ပြဿနာကျမ်း

နှင့်

**လယ်တီဆရာတော်ဘုရားကြီး**
ရေးသားသော ဘာသာသာသနာရေးဆိုင်ရာ

# သိမှတ်ဖွယ်ရာများ

(ဓမ္မဒါနစာအုပ် ၃၀၀၀)

**ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်**
**၃၄၉—ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့**
၁၃၃၆—ခု၊ (သာသနာ—၂၅၁၈) ၁၉၇၄—ခု၊
H 625— A [ဟံသာဝတီ]

www.dhammaransi.com

ဗုဒ္ဓဘာသာတော်ပြဿနာကျမ်း
ပုံနှိပ်ခြင်း

ပဥ္စမအကြိမ် ၁၉၇၄—ခု ၊ဇွန်လ

အုပ်ရေ ၃၀၀၀

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၇၀၁၅)

(မျက်နှာဖုံး ကာလာမောင်ဝင်းမှာ ရိုက်သည်)

(မူဒါနပြုရန်)

ထုတ်ဝေသူ။ ။ဦးသောမာဘိသိရိ၊ ကင်းလွတ်ခွင့်မှတ်ပုံတင်အမှတ် (၀၂၃၉၁) အလယ်တိုက်ကျောင်းကြီး၊ အလယ်တောရတိုက်၊ ဘောင်ဒရီလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ဦးဇော်ဝင်း (၀၁၄၀၅) အမှတ် ၃၄၉၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

www.dhammaransi.com



# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


* နိဒါန်း

သံခုကာရဥယျောဇနကထာ

**ဗုဒ္ဓဘဏ္ဍာတော်ပြဿနာ**

| | | |
|---|---|---|
| ထေဝမနာပဏာမ | .... | ၁ |
| ဗုဒ္ဓဟူသည် | .... | ၂ |
| စေတီလဲဘုရား | .... | ၄ |
| စေတီအပြား | .... | ၅ |
| စေတီထိုက်သောအရာ | .... | ၇ |
| စေတီတော်တို့တည်ရာဌာန | .... | ၈ |
| ပါဒစေတီတည်ရာ | .... | ၉ |
| ဇမ္ဗူမှာဒွေး+ရမာဧး | .... | ၁၁ |
| သမိုင်းတို့အဆို | .... | ၁၁ |
| အကျိုးကြီးမြတ်သည် | .... | ၁၂ |
| အကျိုးထူးကို ဤသို့ရဘူးကြပြီ | .... | ၁၄ |
| ချမ်းသာလို၍ လှူကြသည် | .... | ၁၇ |
| ဘုရားဘဏ္ဍာတော် | .... | ၂၀ |
| ဘဏ္ဍာတော်ထိန်း လိုလာ | .... | ၂၂ |
| ကိုးဆယ့်တစ်ကမ္ဘာထက်ကဖြစ်ရပ် | .... | ၂၇ |
| သြဝါဒါစရိယလိုသည် | .... | ၃၄ |

www.dhammaransi.com



# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သံပြားကိုဝတ်ရုံရသောပြိတ္တာ | .... | ၃၆ |
| စောင့်ရှောက်တတ်ဖို့လိုသည် | .... | ၄၁ |
| ဤသို့ညွှန်ပြထားသည် | .... | ၄၂ |
| အစားစိုက်ရမည် | .... | ၄၄ |
| အလှူညှို့ကျသူ လျှော်ရမည် | .... | ၄၆ |
| မိုက်ပြစ်ခံရမည် | .... | ၄၇ |
| အရမ်းမသုံးရ | .... | ၄၈ |
| ဝိမတိဋီကာ၏ရှင်းလင်းချက် | .... | ၅၂ |
| ရောပြွမ်းနေသည့်ဘဏ္ဍာ | .... | ၅၄ |
| အပြန်အလှန်ပူဇော်နိုင်သည် | .... | ၅၅ |
| ဋီကာဆရာတော်အလို | .... | ၅၆ |
| ကိုယ်တော်စားရှိနေသော ဘုရားများ | .... | ၅၈ |
| ပြင်ဆင်လိုက ဤသို့ပြင်ဆင် | .... | ၆၀ |
| ဘုရားမကြိုက် | .. | ၆၂ |
| ဇာတ်ပွဲကပြကြည့်ရှုခြင်း၏အပြစ် | ... | ၆၄ |
| ဆင်းရဲမည်ကို မြင်တော်မူသည် | ... | ၆၈ |
| အကျိုးရသော သီဆို တီးမှုတ် ကခုန်မှု | .... | ၆၉ |
| အထူးသတိပေးမေတ္တာရပ်ခံစာ | .... | ၇၄ |
| ရေနှင့်ကြာ | .... | ၇၇ |
| ဘဏ္ဍာတော်ကိုပိုင်းခြားခြင်း | .... | ၈၀ |
| ဘဏ္ဍာတော်စီမံခန့်ခွဲမှုများ | .... | ၈၂ |
| စေတိယသန္တကရက္ခိတပုဂ္ဂိုလ်ကိုစိစစ်ပြဆိုခြင်း | .... | ၉၈ |

www.dhammaransi.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပြည့်စုံလောက်ပေပြီ | .... | ၉၉ |
| **ဗုဒ္ဓဘာသာဝင်နှင့်ဒုလ္လဘသြဝါဒတော်** | | |
| ဗုဒ္ဓဘာသာဝင်တို့သိသင့်သိထိုက်သောတရား | .... | ၁၀၉ |
| မနုဿတ္တဒုလ္လဘ | .... | ၁၁၁ |
| ဗုဒ္ဓုပ္ပါဒဒုလ္လဘ—ဗောဓိပဒေသာ သာသနာ | .... | ၁၁၅ |
| ပဗ္ဗဇိတဒုလ္လဘ—ပဗ္ဗဇိတအပြား | .... | ၁၁၇ |
| သဒ္ဓါသမ္ပတ္တိဒုလ္လဘ—သဒ္ဓါသမ္ပတ္တိအပြား | .... | ၁၁၉ |
| သဒ္ဓမ္မသဝန အတိဒုလ္လဘ (သင္ဂဇနေဝါဒ၊ ရခဲစွာ့ရှင့်) | .... | ၁၂၇ |
| **သာသနအမွေခံစစ်တမ်း** | | |
| သာသနအမွေ ၂—ပါး | .... | ၁၃၀ |
| ဓမ္မအမွေ ၂—ပါး | .... | ၁၃၀ |
| သာသနအမွေခံပုဂ္ဂိုလ် (၇)ပါး | .... | ၁၃၅ |
| လောကီသီလအမွေ၌အထူးရှိပုံ | .... | ၁၃၅ |
| လောကုတ္တရာသီလအမွေ၌ အထူးမရှိပုံ | .... | ၁၃၅ |
| ဓမ္မာနုဓမ္မပဋိပန္နအရိယာ | .... | ၁၃၇ |
| သမဏ,ဗြာဟ္မဏ,ဘိက္ခုမည်ပုံ | .... | ၁၃၈ |
| ဓမ္မဒါယာဒသုတ် ကောက်နုတ်ချက် | .... | ၁၄၀ |
| အမွေ ၂—ပါး ၃—ပါး | .... | ၁၄၁ |
| အာမိသအမွေ၌ မနှစ်မွှန်းမမျှောပါး စေပုံ | .... | ၁၄၃ |
| အာမိသ၌ နှစ်မွှန်း မျှောပါးခြင်းအပြစ် | .... | ၁၄၆ |
| သန်းပြိတ္တာကြီးဝတ္ထု | .... | ၁၄၆ |

(ဃ)

## မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သူဌေးကြီးနှင့် အမြေခံဥပမာ | .... | ၁၄၇ |
| ဥပမာ--ဥပမေယျနှိုင်းနှောပုံ | .... | ၁၄၉ |
| အနိယတ အမြေခံတို့၏ အနိယတအလား | .... | ၁၅၃ |
| ပုထုဇန်၏ အဓိပ္ပါယ် | .... | ၁၅၄ |
| ပုထုဇန်တို့၏ မဟာ အမှား | .... | ၁၅၆ |
| နိယတ အမြေခံတို့၏ နိယတအလား | .... | ၁၅၇ |
| နိဗ္ဗာန်ဘုံသူ နိဗ္ဗာန်ဘုံသား | .... | ၁၅၈ |
| တိုက်တွန်းချက်=ဥယျောဇဉ် | .... | ၁၆၀ |
| အရိယဝံသတရား ၄-ပါး | .... | ၁၆၂ |

### သိမှုနှင့်ကျင့်မှုအလင်းရောင်

| | | |
|---|---|---|
| မသိလျှင်မေး-မစင်လျှင်ဆေး | .... | ၁၆၆ |
| ကိုယ့်ဝတ္တရား ကိုယ်ကျေရန် | .... | ၁၆၈ |
| ဝတ္တရား မကျေလျှင် အကုသိုလ်ဖြစ်သည် | .... | ၁၆၉ |
| သိမှုနှင့် ကျင့်မှု အရေးကြီးသည် | .... | ၁၇၀ |
| မိလိန္ဒအမေး--ရှင်နာဂသိန်အဖြေ | .... | ၁၇၂ |
| ဟောတိုင်းပြောတိုင်း မယုံသင့် | .... | ၁၇၈ |
| ဗုဒ္ဓမြတ်စွာ၏ မူဝါဒ--မစွဲလမ်းရာ ၁၀--ဌာန | .... | ၁၈၀ |
| အားလုံးအထူးသတိထားကြရန် | .... | ၁၈၃ |

www.dhammaransi.com

www.dhammaransi.com

# အများသိရှိတော်မူကြရန်

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူသော ဓမ္မပဒပါဠိနှင့် "အမတံဒဒေါ စ သော ဟောတိ၊ယော ဓမ္မ မနုသာသတိ" ဟူသော သဂါထာဝဂ္ဂ–ဒေဝတာ သံယုတ်ပါဠိ လာရှိသည်နှင့်အညီ (အလှူများပြား၊ရှိလေငြားတွင်၊ တရားအလှူ၊ မြတ်ဆုံးဟူ၏) ဟု ရှေးပညာရှိကြီးများမိန့်ဆိုတော်မူခဲ့ကြသောကြောင့် ဗုဒ္ဓဘာသာဝင်အများ ကြည့်သင့်ကြည့်ထိုက် သိသင့်သိထိုက်သော "ဗုဒ္ဓဘဏ္ဍာတော် ပြဿနာကျမ်းစာအုပ်" (၃၀၀၀)ကို ကျွန်တော်များအသင်းက အများအကျိုး, သာသနာတော်၏အကျိုးကို ရှေးရှု၍ ငွေ (၃၀၀၀ိ) ကျော် အကုန်ခံရိုက်နှိပ်ပြီး အသင်း၏ သက်တန်း (၃၇) နှစ်မှာ (၂၅) ကြိမ်မြောက် အမြတ်ဆုံး ဓမ္မဒါနကုသိုလ်ထူးကို ပြုလုပ်အပ်သည်ဖြစ်ပါကြောင်း။

အကျိုးတော်ဆောင်
ဆင်ရှင်စာကြည့်ပိဋကတိုက်အသင်း
မြောင်မြို့ (စစ်ကိုင်းတိုင်း)

---

www.dhammaransi.com

# အခြေခံနိဒါန်း

၁၃၃၃–ခု၊ တပေါင်းလပြည့်ကျော် (၁၀)ရက်
ဝက်လက်မြို့၊ မစိုးရိမ်ကျောင်း
ဆရာတော်ဦးတိသထံ
**လျှောက်လွှာ**

မြောင်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟအသင်း (ဒု–ဥက္ကဋ္ဌ) ဘုရားတပည့်တော် မောင်အေး, (အမှုဆောင်) မောင်မူ–စသော ဒါယကာအပေါင်းတို့က ရိုသေလေးမြတ်စွာ လျှောက်ထား တောင်းပန်အပ်ပါသည်–ဆရာတော် အရှင်မြတ်ဘုရား ...။

လျှောက်ထားရန်အကြောင်းမှာ–ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အချို့မြို့ရွာဒေသများမှာ အချို့ဘုရားဘဏ္ဍာတော်သိမ်း ဂေါပကလူကြီးများသည် ဘုရားပူဇော်ပွဲများကျင်းပပြုလုပ်ရာ၌ ဘုရားဘဏ္ဍာတော်ငွေဖြင့် (လူအများကြည့်ရှုရအောင်,လူစည်ကားအောင်ဆိုပြီး)ဇာတ်ပွဲ,အငြိမ့်ပွဲ စသည်များငှါး၍ထည့်ခြင်း၊ဇာတ်ပွဲ,အငြိမ့်ပွဲ–စသည် ကပြရန်ဘုရားဘဏ္ဍာတော်ငွေဖြင့် ဇာတ်ရုံများ ဆောက်လုပ်ထားခြင်းတို့မှာ လုပ်အပ်မလုပ်အပ်, အပြစ်ရှိ–မရှိ–စသည်များကို ဘုရားတပည့်တော်များနှင့်တကွ ဘာသာ, သာသနာရေးဆိုင်ရာ ဗဟုသုတအလွန်နည်းပါးသော ဗုဒ္ဓဘာသာဝင်များ သိရှိနားလည်ကြစေခြင်းအကျိုးငှါ ပါဠိ၊အဋ္ဌကထာ-စသော သာဓကအထောက်

www.dhammaransi.com



အထားမျှားဖြင့် (မကျဉ်း–မကျယ်) ဝိနိစ္ဆယ = အဆုံးအဖြတ် ရေးသားပြီး ပေးသနားတော်မူပါမည့် အကြောင်းကို သာသနာ တော် အကျိုးနှင့် အများအကျိုးကို ရှေးရှု၍ ရိုသေလေးမြတ် စွာ လျှောက်ထားတောင်းပန်အပ်ပါသည်— ဆရာတော် အရှင် သူမြတ်ဘုရား....။

| မောင်အေး | မောင်မူ |
|---|---|
| ပ+သ+အ–(ဒု) ဥက္ကဋ္ဌ | ပ+သ+အ–အမှုဆောင်, |
| မြောင်မြို့ | မြောင်မြို့ |
| (၂၅/၁၂/၃၃) | (၉/၃/၇၂) |

ဖော်ပြရာပါ လျှောက်ထားတောင်းပန်လွှာကို အခြေခံ၍ ဤ(ဗုဒ္ဓဘဏ္ဍာတော်ပြဿနာ)ဖြစ်ပေါ်လာခဲ့ရပေသည်၊ လျှောက် ထား တောင်းပန်လွှာတွင် ပုဂ္ဂိုလ်တဦးတည်းကိုသာ လျှောက် ထား တောင်းပန်ခြင်းဖြစ်၏၊ ဤသို့ လျှောက်ထား တောင်းပန် လိုက် ခြင်းမှာ ပုဂ္ဂိုလ်ချင်း တွေ့ဘူးမြင်ဘူးခြင်းကြောင့်တော့ မဟုတ်ပေ၊ အချင်းချင်း စာဖြင့် ဆက်သွယ် သိကျွမ်းနေသော ကြောင့်သာ ဖြစ်ပေသည်၊ မည်သို့ပင်ဖြစ်စေ“လျှောက်ထားလျှင် ရလိမ့်မည်” ဟူသော အားထားချက်ဖြင့် လျှောက်ထားခြင်း ဖြစ်သောကြောင့် ငြင်းပယ်၍ကား လျော်မည်မဟုတ်၊ ဒကာ မောင်အေး, မောင်မူ တို့ အလိုဆန္ဒ ပြည့်ဝစေရန်နှင့် ဗုဒ္ဓ ဘာသာဝင်တို့ အကျိုး, သာသနာတော် အကျိုးကိုကြည့်၍ မအားလပ်သည့် အကြားမှအချိန်ကိုလုကာ အားထုတ် လိုက်ရ သည်။

www.dhammaransi.com

## (၉) အခြေခံနိဒါန်း

တဦးတည်းကိုသာ ဦးတည် လျှောက်ထားခြင်း ဖြစ်သော်လည်း သမဂ္ဂသီတင်းသုံးဖော် ဖြစ်တော်မူကြသော ငါ်လက်မြို့ရှိ လက်လှမ်းမှီရာသံဃာတော်တို့ ညီညွတ်စည်းဝေး၍ သဘောတူညီမှုကိုလည်း ရယူရေးသားပါသည်၊ အကြောင်းကား သာသနာတော်ကျိုးနှင့် စပ်ခဲ့သော်ရင်း၊ မြို့-ရွာ-တိုင်း- နိုင်ငံအတွက် အများအကျိုးနှင့် စပ်ခဲ့သော်ရင်း လက်လှမ်းမှီရာ မြို့ပေါ်ရှိ သံဃာတော်အချင်းချင်း တိုင်ပင်ညီညွတ်၍ ပြုလုပ်ဆောင်ရွက်နေကျ ဖြစ်သောကြောင့်ပါတည်း။

ဗုဒ္ဓမြတ်စွာ၏ ဘဏ္ဍာတော် (ဗုဒ္ဓသန္တက) သံဃာ၏ဘဏ္ဍာတော် (သံဃိက) များနှင့်စပ်၍ သိလိုသူတို့က မေးမြန်းကြသည်ကို ဖြေရ ကြုံရဘူးပေါင်းများလှပေပြီ၊ သို့သော် အများအကျိုးမှာ မဟုတ်ဘဲ ထိုဘဏ္ဍာတော်များနှင့်စပ်၍ အပြစ်ဖြစ်မည်ကို စိုးရိမ်ကြသောကြောင့်ရင်း၊ ဗဟုသုတအလို့ငှာရင်း တဦးချင်း သိလိုရေးဖြင့်သာ မေးကြမြန်းကြခြင်းမျိုး ဖြစ်သောကြောင့် "မေးသူကျေနပ်က ပြီးစတမ်း" အဖြေမျိုး ကိုသာ အထောက်အထား အနည်းအကျဉ်းဖြင့် ဖြေကြားခဲ့ပါသည်။

ယခုမူ တဦးချင်း ကျေနပ်ရုံဖြင့် ပြီးနိုင်သည့် ပြဿနာမျိုး မဟုတ်၊ သာသနာတော်အကျိုး၊ ဘာသာဝင်အများအပြားတို့ အကျိုးကို မြော်ကိုးလျှောက်ထား တောင်းပန်ခြင်း ဖြစ်သောကြောင့်"ပြီးလျှင်–ပြီးကြစတမ်း၊ ဖြစ်ကတတ်ဆန်း" ဖြေကြား၍ မဖြစ်၊ လျှောက်ထားတောင်းပန်လွှာတွင် ဖော်ပြ တောင်းပန်ထားသည့်အတိုင်း ပါဠိ၊အဋ္ဌကထာ အထောက်အထား=

www.dhammaransi.com



သာဓကအပြည့်အစုံ ဖော်ပြဖြေကြားမှသာလျှင် လုံလောက်ပေလိမ့်မည်။

ထို့ကြောင့် ဝက်လက်မြို့ရှိ လက်လှမ်းမှီရာ သမဂ္ဂ သံဃာတော်တို့၏ သဘောကြိုက်ညီမှုကို ရယူပြီးလျှင် ထိုဆရာတော်ဘုရားတို့ထံ တင်ပြ ကျေနပ်ပြီးမှ တောင်းပန် လျှောက်ထားသူဒကာမောင်အေးတို့အား ရိုက်နှိပ်ထုတ်ဝေခွင့်ပြုလိုက်ပါသည်။

ဤ(ဗုဒ္ဓဘာသာတော်ပြဿနာ) ကျမ်းကို သက်ဆိုင်ရာ ပါဠိ အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရများ ကိုးကားထောက်ထားလျက် ဖြေကြား ထားသည်၊ သို့သော် ကျမ်းညွှန်းသက်သက်စာမျိုး မဟုတ်သောကြောင့် ကျမ်းကိုးများ၏ စာမျက်နှာနံပါတ်ကိုမူ ဖော်ပြခြင်းမပြု၊ ကျမ်းရင်း ကြည့်လိုသူတို့ အတွက် လွယ်ကူရုံလောက်သာ အပိုင်းကဏ္ဍကို ညွှန်းပြကိုးကားထားပါသည်၊ ကျမ်းရင်းကို ကြည့်လို၍ ကြည့်နိုင်သူ ဖြစ်ကလည်း ပါဠိစာပေပညာရင့်ကျက်ပြီးသူတို့သာ ဖြစ်မည်ဖြစ်ပါ၍ ဤကဲ့သို့ စာမျက်နှာနံပါတ်အထိ ညွှန်ပြနေဖွယ် လိုမည်မဟုတ်ပါ။

ဤ(ဗုဒ္ဓဘာသာတော်ပြဿနာ) ကျမ်း၌ ကိုးကားထားသော ကျမ်းဂန်များမှာ—

(၁) အပဒါန်ပါဠိတော်
(၂) တေရသကနိပါတ် ဗောဓိဇာတ်
(၃) သုတ်မဟာဝါပါဠိတော်
(၄) ရှင်းအဋ္ဌကထာ
(၅) ပဋ္ဌာန်ပါဠိတော်
(၆) ဗုဒ္ဓဝံသပါဠိတော်

www.dhammaransi.com



## အခြေခံနိဒါန်း

(၇) ဓမ္မပဒအဋ္ဌကထာ
(၈) ဝိနည်းမဟာဝါအဋ္ဌကထာ
(၉) ပါရာဇိကဏ်အဋ္ဌကထာ
(၁၀) ပရိဝါရအဋ္ဌကထာ
(၁၁) သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်
(၁၂) ၎င်းအဋ္ဌကထာ
(၁၃) မိလိန္ဒပဉှာပါဠိတော်
(၁၄) သာရတ္ထဒီပနီဋီကာ
(၁၅) ဝိမတိဝိနောဒနီဋီကာ

ကျမ်းဂန်များနှင့် သမိုင်းအချို့တို့ ဖြစ်ပါသည်။ ။

ဦးတိဿ
မစိုးရိမ်ကျောင်း
ဝက်လက်မြို့–ရွှေဘိုခရိုင်

---

### သာဝကာရဥယျောဇနကထာ

အို့ ရဟန်းရှင်လူအပေါင်း သူတော်ကောင်းတို့....

"စစ်ကိုင်းတိုင်း မြောင်မြို့နေ ရဟန်း ရှင် လူ တို့ကား အရတော်ပါပေကုန်စွ၊ ယင်းတို့သည် ဤဆင်ရှင်ဆရာတော်ကဲ့သို့သော သာသနာတော်ကို ချစ်မြတ်နိုးသည့် စိတ်ရှိသော ဆရာတော်တပါးကို သာသနာရေးကိစ္စတို့၌ အတူတကွ ရှက်ဆောင်ခွင့် ဆည်းကပ်ကိုးကွယ်ခွင့်ကို ရရှိကြပေကုန်၏"—

ဟူ၍ ဥဒါန်းစကား ဝမ်းမြောက်စွာ ပြောကြားလိုပါသည်။

www.dhammaransi.com



အကြောင်းသော်ကား— အကျွန်ုပ်သည် ဆင်ရှင်ဆရာတော်ကို လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ့်လေးနှစ်ခန့်ကပင် စတင်ဖူးမျှော်ခွင့် ဆည်းကပ်ခွင့်ကို ရရှိခဲ့ပါသည်၊ ထိုစဉ်က အကျွန်ုပ်သည် မြောင်မြို့နယ် အလှူတခုသို့ တရားဟောသွားရန် မြင်းခြံက ခရီးထွက်ခဲ့ရပါသည်၊ ဆရာတော်ကား ပဏ္ဍိတမာနီ အရည်အချင်းပြည့်ဖြင့် အကျွန်ုပ်ကို မြင်းခြံမြို့သို့ ကြွရောက်၍ ရှေးကမသိဖူးပါပဲ တယုတယ စောင့်ရှောက် ချီးမြှောက်သည့်ပြင် မြောင်မြို့သို့ရောက်သောအခါ ဆရာတော်၏ အရိပ်အာဝါသကို ကြည့်ရှု ရသည်မှာလည်း "ဝတ္တုစင်စေ" ဟူသော ဓမ္မဝိစယ သမ္ဗောဇ္ဈင် ပညာကြီးရင့်ကြောင်း တရားနှင့်အညီ ဆရာတော်၏ ကိုယ်ခန္ဓာတည်းဟူသော အတွင်းအဇ္ဈတ္တိက ဝတ္ထုနှင့်တကွ သန့်ရှင်းသပ်ရပ်သော ကျောင်းတိုက်အရာမ်, အရိပ်အာဝါသတည်းဟူသော ဗာဟိရဝတ္ထုပါ စင်ကြယ်သန့်ရှင်းသည်ကို တွေ့မြင်ဖူးမျှော်ခဲ့ရ, ဆရာတော်နှင့် စကားနီးနှော ပြောဆိုခဲ့ရစဉ်ကပင် အကျွန်ုပ်၏စိတ်၌ "ဤဆရာတော်ကား သာသနာတော်ကို ချစ်မြတ်နိုးသောစိတ် အပြည့်အဝရှိသည့် ပညာရှိသူတော်ကောင်းဖြစ်၍ ငါတို့ဆည်းကပ်ကြည်ညို ပူဇော်ထိုက်သော ဆရာတော်တပါးပါပေ" ဟူ၍ ကြည်ညိုသောစိတ်, သာသနာအတွက်အားကိုး ဝမ်းမြောက်သော စိတ်တို့ တရိပ်ရိပ် ဖြစ်ပွားခဲ့ရပါသည်။

လွန်ခဲ့သော ၁၃၃၄—ခုနှစ်ကမူ ဆင်ရှင် ဆရာတော်သည် အကျွန်ုပ်တို့နေထိုင်ရာ မင်းကွန်းဓမ္မနာဒတိုက်သို့ ကိုယ်တော်တိုင်ကြွရောက်၍ "မိမိသည် ယခုအခါ 'ဗုဒ္ဓဘာဏ္ဍာတော် ပြဿနာ

www.dhammaransi.com



# အခြေခံနိဒါန်း

ကျမ်း' ရိုက်နှိပ်ရန် ဆန္ဒရှိနေကြောင်းကို အကြောင်း-အကျိုး လုံလောက်စွာ" မိန့်ဆိုတော်မူခဲ့ပါသည်၊ ထိုအခါအကျွန်ုပ်သည် ဆရာတော်အား "ထိုဗုဒ္ဓဘာသာကျွာတော် ပြဿနာကျမ်းကို ကြည့်ရှုပါရစေ၊ တပည့်တော် တတ်နိုင်သလောက် စာပေသန့်ရှင်းကောင်းမွန်ရေးအတွက် ကူညီ၍ ဆရာတော်၏ သာသနာပြုအလုပ်ကို ဖြည့်စွမ်းပါရစေ" ဟူ၍ တောင်းခံ လျှောက်ထားခဲ့ပါသည်။

ဆရာတော်ကား နှစ်သက် ဝမ်းမြောက်စွာ မကြာမီပင် ထိုစာမူကို အကျွန်ုပ်တို့ထံ ပို့လိုက်သဖြင့် အစ-အဆုံးဖတ်ကြည့်သောအခါ—

(က) ဤစာအုပ်ကား ဗုဒ္ဓဘာသာသူတော်စင်တိုင်း လက်ကိုင်ထားသင့်သော စာအုပ်ဖြစ်ပါတကား....၊

(ခ) အထူးအားဖြင့် ဘုရားနှင့်စပ်၍ အမြွှမြွှအနယ်နယ်ရှိ ဂေါပကလူကြီးမင်းတို့ လက်စွဲပြုရန် သင့်လျော်သောစာအုပ်ပါတကား....၊

(ဂ) ဤစာမူများသည် အမြန်စာအုပ်ဖြစ်မှ သင့်လျော်မည်ပါတကား....

ဟု စဉ်းစားစိတ် ကြည်ညိုစိတ် တရိပ်ရိပ်ဖြစ်ပွား၍ ထိုစာမူများကို မိမိဉာဏ်စွမ်းမှီသမျှ စာမူကောင်းဖြစ်စေရန် အကျဲ့, အစိပ်, အဖြတ်, အတောက်—တို့ကို တည်းဖြတ်၍ စာမူသန့်ဖြစ်ရန် ရိုက်နှိပ်နေစဉ်ပင် ဆရာတော်ကား သဒ္ဓါတရား ကြီးမားလှစွာ သာသနာ ချစ်မြတ်နိုးစိတ် ပြင်းပြစွာဖြင့် လယ်တီဆရာတော်

www.dhammaransi.com



ဘုရားကြီး၏ ဥတ္တမပုရိသဒီပနီကျမ်း, ပေါဓိပက္ခိယဒီပနီကျမ်း တို့မှ ကောင်းနိုးရာရာဖြစ်သည့်—

(က) ဗုဒ္ဓဘာသာဝင်စစ်တမ်း
(ခ) ဒုလ္လဘသြဝါဒတော်
(ဂ) သာသနအမွေခံစစ်တမ်း (နှင့်)
(ဃ) မိမိရေးသား အပ်သော "သိမှု (နှင့်)ကျင့်မှုအလင်းရောင်" ကို အစဉ်မပြတ် ပေးပို့ခဲ့ပါသည်။

ထိုစာမူများကို ကြည့်ရှုရသောအခါ ဆရာတော်၏ သာသနာတော် ချစ်မြတ်နိုးစိတ်နှင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အား အသိဉာဏ်ပညာ တိုးပွား ရင့်သန်စေလိုသော စိတ်တို့ကို မိမိဉာဏ်ထဲ၌ အဖန်ဖန်ထင်မြင် ဆင်ခြင်ကြည်ညိုစိတ်တို့ တရိပ်ရိပ် တဖွားဖွား ဖြစ်ပွားခဲ့ရပါသည်၊ သို့ဖြစ်၍ ဆရာတော်၏ သာသနာပြုလုပ်ငန်းအောင်မြင်ရန် မိမိတတ်စွမ်းသမျှ ထိုစာမူ (၅) စောင်တို့ကို မူပွားများနှင့်တကွ (၅) စောင်စီ ရိုက်နှိပ်၍ နှစ်သိမ့်ဝမ်းမြောက်စွာ ကူညီအပ်ပါသည်။

အို ရှင်လူအပေါင်း သူတော်ကောင်းတို့....

စစ်ကိုင်းတိုင်း မြောင်မြို့ ဆင်ရှင်ဆရာတော်ဘုရား ကြီးမှူး ဦးစီးရွေဆောင်၍ ရိုက်နှိပ်အပ်, ဓမ္မဒါနဖြန့်ချိအပ်သော ဤ "ဗုဒ္ဓဘဏ္ဍာတော်ပြဿနာ ၅-စောင်တွဲကျမ်း" ကို အသင်-သူတော်ကောင်းတို့သည် လေ့လာကြည့်ရှုမှတ်သား ဖတ်ကြားကြခြင်းဖြင့် မိမိတို့၏ ဗုဒ္ဓဘဏ္ဍာတော်နှင့်စပ်၍ အသိ အလိမ္မာဉာဏ်ပညာ ကြွယ်ဝရေး, ဗုဒ္ဓဘာသာနှင့်စပ်၍ အသိအလိမ္မာ

www.dhammaransi.com



# အခြေခံနိဒါန်း

ဉာဏ်ပညာကြွယ်ဝရေး—ဤအရေး ၂—ပါးကို စဉ်းစားဆင်ခြင်ကြ၍ အထပ်ထပ်အခါခါ လေ့လာကြည့်ရှု မှတ်သားကြပါရန် မေတ္တာရှေ့ထား၍ သတိပေးစကား ရေးသားအပ်ပါသည်၊ အဖန်ဖန် ဖတ်ကြား ကြည့်ရှုလေ့လာ မှတ်သားနိုင်ကြ ပါစေကုန် သတည်း။

ပုံ—ဦးဝိစိတ္တသာရာဘိဝံသ
(တိပိဋကဓရ)
ဓမ္မနာဒတိုက်၊ မင်းကွန်း
မန္တလေးအနောက်ဖက်
စစ်ကိုင်းခရိုင်
၁၃၃၅—ခု၊ပြာသိုလပြည့်ကျော်(၂)ရက်နေ့

www.dhammaransi.com



# ဗုဒ္ဓဘဏ္ဍာဓတော်ပြဿနာ

နမော လောကနာထဿ ဝိနိစ္ဆယညုနံ
အတုလဂ္ဂဿ သိရီမတော။

## ၁—ထောမနာ ပဏာမ

ဝိညူ နိစ္ဆယနံ ဗုဒ္ဓ၊
မနာပေါ နိစ္ဆယော တဝ။
အဒ္ဒေဇ္ဈော ဇနတုဋ္ဌော စ၊
အဟော အစ္ဆရိယော ဝတ။ ။

နိစ္ဆယနံ = ဤကားကုသိုလ် အကုသိုလ်နှင့် ဤလိုပြုအပ် မပြုအပ်ဟု သတ်မှတ်ဝေဖန် အမှန်ကြည့်ရှု ဆုံးဖြတ်မှုကို။ ဝိညူ = သူတထူးတို့ထက် အလျင်ဦး၍ ထူးခြားသိမြင် သဗ္ဗညုတ ဉာဏ်ရှင် ဖြစ်တော် မူသော။ ဗုဒ္ဓ = သုံးလောက ထိပ်တင်

H 625—1 [ဟံသာဝတီ]

www.dhammaransi.com



အရှင်မြတ်ဘုရား....။ တဝ= အံ့ဩချီးကျူး၍မကုန် ဂုဏ်ပေါင်း စုံလတ် ရှင်တော်မြတ်၏။ နိဋ္ဌယော = ဟောကြား မိန့်မှတ် ဆုံးဖြတ်တိုင်းသော အဆုံးအဖြတ်ဟူသမျှသည်။မနောပေါစ=စိတ် နှလုံးကိုပွားစေတတ်သဖြင့် မြတ်လည်းမြတ်နိုး အပ်ပါပေသည် ဘုရား။ အဒ္ဓေဇ္ဈောစ = တိကျပြတ်သား၍ မှတ်သားလောက် အောင် ထိမိလှသဖြင့် နှလုံးနှစ်ခြုလည်းမရှိပါဘုရား။ ဇနေ— တုဋ္ဌောစ = ပညာရှိသူ ဗိုလ်လူအထု သာခုခွန်းထောက် ပီတိ ဟုန်လျှမ်းတောက်သဖြင့် ဝမ်းမြောက်အားရ နှစ်လည်းနှစ်သက် ကြပါသည်ဘုရား။ ဝတ = စင်စစ်။ အဟော အစ္ဆရိယော= ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ ချီးကျူးကလည်း မင–မလောက် လျှံမောက်မကုန် အပုံကြီးသော ချီးကျူးဖွယ်ရာ ချည်းပါ ဘုရား....။

## ၂—ဗုဒ္ဓ ဟူသည်

"စတုသစ္စမ္မံ ဗုဇ္ဈတီတိ ဗုဒ္ဓေါ၊ ဗောဓေတာ ပဇာ ယာတိ ဝါ ဗုဒ္ဓေါ—"

ဟူသည်နှင့်အညီ သစ္စာလေးပါးတရားကို ကိုယ်တော်တိုင်လဲသိ ဝေနေယျသတ္တဝါတို့ကိုလဲ သိစေတော်မူတတ်သော သဗ္ဗညုတ ဉာဏ်ရှင် ဘုရားသခင်သည် ဗုဒ္ဓဖြစ်ပေသည်၊ ထိုပါဠိမာဂဓ ဗုဒ္ဓကိုပင် မြန်မာတို့က ဘုရား—ဟူ၍ ခေါ်ဆိုကြသည်၊ ထိုဗုဒ္ဓ= ဘုရားကိုယ်တော်မြတ်သည် လွန်ခဲ့သော နှစ်ပေါင်း (၂၅၁၆) နှစ်က ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်း သွားတော်မူ လေပြီ၊ ထို့ကြောင့် ယခုအခါ၌ သက်တော်ထင်ရှား သဗ္ဗ

www.dhammaransi.com



ညဘုရားသခင်ကား မရှိတော့ပေ၊ သက်တော်ထင်ရှား ဘုရားသခင် ဤသို့ပင်မရှိတော့သော်လည်း—

ယော စေ ပူဇေယျ သမ္ဗုဒ္ဓံ၊
တိဋ္ဌန္တံ လောကနာယကံ။
ဓာတုံ သာသပမတ္တမ္ပိ၊
နိဗ္ဗုတဿာပိ ပူဇယေ။ ။

ဟူ၍ အပဒါန်ပါဠိတော် ပစ္စုပဋ္ဌာနသညာက ထေရအပဒါန် လာသည့်အတိုင်း သက်တော်ထင်ရှား ဘုရားသခင်ကို ပူဇော်လိုသောသူသည် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော ဘုရားသခင်၏ ဓာတ်တော်ကို ပူဇော်ရန် ညွှန်ပြဟောကြား ထားတော်မူသဖြင့် သက်တော်ထင်ရှား ဘုရားမရှိသည့်နောက် ဓာတ်တော်ကို ပူဇော်နိုင်ကြသည်၊ ပူလည်းပူဇော်ကြရသည်။

[အကြင်သူသည် လူတို့၏ ရှေ့သွားဖြစ်သော သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်လိုငြားအံ့၊ ထိုသူသည် ပရိနိဗ္ဗာန် စံတော်မူပြီးသော မြတ်စွာဘုရား၏ မုန်ညင်းစေ့ ခန့်မျှလည်းဖြစ်သော ဓာတ်တော်ကို ပူဇော်ရာ၏။ ။ဖော်ပြရာပါ ပါဠိဂါထာ၏ မြန်မာပြန်]

ထိုသို့ပူဇော်ကြရာ၌—

သမေ စိတ္တပ္ပသာဒမှိ၊
သမံ ပုညံ မဟဂ္ဂတံ။
တသ္မာ ထူပံ ကာရိတွာန၊
ပူဇေဟိ ဇိနဓာတုယော။

www.dhammaransi.com



[စိတ်၏ ကြည်ညိုမှုချင်း တူမျှသော် မြတ်သည်၏
အဖြစ်သို့ ရောက်သော ကောင်းမှုသည် တူမျှ၏၊ ထို့
ကြောင့် ဘုရားရှင်၏ ဓာတ်တော်တို့ကို ပုထိုးစေတီ
ပြုလုပ်၍ ပူဇော်လေ့။ ။မြန်မာပြန်]

ဟူ၍ ဂုဏ်ပါဠိတော်၌ပင် ဆက်လက်ဟောကြားတော် မူသည့် အတိုင်း စိတ်, စေတနာ, သဒ္ဓါ, ပသာဒ—တူညီပါလျှင် ကောင်းမှုကုသိုလ် အဖြစ်ချင်း တူညီကြောင်း သိကြရသည်၊ ဤဒေသနာတော်၌ "သမံ ပုညံ=ကောင်းမှုကုသိုလ်ချင်း တူညီသည်"ဟူ၍ ဟောဆိုသဖြင့် ထိုကုသိုလ်တို့၏ အကျိုးချင်းလည်း တူညီကြောင်းကို အဝုတ္တသိဒ္ဓိနည်းဖြင့် သိရသည်။

## ၃—စေတီလဲ ဘုရား

ဖော်ပြရာပါ ဒေသနာတော်၌ သက်တော်ထင်ရှား ဘုရားသခင်နှင့် ဓာတုစေတီတော်ကို ပူဇော်ကြရာတွင် သဒ္ဓါ=ပသာဒ တူညီက ကောင်းမှုကုသိုလ်ချင်း တူမျှကြောင်း တိုက်ရိုက် ဟောကြားထား၏၊ ထို့ကြောင့်ပင် သက်တော်ထင်ရှား ဘုရားသခင်ကို "ဘုရား"ဟူ၍ သမုတ်ခေါ်ဝေါ်ကြ သကဲ့သို့ စေတီတော်များကိုလည်း "ဘုရား" ဟူ၍ပင် သမုတ်ခေါ်ဝေါ်ကြသည်၊ အခေါ်အဝေါ်ချင်း တူသည့်အတိုင်းလည်း အတူပြုလျက် ပူဇော်ကြသည်၊"စေတိယတေ ပူဇိယတေတိ စေတိယံ=မြတ်နိုးကော်ရော် ပူဇော်အပ် ပူဇော်ထိုက်သောကြောင့် စေတိယ"—ဟူသောပါဠိမှ ဆင်းသက်၍ မြန်မာ့ဝေါဟာရ၌ စေတီတော်ဟူ၍ တွင်မည်လေသည်။

www.dhammaransi.com



## ၄—စေတီ အပြား

ဘုရားရှင်နှင့် အတူထား၍ ပူဇော်အပ် ပူဇော်ထိုက်သော ထိုစေတီတော်တို့၏ အပြားကို တေရသကနိပါတ် ကာလိင်္ဂဗောဓိဇာတ် အဋ္ဌကထာ၌—

> ကတိ နု ခေါ ဘန္တေ စေတိယာနီတိ။ တီဏိ အာနန္ဒာတိ။ ကတမာနိ ဘန္တေ တီဏီတိ။ သာရီရိကံ ပါရိဘောဂိကံ ဥဒ္ဒိဿကန္တိ။—

ဟူ၍ လာသည့်အတိုင်း စေတီတော် သုံးမျိုး ပြားကြောင်း သိကြရသည်၊ ထိုဒေသနာတော်အရ—

(၁) သာရီရိကစေတီ=မြတ်စွာဘုရား၏ သွားတော်, စွယ်တော်, ညှပ်ရိုးတော်, နဖူးသင်းကျစ်တော်, ဆံတော်, မွေးညှင်းတော်, လက်သည်းတော်, ခြေသည်းတော်, ဓာတ်တော်—စသော ကိုယ်တော်၌ ဖြစ်ရှိသမျှ သရီရအစိတ်အပိုင်းများ+

(၂) ပရိဘောဂစေတီ=မြတ်စွာဘုရား အသုံးပြုအပ် သမျှ အသုံးအဆောင်, ကျောင်းတော်, ပလ္လင်တော်, သလွန်တော်, ဗောဓိပင်, ပရိက္ခရာ စသည်များ+

(၃) ဥဒ္ဒိဿကစေတီ=ကိုယ်တော်စား ဖြစ်သော ရုပ်ပွားဆင်းတုတော်များ+၎င်းအရာများသည် စေတီမည်၏။

**တနည်းသုံးမျိုး။** ။"ဘဂဝတော ပရိဘုတ္တပုပကရဏာနိ နိဒ္ဒဟိတွာ ကတံ စေတိယံ ပရိဘောဂစေတိယံ နာမ။ ဓာတုယော နိဒဟိတွာ ကတံ ဓာတုစေတိယံ နာမ။

www.dhammaransi.com



ပဋိစ္စသမုပ္ပါဒါဒိလိခိတပေါတ္ထကံ နိဒဟိတွာ ကတံ ဓမ္မစေတိယံ နာမ"။ ။ဟူသော သာရတ္ထဒီပနီဋီကာ အလိုအားဖြင့်—

(၁) ပရိဘောဂစေတီ=ဆိုခဲ့ပြီးသည့် ဘုရားရှင်၏ အသုံးအဆောင် ပရိဘောဂများကို ထည့်သွင်း ဌာပနာထားသော စေတီ+

(၂) ဓာတုစေတီ=သာရီရိကဓာတ်တော်တို့ကို ထည့်သွင်း ဌာပနာထားသောစေတီ+

(၃) ဓမ္မစေတီ=မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်, ဓမ္မစကြာ-စသော ဒေသနာတော် တမျိုးမျိုးကို သော်၎င်း၊ ဓမ္မခန္ဓာအလုံးအစုံကိုသော်၎င်း ရေးသား ထည့်သွင်း ဌာပနာထားသော ကျောက်တော် စေတီ စသည်+ ("စာတလုံး ဘုရားတဆူ" ဟူသော အဆိုမှာ ဤဓမ္မခန္ဓာ စေတီကို ဆိုလို၏)

**တနည်းငါးမျိုး**။ ။ဥပရိပဏ္ဏာသ ပုဏ္ဏောဝါဒသုတ် အဋ္ဌကထာ, နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာတို့ အလိုအားဖြင့် (၁) ပရိဘောဂစေတီ၊ (၂) ဥဒ္ဒိဿကစေတီ၊ (၃) ဓာတုစေတီ၊ (၄) ဓမ္မစေတီ၊ (၅) ပါဒစေတီ—ဟူ၍ ၅–မျိုးပြား၏၊ ထိုတွင် ရှေ့ ၄—မျိုးတို့မှာ ဆိုခဲ့ပြီး စေတီတို့နှင့် တူကြပြီ၊ (၅) ပါဒစေတီတော်မှာ မြတ်စွာဘုရား၏ ခြေတော်ရာဖြစ်သည်။

www.dhammaransi.com



## ၅—စေတီထိုက်သောအရာ

"စတ္တာရောမေ အာနန္ဒ ထူပါရဟာ၊ ကတမေ စတ္တာရော—တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ထူပါရဟော၊ ပစ္စေကသမ္ဗုဒ္ဓေါ ထူပါရဟော၊ တထာဂတဿ သာဝကော ထူပါရဟော၊ ရာဇာ စက္ကဝတ္တိ ထူပါရဟောတိ"။—

ဟူသော သုတ်မဟာဝါပါဠိ၌ ထူပါရဟပုဂ္ဂလ၌ ဟောတော်မူအပ်သည့်အတိုင်း—

(၁) သမ္မာသမ္ဗုဒ္ဓဘုရား၊
(၂) ပစ္စေကဗုဒ္ဓ ဘုရားငယ်၊
(၃) မြတ်စွာဘုရား၏ တပည့်သာဝက အရိယာ၊
(၄) စကြဝတေးမင်း၊

ဤပုဂ္ဂိုလ် ၄-ဦးတို့သည် စေတီထိုက်သောပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ် ၄—ဦးတို့တွင် (၁) သမ္မာသမ္ဗုဒ္ဓဘုရား (၂) ပစ္စေကဗုဒ္ဓဘုရားငယ် (၃) မြတ်စွာဘုရား၏ တပည့်သာဝက အရိယာ—ဤသုံးဦးတို့သည်၎င်း၊ ထိုသုံးဦးတို့၏ ဓာတ်တော်တို့သည်၎င်း၊ ထိုသုံးဦးတို့၏ အသုံးအဆောင် ပရိဘောဂတို့သည်၎င်း လူ, နတ်, ဗြဟ္မာ သတ္တဝါ အားလုံးအတွက် စေတီထိုက်သောကြောင့် သတ္တဝါအားလုံးပင် ပူဇော်အပ် ပူဇော်ထိုက်၏။

"ပုထုဇ္ဇနသီလဝတော ပန ပရိနိဗ္ဗုတဘိက္ခုနော ဝိယ မဟန္တမ္ပိ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ"။

www.dhammaransi.com



ဟူသော သုတ်မဟာဝါ အဋ္ဌကထာဖြင့် သီလဝန္တ ပုထုဇန် ရဟန်းအားလည်း ပရိနိဗ္ဗာန် ဝင်စံတော်မူသော ရဟန္တာကဲ့သို့ပင် မြတ်သော ပူဇော်ခြင်းမျိုးဖြင့် ပူဇော်ထိုက်သည်ကို ရင်း၊

"ပဗ္ဗဇိတပရိဘောဂေါ ဟိ အာဂါရိကာနံ စေတိယ ဋ္ဌာနိယော"—

ဟူသော သမန္တပါသာဒိက ဝိနည်း အဋ္ဌကထာဖြင့် သီလအကျင့်ရှိသော ပုထုဇန်ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခရာများမှာလည်း ရှင်သာမဏေနှင့် လူပုဂ္ဂိုလ်တို့အတွက် စေတီထိုက်၍ ပူဇော်အပ် ပူဇော်ထိုက်သည်ကိုရင်း သိအပ်၏။

(၄) စကြဝဠာတေးမင်း၏ သက်ရှိ, သက်မဲ့ ခန္ဓာကိုယ်မှာမူ လူဝတ်ကြောင်တို့ အတွက်သာ စေတီထိုက်၏၊ ထို့ကြောင့် လူဝတ်ကြောင်တို့သာ ပူဇော်အပ် ပူဇော်ထိုက်၏။

## ၆—စေတီတော်တို့တည်ရာဌာန

(၁) နှစ်ထပ်သင်္ကန်းကြီး, ကေစ္စိသင်္ကန်း, သပိတ်တော်, တောင်ဝှေးတော်တို့သည် ဝဇိရပြည်၌—
(၂) သင်းပိုင်တော်သည် ကုလဃရပြည်၌—
(၃) အိပ်ရာခင်းတော်သည် ကပိလပြည်၌—
(၄) ခါးပန်းကြိုးနှင့် ဓမကရိတ်ဓားတော်သည် ပါဋလိပုတ်ပြည်၌—
(၅) ရေသနုပ်တော်သည် စမ္ပာပြည်၌—
(၆) ဥဏ္ဏာလုံမွေးရှင်တော်သည် ကောသလတိုင်း၌—

www.dhammaransi.com



(၇) နိသီဒိုင်တော်သည် အဝန္တိတိုင်း၌—
(၈) ခြေခင်းနှီးတော်သည် ဒေဝတိုင်း၌—
(၉) မီးပွတ်တော်သည် မိထိလာပြည်၌—
(၁၀) ရေစစ်အဝတ်တော်သည် ဝိဒေဟတိုင်း၌—
(၁၁) ပဲခွပ်တော်, အပ်ကျည်တော် တို့သည် ဂန္ဓာရတ္ထ ပြည်၌—
(၁၂) ထိုမှကြွင်းသော ပရိက္ခရာတို့သည် အပရန္တတိုင်း ဇနပုဒ်၌—
(၁၃) တောထွက်စဉ်က ဝတ်ခဲ့သော ဝတ်လဲတော်သည် ဗြဟ္မာ့ပြည်၌—
(၁၄) ဆံတော်သည် တာဝတိံသာနတ်ပြည်၌—
တည်ရှိကြကြောင်း ဗုဒ္ဓဝံသပါဠိတော် ၂၉—ဓာတုဘာဇနီယ ကထာ၌ လာရှိသည်။

## ၇—ပါဒ စေတီတည်ရာ

(၁) ပါဒစေတီ မည်သော ခြေတော်ရာတို့သည် သီဟိုဠ်ကျွန်း သုမနတောင်ထိပ် (သို့မဟုတ်—ရမာတောင်ထိပ်)သုမနနတ်မင်း၏ နေရာ၌ သုမနနတ်မင်း တောင်းပန် သဖြင့် ကျောက်သားပေါ်တွင် ချထားတော်မူသော ဝဲဖက်ခြေတော်ရာတဆူ+

(၂) မာဂလ္လီပုဏ္ဏား ဇနီးမောင်နှံတို့ မြင်လောက်ရာ လမ်းမြေပေါ်တွင် ချထားတော်မူသော ခြေတော်ရာ ပါဒစေတီ တဆူ+

(၃) ဘုရားဟုတ်-မဟုတ် မှန်-မမှန် စုံစမ်းရန်လာနေကြသော (ဗာဝရီဆရာကြီး၏ တပည့်ကြီးများ ဖြစ်ကြသည့်) အဇိတ—စသော ရသေ့ဂိုဏ်းဆရာကြီး (၁၆) ဦးတို့ကိုမြင်တော်မူ၍ ထိုသူတို့ သိရှိနိုင်ရန် ဇေတဝန်ကျောင်းတိုက်တော်အတွင်း ဂန္ဓကုဋိတိုက်အနီး၌ ချထားအပ်သော ခြေတော်ရာ ပါဒစေတီ တဆူ+

(၄) စက်တော်ရာ သမိုင်း အဆိုအရ သုနာပရန္တတိုင်း (သို့မဟုတ်—မကွေးတိုင်း) မင်းဘူးမြို့ အနောက်တောင် ၃၅—မိုင်ခန့် အကွာ မန်းစက်တော် တောင်ခြေရင်းရှိ နမ္မဒါမြစ် (မန်းချောင်း) ရေဝပ်အနီး ကျောက်သားပေါ်တွင် နမ္မဒါ နဂါးမင်း တောင်းပန်သဖြင့် ချထားတော်မူသော ခြေတော်ရာ ပါဒစေတီတဆူ+ (၎င်းကို အောက်စက်တော်ရာဟု ခေါ်သည်)

(၅) ၎င်းမြစ် အရှေ့ဘက်ကမ်း တောင်ထိပ်တွင် သစ္စဗန္ဓ ရသေ့တောင်းပန်သဖြင့် ကျောက်သားပေါ်၌ ချထားတော်မူသော ခြေတော်ရာ ပါဒစေတီတဆူ+ (၎င်းကို အထက်စက်တော်ရာဟု ခေါ်သည်)

ဘုရားရှင်ကိုယ်တော်တိုင် ချထားတော်မူခဲ့သော ခြေတော်ရာ ပါဒစေတီတော်တို့ကား ဖော်ပြရာပါ ၅—ဆူတို့ဖြစ်သည်၊ ထို ၅—ဆူတို့တွင် (၂) (၃) အမှတ်ပြ ပါဒစေတီတော်တို့မှာ မြတ်စွာဘုရား၏ အလိုတော်အတိုင်း သက်ဆိုင်ရာ(မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံ၊ ဗာဝရီ၏ တပည့်ကြီး ၁၆—ဦး)တို့ မြင်ပြီးကြသော အခါ ကွယ်ပျောက်သွားကြသည်၊ ကျန်သော ပါဒစေတီတော်

www.dhammaransi.com



တို့မှာ ယခုတိုင် တည်ရှိနေကြသည်၊ အခြားဌာနများစွာတို့၌ ခြေတော်ရာ ပါဒစေတီတော်ပွားတို့မှာမူ များပြားလှ၏၊ တတ်နိုင်၍ သဒ္ဓါတရားရှိသူတိုင်းက ကျောက်သားစသည်တို့၌ ထွင်းထုကိုးကွယ် ပူဇော်ကြသည်။

## ဂ—ဇမ္ဗူမှာဒွေး+ရာမာဧး

ပါဒစေတီတော်နှင့်စပ်၍ "ဇမ္ဗူမှာဒွေး+ယာမာဧး" ဟူ၍ ရှေးလူတို့ဆိုထုံးပြုခဲ့ကြသည်၊ (ဇမ္ဗူ) ဆိုသည်မှာ ဇမ္ဗူဒိပ်ဖြစ်သော မြန်မာပြည်ကို ရည်၍၊ (ဒွေး)ဆိုသည်မှာ ခြေတော်ရာ ၂-ဆူကို ဆိုခြင်းဖြစ်သည်၊ "ဇမ္ဗူမှာဒွေး = ဇမ္ဗူဒိပ်ဖြစ်သော မြန်မာပြည်၌ ခြေတော်ရာနှစ်ဆူ"ဟုဆိုလို၏၊ (ရာမာ) ဆိုသည်မှာ သုမန နတ်မင်းနေသော ရာမာတောင်ထိပ်ကို ဆိုလို၍၊ (ဧး)ဆိုသည်မှာ ခြေတော်ရာတဆူကို ဆိုခြင်းဖြစ်သည်၊ "ရာမာဧး= ရာမာတောင်ထိပ်၌ ခြေတော်ရာတဆူ" ဟူလို။

## ၉—သမိုင်းတို့အဆို

ရွှေတိဂုံသမိုင်းတွင်"ကကုသန်ဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂုံဘုရားရှင်၏ ရေစစ်တော်၊ ကဿပ ဘုရားရှင်၏ ရေသနုပ်တော်—တို့ကို ရွှေတိဂုံစေတီတော်၌ ဌာပနာသည်"ဟု ဖော်ပြပါရှိသည်။

ကျောင်းတော်ရာ စေတီတော်သမိုင်း—စသည်တို့၌ "မြတ်စွာဘုရားဝါတော် (၂၀) ရတော်မူစဉ်ကပင် မင်းဘူးမြို့ လယ်ကိုင်းကျောင်းတော်ရာသို့ ကြွလာတော်မူ၍ စန္ဒကူး ကျောင်းတော်

www.dhammaransi.com



ကြီးကို အလှူခံတော်မူပြီးလျှင်သီတင်းသုံးတော်မူရာ ထိုကျောင်းတော်ရာကို စေတီတည်ထားသောကြောင့် (ကျောင်းတော်ရာစေတီ) ခေါ်တွင်ကြောင်း”ကိုရှင်း—

မင်းဘူးမြို့အရှေ့တောင် ရေဝတီမြစ်ကမ်းအနီးရှိ ကေလာသတောင်၌ တဲကျောင်းမဏ္ဍပ်အတွင်း သိကြားမင်းလှူဒါန်းသော မြသလွန်ပေါ်တွင် ဘုရားရှင် ကိန်းစက်တော်မူသည်ကို အကြောင်းပြု၍ ထိုတောင်ကို စက်ကိန်းတဲတောင် (ယခု စက္ကုတဲတောင်) ခေါ်ကြကြောင်းကိုရှင်း—

တဲကျောင်းမဏ္ဍပ်ကို ထိုစက္ကုတဲတောင်၌ ဌာပနာပြီးစေတီတည်ထားသောကြောင့် ထိုစေတီတော်ကို“စက္ကုတဲစေတီ” ခေါ်တွင် နေကြောင်းကိုရှင်း—

သိကြားမင်းလှူဒါန်းသော မြသလွန်ကို မကွေးမြို့ မြစ်ဆိပ်အနီး ဌာပနာသွင်း၍ စေတီတည်ထားသောကြောင့် ထိုစေတီတော်ကို “မြသလွန်” စေတီခေါ်တွင်ကြောင်းကိုရှင်း ရေးသားဖော်ပြထားကြသည်၊ ပရိဘောဂစေတီ တည်ရာဌာန ၂တစိတ်တဒေသတို့ပေတည်း။

## ၁၀–အကျိုးကြီးမြတ်သည်

“မင်းမြတ်... မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ မြတ်စွာဘုရားသည် ပူဇော်သက္ကာရကို သာယာတော်မမူ၊ မသာယာသည်သာ ဖြစ်သော မြတ်စွာဘုရား၏ ဓာတ်တော် ရတနာတို့ကို နတ်, လူတို့သည် တည်ရာ မှီရာပြုလျက် မြတ်စွာဘုရား၏ ဉာဏ်တော်ရတနာကို အာရုံပြုသဖြင့် ကောင်းသောအကျင့်ကို

www.dhammaransi.com



မှီဝဲကုန်သည်ဖြစ်၍ လူ, နတ်, နိဗ္ဗာန်—သုံးတန်သော ချမ်းသာ စည်းစိမ်တို့ကို ရရှိကုန်၏” ဟူ၍၎င်း—

“လူနတ်တို့သည် လောဘ, ဒေါသ, မောဟ-တည်းဟူသော မီးသုံးမျိုးတို့၏ ပူလောင်အိုက်စပ်ခြင်းဖြင့် နှိပ်စက်ခံရကုန်၏၊ ယပ်ဝန်း ယပ်တောင်တို့သည် လေဖြစ်ခြင်း၏ အကြောင်း ဖြစ်ကုန်သကဲ့သို့ ထို့အတူသာလျှင် မြတ်စွာဘုရား၏ ဓာတ် တော်တို့သည်၎င်း၊ ဉာဏ်တော်ရတနာတို့သည်၎င်း လူ, နတ်, နိဗ္ဗာန်-သုံးတန်သော ပြည့်စုံခြင်းတို့ကို ရခြင်းငှာ အကြောင်း အထောက်အပံ့သည် ဖြစ်၏၊ လူနတ်တို့သည် အပူဖြင့်ပူလောင် ကုန်သည်၊ အအိုက်ဖြင့် နှိပ်စက်ခံရကုန်သည်ဖြစ်၍ ယပ်ဝန်းဖြင့် ၎င်း, ယပ်တောင်ဖြင့်၎င်း လေကိုဖြစ်စေ၍ အပူကို ငြိမ်းအေးစေ ကုန်သကဲ့သို့ အအိုက် ကို ပြေပျောက်စေကုန်သကဲ့သို့ ထို့အတူ သာလျှင် လူနတ်တို့သည် ပရိနိဗ္ဗာန်ပြုတော်မူပြီးသော မြတ်စွာ ဘုရား၏ ဓာတ်တော်ကို၎င်း, ဉာဏ်တော်ရတနာကို၎င်းပူဇော်၍ ကုသိုလ်ကိုဖြစ်စေလျက် လောဘ, ဒေါသ, မောဟ—တည်းဟူသော မီးသုံးမျိုးတို့၏ ပူလောင်အိုက်စပ်ခြင်းကို ငြိမ်းစေကုန်၏၊ ဧးစေ ကုန်၏” ဟူ၍၎င်း—မိလိန္ဒပဉ္စာ ဣဒ္ဓိဗလဝဂ် ကတာဓိကာရ သဖလပဉ္စာတွင် သက်တော်ထင်ရှားဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံ ကြွသွားတော်မူပြီးနောက် ဓာတ်တော်ကို ပူဇော်ရခြင်းဖြင့် ရနိုင်သောအကျိုးထူးကို ဤသို့ဆိုအပ်ပြီးသည့်အတိုင်း ဟော ကြားတော်မူထားသည်။

ဤမိလိန္ဒပဉ္စာ ပါဠိတော်တွင် ဟောတော်မူသည့် အတိုင်း စေတီတော်ကို တည်ထားကိုးကွယ် ပူဇော်သမှု ပြုသူတို့မှာ

www.dhammaransi.com



အကျိုးထူးကို ရနိုင်ကြသည်၊ လူ့ပြည် နတ်ပြည်၌ ဖြစ်ရခြင်း, လူနတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရခြင်း—တည်းဟူသော လောကီဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ အကျိုးမျိုးသာမက မဂ်, ဖိုလ်, နိဗ္ဗာန်—အထိ ဥပနိဿယအဆင့်ဆင့်ဖြင့် ရနိုင်ရောက်နိုင်သော အကျိုးထူးကိုပါ ခံစားနိုင်ကြသည်။

## ၁၁—အကျိုးထူးကို ဤသို့ရဘူးကြပြီ

မဂ်, ဖိုလ်, နိဗ္ဗာန်အထိ အဆင့်ဆင့် တက်လှမ်းသွားကြရသော ပုဂ္ဂိုလ်တို့ကို ထေရအပဒါန်ပါဠိတော်လာ သာဓကများဖြင့် ထင်ရှားစေရန် ဤနေရာ၌ ဖော်ပြပေအံ့—

(၁) လွန်ခဲ့သော တရာ့တဆယ့်ရှစ်ကမ္ဘာ ထက်က ပွင့်တော်မူသော အတ္ထဒဿီ ဘုရားရှင်၏ သာသနာတော်၌ သောဘဏပြည်သား ဧကုဒါန မထေရ်၏ အလောင်းသည် စေတီတည်ထား၍ ကိုးကွယ်ပူဇော်ခဲ့သော ကောင်းမှုကြောင့် အပါယ်လေးပါး မလားမရောက်ရပဲ ဤဘုရားရှင် သာသနာ ခေတ်တွင် သာဝတ္ထိပြည်၌ သူဌေးသားဖြစ်လာ၍ သာသနာ တော်သို့ ဝင်ရောက်ကာ ရဟန်းပြုပြီး ရဟန်းတရားကို ပွားများ အားထုတ်ရာ (ဧကုဒါန) မထေရ်အမည်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ (စေတီတည်ထားရခြင်းအကျိုး)

(၂) ကကုသန်ဘုရားရှင် လက်ထက်တော်၌ ခေမဝတီပြည် သားတဦးသည် ဘုရားဓာတ်တော်ကို စေတီတည်ထား ကိုးကွယ် ပူဇော်ခဲ့သော ကောင်းမှု ကုသိုလ်ကို အရင်းပြု၍ ဤဘုရား

www.dhammaransi.com



သာသနာတော်တွင် ကပိလဝတ်ပြည်၌ သာကီဝင် မင်းသား ဖြစ်လာပြီးလျှင် ရဟန်းပြု၍ ရဟန်းတရားကို ပွားများအားထုတ်ရာ (ကိမိလ) မထေရ်အမည်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်ခဲ့လေသည်။ (ခါတ်တော်ပူဇော်ရခြင်းအကျိုး)

(၃) လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာထက်က ပွင့်တော်မူသော တိဿ ဘုရားရှင် လက်ထက်တော်၌ ခေမပြည်သား တဦးသည် ဘုရားခြေတော်ရာအတု ထုလုပ်ကိုးကွယ် ပူဇော်ခဲ့သော ကောင်းမှုကုသိုလ်ကို အရင်းပြု၍ ဤဘုရားရှင်သာသနာတော်တွင် သာဝတ္ထိပြည်၌ ဗြာဟ္မဏမဟာသာလ အမျိုးသား (ပုဏ္ဏားသူဌေး အမျိုးသား) ဖြစ်လာပြီးလျှင် ရဟန်းပြု၍ ရဟန်းတရားကို ပွားများအားထုတ်ရာ (ပဒသညက) မထေရ် အမည်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်ခဲ့လေသည်။ (ခြေတော်ရာ= ပါဒစေတီပူဇော်ရကျိုး)

(၄) တိဿဘုရားရှင် လက်ထက်တော်ကပင် ခေမပြည်သား တဦးသည် ဗောဓိပင်ကို စိုက်ပျိုးကိုးကွယ် ပူဇော်ခဲ့သော ကောင်းမှုကုသိုလ်ကို အရင်းပြု၍ ဤဘုရားရှင် သာသနာတော်တွင် သာဝတ္ထိပြည်၌ သူကြွယ်သားဖြစ်လာပြီးလျှင် ရဟန်းပြု၍ ရဟန်းတရား ပွားများအားထုတ်ရာ (အသနဗောဓိ) မထေရ် အမည်ဖြင့် ရဟန္တာဖြစ်လာသည်။ (ပရိဘောဂ စေတီပူဇော် ရကျိုး)

(၅) လွန်ခဲ့သော ကမ္ဘာတသိန်းထက်က ပွင့်တော်မူသော ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ ဟံသာဝတီပြည်သား တဦး

www.dhammaransi.com



သည် ပျက်စီးနေသော စေတီတဆူကို အခြားသူတို့ အားလည်း နှိုဝ်းဆော်ကာ ပြင်ဆင်ကိုးကွယ် ပူဇော်ခဲ့သော ကောင်းမှုကုသိုလ်ကို အရင်းပြု၍ ဤယခုဘုရားသာသနာတော်တွင် သာဝတ္ထိ ပြည်၌ သူဌေးသားဖြစ်လာပြီး ရဟန်းပြု၍ ရဟန်းတရား ပွား များ အားထုတ်ရာ (ပဘင်္ကရ) မထေရ်အမည်ဖြင့် ရဟန္တာ ဖြစ်လာ၏။ (စေတီပျက်ကိုပြုပြင်ပူဇော်ရကျိုး)

(၆) လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်က ပွင့်တော်မူ သော တဏှင်္ကရာဘုရားရှင်လက်ထက်တော်၌ ဟံသာဝတီ ပြည် သား တဦးသည် သဲပုံစေတီတည်ထားကိုးကွယ်ပူဇော်ခဲ့ဘူးသော ကောင်းမှုကုသိုလ်ကိုအရင်းပြု၍ ဤယခု ဘုရားသာသနာတော် တွင် ကောသမ္ဗီပြည်၌ ဃောသကသူဌေးသားဖြစ်လာပြီး သာ သနာသို့ ဝင်၍ ရဟန်းတရားပွားများအားထုတ်ရာ (ဝါဠုက) မထေရ်အမည်ဖြင့် ရဟန္တာဖြစ်လာ၏။ (သဲပုံစေတီပူဇော်ရကျိုး)

(၇) လွန်ခဲ့သော သုံးဆယ့်တစ်ကမ္ဘာထက်က ပွင့်တော်မူ သော ဝေဿဘူဘုရားရှင်လက်ထက်၌ အနောမပြည်သား တဦး သည် ဘုရားကိုယ်တော်စား ရုပ်ပွားဆင်းတုတော်ကို ကိုးကွယ် ပူဇော်ခဲ့ဘူးသော ကောင်းမှုကုသိုလ်ကို အရင်းပြု၍ဤယခု ဘုရား သာသနာတော်တွင် သာဝတ္ထိပြည်သားတဦး ဖြစ်လာပြီး သာ သနာသို့ဝင်၍ ရဟန်းတရား ပွားများအားထုတ်ရာ (ပတ္ထိမာ) မထေရ်အမည်ဖြင့် ရဟန္တာ ဖြစ်လာ၏။ (ရုပ်ပွားတော်ပူဇော် ရကျိုး)

(၈) လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာ ထက်က ပွင့်တော်မူ သော ဖုဿဘုရားရှင် လက်ထက်တော်၌ ကာသိပြည်သားတဦး

www.dhammaransi.com



သည် ပိဋကတ်တော်များကို ရေးသား ကိုးကွယ်ခဲ့ ဘူးသော ကောင်းမှုကုသိုလ်ကို အရင်းပြု၍ ဤယခုဘုရားရှင် သာသနာတော်တွင် (ဂန္ထိနိယ) မထေရ်အမည်ဖြင့် ရဟန္တာဖြစ်လာ၏။ (ဓမ္မစေတီပူဇော်ရကျိုး)

ဤသည်လျှင် စေတီတော်တည်ထားကိုးကွယ်ပူဇော်ရခြင်း၏ အကျိုးပြသာဓကတို့ပေတည်း။

## ၁၂—ချမ်းသာလို၍ လှူကြသည်

စား, ဝတ်, နေရေးအတွက် ချမ်းသာလို၍ လူတို့ အလုပ်လုပ်ကြရသည်-မိမိတို့လုပ်ကိုင်၍ရသော ပစ္စည်းဥစ္စာကို လှူဒါန်းကြသည် ဆိုသည်မှာလည်း ချမ်းသာလို၍ပင် လှူဒါန်းကြသည်၊ အသိဉာဏ် ကြွယ်ဝသော လူတို့သည် စား, ဝတ်, နေရေးအတွက် လုံလောက်၍ပို လျှံလာသောမိမိတို့ပစ္စည်းဥစ္စာများကိုမိမိ သူတပါး နှစ်ဦးသား ချမ်းသာရန်အတွက် တိုင်းတာနိုင်းချိန်ကာလှူကြတန်းကြသည်၊တိုင်းတာလှူဒါန်းခြင်းကြောင့် လှူသူမှာဆင်းရဲသည် ဟူ၍မရှိပေ၊ လှူလိုသည့် ဆန္ဒအတိုင်းအလှူအထမြောက်သွားခြင်းကြောင့် လှူရသူတွင် ပို၍ပင် ဝမ်းသာရွှင်လန်း ချမ်းသာသွားသည်၊ မမြင်ရသေးသော ဘဝလွန်ကျိုးသာမက အလှူရှင်မှာ မျက်မှောက်ထင်ထင် ခံစားရသော ကောင်းကျိုးတို့လည်း ထင်ရှားရှိသည်၊ ဤအကြောင်းကို ဖော်ပြလတ္တံ့သော သီဟသေနာပတိသုတ်ဖြင့် ယုံကြည်သိမှတ်နိုင်သည်။

အခါတပါး မြတ်စွာဘုရားရှင် ဝေသာလီပြည် မဟာ ဝုန်တော စရပ်တန်ဆောင်း (ကူဋာဂါရကျောင်း) ၌ သီတင်းသုံး

www.dhammaransi.com



နေတော်မူစဉ် သီဟစစ်သူကြီးသည် ဘုရားရှင်ထံတော်သို့ ချဉ်းကပ်၍"ဘုန်တော်ကြီးသော မြတ်စွာဘုရား....ရှင်တော်ဘုရားသည် မျက်မှောက်ထင်ထင် တွေ့မြင်ခံစံရသော ဒါန၏အကျိုးကို ဟောတော်မူနိုင်ပါသလော" ဟု မေးလျှောက်လေသည်၊ ထိုအခါ ဘုရားရှင်က—

(၁) ပေးလှူသောအလှူရှင်ကို လူတို့က ချစ်ကြည်မြတ်နိုးကြသည်၊ ဤသည်လည်း ဒါန၏ မျက်မှောက်ထင်ထင်တွေ့မြင်ခံစံရသော အကျိုးတပါးဖြစ်သည်။

(၂) အလှူရှင်ကို သူတော်ကောင်းတို့က ချဉ်းကပ်ဆက်ဆံကြသည်၊ ဤသည်လည်း ဒါန၏ မျက်မှောက်ထင်ထင် တွေ့မြင်ခံစံရသော အကျိုးတပါး ဖြစ်သည်။

(၃) အလှူရှင်၏ ကောင်းသောဂုဏ်ကျေးဇူး သတင်းလည်း ပျံ့နှံ့သည်၊ ဤသည်လည်း ဒါန၏ မျက်မှောက်ထင်ထင် တွေ့မြင်ခံစံရသော အကျိုးတပါးဖြစ်သည်။

(၄) ဒါနရှင်မှာ ပရိသတ် ၄—ပါးအလယ်၌ ရဲရင့်သည်၊ မျက်နှာကြည်သာ ရွှင်လန်းသည်၊ ဤသည်လည်း ဒါန၏ မျက်မှောက်ထင်ထင် တွေ့မြင်ခံစံရသော အကျိုးတပါးဖြစ်သည်။

(၅) အလှူရှင်သည် သေသည်၏အခြားမဲ့၌ နတ်ရွာသုဂတိသို့ ဘဝပဋိသန္ဓေ လားရောက်ရလေသည်၊

www.dhammaransi.com



ဤသည်ကမူ တမလွန်ဘဝ၌ ဖြစ်သည့် ဒါန၏
အကျိုးတပါးဖြစ်သည်—

ဟူ၍ ပဉ္စင်္ဂုတ္တရပါဠိတော် သီဟသေနာပတိသုတ်၌ ဖြေဆိုဟော ကြားတော်မူသည်၊ ဤဒေသနာတော်တွင် အလှူရှင်၌ မျက်မှောက်ဘဝအကျိုး (၄)ပါးနှင့် တမလွန်ဘဝအကျိုး (၁)ပါး= ပေါင်း အကျိုး (၅) ပါး ဟောထားတော်မူသည်ကို တွေ့နိုင်သည်။

သီဟစစ်သူကြီးက မျက်မှောက်ဘဝ အကျိုးကိုသာ မေးလျှောက်အပ်သော်လည်း ဘုရားရှင်က ဒါန၏ အကျိုး ကုန်စင်အောင် တမလွန်ဘဝအကျိုးကိုပါ ဟောကြားတော်မူသည်၊ မေးလျှောက်သူ သီဟစစ်သူကြီးက "မျက်မှောက်ဘဝ အကျိုး (၄) ပါးကို ကိုယ်တွေ့သိပြီး ခံစံရပြီးဖြစ်၍ တမလွန်ဘဝအကျိုးကိုကား ဘုရားရှင်ကို ယုံကြည်သဖြင့် သိမှတ်ရပါကြောင်း" ပြန်ကြားလျှောက်ထားလေသည်။

ဤဒေသနာတော်နှင့်တကွ ဒါနနှင့်စပ်သွယ်သမျှ ဒေသနာတော်အချပ်ရပ်တို့၌ ပေးလှူခြင်းကြောင့် ရအပ်သော ဒါန၏ အကျိုး အာနိသင်တိုင်းမှာ ဆင်းရဲကျိုးကိုမဟော၊ ချမ်းသာကျိုးကိုသာ ဟောတော်မူပြီးလျှင် "ဒါနံ ဒါတဗ္ဗံ" ဟူ၍သာ ဒါနကို ပြုကြဘို့ တိုက်တွန်းတော် မူသည်၊ သဘာဝကျကျ စဉ်းစားဆင်ခြင်တတ်သော ပညာရှိသူတိုင်း ပေးလှူရန်နားလည်ကြ၍ ပိုသျှံသော မိမိတို့ပစ္စည်းကို အခွင့်သင့်တိုင်း ပေးကြ လှူကြသည်၊ ဘုရားဟော ဒေသနာတော်ကို သိကြသည့် ဗုဒ္ဓ

www.dhammaransi.com



ဘာသာဝင်တို့ကို မဆိုထားဘိ အခြားဘာသာဝင်တို့သည်ပင် မျက်မှောက်အကျိုးကို သိနားလည်ကြ၍ ပေးကြ လှူကြသည်။

## ၁၃—ဘုရားဘဏ္ဍာတော်

ပေးလှူကြသည်နှင့်စပ်၍ ပေးသူကပေး၍ ပေးသည့်အတိုင်း လက်ခံသူကလက်ခံလျှင် ထိုအလှူဝတ္ထုပစ္စည်းသည် လက်ခံယူသူ အလှူခံပုဂ္ဂိုလ်၏ ကိုယ်ပိုင်ပစ္စည်း ဖြစ်သွားသည်၊ အလှူရှင်က စွန့်လွှတ်လိုက်ပြီးဖြစ်၍ အလှူရှင်၏ပစ္စည်း မဟုတ်တော့ပေ၊ သူတောင်းစားအား ပေးလိုက်လျှင် သူတောင်းစား၏ ပစ္စည်း ဖြစ်သွားသည်၊ သံဃာအား လှူလိုက်လျှင် သံဃာ၏ပစ္စည်း (သံဃာ့ပစ္စည်း) ဖြစ်သွားသည်၊ တရားတော်အား လှူလိုက်လျှင် တရားတော်၏ ပစ္စည်း ဖြစ်သွားသည်၊ ထို့အတူ ဘုရားရှင် အား လှူလိုက်လျှင် "ဘုရားဘဏ္ဍာတော်" ဖြစ်သွားသည်။

ဥပရိပဏ္ဏာသ ပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်၌ ပုဂ္ဂလိက အလှူ (၁၄) မျိုး, သံဃိကအလှူ (၇) မျိုးတို့ကို မြတ်စွာ ဘုရား ဟောကြားတော်မူခဲ့ရာ ပုဂ္ဂလိကအလှူခံ ပုဂ္ဂိုလ်တို့မှာ—

"ဘုရားမြတ်စွာ၊ ပစ္စေကာနှင့်၊ အရိယာရှင်ဝ၊ ဈာန်ရဗာဟိ၊ နှစ်လီပုထုဇန်၊ တိရစ္ဆာန်၊လှူခံတကျိပ်လေး"—

ဟူသောဆောင်ပုဒ်အတိုင်း—

(၁) မြတ်စွာဘုရား၊
(၂) ပစ္စေကဗုဒ္ဓါ၊
(၃-၁၀) အရိယာရှစ်ပါး၊

www.dhammaransi.com



(၁၁) သာသနာပြုပ ချာန်ရပုဂ္ဂိုလ်၊
(၁၂) သာသနာပြုပ သီလဝန္တပုထုဇန်၊
(၁၃) ဒုဿီလပုထုဇန်၊
(၁၄) တိရစ္ဆာန်—

ဟူ၍ တကျိပ်လေးဦး ရှိသည်။ ။သံဃိကအလှူကို ခံသည့် သံဃာမှာလည်း—

(၁) ဘုရားအမှူးရှိသော ရဟန်း ယောကျ်ား သံဃာ, ရဟန်း မိန်းမ သံဃာရှိသမျှ အားလုံး၊
(၂) ဘုရားရှင်မပါပဲ ရဟန်းယောကျ်ားသံဃာ, ရဟန်း မိန်းမ သံဃာရှိသမျှ အားလုံး၊
(၃) ရဟန်းယောကျ်ားသက်သက် သံဃာအားလုံး၊
(၄) ရဟန်းမိန်းမသက်သက် သံဃာအားလုံး၊
(၅) မိမိတတ်နိုင် သလောက် သံဃာ ၂—ဖက်အား လျှောက်ထား တောင်းဆို၍ ထိုသံဃာ ၂—ဖက်မှ အလှည့်ကျညွှန်း၍ ရအပ်သော ဥဘတောဥဒ္ဒိဿ သံဃာ၊
(၆) မိမိတတ်နိုင်သလောက် ၄—ပါး ၅—ပါး စသည် ရဟန်း ယောကျ်ား သံဃာတဖက်အား လျှောက် ထားတောင်းဆို၍ ထိုသံဃာမှ အလှည့်ကျညွှန်း၍ ရအပ်သော ဘိက္ခုကေတော ဥဒ္ဒိဿသံဃာ၊
(၇) အလှူရှင် မိမိတတ်နိုင်သလောက် ရဟန်းမိန်းမသံဃာ တဖက်အား လျှောက်ထားတောင်းဆို၍ ထိုသံဃာ

www.dhammaransi.com



မှ အလှည့်ကျညွှန်း၍ ရအပ်သော ဘိက္ခုနီကေတော
ဥဒ္ဒိဿသံဃာ—

ဟူ၍ သံဃာအလှူ ခုနစ်မျိုးရှိသည်။

ထိုအလှူခံပုဂ္ဂိုလ်တကျိပ်လေး, အလှူခံသံဃာခုနစ်မျိုးတို့တွင် အလှူရှင်တို့သည် မိမိတို့နှစ်သက်ရာ ပုဂ္ဂိုလ်,သံဃာအား အလိုရှိသလို ပေးကမ်းလှူဒါန်းကြသည်၊ ထိုသို့ပေးကမ်းလှူဒါန်းကြရာ၌ ဤနေရာတွင် (ဒကာအေး, ဒကာမတို့) ရှောက်ထားချက်ကို ဖြေကြားရမည်ဖြစ်သောကြောင့် ပုဂ္ဂလိကအလှူခံ တကျိပ်လေးတွင် (၁) နံပါတ် ပဌမအမြတ်ဆုံး အလှူခံဖြစ်သောဘုရားရှင်, ထိုဘုရားရှင်အား လှူအပ်သော ဘဏ္ဍာတော်ကိုသာ အဓိကထား၍ ဖော်ပြရပေလိမ့်မည်။

ပဌမထင် အတိတ်သံသရာတခွင်ကပင် ဘုရားရှင်တို့ပွင့်တော်မူခဲ့ကြသည်၊ ထိုထိုဘုရားရှင်တို့ ပွင့်တော်မူလာ၍ ဘုရားရှင်တို့ ရှိလာပြီ—ဆိုကတည်းက ဘုရားရှင်တို့အား ဒကာ, ဒကာမတို့က မိမိတို့တတ်နိုင်သလို လှူဒါန်းခဲ့ကြသည်၊ ထိုအခါကပင် ဘုရားဘဏ္ဍာတော်များလည်း ရှိလာရသည်၊ထိုဘုရားရှင်တို့နှင့် တဆက်တည်း လူတို့ကောင်းမှု ပြုရစ်ကြရန် စေတီတော်တို့ ရှိကြရပြန်ပြီးလျှင် ထိုဘုရားပုတီး စေတီတော်တို့၏ ဘဏ္ဍာတော်များလည်း ရှိကြရပြန်သည်။

## ၁၄—ဘဏ္ဍာတော်ထိန်းလိုလာ

လူတို့လောက၌ ပစ္စည်းဥစ္စာ ဘဏ္ဍာများရှိလာပြီ—ဆိုလျှင် "အာရက္ခသမ္ပဒါ" အရ စောင့်ရှောက်ရန် တာဝန်ရှိလာသည့်

www.dhammaransi.com



အလျောက် ထိုတာဝန် ကျေကုန်ပြည့်စုံဘို့ရန် တတ်နိုင်သလို ထိန်းသိမ်းစောင့်ရှောက်ကြရသည်၊ ကိုယ့်ပစ္စည်း, ကိုယ့်ဥစ္စာ, ကိုယ့်ဘဏ္ဍာကိုကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ကြသည်လည်း ရှိ၏၊ မင်းစိုးရာဇာသူဌေးသူကြွယ်တို့၏ ပစ္စည်း, ဥစ္စာ, ဘဏ္ဍာ များကိုကား အစောင့်အရှောက် ခန့်ထား ပေးရသည်လည်း ရှိ၏၊ မင်းစိုးရာဇာ သူဌေးသူကြွယ်တို့၏ ပစ္စည်း,ဥစ္စာ, ဘဏ္ဍာ များကို အစောင့်အရှောက်ခန့်ထားပေးကြရသကဲ့သို့ ဘုရားရှင် တို့၏ ပစ္စည်း,ဥစ္စာ, ဘဏ္ဍာတော်များကိုလည်း သင့်လျော် သူတို့က ထိန်းသိမ်းစောင့်ရှောက် ပေးဘို့ရန် လိုအပ်သည်သာ ဖြစ်၏။

## ၁၅—ကိုးဆယ့်တစ်ကမ္ဘာထက်က ဖြစ်ရပ်

ဤတွင် ရှေးဘုရားရှင်တို့ လက်ထက်တော်က ဘုရားရှင်၏ ဘဏ္ဍာတော်များ မပျက်စီး မပျောက်ရအောင် ထိန်းသိမ်း စောင့်ရှောက်ခဲ့ရဘူးသည်ကို အလျဉ်းသင့်၍ ဖော်ပြပေအံ့—

လွန်ခဲ့သောကိုးဆယ့်တစ်ကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသည်၊ ပွင့်တော်မူသင့်သည့် အခါကာလကို ကြည့်ရှု ပွင့်တော်မူကြမြဲဖြစ်၍ ထိုသို့ဘုရားပွင့်ချိန်တွင် ကောင်းမှုကုသိုလ် ပြုရန် လူတို့အတွက် အခွင့်ကောင်း အခါကောင်း ဖြစ်သည်၊ ထိုအချိန်တွင် ကံကောင်း၍ ဤလူ့ပြည်၌ လူ-လာဖြစ်နေကြရ သူတို့အထဲတွင် သူကြွယ်သား သေန (နှင့်) အပရာဇိတတို့ ညီနောင်နှစ်ဦးတို့လည်း အပါအဝင်ဖြစ်သည်၊ သူတို့နှစ်ဦးမှာ ဗန္ဓုမတီပြည်၌ မွေးဖွားကြသည့် ဗန္ဓုမတီပြည်သားများ ဖြစ်ကြ

www.dhammaransi.com



သည်၊ ကံကောင်းပြီဆိုလျှင် အဖက်ဖက်က အဆင်ပြေမြဲဖြစ်သည့် အတိုင်း သူတို့ညီနောင် နှစ်ဦးမှာလည်း ကံကောင်းကြသဖြင့် ပစ္စည်းဥစ္စာ ရတနာတွေ သုံး၍ မကုန်နိုင်လောက်အောင် ပေါ များကြွယ်ဝသော အမျိုး၌ ဖြစ်လာကြသည်။

သူတို့နှစ်ဦး လူဖြစ်လာရသော ဗန္ဓုမတီပြည်မှာ ဝိပဿီ မြတ်စွာဘုရား အလောင်း ဖွားမြင်ရာ ပြည်လည်း ဖြစ်သည်၊ ဘနေ့သ၌ ခမည်းတော် ဗန္ဓုမ မင်းကြီးအား ချီးမြှောက် တော်မူရန် ဗန္ဓုမတီ မင်းနေပြည်သို့ ဝိပဿီမြတ်စွာဘုရား ကြွတော်မူလာသည်၊ ပြည်သူပြည်သားတို့သည် မြတ်စွာဘုရား ကြွရောက်တော်မူလာရာ၌ သောင်းသောင်းဖြဖြ တက်တက် ကြွကြွ သဒ္ဓါတရား ဖြစ်ပွါးကြကာ မြတ်စွာဘုရား ဟောတော် မူသော တရားတော်ကို နာကြ ကြားကြသည်၊ သူသင့်သူ ထိုက် သော ပန်း နံ့သာနှင့် ဝတ္ထုပစ္စည်း လှူဒါန်းဖွယ်တို့ကို သူ့ထက် ငါ လှူကြ တန်းကြသည်၊ ထိုသူတို့အထဲတွင် နောင်တော် ဖြစ် သော သေနသူကြွယ်လည်း ပါဝင်ခဲ့သည်။

ဘုရားရှင် ဟောတော်မူသော တရားတော်ကို နာကြား ခဲ့သော သေနသူကြွယ်သည် ဘုရားသာသနာ၌ သက်ဝင်ယုံ ကြည်မှု ပြင်းပြလာသောကြောင့် တရားပွဲအပြီးတွင် ဘုရား အထံတော်သို့ ချဉ်းကပ်လျှောက် ရဟန်းအဖြစ်ကို ရလိုပါကြောင်း တောင်းပန် လျှောက်ထားလေတော့သည်၊ ဘုရားရှင်က သေန သူကြွယ်အား ဆွေမျိုးသားချင်း ရှိလျှင် ပန်ကြား ထိုက်သည့် အလျောက် ပန်ကြားလေဦး—ဟု မိန့်တော်မူသောကြောင့်အိမ်သို့

www.dhammaransi.com



ပြန်၍ ညီငယ် အပရာဇိတအား ရဟန်းပြုတော့မည့်အကြောင်း ပန်ကြားပြောဆိုလေသည်။

ညီတော်အပရာဇိတ–က နောင်တော်အား ရဟန်းမပြုဘို့ အကြောင်း တောင်းပန်ငိုယို၍ တားမြစ်သော်လည်း မရ၊ ရှိသမျှ ပစ္စည်းဥစ္စာ ရတနာအလုံးစုံကို ညီတော်အား ပေးခဲ့ပြီး ဘုရားရှင် ထံသို့ ပြန်၍ ရဟန်းပြုလေ၏၊ စေတနာ, သဒ္ဓါထက်သန်၍ ပါရမီပြည့်ဝသူ ဖြစ်သည့်အတိုင်း သေနမထေရ်သည် ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်လေရာ မကြာမြင့်မီအတွင်း အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်လေ၏။

အပရာဇိတ သူကြွယ်လည်း နောင်တော်သေန မထေရ်ကို အကြောင်းပြု၍ သာသနာတော်၌ အကျွမ်းတဝင် ဖြစ်လာကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပင့်ဖိတ်လျက် အလှူကြီးစွာ ပေးလှူလေသည်၊ ဘုရားရှင် ဟောကြားတော်မူသော တရားတော်ကိုလည်း ရိုသေစွာ နာကြားရသဖြင့် သာသနာတော်၌ သက်ဝင်ယုံကြည်လာမှုကြောင့် ရတနာ သုံးပါးကို ဆည်းကပ်သူ=ဥပါသကာဒါယကာအဖြစ်ကိုခံယူလေတော့သည်၊ (သရဏဂုံတည်သူ ဥပါသကာ တယောက်ဖြစ်လာလေသည်)။

မဂ်, ဖိုလ်, နိဗ္ဗာန်နှင့် စပ်ယှဉ်သောအရာ၌ရင်း, သာသနာတော် အရေးနှင့် စပ်ယှဉ်သော အရာ၌ရင်း လူပုဂ္ဂိုလ်တို့မှာ အများအားဖြင့် ရဟန်းတော်တို့လောက် ကျွမ်းကျင်ခြင်းမရှိပေ၊ အကြောင်းကား လူတို့သည် ရဟန်းတော် များလောက် သာသနာတော်၌ အတွင်းသား မကျသောကြောင့် ဖြစ်သည်၊

www.dhammaransi.com



ထို့ကြောင့် ညီတော်အပရာဇိတသည် မိမိအတွက် မဂ်, ဖိုလ်, နိဗ္ဗာန်ရရေး ကောင်းမှုကုသိုလ်ဖြစ်ဖို့ရန်ကို နောင်တော် မဟာသေနမထေရ်ထံ ချဉ်းကပ်ပြီးလျှင်—

"အရှင်ဘုရား....အရှင်ဘုရားမှာတော့ ဘဝသုံးပါးမှ လွတ်မြောက်တော် မူလေပြီ၊ တပည့်တော် မှာကား ဤဘဝတွင် ကာမဂုဏ်အနှောင်အဖွဲ့မှ မလွတ်မြောက်နိုင်တော့ပါ၊ နောင် လွတ်မြောက် နိုင်ရန်အတွက် တပည့်တော်နှင့် လျော်သော ကောင်းမှုကို ပြုလိုပါသည်၊ ညွှန်ကြားတော်မူပါ အရှင်ဘုရား"....

ဟု အကြံတောင်း လျှောက်ထားလေသည်၊ နောင်တော်မဟာသေနမထေရ်ကလည်း—

"ကောင်းလှပေသည် အပရာဇိတ.... ထိုသို့ဖြစ်လျှင် မြတ်စွာဘုရား ကိန်းစံတော်မူဖို့ ဂန္ဓကုဋိတိုက်ကျောင်း ဆောက်လုပ်လှူဒါန်းပါလေ"—

ဟူ၍ ညွှန်ကြားတော် မူလေသည်၊ ညီတော် အပရာဇိတသည်လည်း "ကောင်းပါပြီ အရှင်ဘုရား...."ဟု ဝန်ခံပြီးလျှင် ဝန်ခံသည့်အတိုင်းပင် မြတ်စွာဘုရား ကိန်းစံတော်မူရန် ဂန္ဓကုဋိတိုက်ကျောင်းကို ဆောက်လုပ်လေသည်၊ ထိုသို့ဆောက်လုပ်ရာ၌—

အချို့တိုင်များကို ရွှေဖြင့်၎င်း, အချို့တိုင်များကို ငွေဖြင့်၎င်း, အချို့တိုင် များကို ပတ္တမြားဖြင့်၎င်း, အချို့တိုင်များကို ပုလဲဖြင့်၎င်း, အချို့တိုင်များကို ကျောက်မျက်ရွဲဖြင့်၎င်း—ဤနည်းဖြင့် ရတနာခုနစ်ပါးဖြင့် ပြီးသော တိုင်တို့ကို စိုက်ထူလေသည်။

www.dhammaransi.com



အမိုးကို ရွှေပြားအုတ်တို့ဖြင့် မိုးသည်။

ပတ်ဝန်းကျင် အရပ်တို့၌လည်း ရတနာခုနစ်ပါးတို့ဖြင့် စီချယ်ကာရံလျက် နှစ်ဂါဝုတ် ကျယ်သော ကျောင်းတော်ကြီးကို ဆောက်လုပ်သည်။

တဖန် ပတ်ဝန်းကျင်၌ တစ်ဂါဝုတ်စီ ခွဲ၍ပတ်၍ တံတိုင်းမီးတားကို ပြုလုပ်သည်။

အရာမ်၏ အတွင်း မြေပြင်၌ ငွေပြား အခင်းနှင့် တူစွာ အုတ် အင်္ကတေတို့ကို အပြေအပြစ်ခင်းသည်။

ကျောင်းပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြေ လှပသော သစ်ပင်တို့ကို စံနစ်တကျ စိုက်ပျိုးသည်။

တံခါးအနီး လေးမျက်နှာ တို့၌လည်း ရေကန်ကြီး လေးခု ပြုလုပ်လျက် ထိုရေကန်ကြီးများတွင် ထူးမြတ်သော နံ့သာရေတို့ဖြင့် ပြည့်စေ၏။

ကျောင်းတော်၏ အနီးအပါးတွင် အဆင်း ၅— မျိုးရှိသော တံခွန်လုံး, တံခွန်ပြားများ ဆွဲထားသော တံခွန်တိုင်တို့ကို စိုက်ထူထားစေ၏။

ကျောင်းတော်အလယ်ချက်၌ ရွှေကွန်ယက်ဖြင့် အုပ်လွှမ်းလျက် သန္တာဖြင့်ပြီးသော အထွတ်တို့ကို တပ်ဆင်ထားလေသည်။

အထောင့်အထောင့်အရပ်တို့၌ ပတ္တမြားဖြင့်ပြီးသော ကြာသွတ်အိုး, နီလာအရိုးတပ်သော ရတနာပန်းခိုင်တို့ကို ဖြိုင်ဖြိုင် ဝေနေအောင် တန်းဆာဆင်၍ ထားလေသည်။

www.dhammaransi.com



လက်ရမ်း၊ အမွမ်း၊ ချင်ပိတ်စသည်တို့၌ ရတနာ ခုနစ်ပါးတို့ဖြင့် ဆန်းကြယ်စွာ ပြုလုပ်ထားသော အရုပ်တို့ကိုလည်း ကဟန် ခုန်ဟန် မြူးဟန် ကြွဟန် ပြုလုပ်ထားလေသည်။

ကျောင်းတော်တွင်းသို့ ဘုရားရှင် ဝင်လာပါက ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့နှင့် ပဏ္ဍာရအောင် တလျှပ်လျှပ် တောက်ပသော တသိန်း၊ နှစ်သိန်း၊ သုံးသိန်း-စသည် ထိုက်တန်သော ပဉ္စာမြားတို့ကိုလည်းကောင်း၊ အလျား ၄—တောင် လုံးပတ် ၃—ထွာရှိသော မနောမယပတ္တမြားကိုလည်းကောင်း ဘုရားရှင်၏ နေရာတော်အနီးတွင် အနေသင့်အောင်စီမံထားရှိလေသည်။

ကျောင်းတော်နှင့်တကွ အဆောင်အယောင်အလုံးစုံ ပြီးစီးသောအခါ၌ "ကျောင်းတော်အလှူခံတော်မူပါရန်" ကို နောင်တော် မဟာသေနမထေရ်မြတ်က မြတ်စွာဘုရားအား လျှောက်ထား တောင်းပန်သည်၊သံဃာတော်အခြံအရံနှင့်တကွ ကျောင်းတော် အလှူခံရန် ကြွလာတော်မူသော ဘုရားရှင်သည် ရတနာတို့ဖြင့် ပြည့်နေသော ကျောင်းတော်ကို မြင်တော်မူသောအခါ ကျောင်းတွင်းသို့ ဝင်တော်မမူဦးပဲ တံခါးမုခ်၌သာ ရပ်တော်မူနေသည်။

ကျောင်းဒကာ အပရာဇိတသူကြွယ်က ကျောင်းတွင်းသို့ ဝင်တော်မူပါမည့်အကြောင်း တောင်းပန် လျှောက်ထားလေသည်၊ ဘုရားရှင်၏ အလိုတော်ကို အပရာဇိတကျောင်းဒကာ

www.dhammaransi.com



ကား မသိရှာ၊ ကျောင်းဒကာက ဘောင်းပန် လျှောက်ထား အပ်သော်လည်း မြတ်စွာဘုရားသည် ကျောင်းတွင်းသို့ဝင်တော် မမူပဲ အနီးတွင်ရှိသော မဟာသေနမထေရ်ကို ကြည့်တော်မူ လေသည်၊ ကြည့်တော်မူသည်—ဆိုလျှင်ပင် မည်သည့် အတွက် ကြည့်တော်မူသည်ကို မဟာသေနမထေရ်သည်သိတော်မူ၍—

"အပရာဇိတ....သင်၏ ကျောင်း၌အဖိုးထိုက်သော ရတနာတို့မှာ အလွန် များလှသည်၊ ထိုရတနာတို့ကို အစောင့်အရှောက်ထားပေးပါမည်ဘုရား....လို့ လျှောက် ထားပါလေ"—

ဟု အပရာဇိတကျောင်းဒကာအား နည်းပေး တိုက်တွန်းစကား မိန့်ကြားတော်မူလေသည်၊ နည်းပေး တိုက်တွန်းတော် မူသည့် အတိုင်း အပရာဇိတသူကြွယ်က လျှောက်ထားသော အခါမှ ဘုရားရှင်သည် ကျောင်းတွင်းသို့ ဝင်တော်မူသည်။

ဤ၌ ဘုရားရှင်၏ အလိုတော်မှာ.... "ဘုရားရှင်တို့ အထံသို့နံက်ခင်း၌၎င်း, နေ့ခင်း၌၎င်း လူအများ ဘုရား ဖူး လာကြပေမည်၊ ထိုလူများအနက် လက်မစောင့် သူတို့က ရတနာတို့ကို ကောက်ယူ၍သွားကြလျှင် ငါ ဘုရားတို့ကား မတားမြစ်နိုင်ကုန်၊ ထိုသို့ ဖြစ်ခဲ့လျှင် 'သို့လောက်စင် ရတနာတွေ ပြွမ်းနေသော ပရိဝုဏ် အတွင်း၌ မိမိ၏ အလုပ်အကျွေး ဒကာဒကာမများ စည်းမဲ့ကမ်းမဲ့ ခိုးယူကြသည်ကိုလည်း ဘုရား ရှင်က မတားမြစ်ဘူး' ဟူ၍ ကျောင်းဒကာ သူကြွယ်သည် ငါ

www.dhammaransi.com



ဘုရားအပေါ်၌ မတော်တဆ စိတ်ပြစ်မှား ခဲ့သော် အပါယ်သို့ကျရောက်လေရာ၏”ဟု ဆင်ခြင်စဉ်းစားတော်မူမိသောကြောင့် ဘုရားရှင်သည် ဘဏ္ဍာ တော်ထိန်း ဂေါပကရှိဖို့ရန် လိုအပ်ရကား ကျောင်းဘုင်းသို့ ရတ်တရက် ဝင်တော်မမူသေးပဲ ရပ်ဘည် တော်မူသည်၊ (ဤကား အဋ္ဌကထာ၌ အထူးဖော်ပြချက်ဖြစ်သည်)။

ကျောင်း တော် အလှူ ကိစ္စကြီး ပြီး မြောက် သော အ ခါ ကျောင်းဒကာ=အပရာဇိတသူကြွယ်သည် ကျောင်းတိုက် တံခါး လေးမျက်နှာတို့၌ အစောင့် လေးယောက်စီ လေး ယောက်စီ ချထားပေးလေသည်၊ အစောင့်အရှောက် ဂေါပက တို့အား အပရာဇိတကျောင်းဒကာက “ကြဲထားသောရတနာတို့ကို လက်ဖြင့်သာ ကောက်ယူပါက အလိုရှိသလို ကောက်ယူကြပါစေ-မတားမြစ်ကြလေနှင့်၊ ခါးပိုက်, အိတ်ထောင်,တောင်း, အိုးခွက်တို့ဖြင့် ထည့်၍ ယူလျှင်သာ သင်တို့ တားမြစ်ကြ”ဟူ၍ မှားကြားထားလေသည်။

ကျောင်း ကြည့် လို၍ လည်း ကောင်း, ဘုရားဖူးလို၍လည်း ကောင်း လာရောက်ကြသူ လက်ဆောင်သော အချို့လူတို့သည် အပြန်တွင် ကျောင်းတိုက်ပရိဝုဏ်အဘွင်း ကြဲထားသော ရတနာတို့ကို လက်ဖြင့်ကောက်ယူ ပြန် သွားကြသည်၊ ထိုသို့ ကောက်ယူ သွားကြ၍ လျော့ပါးရာရာ အရပ်တို့၌ ကျောင်းဒကာ= အပရာဇိတသူကြွယ်က ထပ်၍ထပ်၍ ရတနာတို့ကို ဖြည့်ပေး လေသည်။

www.dhammaransi.com



## ၁၆—ခြေတော်ရင်းက ပတ္တမြား

အပရာဇိတ ကျောင်း ဒကာ သည် အ ခြား ဌာန များ တွင် ရတနာတို့ကို မလပ်ရအောင် အစေ့အင ဆင်ယင် ခင်းထား ပြီးနောက် ဘုရားရှင်၏ ခြေတော်ရင်းတွင် အထူးသဖြင့် အဖိုး အနဂ္ဃထိုက်တန်သော ပတ္တမြားကြီးတလုံးကို ထားရှိလေသည်၊ ထိုပတ္တမြားကြီးမှာ သခွါးသီးပမာဏရှိပြီး ဘုရားရှင်၏ ရောင် ခြည်တော်နှင့် အလွန်တရာ ပဏ္ဍာရ တင့်တယ်လှသဖြင့် ကျောင်း ဒကာ၏ စိတ်၌ အတိုင်းထက် အလွန် အားရ နှစ်သက် ကြည်ညိုလျက်ရှိသည်၊ ဘုရားရှင်မှ ကွန့်မြူးထွက်ကြွ လာသော ရောင်ခြည်တော်တို့သည် ထိုပတ္တမြားကြီးကို တလျှပ် လျှပ်နေအောင် အရောင်ဟပ်လျက် တဖြတ်ဖြတ် တပြောင် ပြောင် တောက်ပနေ၏၊ ဘုရားရှင်ကို ဖူးမြင်ရသူတိုင်း ဖူးလို့ အားမရ ကြည်ညို၍မဝနိုင် ရှိနေကြ၏။

လူတိုင်းမျက်စိ၌ အလွန်တရာအဆင်ပြေ၍ လွန်စွာထင်ရှား နေသော ထိုပတ္တမြားကြီးမှာ တနေ့တွင် မိစ္ဆာပုဏ္ဏားတဦး (ဘုရားရှင်ကို အနီးကပ် ဖူးသလိုဟန်ဖြင့်) ခိုးယူသွားမှုကြောင့် ပျောက်ခြင်းမလှ ပျောက်ဆုံးသွား လေတော့သည်၊ ကျောင်း ဒကာ၏စိတ်၌ ယူကျုံးမရ ဖြစ်သွား၏၊ တန်လှပ် ချောက်ချား ကာ မကြည်မသာ မရပ်မတည်နိုင် ဖြစ်နေ၏၊ သို့ဖြင့် ဘုရားရှင် အား ဤသို့လျှောက်ထားလေတော့သည်—

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား....တပည့်တော် သည် ဂန္ဓကုဋိတိုက် ပတ်ဝန်းကျင်တွင် ဒူးပုဆစ်ကျုံမျှ

www.dhammaransi.com



လောက်သောရတနာတို့ကို ကြဲဖြန့်ထားရာ၌ ကောက်ယူချင်သလောက်–ကောက်ယူ၊ စိတ်နှလုံးမသာမယာ မဖြစ်ခဲ့ပါ၊ ယခုမှ ဘုရားရှင်၏ ရောင်ခြည်တော်ကို ဖုံးမျှော်၍ မဝရန်အတွက် ထားသော ဤပတ္တမြားကို ခိုးယူသွားရာ၌ နှလုံးသာရွှင်ခြင်းငှာ မတတ်နိုင်တော့ပါဘုရား....”၊

ဤကဲ့သို့ လျှောက်ထားလေသည်၊ ဘုရားရှင်ကလည်း–

“ဒါယကာ.... ရှေးဆုတောင်း မပါခဲ့ မရှိခဲ့သောကြောင့် သင်၏ ဥစ္စာစည်းစိမ်ကို သူတပါးတို့ ယူနိုင်ခြင်းဖြစ်သည်၊ ယခုပင် သင်ဆုတောင်းလော့”–

ဟု မိန့်ကြားတိုက်တွန်း နည်းညွှန်းတော် မူလေ၏၊ ထိုအခါ ကျောင်းဒကာ အပရာဇိတသူကြွယ်သည်–

“အရှင်ဘုရား....ယနေ့မှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် တပည့်တော်၏ ဥစ္စာစည်းစိမ်ကို ရန်သူမျိုးငါးပါးတို့ မလုယက် မဖျက်ဆီးနိုင်ပါစေသတည်း၊ တပည့်တော်က မပေးလျှင် မြတ်ဆရာချည်မျှင်ကိုသော်မျှ အရာမကသော်မင်း, အရာမကသော ခိုးသူတို့ မသိမ်းမယူနိုင်ပါစေသတည်း”–

ဟူ၍ ဆုတောင်းလေသည်။

## ၁၇–ကောက်နုတ်ချက်

(၁) ဘုရားဘဏ္ဍာတော် ဖြစ်ခဲ့လျှင် နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ ဘဏ္ဍာတော်ထိန်း= ဂေါပက ရှိသင့်သည်။

www.dhammaransi.com



(၂) ထိုဘဏ္ဍာတော်ထိန်း=ဂေါပကတို့သည် လူပုဂ္ဂိုလ်ဖြစ်နေ ကြလျှင် ရဟန်း သံဃာတော်၌ များကို ဩဝါဒါစရိယ အဖြစ် ထားရှိ သင့်ကြသည်။

ဓမ္မပဒအဋ္ဌကထာ ဗြာဟ္မဏဝဂ်၌ လာသော ဖော်ပြရာပါ သာခကတွင် ဘုရားဘဏ္ဍာတော်နှင့်စပ်၍ ဖော်ပြရာပါ ကောက်နုတ်ချက်နှစ်ရပ် ပေါ်ထွက်လာလေသည်၊ ကိုးဆယ့်တစ်ကမ္ဘာထက်က ဝိပဿီဘုရားရှင် လက်ထက်တော်တွင် ဖြစ်ခဲ့၍ ယနေ့ခေတ်မမှီတော့-ဟု ဆိုဖွယ်မရှိ၊ ဤဘုရား ဤသာသနာတော်တွင်လည်း ဘုရားဘဏ္ဍာတော်များနှင့် စပ်လျက် ညွှန်ကြားချက်များကို ဤနည်းအတိုင်းပင် ရှေ့၌ တွေ့မြင်ဖတ်ရှုရပေမည်။

အပရာဇိတ ကျောင်းဒကာ၏ ကျောင်းနှင့်စပ်၍ ဝိပဿီဘုရားရှင်ကိုယ်တော်တိုင် ဘဏ္ဍာတော်ထိန်း=ဂေါပကရှိရန် အလိုတော်ရှိခဲ့၏၊ အလိုတော် အတိုင်းလည်း ဘဏ္ဍာတော်ထိန်း ဘဏ္ဍာတော်စောင့်=ဂေါပကများ ထားရှိခဲ့၏၊ ဤကဲ့သို့ဘဏ္ဍာတော်ထိန်း ဘဏ္ဍာတော်စောင့်=ဂေါပကများ ထားပေးသည့် အကြားကပင် အလှူ့ရှင်ကျောင်းဒကာ စေတနာ သဒ္ဓါတရား ပျက်လောက်အောင် ခိုးသူက ခိုးယူလိုက်သေးသည်။

ယနေ့ မျက်မှောက်ကာလ၌မူ သက်တော်ထင်ရှား ဘုရားကိုယ်တော်ဒြပ်မရှိတော့၊ ကိုယ်တော်စား ရုပ်ပွားဆင်းတုတော် စေတီတော်တို့သာ ရှိတော့သည်၊ ထိုကိုယ်တော်စား ရုပ်ပွားဆင်းတုတော်, စေတီတော်တို့၏ ဘဏ္ဍာတော်ထိန်း=ဂေါပကရှိရန် သာ၍ပင် လိုအပ်ချက်ရှိသည်၊ အကြောင်းကား သက်တော်ထင်ရှား (ဝိပဿီ)မြတ်စွာဘုရားကိုပင် ရှေ့နားထားပြီး မရိုမသေ

ပြောင်ပြောင်တင်းတင်း ခိုးဝှံ့သူရှိခဲ့ပါလျှင် မလှုပ်မရှား တည်ထားတိုင်း တည်နေတော်မူကြသော ရုပ်ပွားဆင်းတုတော်၊ စေတီတော်တို့၏ ဘဏ္ဍာတော်ကိုကား အဘယ်သူခိုးသည် မခိုးဘဲ ရှိပါအံ့နည်း၊ ခိုးယူမည်ကေန်သာ ဖြစ်၏၊ ထို့ကြောင့် မျက်မှောက်ခေတ် ယခုကာလတွင် ဘုရားဘဏ္ဍာတော်ထိန်း=ဂေါပကများ သာ၍ပင်လိုအပ်ပေသည်။

အလှူ့ရှင်တို့ကလည်း အဖိုးထိုက်သော မိမိတို့၏ အလှူငွေများကို ဘဏ္ဍာတော်ထိန်း=ဂေါပကမရှိသော ရုပ်ပွားဆင်းတုတော်၊ စေတီတော်အား လှူဝံ့ကြမည်မဟုတ်၊ လှူဝံ့၍ လှူလျှင်လည်း အလှူရှင် တဖက်သို့ မျက်နှာလွှဲလိုက်သည်နှင့်တပြိုင်နက် အလှူဝတ္ထုကား ဘုရားရှင်ရှေ့ပေါ်တွင် ရှိတော့မည်မဟုတ်ပေ။

## ၁၈—ဩဝါဒါစရိယလိုသည်

လူဒါယကာဂေါပကတို့သည် ဘုရားရှင်၏ အလိုတော်ကို သိနိုင်ခဲသည်၊ အပရာဇိတ ကျောင်းဒကာသည် ဘုရားရှင့်သာသနာတော်၌ သက်ဝင်သည့် ဥပါသကာတဦး ဖြစ်ရုံမျှမက အတုမရှိသော ကျောင်းကြီးကိုပင် ဆောက်လှူခဲ့သည်၊ သို့သော်ဘုရားရှင်၏ အလိုတော်ကို မဟာသေနမထေရ်လို မသိ၊ ကျောင်းတွင်းသို့ မဝင်သင့်သေး၍ မဝင်ပဲနေတော်မူသော ဘုရားရှင်ကို အတင်းပင် ဝင်တော်မူရန် လျှောက်ထား တောင်းပန်နေသည်၊ အပရာဇိတ လူဒါယကာ မသိသော ဘုရားရှင်၏ အလိုတော်ကို မဟာသေနမထေရ်က (ဘုရားရှင်ကို) ကြည့်လိုက်ရုံမျှဖြင့် သိတော်မူ၏။

www.dhammaransi.com



ဤမျှသာမကသေး၊ အပရာဇိတကျောင်းဒကာသည် သူ့အတွက် မဂ်, ဖိုလ်, နိဗ္ဗာန် ရရေးကိုပင် သူ ဘယ်လိုပြုလုပ်ရမှန်း မသိရှာ၊ နောင်တော် မဟာသေနမထေရ်က ညွှန်ကြားပေးတော်မူခဲ့ရသည်၊ လူပုဂ္ဂိုလ်တို့မှာ လူမှုရေးများ၌သာ အားစိုက် လုံးပမ်းနေကြရသည်၊ သာသနာတော်အရေးတွင် ရဟန်းသံဃာတော်များလောက် ဇောက်ချ၍ မလုံးပမ်းနိုင်ကြပေ။

သာသနာတော်အရေးတွင် လူဒါယကာတို့ထက် အရင်းကျသော ရဟန်းသံဃာတော်တို့က ပို၍ ကျွမ်းကျင်လိမ္မာရမည်မှာ သဘာဝလည်းကျသည်—မှန်လည်း မှန်ကန်သည်၊ ဘုရားဘဏ္ဍာတော် ဆိုသည်မှာလည်း သာသနာတော် အရေးသာ ဖြစ်ကြောင်း ထင်ရှားသည်၊ သာသနာတော်အရေးတွင် ပါဝင်နေသော ဘဏ္ဍာတော်အရေးမှာ ကုသိုလ်ကောင်းမှုနှင့် စပ်သွယ်နေရကား သိမ်မွေ့နက်နဲသည်—အကိုင်အတွယ်ခက်သည်၊ မီးကို မကိုင်တတ် မတွယ်တတ်လျှင် ကိုင် တွယ်သူကို လောင်နိုင်သည်၊ ကိုင်တတ် တွယ်တတ်ကလည်း ချက်, ပြုတ်, ကြော်, လှော်ရာ—စသည် လူတို့အတွက် လွန်စွာအကျိုးများသည်၊ ဘဏ္ဍာတော်ကို ကိုင်တွယ်ရာ၌လည်း မကျွမ်းကျင် မလိမ္မာလျှင် မီးထက်ပင် ကြောက်ဖွယ်ကောင်းသည်၊ ပကတိမီးကို အကိုင်အတွယ်မှားက တဘဝသာ လောင်နိုင်သည်၊ ဘဏ္ဍာတော်ကို အကိုင်အတွယ်မှားလျှင်ကား ဘဝပေါင်း မည်မျှအထိဟူ၍ မည်သူမျှ မခန့်မှန်းနိုင်အောင် လောင်နိုင်, ကျွမ်းနိုင်သည်၊ ဤနေရာ၌ ထင်ရှားအောင် သာဓကဝတ္ထုကို ထုတ်ဆောင်ဖော်ပြဦးအံ့—

www.dhammaransi.com



## ၁၉–သံပြားကို ဝတ် ရုံရသော ပြိတ္တာ

သီဟိုဠ်ကျွန်း ရောဟနဇနပုဒ်အရပ်၌ ဒီဃဝါပိမည်သော စေတီတော် တဆူရှိသည်၊ ထိုစေတီတော်၏ ဘဏ္ဍာတော် တံခွန်ကုက္ကားတခုသည် လေဖြင့် လွင့်ပါပြီးလျှင် သူကြွယ်တယောက်၏ လယ်ထဲတွင် ကျနေ၏၊ လယ်ကိုကြည့်ရန် လှည့်လည်လာသောသူကြွယ်သည် ကျနေသော ထိုတံခွန်ကုက္ကားကို ကောက်ယူ၍ ထိုတံခွန်ကုက္ကားတွင် ရေးထိုးထားသော ကမ္ပည်းစာကို ဖတ်ကြည့်ရာ ဘုရားမှတံခွန်ကုက္ကားမှန်း သိ၏၊ သို့ပါလျက် ဝတ်-ရုံလိုလှသော တဏှာလောဘကို မထိန်းသိမ်း နိုင်သောကြောင့် ဝတ်ရုံခြုံကာ အိမ်သို့ ယူဆောင်သွားလေ၏။

ထိုသူကြွယ် စုတိမနေ သေလွန်သည်ရှိသော် အထပ်တထောင် ပြောင်ပြောင်တောက်သော သံပြားကို ဝတ်ရုံနေရသော ပြိတ္တာ ဖြစ်ရလေသည်၊ ထိုပြိတ္တာသည် သန်းခေါင်ယံအချိန်တွင် ရဟန်းတော် တပါးထံသို့ လာ၍ ကိုယ်ထင်ပြလေသည်။

ထိုအခါ ရဟန်းတော်နှင့် ပြိတ္တာတို့ အပြန်အလှန် မေးမြန်းပြောဆိုကြသည်မှာ—

(ရဟန်းတော်) အသျှံတပြောင်ဖပြောင် တောက်လောင်နေသည့် သံပြားကို ဝတ်ရုံ၍ ရပ်လာသူကား အဘယ်သူနည်း။

(ပြိတ္တာ) အရှင်ဘုရား.... တပည့်တော် ပြိတ္တာပါဘုရား။

(ရဟန်းတော်) အဘယ်မကောင်းမှုကို ပြု၍ ပြိတ္တာဖြစ်တာလဲ။

www.dhammaransi.com



(ပြိတ္တာ) ဒီဃာဝုဘုရားက တံခွန်ကုက္ကားကို ဝတ်ရုံမိလို့ပါ ဘုရား။

(ရဟန်းတော်) အဘယ်အကြောင်းဖြင့် သင်ပြိတ္တာဘဝက လွတ်နိုင်မည်လဲ။

(ပြိတ္တာ) ဒီဃာဝုစေတီတော်ကို ပုဆိုးတထောင် တံခွန် ကုက္ကားပြု၍ ပူဇော်ပြီးလျှင် တပည့်တော်အား အမျှပေးပါက လွတ်မြောက်ပါမည်ဘုရား။

ဤသို့ပြောဆိုပြီးလျှင် ပြိတ္တာသည် ထိုနေရာမှ ဖဲခွါပျောက် ကွယ်သွားလေသည်၊ ရဟန်းတော်သည်လည်း နံက်မိုးသောက် လျှင် တံခွန်ကုက္ကား (၅၀) ပြုလုပ်၍ ဒီဃာဝု ဘုရားအား လှူပြီးလျှင် ထိုပြိတ္တာအား အမျှအတန်း ပေးဝေတော်မူ၏။ ပြိတ္တာသည် ညဉ့်အခါ လာလတ်၍ "အရှင်ဘုရား.... သံပူပြား တထောင် ဖုံးလွှမ်းရာက လက်ရှစ်သစ်မျှ လစ်သွားပါပြီ" ဟု လျှောက်လာ၏။ ရဟန်းတော်လည်း ငါးဆယ် ငါးဆယ်စီ ဖြင့် တံခွန်ကုက္ကား တထောင်ပြည့်အောင် လှူ၍ လှူတိုင်း လှူတိုင်း အမျှဝေလေရာ တထောင်စေ့သောအခါ၌ ပြိတ္တာသည် ညဉ့်အခါ လာလတ်၍ "အရှင်ဘုရား.... အရှင်ဘုရားမေတ္တာ တော်ကြောင့် ချမ်းသာရပါပေပြီ၊ မိဖဆွေမျိုးတို့ ပြုနိုင်ခဲ သော အမှုကိုသော်လည်း အရှင်ဘုရား ပြုတော်မူပါပေသည်၊ တပည့်တော် ချမ်းသာသကဲ့သို့ အရှင်ဘုရားလည်း ချမ်းသာ တော်မူပါစေဘုရား...." ဟု လျှောက်ထားလေသည်။

www.dhammaransi.com



(အဆိုပါ သာဓကဝတ္ထုကို လောကဒီပကကျမ်း၌ ဆိုသည်-ဟု သံဝေဂဝတ္ထု ဒီပနီကျမ်းတွင် ညွှန်ပြထားသည်)။

(မှတ်ချက်)

ဤသာဓကဝတ္ထု၌-

(၁) သူကြွယ်သည် ဘုရားဘဏ္ဍာတော်မှန်းသိလျက် အသုံးပြု ဝတ်ရုံခြင်း၊

(၂) ထိုသို့ ဘဏ္ဍာတော်ကို မသုံးသင့်သောနေရာ၌ အသုံးမှားခြင်းကြောင့် ပြိတ္တာဘဝသို့ ရောက်ရခြင်း-

ဤအချက် (၂) ချက် ထင်ရှားပေါ်ထွက်လာသည်။

သူကြွယ်သည် ကမ္ဗလာစကို ဖတ်ရသဖြင့် ဘုရားဘဏ္ဍာတော်မှန်းတော့ သိသည်၊ ဘုရားဘဏ္ဍာတော်ဖြစ်၍ မသုံးဆောင်ကောင်းမှန်းလည်း သိကောင်းသိပေလိမ့်မည်၊ သို့သော် ထိုဘဏ္ဍာတော်ကို ဝတ်ရုံအသုံးပြုခြင်းကြောင့် မည်မျှ အထိကြီးလေးသော အပြစ်ခံရမည်ကိုကား မသိသည်မှာ ထင်ရှားသည်၊ အကယ်၍သာ တပြောင်ပြောင် တောက်လောင်နေသော သံပူပြားများကို ဝတ်ရ-ရုံရသော ပြိတ္တာဘဝအထိ ရောက်ရမည်ကို သူသိပါလျှင် ဝတ်ရုံလိုသော သူ၏တဏှာလောဘကို သူနှိမ်နင်းထားကာ ဘဏ္ဍာတော်ကို မသုံးဆောင်ရဲမည်မှာ သေချာသည်၊ ဤမျှ အပြစ်ကြီးလေးသည်ကို မသိခြင်းကြောင့် ဝတ်ရုံ သုံးဆောင်ရဲသည်၊ ဝတ်ရုံ သုံးဆောင်ရဲခြင်းကြောင့် မမြော်လင့်သော အပြစ်ကြီးနှင့် ရင်ဆိုင်တွေ့ရလေသည်။

www.dhammaransi.com



အကယ်၍ အပြစ်ကြီးလေးသည်ကို သိသော ရဟန်းသံဃာတော် တပါးပါးသည် သူကြွယ်၏ အနီးအပါးတွင် ထိုစဉ်က ရှိနေပါလျှင် ထိုသံဃာတော်က ကြီးလေးသော အပြစ်ကို ဟောပြော တားမြစ်ပေလိမ့်မည်၊ တားမြစ်သည့်အတိုင်း အပြစ်ကြီးလေးမှန်းသိ၍ ဘဏ္ဍာတော်ကို မသုံးဆောင်ရဲပဲ မသုံးဆောင်ပါက ပြိတ္တာဘဝသို့ ရောက်ရလိမ့်မည်မဟုတ်၊ ယခုမူ သူ့ကို အပြစ်ပြ၍ ဆုံးမတားမြစ်မည့် ရဟန်းသံဃာတော် တပါးမျှ သူ့အနီးအပါးတွင် မရှိရကား ကြီးလေးသောအပြစ်နှင့် ရင်ဆိုင်သွားရရှာလေသည်။

ဘုရားရှင် အနီးတွင် အတွင်းသားကျကျ နေကြရသော သံဃာတော်တို့သည်ကား ဘုရားရှင်၏ အဆုံးအမ၌ တည်၍ ဟောတော်မူတိုင်းသော တရားတော်များကို နာကြားနေကြရသည်၊ အကျိုး+အပြစ်နှင့်တကွ ဝတ္ထု= သာဓကပေါင်းများစွာကို ကြားနာသိမှတ် နေကြရသဖြင့် သံဃာ့ဘဏ္ဍာကို သုံးဆောင်မိ၍, ဘုရားဘဏ္ဍာတော်ကို သုံးဆောင်မိ၍—မည်သည့်ဝတ္ထု၌ မည်သူသည် မည်သည့်အပြစ်ကို ခံသွားရသည်–စသော သာဓက = ဝတ္ထုပေါင်းများစွာတို့ကို ရဟန်းသံဃာတော် တို့က သိနေကြသည်၊ ဤသို့ သိတော်မူကြသည့် အတိုင်းလည်း အခါအခွင့် သင့်လာတိုင်း "ဤသည်ကတော့ အကျိုး၊ ဤသည်ကတော့ အပြစ်" ဟု ဟောပြောတော်မူကြသည်၊ တိုက်တွန်းတန်သော အမှုကိစ္စကို တိုက်တွန်း၍လည်းကောင်း, တားမြစ်တန်သော အမှုကိစ္စကို တားမြစ်၍လည်းကောင်း ညွှန်ပြတော်မူလေ့ရှိကြသည်။

www.dhammaransi.com



သက်တော် ထင်ရှား ဘုရားရှင် ရှိတော်မူစဉ်က ဘုရားရှင် ကိုယ်တော်တိုင် ဤသို့ ညွှန်ပြတော်မူသည်၊ သက်တော်ထင်ရှား ဘုရားရှင်မရှိသည့်နောက် သံဃာတော်တို့က ဤအတိုင်း ကိုယ်စားပြု၍ ညွှန်ပြနေကြသည်၊ ဘုရားရှင်၏ နှလုံးသွင်း မည်သို့ ရှိသည်ကို—

"ဧဝံ ကိရဿ အဟောသိ—အဟံ န စိရဋ္ဌိတိကော၊ မယှံ ပန သာသနံ ဘိက္ခုသံဃေ ပတိဋ္ဌဟိဿတိ၊ ပစ္ဆိမာ ဇနတာ သံဃေ စိတ္တီကာရံ ဇနေတူတိ သာဝတာတိယံ ပဋိဗာဟိတွာ သံဃဿ ဒါပေသိ။

(မိထွေးတော်ကြီး မဟာပဇာပတိ ဂေါတမီက ခမိကိုယ်တိုင် အုပ်ချုပ် ရက်လုပ်အပ်သော သင်္ကန်းလျာ ပုဆိုးအစုံကို လှူသောအခါ) မြတ်စွာဘုရားရှင်၏ စိတ်သန္တာန်ဝယ်ဤသို့ အကြံအစည်ဖြစ်သတဲ့— "ငါဘုရားမှာ ငါးထောင်သာသနာ နှစ်ပေါင်းကြာအောင် မြင့်ရှည်စွာ တည်နေရမည် မဟုတ်ချေ၊ စင်စစ်သော်ကား ငါ ဘုရား၏ သာသနာတော်သည် ရဟန်းသံဃာ၌ ငါး ထောင် နှစ်ရေ တည်ရစ်ပေလိမ့်မည်၊ နောက်သား နောင်လာ သတ္တဝါအပေါင်းသည် သံဃာတော်၌ အရို အသေပြုမှုကို ဖြစ်ရစ်စေ"ဟု ကြံတော်မူ၍ သုံးကြိမ် တိုင်တိုင်တားမြစ်ပြီးလျှင် သံဃာတော်အား ပေးလှူ စေတော်မူလေပြီ"—

ဟူ၍ ဥပရိပဏ္ဏာသအဋ္ဌကထာ ဒက္ခိဏာဝိဘင်္ဂသုတ် အဖွင့်တွင် ဖွင့်ပြထား၏။

www.dhammaransi.com



ဗုဒ္ဓမြတ်စွာ၏ သာသနာကို ဘုရားမရှိသည့်နောက် ရဟန်းသံဃာတော်တို့ စောင့်ရှောက်ရစ်ကြမည်—ဟူသော နှလုံးသွင်းအကြံအစည်တော် ဗုဒ္ဓမြတ်စွာ၌ ဖြစ်တော်မူခဲ့သည်၊ အကြံအစည်ဖြစ်တော်မူသည့်အတိုင်းလည်း ဘုရားရှင်၏ ပိဋကတ် ဓမ္မသနာတော်တည်း ဟူသော သာသနာတော်ကို သင်အံ-ပို့ချခြင်း ဖြင့်လည်းကောင်း, ကျင့်ကြံ အားထုတ်ခြင်းဖြင့် လည်းကောင်း ရဟန်းသံဃာတော်တို့က စောင့်ရှောက်တော်မူလျက် ရှိကြသည်မှာ ယနေ့မျက်မြင် အထင်အရှားပင် ဖြစ်သည်၊ ထို့ကြောင့် သာသနာတော် အရေးဟူ—ဆိုလျှင် ရဟန်းသံဃာတော်တို့နှင့် အများဆုံးသက်ဆိုင်လျက် သံဃာတော်ကိုဘေးဖယ်၍ ပြုလုပ်သော သာသနာရေး-ဟူ၍မရှိသင့်ပေ၊ ရဟန်းသံဃာတော်မပါပဲ ထင်သလို ပြုလုပ်ပါက အမှားများတတ်သည်။

## ၂၀—စောင့်ရှောက်တတ်ဖို့လိုသည်

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ဆိုပါက ဘဏ္ဍာတော်ကို သုံးစွဲရာ၌ အလွဲအမှား နည်းပါးပေလိမ့်မည်၊ အကြောင်းမှုကား ဘုရားအလိုတော်ကို တနည်းနည်းဖြင့် သိနိုင်၍ လွဲမှားနိုင်စရာ အကြောင်း မရှိသောကြောင့်တည်း၊ ယခုအခါ်တွင်မူ သက်တော်ထင်ရှား ဘုရားရှင် မရှိတော့ချေ၊ ဤသို့ မရှိတော့သည့် နောက်ပိုင်းတွင် အလွဲအမှား နည်းပါးစေရန် ဘုရားရှင် လက်ထက်တော်က သုံးစွဲပုံ နည်းကို စံနစ်တကျ သိအောင် လေ့လာရန် လိုအပ်ပေသည်။

စံနစ်တကျသိအောင် ဩဝါဒါစရိယဆရာတော်များနှင့် ပူးတွဲလုပ်ဆောင်ပါက ဘဏ္ဍာတော်ကို ထိန်းသိမ်းရာ၌ အလွဲအမှား

www.dhammaransi.com



နည်းပါးမည်မှာ သေချာသည်၊ ဘာသာတော်ထိန်း=ဝေါဟာ လူကြီးများသည် ဘာသာတော်နှင့် စပ်ဆိုင်သော ကျမ်းဂန် စာပေများကို ကိုယ်တိုင် လေ့လာနိုင်က လေ့လာ, ကိုယ်တိုင် လေ့လာခွင့်မရလျှင် (သို့မဟုတ်—လေ့လာသော်လည်း မရှင်း မလင်း ဖြစ်နေလျှင်) သိနားလည်းသော ဩဝါဒါစရိယ ဆရာ တော် တို့အား လျှောက်ထား မေးမြန်းပြီးမှ ဆောင်ရွက်သင့် သည်၊ ထိုသို့မဟုတ်ပဲ ထင်ရာအလွဲအမှားပြုလုပ်မိပါက "အကျိုး လိုလို့ ညောင်ရေလောင်း ပတ်ထမ်းနှင့်တွေ့" သကဲ့သို့ ကုသိုလ် မရ ငရဲများမည်သာ ဖြစ်သည်။

## ၂၁—ဤသို့ညွှန်ပြထားသည်

ဘာသာတော်သုံးခွဲနည်းနှင့်စပ်၍ဝိနည်းမဟာဝါ စီဝရက္ခန္ဓက အဋ္ဌကထာ, ဝိနယသင်္ဂဟ အဋ္ဌကထာ, စတုပစ္စယဘာဇနီယ ဝိနိစ္ဆယကထာတို့၌ ဤသို့ ဆိုလတ္တံ့သောအတိုင်း ညွှန်ပြထား သည်—

တတ္ထ ကာသံ ပဋိပတ္တိတဗ္ဗန္တိ။ မာလာဂန္ဓာဒီနိ တာဝ စေတိယေ အာရောပေတဗ္ဗာနိ၊ ဝတ္ထေဟိ ပဋာကာ, တေလေန ပဒီပါ ကာတဗ္ဗာ။ ပိဏ္ဍပါတ မဓု ဖာဏိတာ ဒီနိ ပန ယော နိဗဒ္ဓစေတိယဇဂ္ဂနကော ဟောတိ ပဗ္ဗဇိတော ဝါ ဂဟဋ္ဌော ဝါ၊ တဿော ဒါတဗ္ဗာနိ။ နိဗဒ္ဓဇဂ္ဂနကေ အသတိ အာဟဋဘတ္တံ ဌပေတွာ ဝတ္တံ ကတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဥပကဋ္ဌေ ကာလေ ဘုဉ္ဇိ- တွာ ပစ္ဆာပိ ဝတ္တံ ကာတုံ ဝဋ္ဋတိယေဝ။

www.dhammaransi.com



ထိုမြတ်စွာဘုရားအား ရည်မှန်း လှူဒါန်းအပ်သော ဘုရားရှင်၏ ဘဏ္ဍာတော်၌ အဘယ်သို့ကျင့်ရမည်နည်း ဟူမူ၊ ပန်း, နံ့သာ–စသည်တို့ကို ရှေးဦးစွာစေတီတော်၌ တင်လှူအပ်ကုန်၏၊ အဝတ်အထည်တို့ဖြင့်တံခွန်ကုက္ကား မုလေးပွားတို့ကို ပြုလုပ်အပ်ကုန်၏၊ ဆီဖြင့် ဆီမီးတို့ကို ထွန်းညှိ အပ်ကုန်၏၊ ဆွမ်း, ပျားရေ, တင်လဲ-စသည် တို့ကိုကား ရဟန်းဖြစ်စေ, လူဖြစ်စေ အကြင်သူသည် အမြဲမပြတ် စေတီတော်ကို ပြုစုသုတ်သင်၏၊ ထိုပြုစု သုတ်သင် သူအားသာလျှင် ပေးအပ်ကုန်၏၊ အမြဲပြုစု သုတ်သင်သူ မရှိခဲ့သော် ဆောင်ယူခဲ့သော ဆွမ်းကို အသာထား၍(စေတီတော်၌) တံမြက်လှည်းခြင်းစသော ဝတ်ကို ပြု၍ သုံးဆောင်ခြင်းငှါ အပ်စပ်၏၊ မှန်းတည့် လု နီးလတ်သော် (ရဟန်းတော်အတွက် မွန်းလွဲလုနီး နေလျှင်)စားပြီးမှ နောက်၌လည်း ဝတ်ကို ပြုခြင်းငှာ အပ်စပ်သည်သာတည်း။

စေတီတော်ကို လာရောက်ပူဇော်ကြရာတွင်ပန်း,နံ့သာများ လည်း ပါလာမည်၊ အဝတ်အထည်တို့လည်း ပါလာမည်၊ ဆီ လည်း ပါလာမည်၊ ဆွမ်း, ပျားရေ, တင်လဲ–စသည်တို့လည်း ပါလာမည်၊ ဤကဲ့သို့ လှူဖွယ်ဝတ္ထုအမျိုးမျိုးပါလာရာ၌ ပြုပြင် နေစရာမလိုသော ပန်း, နံ့သာတို့ကို ဤအတိုင်း တင်လှူလိုက် ရမည်၊ အဝတ်အထည်တို့ကိုကား အဝတ်အထည်အတိုင်း လှူ၍ မတင့်တယ်၊ ထို့ကြောင့် သင့်တော်သလို ကြည့်၍ တံခွန်နှင့် သင့်တော်သည်ကို တံခွန်ပြုလုပ်၍လည်းကောင်း, ကုက္ကားနှင့်သင့်

www.dhammaransi.com



တော်သည်ကို ကုက္ကားပြုလုပ်၍လည်းကောင်း, မုလေးပွားနှင့် သင့်တော်သည်ကို မုလေးပွားပြုလုပ်၍ လည်းကောင်း-ဤကဲ့သို့ သင့်တော်သလို ပြုလုပ်လှူဒါန်းရမည်၊ ဆီကိုကား ဆီမီးပူဇော်သင့်၍ ဆီမီးထွန်းညှိ ပူဇော်လိုက်ရမည်၊ ဆွမ်း, ပျားရေ, တင်လဲ–စသည် စားသောက်ဖွယ်တို့ကိုမူ စေတီတော်သို့ တင်လှူပြီးလျှင် မှန်းလွဲ ထိအောင် စေတီတော်၏ ရှေ့မှောက်တွင် လှူမထားသင့်၊ မှန်းမလွဲမီ စွန့်ယူရမည်၊ စွန့်ယူပြီးသော ဆွမ်းတော်တင်ဆွမ်း – စသည်ကို ရဟန်းဖြစ်စေ, လူဖြစ်စေ စေတီတော်တွင် အမြဲ ဝတ်ပြုသူအား ပေးရမည်၊ အကယ်၍ အမြဲဝတ်ပြုနေသူ မရှိပါက ရှေးဦးစွာ စေတီတော်၌ တံမြက်လှည်းခြင်း — စသော ဝတ်တခုခုကိုပြု၍ စွန့်ယူရမည်၊ ရဟန်းတော်ဖြစ်၍ နေမှန်းတည့်လုနီးနေသော် ဝတ်ပြုနေချိန်တွင် မှန်းလွဲသွားမည်စိုးပါက ဆွမ်းတော်တင်ကို စားသောက်ပြီးမှလည်း ဝတ်ပြုခြင်းငှာ အပ်၏— ဟူလို။

## ၂၂—အစားစိုက်ရမည်

ဘုရားတော် ပျောက်ဆုံးရာ၌ ပြုကျင့်ရမည့် ကျင့်ဝတ်ကို ပါရာဇိကကဏ်အဋ္ဌကထာ ဒုတိယပါရာဇိက သိက္ခာပုဒ်အဖွင့်တွင် ဤဆိုလတ္တံ့သောအတိုင်း ဖွင့်ပြထားသည်—

ဥပေါသထာဂါရ ပဋိမာဃရဇဂ္ဂကဿ ပန ဒိဂုဏံ
ယာဂုဘတ္တံ, ဒေဝသိကံ တဏ္ဍုလနာဠိ, သံဝစ္ဆရေ
တိစီဝရံ, ဒသ–ဝီသဂ္ဃနကံ ကပ္ပိယဘဏ္ဍဥ္စ ဒါတဗ္ဗံ။
**သစေ ပန တဿ တံ လဘမာနဿေဝ ပမာဒေန**

www.dhammaransi.com



တတ္ထ ကိဉ္စိ နဿတိ၊ သဗ္ဗံ ဂီဝါ။ ဗန္ဓိတွာ ဗလက္ကာ-
ရေန အစ္ဆိန္ဒိ ပန န ဂီဝါ။

ဥပုသ်အိမ်, သိမ်ကျောင်း, ပြာသာဒ်, ရုပ်ပွား
တော်မြတ် ကိန်းဝပ်ရာ ပြာသာဒ်, တန်ဆောင်း—
စသည်တို့ကို စောင့်ရှောက်သူအား တပါးသူတို့ ရအပ်
သောအဖို့ထက် နှစ်ဆသော ယာဂု, ဆွမ်းကိုလည်း
ကောင်း, နေ့တိုင်း ဆန်တစလယ်ကို လည်းကောင်း,
တနှစ်တွင် တိစီဝရိက်သင်္ကန်းသုံးထည်ကိုလည်းကောင်း,
တဆယ်တန် နှစ်ဆယ်တန် အပ်စပ်သော ဥစ္စာဘဏ္ဍာ
ကိုလည်းကောင်း ပေးအပ်ပေးသင့်၏၊ အထူးအားဖြင့်
ထိုစောင့်ရှောက်သူ ရဟန်း, ရှင်, လူ၏ အဖို့ရာ ထိုအဖိုး
အခကို ရနေစဉ် မေ့လျော့နေမိသဖြင့် ထိုဥပုသ်အိမ်,
ရုပ်ပွား ဆင်းတု တော်မြတ် ကိန်းဝပ် တော်မူရာ
တန်ဆောင်း,ပြာသာဒ်—စသည်တို့၌ ရတနာသုံးပါး၏
ဘဏ္ဍာတော် တစုံတခု အကယ်၍ ပျောက်ခဲ့သော်
ပျောက်သမျှပစ္စည်း ဘဏ္ဍာတော် အလုံးစုံကို အစား
စိုက်လျော်ရမည်၊ တုပ်နှောင်ဖမ်းဆီး အနိုင်အထက်
ရိုက်နှက် ပုတ်ခတ်သဖြင့် လုယူပျောက်ဆုံးလျှင်သော်
ကား အစားစိုက်၍ မလျော်ရ။

အဓိပ္ပါယ်မှာ ပေါ်လွင်ထင်ရှားလှ၏၊ ရဟန်းတော်ဖြစ်သူ၌
အစားစိုက်၍ လျော်ရမည့်နေရာတွင် မလျော်ပါက တန်ဖိုး
အလိုက် ပါရာဇိကအာပတ် သင့်တန်သင့်မည်. လူပုဂ္ဂိုလ်ဖြစ်

www.dhammaransi.com



ပါက အစားစိုက်၍ မလျော်လျှင် ရတနာသုံးပါး၏ ပစ္စည်းဖြစ်သောကြောင့် သာမန်ပစ္စည်းထက် အပြစ်ကြီးလေး ပို၍ ရှိမည်။

ဒိဂုဏ္ဏန္တိ အညေဟိ လဘာမာနတော ဒုဂုဏ၊ (ဝိမတိဋီကာအဖွင့်)။

## ၂၃—အလှူကျသူ လျော်ရမည်

ဂဏ္ဌိအဌကထာ ဂဏ္ဌိသိက္ခာပုဒ် အဖွင့်၌ပင်—

ပက္ခဝါရေန ဥပေါသထာ ဂါရာဒီနိ ရက္ခတောပိ ပမာဒဝသေန နဋ္ဌံ ဂီဝါယေဝ။ ။ဆယ့်ငါးရက်အလှည့်ကျစီ ဥပုသ်အိမ်, ရုပ်ပွားတော်မြတ် ကိန်းဝပ်တော်မူရာ တန်ဆောင်းပြာသာဒ်တို့ကို စောင့်ရှောက်သူ၏ အဖို့ ရာလည်း ထိုသူမေ့လျော့ပေါ့တန်သဖြင့် ဘဏ္ဍာတော် ပျောက်ဆုံးခဲ့သော် အစားစိုက်၍ လျော်ရမည် သာ တည်း၊ (ဟူ၍ဖွင့်ပြသည်)။

အလှည့်ကျ စောင့်ရှောက်ကြရာ၌ အလှည့်ကျသူမှာ တာဝန် ရှိသည်၊ အကယ်၍ ရဟန်း၏ အလှည့်တွင် ပျောက်ဆုံးက အစားစိုက်၍ လျော်လျှင်လျော်၊ မလျော်လျှင် တမတ်, တမတ် သက် လွန်သော ဘဏ္ဍာတော်ဖြစ်က တာဝန်ရှိသော (အလှည့် ကျသော) ရဟန်းမှာ ပါရာဇိက အာပတ်, တမတ်အောက် တပဲ အထိ ထုလ္လစ္စည်းအာပတ်,တပဲအောက်ဖြစ်မူ ဒုက္ကဋ်အာပတ်သင့် မည်၊ လူအလှည့်ကျခိုက်ဖြစ်ပါက ထိုလူမှာ ရှေးနည်းအတိုင်း ကြီးလေးသောအပြစ် သင့်မည်။

www.dhammaransi.com



## ၂၄—မိုက်ပြစ်ခံရမည်

ဥင်းအဋ္ဌကထာ အဒိန္နာဒါန ဒုတိယဥပနိဓိကထာတွင် ဤသို့ ဖွင့်ပြထားသည်—

သစေ ဘဏ္ဍာဂါရံ သုဂုတ္တံ၊ သဗ္ဗော သံဃဿ စ စေတိယဿ စ ပရိက္ခာရော တတ္ထေဝ ထပိယတိ၊ ဘဏ္ဍာဂါရိကော စ ဗာလော အဗျတ္တော ဒွါရံ ဝိဝရိတွာ မမ္မကထံ ဝါ သောတုံ အညံ ဝါ ကိဉ္စိ ကာတုံ ကတ္ထစိ ဂစ္ဆတိ၊ တံခဏံ ဒိသွာ ယတ္တကံ စောရာ ဟရန္တိ၊ သဗ္ဗံ တဿ ဂီဝါ။

အကယ်၍ ဘဏ္ဍာအိမ်က ကောင်းစွာ လုံခြုံသည် ဖြစ်အံ့၊ (ထိုသို့ လုံခြုံသည့်အတွက်) သံဃာ၏လည်း ကောင်း, စေတီတော်၏ လည်းကောင်း အလုံးစုံသော ပရိက္ခရာဘဏ္ဍာကို ထိုလုံခြုံသော ဘဏ္ဍာအိမ် (ဘဏ္ဍာ တိုက်)၌ သာလျှင် ထားငြားအံ့၊ ဘဏ္ဍာထိန်းက မိုက် သည်ဖြစ်၍ လည်းကောင်း, မလိမ္မာသည်ဖြစ်၍ လည်း ကောင်း တံခါးကိုဖွင့်ပြီးလျှင် တရားနာအံ့သော ငှါ လည်းကောင်း, တစုံတခုသော အမှုကိစ္စကို ပြုအံ့သော ငှါလည်းကောင်း အမှတ်မထားတပါးပါးသောအရပ်သို့ သွားအံ့၊ ထိုသို့သွားသောခဏ ခိုးသူကမြင်၍ အကြင်မျှ လောက်သော ဘဏ္ဍာတော်ကို ခိုးသူတို့ ခိုးသွားကြ ကုန်အံ့၊ ခိုးယူသွားသမျှ အလုံးစုံသည် ထိုမလိမ္မာသော ဘဏ္ဍာတော်ထိန်းက အစားတန်ကြေး ပေးလျော်ရမည့် ဘဏ္ဍာဖြစ်၏။ (ဘာသာပြန်)

www.dhammaransi.com



ဘဏ္ဍာတော်တိုက်က လုံခြုံပါလျက်သားနှင့် ဘဏ္ဍာတော်စောင့်က မိုက်လို့ဖြစ်စေ, မလိမ္မာလို့ဖြစ်စေ ဘဏ္ဍာတိုက်တံခါးကို ဖွင့်ပစ်ခဲ့ပြီး ကိစ္စတခုခုဖြင့် သွားနေခိုက် သံဃာဘဏ္ဍာတွေ့, စေတီတော်၏ ဘဏ္ဍာတော်တွေကို ထိုဘဏ္ဍာတိုက်တွင်းမှ ခိုးသူများ ခိုးယူသွားကြပါက ပျောက်ဆုံးသမျှ ဘဏ္ဍာတော်အလုံးစုံကို စောင့်သူက အစားလျော်ရမည်—ဟု ဆိုလိုသည်။

## ၂၅—အရမ်းမသုံးရ

ဘဏ္ဍာတော်ကို ပျော်ပွဲရွှင်ပွဲအနေဖြင့် စား သုံးမပစ်ကြရန်ကို ဝိနည်းပရိဝါအဋ္ဌကထာ ကမ္မဝဂ်အဖွင့်၌ ဤဆိုလတ္တံ့သောအတိုင်း ဖွင့်ပြထားသည်—

စေတိယေ ဆတ္တံ ဝါ ဝေဒိကံ ဝါ ဗောဓိဃရံ ဝါ အာသနဃရံ ဝါ အကတံ ဝါ ကရောန္တေန, ဇိဏ္ဏံ ဝါ ပဋိသင်္ခရောန္တေန, သုဓာကမ္မံ ဝါ ကရောန္တေန မနုဿေ သမာဒပေတွာ ကာတုံ ဝဋ္ဋတိ။ သစေ ကာရကော နတ္ထိ၊ စေတိယဿ ဥပနိက္ခေပတော ကာရေတဗ္ဗံ၊ ဥပနိက္ခေပေပိ အသတိ အပလောကနကမ္မံ ကတွာ တတြုပ္ပါဒတော ကာရေတဗ္ဗံ။ သံဃိကေန ပိ အပလောကေတွာ စေတိယကိစ္စံ ကာတုံ ဝဋ္ဋတိ၊ စေတိယ သန္တကေန အပလောကေတွာပိ သံဃကိစ္စံ ကာတုံ န ဝဋ္ဋတိ။ တာဝကာလိကံ ပန ဂဟေတွာ ပဋိပါကတိကံ ကာတုံ ဝဋ္ဋတိ။

www.dhammaransi.com



စေတိယေ သုဓာကမ္မာဒီနိ ကရောန္တေဟိ ပန ဘိက္ခူ စာရုတော ဝါ သံဃတော ဝါ ယာပနမတ္တံ အလဘန္တေဟိ စေတိယသန္တကတော ယာပနမတ္တံ ဂဟေတွာ ပရိဘုဉ္ဇန္တေဟိ ဝတ္တံ ကာတုံ ဝဋ္ဋတိ၊ "ဝတ္တံ ကရောမာ" တိ မစ္ဆမံသာဒီဟိ သံဃဘတ္တံ ကာတုံ န ဝဋ္ဋတိ။

စေတီတော်၌ ထီးကို လည်းကောင်း, ပွတ်တိုင်ကို လည်းကောင်း, ဗောဓိအိမ်ကို လည်းကောင်း, ဆွမ်းစားကျောင်းကိုလည်းကောင်း မပြုအပ်သေးသည်ကိုမူလည်း ပြုသောရဟန်း, အိုမင်းဆွေးမြေ့သော အရပ်တို့ကို မူလည်း ပြုပြင်သောရဟန်း, အင်္ဂတေမှုကိုမူလည်းပြုသောရဟန်း။ (ဤရဟန်းများသည်) လူတို့ကို တိုက်တွန်း နှိုးဆော်ဆောက်တည်စေ၍ ပြုခြင်းငှာအပ်၏၊ (နှိုးဆော်သော်လည်း) အကယ်၍ ပြုလုပ်သူ မရှိအံ့၊ စေတီကို ပြုစုရန် ကပ်ပ်ယတို့ ကြေးချ၍ထားသော စေတီတော်၏ ဝတ္ထုပစ္စည်းမှ ပြုလုပ်စေအပ်၏၊ စေတီတော်၏ ဝတ္ထုပစ္စည်း မရှိပါမူ သံဃာတော်အား ပန်ကြား၍ ထိုသံဃအရာမှ ဖြစ်သောပစ္စည်းမှ ယူ၍ ပြုစေအပ်၏၊မှန်၏-သံဃဥစ္စာဖြင့် သံဃာတော်ကို ပန်ကြား၍ စေတီတော်ကို ပြုလုပ်ပြင်ဆင်ခြင်းငှာ အပ်၏၊ စေတီတော်၏ ဘဏ္ဍာတော်ဖြင့် သံဃာတော်ကို ပန်ကြား၍လည်း သံဃအမှုကိစ္စကို ပြုခြင်းငှာ မအပ်ပေ၊ အထူးအားဖြင့်ကား အခိုက်အတန့်ယူ၍ ရှေးယူရင်းအတိုင်း ပြန်ထားခြင်း ငှါမူ အပ်၏။

www.dhammaransi.com



စေတီတော်၌ အင်္ကတေမှု — စသည်တို့ကို ပြုလုပ်ကြသောရဟန်းတို့သည် ဆွမ်းခံရာမှသော်လည်းကောင်း, သံဃာ့ဘတ်မှသော်လည်းကောင်း- မျှတလောက်ရုံမျှပင် မရကြသည်ရှိသော် စေတီတော်၏ ဘဏ္ဍာတော်မှ မျှတလောက်ရုံကိုယူ၍ (သုံးဆောင်စားသောက်နိုင် ကုန်၏၊) သုံးဆောင်စားသောက်ကုန်သော ရဟန်းတို့သည် စေတီတော်၏ ဝတ်ကို ပြုသင့်၏၊ "ငါတို့ ဘုရားဝတ်ကို ပြုကုန်အံ့" ဟူ၍ ငါး,အမဲ-စသည်တို့ဖြင့် စားပွဲ သောက်ပွဲ သံဃာ့ဆွမ်းကို ပြုခြင်းငှါ မအပ်။ (ဘာသာပြန်)

စေတီတော်၌ ထီး, ပွတ်တိုင်, ဗောဓိအိမ်—စသည် လိုနေသေးသည်ကို အသစ်ပြုပြင်လိုသောရဟန်း, ဟောင်းမြင်း ဆွေးမြေ့နေသည်ကို မူလည်း ပြုပြင်လိုသော ရဟန်း တို့မှာ လူတို့ကို ကောင်းစွာ(အပ်သောနည်းဖြင့်)တိုက်တွန်းနှိုးဆော်၍ ဆောက်လုပ်ပြုပြင်နိုင်သည်၊ နှိုးဆော်၍လည်း ဆောက်လုပ်ပြုပြင်လိုသူ မရှိခဲ့သော် စေတီတော်အတွက် လိုအပ်လျှင် အသုံးပြုရန် ကပ္ပိယတို့ အတိုးအပွါးချပေးထားသော ပစ္စည်းဖြင့် ဆောက်လုပ်ပြုပြင်နိုင်သည်၊ အတိုးအပွါး မရှိဟုဆိုလျှင် သံဃာ့ထံ ပန်ကြား၍ သံဃာ့ပစ္စည်းဖြင့် စေတီတော်ကို ဆောက်လုပ်ပြုပြင်နိုင်သည်၊ မှန်၏-(၁) သံဃာ့ဥစ္စာဖြင့် သံဃာကို ပန်ကြား၍ စေတီတော်၏ ကိစ္စကို ပြုကောင်းသည်၊ (၂) စေတီတော်၏ ဥစ္စာဖြင့် သံဃာကို ပန်ကြား၍သော်လည်း သံဃာ့ကိစ္စကို မပြုကောင်း၊ (၃) ခဏခေတ္တအဖြစ်ဖြင့်ကား ဘုရားဘဏ္ဍာတော်ကို ယူ၍ သုံးစွဲကောင်းသည်။

www.dhammaransi.com



[သံဃပစ္စည်းဖြင့် စေတီတော်တွင် သုံးစွဲနိုင်ခြင်း, စေတီ၏ ဥစ္စာဘဏ္ဍာတော်ဖြင့် သံဃကိစ္စတွင် မသုံးစွဲ ကောင်းသည်ကို ထောက်၍ သံဃိကဘဏ္ဍာထက် စေတီတော်၏ ဘဏ္ဍာက မြင့်မြတ်ကြောင်း ထင်ရှားသိသာ၏၊ ထို့ပြင် သံဃိကပစ္စည်းကို မရှိမသေ အလွဲသုံးစား ပြုလုပ်မိရာ၌ ကြောက်ဖွယ် ကောင်းသည်ထက် ဘုရား ဘဏ္ဍာတော်ကို မရှိမသေ အလွဲသုံးစား ပြုမိခြင်းက သာလွန်၍ ကြောက်ဖွယ် ကောင်းသည် — ဟူသော အဓိပ္ပါယ်သည်လည်း တခါတည်း ပါဝင်ပြီးသား ဖြစ်သည်]။

စေတီတော်၏ ဝတ်နိဗဒ်ကိစ္စ တရပ်ရပ်ကို ဆောင်ရွက်နေရသော ရဟန်းသည် ဆွမ်းခံရာမှ ဆွမ်းပြည့်စုံအောင် မရခဲ့လျှင် သော်လည်းကောင်း, သံဃဘတ်=(သံဃာမှ အလှည့်ကျ၍ ညွှန်းအပ်သောဆွမ်း)မှ မျှတရုံမျှ မရခဲ့လျှင်သော်လည်းကောင်း စေတီတော်၏ ဘဏ္ဍာတော်မှ မျှလောက်ရုံ ယူ၍ သုံးဆောင် စားသောက်ကောင်း၏၊ "ငါတို့ကား စေတီတော်၏ ဝတ်ကို ပြုနေကြဒါပဲ" ဟု ဆိုပြီး အမဲ သား ငါးတွေ ချက် ပြုတ် ကြော် လှော် ပျော်ပွဲစားခြင်းမျိုးကိုကား မစားမသောက်ကောင်းပေ။

ဤအရာ၌ ရဟန်းတော်တို့အား ပညတ်ရာဌာနဖြစ်၍ ရဟန်းတော်ကို ဆိုထားခြင်းဖြစ်သည်၊ လူဝတ်ကြောင် ဘဏ္ဍာတော် ထိန်း=ဂေါပကတို့သည်လည်း ရဟန်းတို့ကို ဆိုထားသည့်အတိုင်း လိုက်နာကျင့်ကြံကြရမည်သာ ဖြစ်သည်၊ "မျှတရုံ" ဟူသော ညွှန်ပြချက်ဖြင့် "ဘုရားဘဏ္ဍာတော်ကို အပိုအမိုလည်း မသုံး

www.dhammaransi.com



ဆောင်သင့်၊ဘုရားသို့ကပ်၍ ဘုရားဘဏ္ဍာတော်ကို သားကျေးမှု၊ မယားကျေးမှု—စသည် စီးပွါးဖြစ် မသုံးဆောင်သင့်” ဟူသော အဓိပ္ပါယ်လည်း ထင်ရှား၏။

## ၂၆—ဝိမတိဝိနောဒနီ၏ ရှင်းလင်းချက်

ဥပနိက္ခေပတောတိ စေတိယပဋိဇဂ္ဂနတ္ထာယ ဝဍ္ဎိယာ ပယောဇေတွာ ကပ္ပိယ ကာရကေဟိ ထပိတ—ဝတ္ထုတော။

ဥပနိက္ခေပတော—ဟူသည် စေတီတော်ကို သတ်သင် ပြုပြင်ရန်အကျိုးငှါ ကြေးအတိုးအပွါး ချထားခြင်းနှင့် ယှဉ်၍ ကပ္ပိယကာရကတို့ ထားအပ်သော ဝတ္ထုပစ္စည်းမှ (ပြုလုပ်စေရမည်)။ (ဤသို့အဋ္ဌကထာ၌ ပြန်ရှုစေပ်)။

ဤအဋ္ဌကထာနှင့် ဤဋီကာအဖွင့်ဖြင့် ဘဏ္ဍာတော်ထိန်း= ခေါပကတို့သည် ဘုရားဘဏ္ဍာတော်ကို တိုးပွါးအောင် အတိုး အပွါး ချေးငှါးပေးထားကောင်းသည်ကိုသိအပ်၏။

ထို့ပြင် ဝိမတိဋီကာ၌ပင်—

သံဃဘတ္တံ ကာတုံ န ဝဋ္ဋတီတိ မဟာဒါနံ ဒေန္တေဟိ ကရိယမာနံ သံဃဘတ္တံ ငိယ ကာရေတုံ န ဝဋ္ဋတီတိ အဓိပ္ပါယော။ ယထာသုခံ ပရိဘုဉ္ဇိတုံ ရုစ္စတီတိ ဝုတ္တတ္တာ အတ္တနော ပရိဘောဂပဟောနကံ အပ္ပံ ဝါ ဗဟုံ ဝါ ဂဟေတဗ္ဗံ၊ အဓိကံ ပန ဂဟေတုံ န ဝဋ္ဋတိ။

www.dhammaransi.com



"သံသာ့ဆွမ်းကို ပြုခြင်းငှါ မအပ်"—ဟူသည်ကား အလှူကြီး ပေးကုန်သော ဒကာတို့ ပြုစီရင်အပ်သော သံသာ့ ဆွမ်းကျွေးပွဲကြီးကဲ့သို့ ပြုစေခြင်းငှါ မအပ်၊ ဤကား အဋ္ဌကထာစကား၏ အဓိပ္ပါယ်တည်း၊ "အလို ရှိတိုင်း သုံးဆောင်ခြင်းငှါ နှစ်သက် အပ်၏"—ဟူ၍ ဆိုခြင်းကြောင့် မိမိတယောက်စာ သုံးဆောင်လောက် ရုံ အနည်းငယ်ကိုလည်းကောင်း အများကိုလည်းကောင်း ယူအပ်၏၊ မိမိတယောက်စာ လောက်ရုံထက် ပို၍ကား ယူခြင်းငှါ မအပ်။ (ဘာသာပြန်)

ဘုရားဝတ်ပြု နေသူများဖြစ်၍ ယူကောင်း ပါသည် စားကောင်းပါသည်—ဆိုပြီး အလှူကြီးပေးသလို ယူချင်တိုင်း မယူရ, စားချင်တိုင်း မစားရ၊ တယောက်စာ လောက်ငရုံ နဲနဲစားနိုင်သူဖြစ်လျှင် နဲနဲယူ, နဲနဲစား၊ များများစားရပါမှ ဝသည် ငြ—သည်ဆိုလျှင် ဝရုံ ငရုံ တယောက်စာ တိုင်းတာ လျက် များများယူ, များများစားနိုင်သည်-ဟု ဆိုလိုသည်။ များများ ဆိုခြင်းကြောင့် တယောက်စာထက် အပိုအလွန် မယူ, မစားရ၊ မယူသင့်,မစားသင့်သည်ကို ယူသင့်,စားသင့်သည် ထင်မှတ်ပြီး အပိုအလွန် များများယူမည်, စားမည်စိုးခြင်း ကြောင့် ဘပ်လောင်းဖွင့်ပြသော အဖွင့်ဖြစ်သည်။

ဤနေရာ၌ ယူဖို့, စားဖို့ ညွှန်ပြထားသည်မှာ စားကောင်း သောက်ဖွယ်ကို ညွှန်ပြထားခြင်းဖြစ်သည်၊ ရွှေ,ငွေဘဏ္ဍာများကို ညွှန်ပြထားသော အရာဌာနမဟုတ်၊ ရွှေ,ငွေ ဘဏ္ဍာနှင့်စပ်၍

www.dhammaransi.com



အဖိုးအခ ပေးထားရသည့် ဂေါပကဆိုလျှင် "ဒိဂုဏ်=နှစ်ဆ ပေးရမည်" ဟု ခွင့်ပြုထားသည့် အတိုင်း သူ့ခေတ်နှင့်သူ လျော်စွာကြည့်၍ အခြားအစောင့် များထက် နှစ်ဆသာလျှင် ပေးခွင့်ရှိသည်၊ ဥပမာ— ဆိုရှယ်လစ်ခေတ်၌ အစိုးရဂိုဒေါင် စောင့်တို့အား (၈၅)ရှစ်ဆယ့်နှစ်ကျပ် ပေးထားရသည်ဆိုလျှင် ဘုရားဘဏ္ဍာတော် ဂေါပကတို့အား (၁၆၄) တရာ့ခြောက် ဆယ့်လေးကျပ်သာ ပေးသင့်မည်ဖြစ်သည်၊ ဘုရားဘဏ္ဍာတော် မှာ အစိုးရမင်းများ ဘဏ္ဍာတော်ထက် သာလွန် အရေးကြီး သည်။

## ၂၇—ရောပြွမ်းနေသည့်ဘဏ္ဍာ

သံဃာ့ဘဏ္ဍာနှင့် ဘုရားဘဏ္ဍာတော် ရောပြွမ်း၍ အတူ တကွ ထားရာ၌ မည်ကဲ့သို့ ကျင့်ရမည်ကို ပါရာဇိကဏ် အဋ္ဌ ကထာ၌ပင် ဤဆိုလတ္တံ့သောအတိုင်း ဖွင့်ပြထားသည်—

> တတ္ထ စေတိယဿ ဝါ သံဃဿ ဝါ သန္တကေန စေတိယဿ သန္တကံ ရက္ခာပေတုံ ဝဋ္ဋတိ။ စေတိယဿ သန္တကေန သံဃဿ သန္တကံ ရက္ခာပေတုံ န ဝဋ္ဋတိ။ ယံ ပန စေတိယဿ သန္တကေန သဒ္ဓိံ သံဃဿ သန္တကံ ဌပိတံ ဟောတိ၊ တံ စေတိယဿ သန္တကေ ရက္ခာ ပိတေ ရက္ခိတမေဝ ဟောတီတိ ဧဝံ ဝဋ္ဋတိ။

ထိုသို့ စောင့်ရှောက်စေရာ၌ စေတီတော်၏ ငွေ၊ သံဃာတော်၏ ငွေ ဥစ္စာဖြင့် စေတီတော်၏ ဥစ္စာကို

www.dhammaransi.com



စောင့်ရှောက်စေခြင်းငှာ အပ်၏၊ စေတီတော်၏ဥစ္စာ ဖြင့် သံဃာတော်၏ဥစ္စာကို စောင့်ရှောက်စေခြင်းငှာ မအပ်၊ စေတီတော်၏ဥစ္စာနှင့် အတူတကွ သံဃာ တော်၏ဥစ္စာကို ထားသည်ဖြစ်အံ့၊ ထိုသံဃာဥစ္စာသည် စေတီတော်၏ ဥစ္စာကို စောင့်ရှောက် စေအပ်သည် ရှိသော် စောင့်ရှောက်အပ်ပြီးသာလျှင် ဖြစ်တော့၏၊ ထို့ကြောင့် ဤသို့သောနည်းဖြင့် စောင့်ရှောက်စေခြင်း သည် အပ်၏။ (ဘာသာပြန်)

ဘဏ္ဍာတော်တိုက်တခု၌ စေတီတော်၏ ဘဏ္ဍာတော်နှင့် သံဃာတော်၏ ဘဏ္ဍာများကို အတူတကွ ရောပြွမ်းထားသည် ဖြစ်အံ့၊ ဘဏ္ဍာတော်နှစ်မျိုးစလုံးမှ ယူ၍ စောင့်ရှောက်ခကို ပေးနိုင်၏၊ စေတီတော်၏ဘဏ္ဍာဖြင့် သံဃာတော်၏ ဘဏ္ဍာ စောင့်ရှောက်ခကိုမပေးရ၊ စေတီတော်၏ဘဏ္ဍာတော်ကို စေတီ တော်၏ဘဏ္ဍာဖြင့်စောင့်ရှောက်လျှင်ပင် သံဃာတော်၏ဘဏ္ဍာ တော်လည်း တပါတည်း စောင့်ရှောက်မှု ပြီးသွားသည်ဆိုက စေတီတော်၏ဘဏ္ဍာတော်ဖြင့် စောင့်ရှောက်ကောင်းသည်—ဟု ဆိုလိုသည်။

## ၂၈—အပြန်အလှန် ပူဇော်နိုင်သည်

ဘုရားရှင်၏ ဘဏ္ဍာတော်နှင့် တရားတော်၏ ဘဏ္ဍာတော် ကို အပြန်အလှန် ပူဇော်ကောင်းသည်၊ ဤသို့ ပူဇော်ကောင်း ကြောင်းကို သာရတ္ထဒီပနီဋီကာ ဒုတိယပါရာဇိက သိက္ခာပုဒ် အဖွင့်၌ ဤဆိုလတ္တံ့သောအတိုင်း ဖွင့်ပြထားသည်—

www.dhammaransi.com



ဓမ္မသန္တကေန ဗုဒ္ဓပူဇံ ကာတုံ ဗုဒ္ဓသန္တကေန ဝါ ဓမ္မပူဇံ ကာတုံ ဝဋ္ဋတိ န ဝဋ္ဋတီတိ၊ "တထာဂတဿ ခေါ ဧတံ ဝါသေဋ္ဌ အဓိဝစနံ ဓမ္မကာယောဣတိပိ" ဣတိ, "ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ" ဣတိ စ ဝစနတော ဝဋ္ဋတီတိ ဝဒန္တိ။

တရားတော်၏ ဥစ္စာဖြင့် ဘုရားရှင်အား ပူဇော်ခြင်း ငှါ၎င်း, ဘုရားရှင်၏ ဥစ္စာဖြင့် တရားတော်အား ပူဇော်ခြင်းကို ပြုခြင်းငှါ၎င်း အပ်၏လော, မအပ်သလော၊ ဤကား အမေးတည်း။ (အဖြေကား) "ဝါသေဋ္ဌ.... ဤဓမ္မကာယ=တရားအပေါင်းဟူသော ဤအမည်သည် တထာဂတ ငါဘုရား၏ အမည်တော်ပေတည်း" ဤသို့ သော စကားတော်ကိုလည်းကောင်း၊ "ဝက္ကလိ... စင်စစ် တရားတော်ကို မြင်သူသည် ငါဘုရားကို ဖူးမြင်ရသူ မည်၏" ဤသို့သော စကားတော်ကို လည်းကောင်း ဟောကြားတော်မူ ခြင်းကြောင့် အပ်ပါ၏— ဟူ၍ (ဆရာတို့) ဖြေဆိုတော်မူကြ၏။ (ဘာသာပြန်)။ (ဤ ဆရာတို့၏ အယူအဆ အဖြေအပြင် ဒုတိယမြောက် ဆရာတို့၏ အယူအဆအဖြေလည်း ရှိသေးသည်၊ သာရတ္ထ ဋီကာ ဒုတိယအုပ် မျက်နှာ ၁၆၆+၁၆၇–၌ကြည့်ပါ)။

## ၂၉—ဋီကာဆရာတော်အလို

ဣတိ ဝဒန္တိ-ဟူ၍ ဆရာတို့ ဖြေဆိုတော်မူကြ၏— ဟူသော စကားဖြင့် အရိုအသေ အလေးဂရုပြုသင့်သော ဆရာတို့၏

www.dhammaransi.com



အလိုကို ဖော်ပြပြီးလျှင် (ဒု—ဆရာတို့ဝါဒ၏ အကြောင်း မတန်ကြောင်းကိုလည်း ဖော်ပြပြီးလျှင်) မိမိပြလိုသောသာကေ အလိုကိုလည်း ထပ်လောင်း၍ ဖော်ပြလိုသော ဋီကာဆရာတော်သည် ဤသို့လည်း ထပ်လောင်း ဖွင့်ပြတော်မူပြန်၏—

တသ္မာ "ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ" တိ ဝဒနတော "အဟာဒ္ဓ ပန္နိ ဒါနိ ဧကော ဩဝဒါမိ အနုသာသာမိ၊ မယိ ပရိနိဗ္ဗုတေ ဣမာနိ စတုရာသီတိ ဗုဒ္ဓသဟဿာနိ တုမှေ ဩဝဒိဿန္တိ အနုသာသိဿန္တိ" တိ ဝုတ္တတ္တာ စ ဗဟုဿုတ ဘိက္ခုံ ပယိရုပါသန္တေန စ ယော ဗဟုဿုတော၊ န သော တုမှာကံ သာဝကော နာမ၊ ဗုဒ္ဓေါ နာမ ဧသ စုန္ဒာ" တိ ဝုတ္တတ္တာ ဓမ္မဂရုကတ္တာ စ တထာဂတဿ ပုဗ္ဗနှယော ဧဝ ပယတ္တတရောတိ အမှာကံ ခန္တိ။

ထို့ကြောင့် "အာနန္ဒာ.... စင်စစ် ငါဘုရားသည် သုတ် အဘိဓမ္မာ ကိုလည်းကောင်း, ဝိနည်း ကိုလည်း ကောင်း ဟောလည်းဟောအပ် ပညတ်လည်း ပညတ် အပ်ပြီ၊ ထို သုတ် အဘိဓမ္မာ ဝိနည်းတရားတော်သည် ငါဘုရား ပရိနိဗ္ဗာန်စံလွန်သောအခါ၌ သင်ချစ်သား တို့၏ ဆရာဖြစ်ရစ်လိမ့်မည်" ဤသို့ ဟောကြားတော် မူခြင်းကြောင့် လည်းကောင်း, "ငါဘုရား သည်ကား ယခုအခါ၌ တပါးတည်းသာ ဆုံးမနေ၏၊ အဖန်ဖန် ဆုံးမ-ကံမြစ်နေ၏၊ ငါဘုရား ပရိနိဗ္ဗာန် စံလတ်သော်

www.dhammaransi.com



ကား ဤရှစ်သောင်း လေးထောင်သော ဘုရားရှင်တို့သည် သင်ချစ်သားတို့ကို ဆုံးမရစ်ကြ ပေလိမ့်မည်၊ အဖန်ဖန်ဆုံးမ= ကံမြစ်ရစ်ကြပေလိမ့်မည်” ဤသို့ဟောကြားတော်မူအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ထို့ပြင် ဗဟုဿုတများသော ရဟန်းကို ချီးကျူးတော်မူသော ဘုရားရှင်သည် “စုန္ဒ .... အကြင်ရဟန်းသည် အကြားအမြင် ဗဟုဿုတရှိ၏၊ထိုရဟန်းသည် သင့်တို့၏ တပည့်=သာဝကမမည်၊ ထိုရဟန်းသည် သုတဘုရား တဆူမည်ပေ၏” ဤသို့ဟောကြားတော် မူအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဘုရားရှင်သည် (ဘုရားရှင်ကိုယ်တော်တိုင်က) တရားတော်ကို အလေးပြုတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း “တရားတော်၏ ဥစ္စာဖြင့် ဘုရားရှင်ကို ပူဇော်ခြင်း, ဘုရားရှင်၏ ဥစ္စာဖြင့် တရားတော်ကို ပူဇော်ခြင်းငှာ အပ်၏” ဟူသော ရှေးနည်းသည်သာလျှင် အထူးသဖြင့် ချီးမွမ်းထိုက်သော နည်းဖြစ်သည်၊ဤကား ငါတို့ နှစ်သက် အပ်သော အယူတည်း။ (ဘာသာပြန်)

## ၃၀—ဘုရားရှင်မရှိသည့်နောက် ကိုယ်တော်စားရှိနေသော ဘုရားများ

သက်တော်ထင်ရှား ဘုရားရှင်မရှိသည့်နောက် ဘုရားရှင်၏ ကိုယ်တော်စားဘုရားဖြစ်နိုင်သည်တို့ကို ဘုရားရှင်ကိုယ်တော်တိုင်

www.dhammaransi.com



ညွှန်ကြားတော်မူခဲ့သည်၊ ညွှန်ကြားတော်မူခဲ့သော ထိုဘုရားတို့မှာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်နှင့် အကြားအမြင်များသော ရဟန်း+သံဃာတော်တို့ ဖြစ်လေသည်။

အကြားအမြင်များသော—ဟူသည် အထူးသဖြင့် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်အတွင်းက အကြားအမြင်=ဗဟုသုတကိုသာ ညွှန်ပြတော်မူလိုကြောင်း ထင်ရှားသည်၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် အတွင်း၌သာ နတ်ရွာ=သုဂတိ, မဂ်, ဖိုလ်, နိဗ္ဗာန်အထိ ရောက်နိုင်သော အဆုံးအမများ ရှိသည်၊ မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်က ဟော ကြားတော် မူခဲ့သော ထိုဓမ္မက္ခန္ဓာ တို့ကို သာသနာတော် အတွင်းက ရဟန်းတော်များသည်သာ တကယ်တမ်း တာဝန် ယူ၍ မကွယ်မပအောင် ဆောင်ရွက်နေကြရခြင်းလည်း ဖြစ် သည်၊ ကိုယ်တော်မြတ်၏ ဒေသနာတော်များကို ကိုယ်တော် မြတ်၏ အနီးကပ်ဆုံး တပည့်သားမြေး ရဟန်းတော်တို့က သာလျှင် အရှည်တည်တံ့အောင် ရွက်ဆောင်နိုင်ကြလိမ့်မည် ကိုလည်း ဘုရားရှင် မြင်တော်မူသည်ကို မိထွေးတော် ဂေါတမီ သက်န်းလှူစဉ်က ထင်ရှားခဲ့သည်။

ဘုရားရှင် သက်တော် ထင်ရှား ရှိတော် မူ စဉ် ကလည်း ဤဓမ္မက္ခန္ဓာများကိုပင် ဟောကြားတော်မူခဲ့သည်၊ ယခုလည်း ရဟန်းတော်တို့က ဤဓမ္မက္ခန္ဓာများကို လေ့လာ ကျက်မှတ်၍ ဓမ္မက္ခန္ဓာတော်တို့က ညွှန်ပြသည့်အတိုင်း ကျင့်လည်းကျင့်ကြ

www.dhammaransi.com



သုတပါးတို့အားလည်း ဟောကြားတော်မူကြသည်၊ ဤနည်းဖြင့် မေ့ကမ္ဗုဇ ရှစ်သောင်းလေးထောင်တို့သည် ဘုရားပေါင်း ရှစ်သောင်း လေးထောင်မည်လျက် ထိုမေ့ကမ္ဗုဇတို့၌ သာသည့် အတိုင်း လိုက်နာကျင့်ကြံ ဆောင်ရွက် ဟောပြောရင်း ဗဟုသုတ = အကြားအမြင် များနေသော ရဟန်းတော် တို့သည် ဘုရားရှင်၏ ကိုယ်တော်စား သုတဘုရားဖြစ်နေကြရသည်။

ထို့ကြောင့် ဤရှင်းပြနေရသော ဘုရားဘဏ္ဍာတော်ထိန်း ဝေါပကဌာနတွင်လည်း မေ့ကမ္ဗုဇဗဟုသုတရှိသော ဘုရားရှင် ကိုယ်တော်စား ရဟန်းတော်တို့ ညွှန်ပြမှုကို ဝေါပက လူကြီး တို့က လိုက်နာဆောင်ရွက်သင့်ကြသည်၊ လမ်းမှန်ရောက်အောင် ရဟန်းတော်တို့ကသာ ဆောင်ရွက်သင့်သည်၊ လူတို့မှာမူ သား ကျွေးမှု၊ မယားကျွေးမှုများ ရှိနေ၍ လမ်းမှန်မရောက်ပဲ အလွဲ သုံးစား ဖြစ်တတ်သည်က များသည်။

## ၃၁—ပြင်ဆင်လိုက ဤသို့ပြင်ဆင်

ခေတီ တော်ကိုလည်းကောင်း၊ စေတီတော်၏ အဆောင် အယောင်တို့ကိုလည်းကောင်း ပြင်ဆင်စရာရှိ၍ ပြင်ဆင်လိုလျှင် အဖိုးအခပေးဖို့နည်းလမ်းကိုလည်း ဝိနည်းပါရာဇိကဏ်အဋ္ဌကထာ ဒုတိယပါရာဇိကသိက္ခာပုဒ် ဝိနိတဝတ္ထု အဖွင့်၌ ဤသို့ ဖွင့်ပြ ထား၏။—

စေတိယဿ ပဒီပတ္ထာယ ဝါ ခဏ္ဍဖုလ္လပဋိသင်္ခရ-
ဏတ္ထာယ ဝါ ဒိန္နော အာရာမောပိ ပဋိဇဂ္ဂိတဗ္ဗော။

ဒေဘန္နံ ဒတွာပိ ဇဂ္ဂါပေတဗ္ဗော။ ဝေတနဉ္စ ပနေတ္ထ စေတိယသန္တကမ္ပိ သံဃသန္တကမ္ပိ ဒါတုံ ဝဋ္ဋတိ။ (ဝိ၊ဋ္ဌ ၁—၃၄၁—မျက်နှာ)

စေတီတော်အား ဆီမီးပူဇော်ရန် အလို့ငှာလည်း ကောင်း,ကွဲပျက်ပွင့်ပြတ်ရာ အရပ်ကို ပြင်ဆင်ရန်အလို့ ငှာလည်းကောင်း ပေးလှူအပ်သော အရာမ်ကိုလည်း သုတ်သင်ပြုပြင် စောင့်ထိန်းအပ်၏၊ (အခမဲ့ သုတ်သင် ပြုပြင် စောင့်ထိန်းမည့်သူ မရှိလျှင်) အဖိုးအခ ပေး၍ မူလည်း သုတ်သင် ပြုပြင် စောင့်ထိန်းစေအပ်၏၊ ဤသို့ သုတ်သင်ပြုပြင် စောင့်ထိန်းစေရာ၌ ပေးရမည့် အဖိုးအခကိုကား စေတီတော်၏ ဥစ္စာဘဏ္ဍာကို သော်လည်းကောင်း, သံဃာ၏ ဥစ္စာဘဏ္ဍာကို သော် လည်းကောင်း ပေးခြင်းငှာ အပ်၏။ (ဘာသာပြန်)

ဘုရားစေတီတော် - သည် ဘုရားနှင့်စပ်သမျှ ပြုပြင်စရာရှိ သည်ကို ပြုပြင်ရန်အတွက် ဘုရားစေတီတော်အား လှူဒါန်း အပ်သော ဥယျာဉ်အာရာမ်ကို ကောင်းစွာ သုတ်သင် ပြုပြင် ထိန်းသိမ်းရမည်၊ အခွန်တွက်မည့် သစ်သီးသစ်နှံ ပင်များကို ထိုဥယျာဉ်၌ စိုက်ပျိုးထားရမည်၊ စိုက်ပျိုးပြီး သစ်သီးသစ်နှံ ပင်များကို မပျက်မစီးအောင် စောင့်ရှောက်ရမည်။ (အခမဲ့ စောင့်ရှောက်မည့် သူမရှိခဲ့လျှင်) အဖိုးအခကို ပေး၍သော်မူ လည်း သုတ်သင်ပြုပြင် စောင့်ထိန်း စေရမည်၊ ထိုဥယျာဉ် စောင့်ရှောက်ခကိုမူ စေတီတော်၏ ဥစ္စာဘဏ္ဍာကိုသော်လည်း

www.dhammaransi.com



ကောင်း, သံဃာတော်၏ ဥစ္စာဘဏ္ဍာကို သော်လည်းကောင်း ပေးနိုင်သည်–ဟု ဆိုလိုသည်။ ။

## ၃၂–ဘုရားမကြိုက်

ဘုရားဘဏ္ဍာတော်နှင့်စပ်၍ ဆောင်ရွက်ပုံ ဆောင်ရွက်နည်း, သုံးစွဲပုံ သုံးစွဲနည်းများကို ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းဂန် အရပ်ရပ်၌ လာသည်ကို ဖော်ပြအပ်ပြီးလေပြီ၊ ကျမ်းဂန်လာ စံနစ်တကျ သုံးပုံသုံးနည်းကိုလည်း နားလည်နိုင်လောက်ကြပြီ၊ နားလည်လျှင် နားလည်သည့်အတိုင်း ကုသိုလ်လိုလား ပညာရှိသူတော်ကောင်း ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား, အမျိုးကောင်းသမီး ဘဏ္ဍာတော်ဂေါပက လူကြီးတို့သည် လိုက်နာဆောင်ရွက် ကြလိမ့်မည်–ဟု ယုံကြည် မိသည်၊ အကယ်၍ ကျမ်းဂန်လာ စည်းမျဉ်းများကို ကျော်လွန်၍ "ငါ့မြင်းငါစိုင်း ညောင်ကိုင်းထိထိ" သဘောမျိုးဖြင့် ထင်ရာစိုင်းကြလျှင်ကား အကျိုးမများ အကုသိုလ်သာ ပွားကြပေလိမ့်မည်။

ဒကာအေး ဒကာမှုတို၏ လျှောက်ထားလွှာတွင်–

"အချို့ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးများသည် ဘုရားဘဏ္ဍာတော်ငွေဖြင့် (လူအများကြည့်ရှုရအောင်+ လူစည်ကားအောင်) ဇာတ်ပွဲ အငြိမ့်ပွဲများ ငှားထည့်၍ ဘုရားပွဲများ ပြုလုပ်ကျင်းပ နေကြခြင်း, ဇာတ်ပွဲ အငြိမ့်ပွဲများ ကပြရန် ဘုရားဘဏ္ဍာတော်ငွေဖြင့် ဇာတ်ရုံများ ဆောက်လုပ်ထားရှိခြင်း – တို့မှာ

www.dhammaransi.com



လုပ်အပ်+မလုပ်အပ်, အပြစ်ရှိ+မရှိ အဆုံးအဖြတ်ပေးပါရန်”—

ဟူသော အမေးပြဿနာမှာလည်း ဖော်ပြရာပါ ကျမ်းဂန်တို့အဆိုဖြင့် ဇာတ်ပွဲအငြိမ့်ပွဲ ဇာတ်ရုံများကို ဘုရားဘဏ္ဍာတော်ငွေဖြင့် လုပ်အပ်+မလုပ်အပ်, အပြစ်ရှိ+မရှိ သိသာပြေလည်ပြီးဖြစ်ပေသည်။

ဖော်ပြခဲ့ပြီး ကျမ်းဂန်သာမက အလုံးစုံတွင် ဘဏ္ဍာတော်ငွေဖြင့် ဇာတ်ပွဲ အငြိမ့်ပွဲ ငှားရန်ကိုလည်းကောင်း, ကပြရန်ဇာတ်ရုံများ ဆောက်လုပ်နိုင်ရန်ကိုလည်းကောင်း အရိပ်အမြွက်မျှ ပါရှိသည်ကို တွေ့ကြရမည်မဟုတ်၊ ဘုရား မကြိုက်သောထိုဇာတ်ပွဲ အငြိမ့်ပွဲနှင့် ဇာတ်ရုံများကို ဘဏ္ဍာတော်ငွေဖြင့်ငှားရမ်းဆောက်လုပ်သင့်ကြောင်းကို တစုံတခုသောကျမ်းဂန်ကညွှန်ပြမည် ဆိုလျှင်လည်း ထိုညွှန်ပြချက်အည် သဘာဝမကျသောကြောင့် မှန်လည်းမှန်မည်မဟုတ်ချေ။

မြတ်စွာဘုရားသည် အပျော်အပါး ကိုလေသာ ပွားများကြောင်း ဖြစ်သော ဤဇာတ်ပွဲ အငြိမ့်ပွဲများကို အလိုတော်မရှိသောကြောင့်ပင် နစ္စ=ကခြင်း+ ဂီတ=သီဆိုခြင်း+ဝါဒိတ=တီးမှုတ်ခြင်း+ ဝိသုကဒဿန=သာသနာတော်၏ ဆူးငြောင့်သဖွယ်ဖြစ်သော ထိုကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းတို့ကိုကြည့်ရှုနားထောင်ခြင်း ကိစ္စများကို တပည့်သာဝကတို့အား သိက္ခာပုဒ် ပညတ်၍ တားမြစ်တော်မူခဲ့သည်၊ ဤမျှသာမက လူတို့စောင့်သုံးကြသော ရှစ်ပါးသီလ ဆယ်ပါးသီလများ၌ပင် ဤ

www.dhammaransi.com



သိက္ခာပုဒ်ကား အတင်အရှား ပါလျက်ရှိနေသည်၊ ထို့ကြောင့် ပင် ဤကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းနှင့် တကွ ၎င်းတို့ကို ကြည့်ရှုနားထောင်ခြင်းများကို ဘုရားရှင်အလိုတော်မရှိကြောင်း သိနိုင်ကြသည်။

ကိလေသာပွားများကြောင်းဖြစ်သော ဤဇာတ်ပွဲ အငြိမ့်ပွဲ နှင့်စပ်၍ ဘုရားရှင် အဘယ်သို့ ဟောတော်မူသည်ကိုသိနိုင်ရန် သဠာယတနဝဂ္ဂ ဂါမဏိသံယုတ်လာ တာလပုဋသုတ်ကို ထုတ် ဆောင်ဖော်ပြပါဦးအံ့—

## ၃၃-ဇာတ်ပွဲကပြကြည့်ရှုခြင်း၏ အပြစ်

အခါတပါး၌ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်တော် ဝယ် ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် တာလပုဋမည်သော သဘင်ဆရာကြီး (ဇာတ်ဆရာကြီး)သည် မြတ်စွာဘုရား အထံ တော်သို့ ချဉ်းကပ်ပြီး ဤသို့ လျှောက်ထားလေသည်—

(တာလပုဋ) မြတ်စွာဘုရား...အမှန်အတိုင်း ကပြ သဖြင့်၎င်း, မမှန်မကန် ကပြသဖြင့်၎င်း ကချေသည် သည် သဘင်အလယ်၌ လူတို့ကို ကပြပါသည်၊ ထိုက ချေသည် သေသောအခါ၌ ပဟာသ-မည်သော နတ် ပြည်သို့ရောက်၍ ပဟာသနတ်တို့၏ အပေါင်းအဖော် အသင်းအပင်းအဖြစ်သို့ရောက်ရသည်ဟု ရှေးဆရာ့ဆရာ ကချေသည်တို့စကားကို တပည့်တော်ကြားရဖူးပါသည်၊ ဤနေရာ၌ ဤအကြောင်းကို မြတ်စွာ ဘုရားသည် အဘယ်သို့ဟောတော် မူပါသနည်းဘုရား။

www.dhammaransi.com



(ဗုဒ္ဓ) ဇာတ်ဆရာကြီးတာလပုဋ္ဌ ...မသင့်လျော်ဘူး၊ ဤစကားကို မမေးပဲ ရပ်ထားပါ၊ ဤအကြောင်းကို ငါဘုရားကို မမေးပါလင့်။

[တာလပုဋ္ဌမှာ ဇာတ်ဆရာကြီးတဦးဖြစ်နေသည်၊ ဇာတ်ဆရာကြီးတဦးအား ဇာတ်သဘင်၏ အပြစ်ကို ဟောရပြောရမည်မှာ မသင့်လျော်သကဲ့သို့ဖြစ်နေသည်၊ ထို့ကြောင့်ဘုရားရှင်ကဇာတ်သဘင်၏ အကျိုးအပြစ်နှင့်စပ်သောစကားကို မမေးမလျှောက်ရန် တားမြစ်တော်မူသည်၊ သို့သော် ကာလပုဋ္ဌဇာတ်ဆရာကြီးကား မသိရလျှင် မနေနိုင်၊ ရှေးသဘင်ဆရာကြီးတို့ ပြောဆိုသည့်အတိုင်း ပဟာသနတ်ပြည်သို့ ရောက်-မရောက် လွန်စွာသိချင်နေသည်၊ ထို့ကြောင့်ဘုရားရှင်က တားမြစ်တော်မူပါလျက်လည်း သုံးကြိမ်တိုင်အောင် ထပ်၍မေးလျှောက်လေသည်၊ ဘုရားရှင်ကား နှစ်ကြိမ်အထိ ပယ်ရှား တားမြစ်သေးသော်လည်း မဟောလျှင် မဖြစ်နိုင်လောက်အောင် တပူဆာဆာ ထပ်ကာထပ်ကာ လျှောက်ထားနေသူ တာလပုဋ္ဌအား သုံးကြိမ်မြောက်မေးလျှောက်သောအခါ အမှန်အတိုင်း သိမြင်တော်မူသော ဘုရားရှင်သည် ဤသို့ ဖြေကြားဟောမိန့်တော်မူလေသည်။]

(ဗုဒ္ဓ) ဇာတ်ဆရာကြီး တာလပုဋ္ဌ....“မသင့်လျော်ဘူး၊ ဤစကားကို မမေးပဲ ရပ်ထားပါ၊ ဤအကြောင်းကို ငါဘုရားကိုမမေးပါလင့်”ဟုတားမြစ်ပါလျက် မရပဲကိုး၊ အကြိမ်ကြိမ်တားရျမှ မရဘိလျှင် သင့်အား ငါဘုရား

www.dhammaransi.com



ဖြေကြားပေအံ့....၊ ဇာတ်ဆရာကြီး.... သတ္တဝါတို့သည် ရှေးမဆွကပင် စွဲမက်မှု=ရာဂမကင်းကြပဲ ထိုစွဲမက်မှု=ရာဂ နှောင်ကြိုးဖြင့် အဖွဲ့အချည် ခံနေကြရ၏၊ ထိုသတ္တဝါတွေကို ကချေသည်က ပွဲအလယ် သဘင်အလယ်၌စွဲမက်ဖွယ်ရာတို့ကို အတိုင်းထက်အလွန် ဆွဲဆောင်ကပြနေ၏၊ သတ္တဝါတို့သည် ရှေးမဆွကပင် ပြစ်မှားမုန်းတီးမှု=ဒေါသမကင်းကြပဲ ထိုပြစ်မှားမုန်းတီးမှု=ဒေါသ နှောင်ကြိုးဖြင့် အဖွဲ့အချည် ခံနေကြရ၏၊ ထိုသတ္တဝါတွေကို ကချေသည်က ပွဲအလယ် သဘင်အလယ်၌ ပြစ်မှားမုန်းတီး ဖွယ်ရာတို့ကို အတိုင်းထက်အလွန် ဆွဲဆောင်ကပြနေ၏၊ သတ္တဝါတို့သည် ရှေးမဆွကပင် တွေဝေမှု=မောဟမကင်းကြပဲ ထိုတွေဝေမှု=မောဟနှောင်ကြိုးဖြင့် အဖွဲ့အချည်ခံနေကြရ၏၊ ထိုသတ္တဝါတွေကို ကချေသည်က ပွဲအလယ် သဘင်အလယ်၌ တွေဝေဖွယ်ရာတို့ကို အတိုင်းထက်အလွန် ဆွဲဆောင်ကပြနေ၏၊ထိုကချေသည်သည် ကိုယ်တိုင်က ယစ်မူးမေ့လျော့ပြီး သူတပါးတို့ကိုလည်း ယစ်မူးမေ့လျော့အောင်ကပြမှုကြောင့် ကိုယ်ခန္ဓာပြက်ကြွေ စုတေသည်မှနောက်ကာလ၌ ပဟာသ မည်သော ငရဲသို့ ဘဝပဋိသန္ဓေကပ်ရောက်၍နေရ၏။

"မှန်သောအကြောင်းအရာဖြင့်ဖြစ်စေ, မမှန်သော အကြောင်းအရာဖြင့်ဖြစ်စေ ပွဲအလယ် သဘင်အလယ်၌ လူအပေါင်းကို ရွှင်လန်းမွေ့လျော်ပျော်ပိုက်အောင် က

www.dhammaransi.com



ပြသော ကချေသည်သည် သေသောအခါ ပဟာသ—မည်သောနတ်ပြည်သို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရ၏” ဟု ယူသော ထိုသူ၏ အယူကား ဖောက်ပြန်မှားယွင်းသော အယူသာလျှင် ဖြစ်၏၊ ဇာတ်ဆရာကြီး တာလပုဋ္ဌ….ဖောက်ပြန်မှားယွင်းသောအယူရှိသော ပုဂ္ဂိုလ်၏ အဖို့ရာ ဂေသလျှင် ငရဲနှင့် တိရစ္ဆာန်ဘုံတို့တွင် တဘုံဘုံသို့ ရောက်မည်—ဟု ငါဘုရားဟောဆို၏။

ဤကဲ့သို့ ပဟာသ—ဟူသည်မှာ နတ်ပြည်မဟုတ် ငရဲဘုံဖြစ်ကြောင်းကို ဘုရားရှင်က ဟောတော်မူသည်ကို ကြားသိရသော တာလပုဋ္ဌဇာတ်ဆရာကြီးသည် ချုန်းချ၍ ငိုလေတော့၏၊ နတ်ပြည်ရောက်ရ လိမ့်မည်—ထင်၍ ရှေးက သူ့အလုပ်ကိုသူ နှစ်သက်အားရဖြစ်ခဲ့ရသလောက် ယခုမူ ပြောင်းပြန်ပြန်ပြီး ဝမ်းနည်းဖွယ် စက်ဆုပ်ဖွယ် ဖြစ်နေသည်ကို ကောင်းစွာ သိသွားလေတော့၏၊ သိသွားလျှင်ပင် ဘုရားရှင်ထံ၌ ရဟန်းပြု၍ ရဟန်းတရားကို ဖိဖိစီးစီး အားထုတ်သဖြင့် မကြာမြင့်မီအတွင်း ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သွားလေသည်။

[ဤ၌ ပဟာသငရဲ—ဟူသည်မှာ ဘုံတဘုံအနေဖြင့် အသီးအခြား ရှိနေသည်မဟုတ်၊ စင်စင်သော်မူ အဝီစိငရဲကြီး၏ တစိတ်တဒေသဌာနဖြစ်ကြောင်းကို ၎င်းတာလပုဋ္ဌသုတ်အဖွင့် သံယုတ်အဋ္ဌကထာ၌ ဤကဲ့သို့ ဖွင့်ပြထားလေသည်။]—

www.dhammaransi.com



ပဟာသော နာမ နိရယော'တိ ဝိသုံ ပဟာသ နာမကော နိရယော နာမ နတ္ထိ၊ အဝီစိဿေဝ ပန ကောသို ကောဋ္ဌာသေ နစ္စန္တာ ဝိယ ဂါယန္တာ ဝိယ စ နဋ္ဌဝေသံ ဂဟေတွာဝ ပစ္စန္တိ။

ပဟာသမည်သော ငရဲ—ဟူရာ၌ အသီးအခြားအနေဖြင့် ပဟာသ မည်သော ငရဲမည်သည် မရှိပေ၊ စင်စစ်သော်ကား အဝီစိငရဲကြီး၏ သာလျှင် တစုတနေရာ၌ ကပြနေကြသကဲ့သို့လည်းကောင်း, သီဆိုနေကြသကဲ့သို့ လည်း ကောင်း (ကပြ သီဆို တီးမှုတ်နေကြသကဲ့သို့) ကချေသည် အသွင်ကို ယူ၍သာလျှင် ကျက်ကြရ ကုန်၏။ (ဘာသာပြန်)။

## ၁၄—ဆင်းရဲမည်ကို မြင်တော်မူသည်

ပဟာသငရဲ၌ ကျရောက်ကြရသည် အထိ လှမ်း၍ကုန်စင် သိမြင်တော်မူသော ဘုရားရှင်သည် ဘဏ္ဍာတော်ငွေကို အဘယ်မှာလျှင် ဇာတ်သဘင်ပွဲတွေ ခင်းကျင်းပြသမှု အတွက် လိုလားတော် မူလိမ့်မည်နည်း၊ မလိုလားရိုး ကေန် မှန်လှ ချေ၏၊ ဤအချက်ကို မစဉ်းစားမိသော အချို့ဘဏ္ဍာတော် ဂေါပက လူကြီးများသည် ဘုရားဘဏ္ဍာတော်ငွေဖြင့် ဇာတ်ပွဲ, အငြိမ့်ပွဲ များကိုလည်း ငှါးရမ်း၍ ထည့်မိတတ်ကြ၏၊ ဘုရားဘဏ္ဍာတော် ငွေဖြင့် ဇာတ်ရုံကြီးများကိုလည်း ဆောက်မှားမိတတ်ကြ၏။

ကိုယ့်အိတ်ထဲကငွေဖြင့် ကိုယ်ဘာသာ အငြိမ့်ပွဲ, ဇာတ်ပွဲ များကို ငှါးရမ်းကြည့်ရှု မိလျှင်သော်မှ အပြစ် မကင်းသော

www.dhammaransi.com



ဤကိစ္စကို ဘုရားဘဏ္ဍာတော်ငွေဖြင့် ငှါးရမ်းကြည့်ရှု ပြုလုပ်မိပါက အပြစ်တပြစ်သာမက နှစ်ပြစ် သင့်ရောက်လေရာ၏၊ ပဟာသငရဲသို့ ကျရောက်ရမှုက တပြစ်၊ ဘဏ္ဍာတော်ကို အလွဲပြုလုပ်မှုက ဘပြစ်၊ ဤအပြစ်နှစ်ပါးတို့တည်း။

## ၃၅—အကျိုးရသော သိဆို တီးမှုတ် ကခုန်မှု

ရှေးဖော်ပြရာပါ ဂါမဏိသံယုတ် တာလပုဋသုတ်လာအတိုင်း "ရှေးမဆွကပင် တပ်မက်မှု=လောဘ, ပြစ်မှားမုန်းတီးမှု=ဒေါသ, တွေဝေမှု= မောဟတို့ မကင်းကြပဲ ထိုလောဘ, ဒေါသ, မောဟနှောင်ကြိုးတို့ဖြင့် အနှောင်အဖွဲ့ ခံနေရသူလူအပေါင်းကို အတိုင်းထက်အလွန် လောဘ, ဒေါသ, မောဟတရား ပွားတိုးရန်" ဟူသော ရည်ရွယ်ချက်ဖြင့် ဇာတ်ပွဲ အငြိမ့်ပွဲများကို ငှားရမ်းပြသမှု, သိဆို တီးမှုတ် ကခုန်မှုတို့ကား အပြစ်မကင်းသော အမှုတို့သာလျှင် ဖြစ်ကုန်၏၊ ထိုအပြစ် မကင်းသော ဇာတ်ပွဲ အငြိမ့်ပွဲများကို ငှားရမ်းပြသမှုကို ရည်ရွယ်၍ ဝိနည်းပရိဝါရပါဠိတော် ကေတ္တရိက ပဥ္စကအခန်း၌—

ပဉ္စ ဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ၊ မဇ္ဇဒါနံ သမဇ္ဇဒါနံ ဣတ္ထိဒါနံ ဥသဘဒါနံ စိတ္တကမ္မဒါနန္တိ။

လောက၌ (ကုသိုလ်) ကောင်းမှုဟု သမုတ်အပ်ကုန်သော်လည်း (ကုသိုလ်) ကောင်းမှု မဟုတ်သော အလှူတို့သည်—

www.dhammaransi.com



(၁) သေရည်အရက်အလှူ
(၂) ကချေသဘင်အလှူ
(၃) မိန်းမအလှူ
(၄) နွားမအုပ်၌ နွားလားဥသဘကို လွှတ်သောအလှူ
(၅) ဘုရား တန်ဆောင်း စရပ် ကျောင်း—စသည်တို့၌ မေထုန်နှင့် စပ်သော မိန်းမရုပ် ယောကျ်ားရုပ် ပန်းချီဆေးရေးရုပ်အလှူ—

အားဖြင့် ငါးပါးတို့ရှိကုန်၏။ (ဘာသာပြန်) ဤကဲ့သို့ ဟောတော်မူသည်။

"ဝတ္ထုတ္တယ ပူဇနတ္ထာယ ကတံ နစ္စသမဇ္ဇံ ကုသလံ ဟောတိ"=ရတနာသုံးပါးအား ပူဇော်ရန်အကျိုးငှာ ပြုအပ်သော ကချေသဘင်သည် ကုသိုလ်ဖြစ်၏—ဟူ၍ ဖွင့်ပြသော သုတ္တသင်္ဂဟ အဋ္ဌကထာနှင့် အညီ (လူအမျိုးကို လောဘ, ဒေါသ, မောဟ ပွားစေလို၍ မဟုတ်ပဲ) ဘုရား, တရား, သံဃာ ရတနာသုံးပါးအား ပူဇော်လိုသော မဟာကုသိုလ် စိတ်ဖြင့် ဇာတ်သဘင်သည်တို့ မိမိတို့အတတ်ပညာ သီဆို တီးမှုတ် ကခုန်မှုဖြင့် ပူဇော်လျှင်သော်လည်းကောင်း, သင်္ဂါရဂုဏ ပါရှိသော သီချင်းကဗျာမျိုးဖြင့် မဟုတ်ပဲ ထူးမခြားနားရောင် ခြည်တော်အဖွဲ့မျိုးကဲ့သို့သော ကြည်ညိုဖွယ်ရာ ကဗျာဗန္ဓတို့ဖြင့် တကယ်ပင် ရတနာသုံးပါးအား ပူဇော်လိုသော မဟာကုသိုလ် စိတ်ပြဋ္ဌာန်းလျက် တီးမှုတ် သီဆို ကခုန်စေလျှင်သော်လည်း ကောင်း အကုသိုလ်မဖြစ်ပဲ မဟာကုသိုလ် ဖြစ်နိုင်ပေ၏။

www.dhammaransi.com



ပျော်ရွှင်မွေ့လျော်စေလိုစိတ် လုံးဝမရှိပဲ ရတနာသုံးပါးအား တကယ်ပင် ပူဇော်လိုသော မဟာကုသိုလ်စိတ်ဖြင့် ပြုလုပ်သည်ကိုသာ ဆိုလိုသည်။

ဖော်ပြအပ်ပြီးသော သုတ္တသင်္ဂဟာအဋ္ဌကထာ၌ပင် ပူဇော်လို၍ ပြုအပ်သော ကချေသဘင်၏နောက်တချိန်၌ ချမ်းသာသုခကောင်းကျိုးရသော အဖြစ်ကို အပဒါနပါဠိ ပဌမအုပ်စာမျက်နှာ(၁၆၃)လာ ကောသနိယတ္ထေရ အပဒါန်ကို ထုတ်ဆောင်ဖော်ပြထားလေသည်၊ ထိုကောသနိယမထေရ်၏ အပဒါန်=ကျင့်စဉ် အချုပ်မှာ--

ယနေ့ဤဘဒ္ဒကမ္ဘာမှအထက် လွန်ခဲ့သော (၁၁၀၀) တထောင့်တရာရှစ်ကမ္ဘာ၌ ပိယဒဿီ, အတ္ထဒဿီ, ဓမ္မဒဿီ-ဟူ၍ ဘုရားသုံးဆူအစဉ်အတိုင်း ပွင့်တော် မူခဲ့ရာ အဋ္ဌဒဿီမြတ်စွာဘုရား လက်ထက်တော်၌ ကောသနိယမထေရ်၏ အလောင်းသည် ဝရုဏမည်သော နတ်မင်းဖြစ်၍ ဘုရားသက်တော်ထင်ရှား ရှိတော်မူစဉ်ကလည်း မိမိ၏ ယာဉ်ဗိုလ်ပါ အခြံအရံတို့နှင့်တကွ ဘုရားကို ပူဇော်ပြုစုခဲ့သည့်အလျောက် ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသော အခါမှာလည်း တူရိယာ မျိုးစုံတို့ကို ယူဆောင်ခဲ့၍ စကားပင်ဗောဓိသို့ ကပ်ရောက်ကာ အငြိမ်း မျိုးစုံ အကမျိုးစုံဖြင့် မျက်မှောက်သင်ရှား သက်တော်ရှိ မြတ်စွာဘုရားကို ကဲ့သို့ တရိုတသေ ပူဇော်ပြုစုလေသည်။

www.dhammaransi.com

# ဗုဒ္ဓဘဏ္ဍာတော်ပြဿနာ

သူသည် စကားပင်ဗောဓိကို ပူဇော်ရင်းပင် မိမိ၏ ကောင်းမှု ကုသိုလ်ကံကို နှစ်သက် အားရမ်း ဖြစ်ရှိကာ ဗောဓိပင်၌ ကြည်ညိုသောစိတ် တရိပ်ရိပ်ဖြစ်ပွါးစေလျက် ထိုအရပ်၌ ထက်ဝယ်ဖွဲ့ခွေ (တင်ပလ္လင်ခွေ) နေလျက်ပင် နတ်သက်ကြွေ စုတေ၍ နိမ္မာနရတိနတ်ပြည်၌ ဖြစ်ရလေသည်။

သူသည် ကမ္ဘာပေါင်း(၁၁၀၈)တထောင့်တရာ့ ရှစ်ကမ္ဘာ အပါယ်သို့ မလားရပဲ လူ့ပြည်, နည်ပြည် ဖြစ်လေရာရာတို့၌ တူရိယာပေါင်း ၆–သောင်းတို့ အမြဲ ဝန်းရံ အဖျော်အဖြေခံရလျက် ဤဘုရား့ သာသနာဝယ် ဧကာသနိယ မထေရ်ဟူသော အမည်ဖြင့် ပဋိသမ္ဘိဒါပတ္တ ဝိမောက္ခ ဈာနလာဘီ ဆဋ္ဌဘိည ရဟန္တာဖြစ်၍ ကျွတ်တမ်း ဝင်တော်မူရလေသည်။

ထို့ပြင်လည်း ရမ္မဝတီပြည်သား မုရိုးစည်တီးသမား တယောက်သည် မဟာဗောဓိပင်ကို နေ့နေ့ ညဉ့်ညဉ့် တီးမှုတ်ကော်ရော် ပူဇော်ခဲ့ဖူးသော ကောင်းမှုကြောင့် ကမ္ဘာပေါင်း (၁၁၈)တရာ့တစ်ဆယ့်ရှစ်ကမ္ဘာ အပါယ်သို့ မလားရောက်ရပဲ ဤဘုရား သာသနာ၌ ဗောဓိဥပဋ္ဌာက မထေရ်ဟူသော အမည်ဖြင့် ရဟန္တာ ဖြစ်၍ ကျွတ်တမ်း ဝင်တော်မူရ လေသည်၊ (ဤမထေရ်၏ အပဒါန် ကျင့်စဉ်ကား အပဒါနပါဠိ ပဌမအုပ် စာမျက်နှာ ၂၁၆–၌ လာရှိသည်)။

www.dhammaransi.com



## ၃၆–ဆရာနှင့်ဒကာ

ဆရာနှင့်ဒကာဆိုသည်မှာ သိနေကြသည့်အတိုင်း "ကျွန်းကိုင်းမှီ–ကိုင်းကျွန်းမှီ" အချင်းချင်း မကင်းနိုင်ကြပဲ အမှီသဟဲပြုနေကြရသော ပုဂ္ဂိုလ်တို့ ဖြစ်သည်၊ ဒကာတို့၏ ပစ္စည်းလေးပါး အထောက်အပံ့ကို ရရှိသာလျှင် ဆရာတို့က သာသနာတော်စန်ကို အားသွန် ထမ်းဆောင်နိုင်ကြသည်၊ ဆရာတို့၏ ကောင်းမြတ် မှန်ကန်သော လမ်းညွှန်မှုကို ခံယူရသဖြင့်လည်း ဒကာတို့မှာ ကုသိုလ်ကောင်းမှု ပြုစုဆည်းပူးနိုင်ကြသည်၊ဆရာနှင့် ဒကာ အချင်းချင်း ညီညီညွတ်ညွတ် သာသနာတော်ဝန်ကို ထမ်းဆောင်ကြမှသာလျှင် ဤဗုဒ္ဓသာသနာတော် အရောင်တောက်ပ၍ အားလုံး ကုသိုလ်တရား ပွါးများနိုင်ကြမည်၊ ဆရာကားတပါး–ဒကာကားတခြား ကွဲပြားနေကြလျှင် ထိုကွဲပြားသောနေရာဌာန၌ သာသနာတော် မှေးမှိန်အားနွဲ့ရမည်မှာ ဓမ္မတာပင် ဖြစ်သည်။

သာသနာတော်အရေးနှင့် စပ်လာလျှင် ဆရာတို့က သည်းခံ၍ လမ်းမှန်ကို ညွှန်ပြဖို့ လိုအပ်သကဲ့သို့ ဒကာတို့ကလည်း လမ်းမှန်ကို ညွှန်ပြသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်လှသည်၊ "ဆရာတို့ကလည်း ဆရာတို့မာန်နှင့်–ဒကာတို့ကလည်း ဒကာတို့မာန်နှင့်" ဆိုသလို အချင်းချင်း မာန်ဖီနေကြလျှင် လမ်းမှန်သို့ ရောက်ကြတော့မည် မဟုတ်ပေ၊ အချင်းချင်းညီညွတ်ပြီး လမ်းမှန်အတိုင်း ဆောင်ရွက်ကြပါလျှင် လွန်စွာ ကုသိုလ်ဖြစ်၍ ဝမ်းမြောက်ဖွယ်ကောင်းလှ၏။

www.dhammaransi.com



ဤအရာ၌ ဆရာ–ဒကာ ညီညွတ်ကြသောကြောင့်ကုသိုလ်လည်းပွါး ဝမ်းမြောက်ဖွယ်လည်းဖြစ်သော နမူနာ သာဓကတခုကို ဘုတ်ဆောင်ပြလိုပါသေးသည်။

**၃၇–အထူးသတိပေးမေတ္တာရပ်ခံစာ**
**မြောင်မြို့ ဂိုဏ်းလုံးဆိုင်ရာ သံဃာတော်များက**
**ရွှေပေါက်ကျွန်းဘုရား ဂေါပကလူကြီးများအား**
**အထူးသတိပေး မေတ္တာရပ်ခံစာ**

(မိတ္တူ)

မြောင်မြို့ ရွှေပေါက်ကျွန်းဘုရားကြီး
ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့
ဥက္ကဋ္ဌ–အတွင်းရေးမှူးနှင့် အမှုဆောင်လူကြီးများသို့

၁၃၃၂–ခု၊ နတ်တော်လဆန်း (၂) ရက်နေ့ တနင်္ဂနွေ တနာရီအချိန်တွင် မြောင်မြို့ ရွှေတောင်ကျောင်းတိုက်၌ ကျင်းပသောမြောင်မြို့ ဂိုဏ်းလုံး ဆိုင်ရာ ဩဝါဒါနုသာသက သံဃာအဖွဲ့ကြီး၏ (၁၇) ကြိမ်မြောက် နှစ်ပတ်လည် သံဃာတော်များ အစည်းအဝေးကြီးမှ အများ သဘောတူ ဆုံးဖြတ်ချက် အရ ဆရာတော် သံဃာတော် များက မေတ္တာ, ကရုဏာတရားရှေ့ထား၍ သတိပေး မေတ္တာရပ်ခံအပ်သည် ဘုရားဂေါပကလူကြီးအပေါင်းတို့....

အကြောင်းမှာ — ဘုရားဂေါပက လူကြီးများသည် ဘုရားဘဏ္ဍာတော် ငွေဖြင့် ထာဝရဇာတ်ရုံ ဆောက်လုပ်မည်– ဟု ဆရာတော်များ ကြားသိရသည်၊ ဘုရားဟော တရားတော်အရ

www.dhammaransi.com



ဘုရား ဘဏ္ဍာတော်ငွေဖြင့် ဓာတ်ရှိမဆောက်အပ် မဆောက်ကောင်း၊ ဘုရားဘဏ္ဍာတော်ငွေဖြင့် ထာဝရဓာတ်ရှိ ဆောက်လျှင် ထာဝရ အကုသိုလ်ဖြစ်၍ အပါယ်သို့ကျရောက်နိုင်သည်။

သို့ဖြစ်၍ ထာဝရအကုသိုလ်ဖြစ်ပြီး အပါယ်သို့ ကျရောက်စေနိုင်သည့် ဓာတ်ရှိဆောက်ခြင်းကို စည်းမဲ့ ကမ်းမဲ့ မပြုလုပ်ကြမူ၍ အာရုံခံ တန်ဆောင်းကြီးကို ပြုပြင်ဆေးသုတ်၍ လိုအပ်သော ကျောက်ပြားများခင်းခြင်း, တပိုင်းတစ အပြီးမသတ် ကျန်၍နေသော မဟာရံအုတ်တံတိုင်းကြီးကို အပြီးသတ်ခြင်း, ဘုရားထီးတော်ကို ပြုပြင်၍ ရွှေချခြင်း, အခြား ပြုပြင်ရန်ရှိသည်များကိုလည်း ကြည်ညိုဖွယ်ဖြစ်အောင် ပြုပြင်ခြင်း—စသည်တို့ကိုသာ စည်းနှင့်, ကမ်းနှင့် ပြုလုပ်ကြရန် ဆရာတော်သံဃာတော်များက မေတ္တာ, ကရုဏာတရား ရှေ့ထားပြီး တာဝန်ဝတ္တရား ရှိသည့် အားလျော်စွာ ဘုရားကြီး အကျိုး, သာသနာတော်အကျိုးနှင့် အများအကျိုးကို ရှေးရှု၍ သတိပေးမေတ္တာရပ်ခံအပ်ပါသည်။

၎င်းပြင် သိရှိကြရန်မှာ သဘင်ကချေသည်တို့ သေလွန်ကပဟာသရော၌ ခံရကြောင်းများကို ဘုရားဟော သဠာယတနဝဂ္ဂ ဂါမဏိသံယုတ်ပါဠိတော် တာလပုဋသုတ်နှင့် သံဝေဝတ္ထုဒီပနီကျမ်း, ဝိသုဒ္ဓါရုံအဆုံးအဖြတ် ကျမ်းများတွင် ကြည့်ရှု၍ အကျယ်ကို သိရှိကြရန် ညွှန်ပြလိုက်သည့်ပြင်—

(၁) သာဟတ္ထိက=ကိုယ်တိုင်

(၂) အာဏတ္တိက=တိုက်တွန်း

www.dhammaransi.com



(၃) ဝဏ္ဏဘာသနာ=ချီးမွမ်း
(၄) သမနုညာ=စိတ်သဘောတူ—

ဟူသော ဒုစရိုက်ဆယ်ပါး အပြားလေးဆယ် ဖြစ်ပုံကိုလည်း ကျမ်းဂန်များတွင် လာရှိသည့်အတိုင်း အထူးသိရှိ သတိထားပြီး ရှောင်ကြဉ်ကြရန် သတိပေး မေတ္တာရပ်ခံအပ်သည် ဘုရားဂေါပကလူကြီး အပေါင်းတို့—

၎င်းပြင် ဆရာတော်, သံဃာတော်များက တာဝန်ဝတ်တရား ရှိကြသည်အားလျော်စွာ လောက, ဓမ္မနှင့် မဆန့်ကျင်အောင် ရေးဆွဲထားသော "ပဋ္ဌမ ဘုရားဂေါပက ရွေးချယ်ရေး စည်းမျဉ်းဥပဒေ" ကို ရိုသေလေးစားသော အားဖြင့် "အပြစ်မှ ကင်းလွတ်အောင်" ဘုရားဂေါပကလူကြီး အဖြစ်မှ ထွက်ပြီးပေးကြရန် အထူးသတိပေး မေတ္တာရပ်ခံအပ်သည်။

ဤသည်မှာ ရွှေပေါက်ကျန်းဘုရား ဘဏ္ဍာတော် ဂေါပကလူကြီးတို့ထံ မြောင်မြို့ဂိုဏ်းလုံးဆိုင်ရာ သံဃာတော်များက သတိပေး မေတ္တာရပ်ခံစာဖြစ်သည်၊ နည်းယူသင့်သော မေတ္တာရပ်ခံစာ ဖြစ်၍ စာမျက်နှာကိုမငဲ့ပဲ မူရင်းအတိုင်း ဖော်ပြအပ်သည်။

အဆိုပါ မေတ္တာရပ်ခံစာတွင် ဆရာတော်တို့၏ မေတ္တာ, ကရုဏာလည်း ထင်ရှားသည်၊ မေတ္တာရပ်ခံပုံမှာလည်း အတတ်နိုင်ဆုံးသည်းခံ၍ အပြေအပြစ်ရှိလှသည်၊ အကြောင်း အကျိုးကို ဖော်ပြရာ၌လည်း သဘာဝကျလှသည်၊ မပြုမလုပ် သင့်သည်ကို အကြောင်းပြကာ တားမြစ်လျက် ပြုလုပ်သင့်သည် တို့ကိုလည်း အကွက်ချ၍ ပြပြီးလျှင် ပြုလုပ်ကြဖို့ တိုက်တွန်း ထားသည်၊

ဤသို့ပြုလုပ်လျှင် ဤသို့အပြစ်ရှိကြောင်းကိုလည်း ဝတ္ထုသက်သေနှင့် ကျမ်းဂန်များကို အကျယ်သိလိုက ကြည့်ရှုနိုင်ရန် ညွှန်ပြထားလိုက်သေးသည်၊ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းပါအောင် သတိပေး မေတ္တာရပ်ခံထားခြင်းဖြစ်၍ စေ့စပ်လှသော မေတ္တာရပ်ခံစာလည်း ဖြစ်သည်၊ ကြမ်းတမ်းသော အသုံးမျိုးဖြင့် ဖိနှိပ်၍ ဆိုသော အဆိုမျိုး မပါမရှိသောကြောင့် နားခံသာ၍ နာယူဖွယ်လည်းကောင်းသည်၊ ဆရာ, ဒကာ ဖြစ်နေကြသည့် အလျောက် ဆရာတို့တာဝန် မလိုရအောင် ဆောင်ရွက်တော်မူတတ်ကြကြောင်းမှာလည်း ထိုမေတ္တာရပ်ခံစာက သာဓကပြလျက်ရှိသည်၊ "ဆရာတော်တို့ကတော့ တာဝန်ကျေစွာ မေတ္တာရပ်ခံကာ လမ်းမှန်ကို ညွှန်ပြတော်မူကြလေပြီ၊ ဒကာတို့က အသို့နည်း၊ လိုက်နာကြပါ၏လော" ဟု ပြောအံ့၊ ညွှန်ပြသည့်အတိုင်း လိုက်နာကြပါသည်၊ ဒကာတို့ကလည်း သောဝစဿတာဂုဏ်နှင့် ပြည့်စုံ၍ လိုက်နာကြသောကြောင့် ဆရာ, ဒကာ အားလုံး စိတ်ချမ်းသာမှုရရှိကြကြောင်း သတင်းကောင်းကြားသိရ၍ ဝမ်းမြောက်ကြရပါသည်။

## ၃၈—ရေနှင့်ကြာ

ဆရာနှင့်ဒကာဆိုသည်မှာ "ရေနှင့်ကြာ" ကဲ့သို့ ဖြစ်သောကြောင့် ဆရာကောင်းမှလည်း တပည့်တင့်တယ်, တပည့်ကောင်းမှလည်း ဆရာတင့်တယ်ပေသည်၊ တဦးတည်း ကောင်းနေရုံဖြင့် တင့်တယ်မှုမရှိနိုင်၊ ထို့ကြောင့် ဆရာရော ဒကာပါအချင်းချင်း ညီညီညွတ်ညွတ် ကောင်းသွားကြရန် လိုအပ်လှပါသည်။

www.dhammaransi.com



သာသနာတော်အရေးတွဲ—ဆိုလျှင် ဆရာနှင့်ဒကာ ကင်းနိုင်ကြသည်မဟုတ်၊ အချင်းချင်း တက်ညီ လက်ညီ ဆောင်ရွက်ကြရသည်က များသည်၊ ထိုအခါ တဦးနှင့် တဦး မျက်နှာချင်းဆိုင်ကြရသည်၊ ဆရာဒကာ ညီညွတ်သော အရပ်ဌာနတို့၌ ဆောင်ရွက်ရသော အရေးကိစ္စတိုင်း ချောမော အောင်မြင်ထမြောက်နိုင်သည်။

ဆရာတို့ကလည်း ဆရာ့ဂုဏ်နှင့် ပြည့်စုံ၊ ဒကာတို့ကလည်း ဒကာ့ဂုဏ်နှင့် ပြည့်စုံကြပြီဆိုလျှင် ဆရာနှင့်ဒကာ ကိစ္စတိုင်း၌ ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်မည်သာ ဖြစ်သည်၊ ညီညီညွတ်ညွတ် ဆောင်ရွက်လျှင် အောင်မြင်သည်ကများ၍ အကြောင်းမညီညွတ်သဖြင့် မအောင်မြင်သည့်တိုင်အောင် ဆရာ, ဒကာတို့ စိတ်နှလုံးတွင် မချမ်းမသာ မဖြစ်ရပဲ မအောင်မြင်သင့်၍သာ မအောင်မြင်ခြင်းဖြစ်မည်။

"ထကြွ နိုးကြား၊ သနား သည်းခံ၊ ဝေဖန် ကြည့်ရှု၊
ညှိခြောက်ခုကား၊ ကြီးသူ့ကျင့်ဝတ်တရားတည်း"—

ဟူသော နီတိကျမ်းလာ နာယကဂုဏ် ခြောက်ပါးနှင့်အညီ ဆရာတို့က ကျင့်တော်မူကြလျှင်သော်လည်းကောင်း, ဒကာတို့ကလည်း မိလိန္ဒပဉှာ ပါဠိတော်၌ လာသည့်အတိုင်း—

(၁) ဆရာတော် သံဃာတော် များနှင့် တူမျှသော ချမ်းသာ, ဆင်းရဲ ရှိသူဖြစ်ခြင်း၊

(၂) တရားတော်လျှင် အကြီးအမှူး ထားသူဖြစ်ခြင်း၊

(၃) ဥစ္စာပစ္စည်း အင်အား အလျောက် ဝေဘန်ခွဲခြမ်းလှူဒါန်းခြင်း၌ မွေ့လျော်သူဖြစ်ခြင်း၊

www.dhammaransi.com



(၄) ဘုရားသာသနာတော် ပျက်ပြားဆုတ်ယုတ် သည်ကို ကြားသိတွေ့မြင်သော် တိုးတက်စည်ပင်ခြင်းငှာ လုံ့လ စိုက်ထုတ်ခြင်း၊

(၅) ကောင်းသောအယူဝါဒ ရှိသူဖြစ်ခြင်း၊

(၆) ဒိဋ္ဌ, သုတ, မုတမင်္ဂလာအယူမှ ကင်းလွတ်၍ အသက် ဟူသော အကြောင်းကြောင့်လည်း သာသနာတော်မှ တပါးသောသူကို ဆရာဟူ၍ မညွှန်ကြား၊ ကိုယ်အမူ အရာ နှုတ်အမူအရာကိုလည်း စောင့်စည်း, သင့်တင့် သိသွတ်ခြင်း၌ မွေ့လျော်ပျော်ပိုက်သူ ဖြစ်ခြင်း၊

(၇) မငြူစူတတ်သူဖြစ်ခြင်း၊

(၈) ကောက်ကျစ် စဉ်းလဲသောအားဖြင့် သာသနာတော်၌ ကျက်စားကျင်လည်သူ မဟုတ်၊ ဘုရားကို ကိုးကွယ်ရာ ဟု ဆည်းကပ်သူဖြစ်ခြင်း၊

(၉) တရားတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်သူဖြစ်ခြင်း၊

(၁၀) သံဃာတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်သူဖြစ်ခြင်း–

ဟူသောဥပါသကာ ဒကာတို့၏ ဂုဏ်အင်္ဂါ ဆယ်ပါးနှင့်အညီ ကျင့်လျှင်သော်လည်းကောင်း အတူနေ ဆရာ, ဒကာတို့ မညီ ညွတ်ရန် အကြောင်းမရှိ၊ မချမ်းသာစရာ မကြည်သာစရာ အကြောင်းမရှိ၊ ချမ်းမြေ့ကြည်သာမည်သာ ဖြစ်သည်။

ဆရာရော့, ဒကာပါ သိမှတ်ဖွယ်ကောင်းလှသော မန္တလေး မြို့ မဟာမြတ်မုနိဘုရားကြီးသမိုင်းမှ (အဂ္ဂမဟာပဏ္ဍိတ) ဟံသာ ဝတီ ဆရာတော်ဘုရား၏ ဩဝါဒ ကထာကို ဤနေရာတွင်

www.dhammaransi.com



ထည့်သွင်း ဖော်ပြပါဦးမည်၊ ထိုသို့ဖော်ပြရာ၌ ဩဝါဒကထာ တခုလုံးမဟုတ်ပဲ လိုသလောက်ကိုချုံး၍ဖော်ပြပါမည်၊အကယ်၍ ဩဝါဒအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် သိလိုပါလျှင် ထိုဩဝါဒ ကထာ ပါရှိသော "မန္တလေး မဟာမုနိဘုရားကြီးသမိုင်း" ၌ ကြည့်ရှုကြရန် ဖြစ်သည်။

## ၃၉—ဘဏ္ဍာတော်ကို ပိုင်းခြားခြင်း

### (က) အနာမာသဘဏ္ဍာတော်

"အမ္ဗ နာဟံ မမ အဿေန အာမဋ္ဌဘဏ္ဍံ ပိဠန္ဓိဿာမိ၊ ပရိစ္စဇ္ဇ မယာ" ဟူ၍ ဝိသာခါသည် ကိုးကုဋေကျော်တန်သော ပသာဓနတန်ဆာ (မဟာလတာတန်ဆာ)ကို မြတ်စွာဘုရား အား စွန့်လှူသော ထုံးအရ အလှူရှင်တို့သည် ကျောက်ရတနာ တို့ဖြင့် စီခြယ်မွမ်းမံအပ်သော မိမိတို့၏ လက်ကောက်,လက်စွပ်, ပုတီး,နားဒှောင်းနှင့် ရွှေ, ငွေ—စသည်များ—

### (ခ) ဝတ္ထုကဘဏ္ဍာတော်

"တောဟံ ဘန္တေ ဝေဠုဝနံ ဥယျာနံ ဗုဒ္ဓပမုခဿ ဘိက္ခု သံဃဿ ဒမ္မိ" ဟူသော ဝိနည်းမဟာဝါပါဠိတော်တွင် ဗိမ္ဗိသာရ မင်းကြီး ဥယျာဉ်တော်ကို လှူဒါန်းသော ထုံးအရ စေတီတော် အား လှူဒါန်းကြသည့် လယ်, ယာ, ဥယျာဉ်, အရာမ်, ခြံမြေ, လူနေတိုက်, အိမ်—အဆောက်အဦ—စသည်များ—

### (ဂ) ပရိဘောဂဘဏ္ဍာတော်

အထ ခေါ ဇေတကုမာရော တသ္မိံ ဩကာသေ ကောဋ္ဌကံ မာပေသိ" ဟူသော စူဠဝါပါဠိတော်တွင် ဇေတမင်းသား မုခ်ဦး

www.dhammaransi.com



ပြာသာဒ် ဆောက်လုပ်ခြင်း ဝိသာခါ ပုဗ္ဗာရုံကျောင်းတော်ကြီး နှင့်တကွ အခြံအရံ အာရုံခံပြာသာဒ်ငယ်—စသည် ဆောက်လုပ် လှူဒါန်းကြသောထုံးအရ စေတီတော်အား ဂန္ဓကုဋိ၊ အာရုံခံ စရပ်၊ တန်ဆောင်းစသော အဆောက်အဦအထူးထူး၊ ပရိက္ခရာ ရှစ်ပါး၊ ဆယ်ပါး—စသော အသုံးအဆောင်အမျိုးမျိုး+

## (ဃ) တဗြုပ္ပါဒဘဏ္ဍာတော်

"တဗြုပ္ပါဒတော ဝါ" ဟူ၍လည်းကောင်း "တဗြုပ္ပါဒ တောတိ နာဠိကေရာရာမာဒိ တဗြုပ္ပါဒတော" ဟူ၍လည်း ကောင်း ဝိနည်း အဋ္ဌကထာ၊ ဋီကာတို့၌ သံဃသန္တက အရာ၌ မိန့်ဆိုအပ်သည်ကို နယဂ္ဂါဟပြု၍ စေတိယသန္တက ဖြစ်သော လယ်၊ ယာ၊ ဥယျာဉ်၊ အရာမ်၊ ခြံမြေ၊ လူနေတိုက်၊ အိမ်— စသည် ဝတ္ထုကဘဏ္ဍာတော်မှ ရရှိသော အခကြေးငွေများ၊ ပရိဘောဂဘဏ္ဍာတော်ဖြစ်သော စရပ်၊ တန်ဆောင်း—စသည် တို့မှ ဖြစ်ပေါ်ရရှိသော အခွန် အခ ကြေးငွေများ၊ ဂန္ဓကုဋိ အတွင်းအပြင်နှင့် စပ်လျဉ်း၍ ပန်း၊ အမှိုက်သရိုက်၊ ဖယောင်း၊ မြေမှုန့်၊ စက္ကူ-စသည်တို့မှ ဖြစ်ပေါ်ရရှိသော အခွန်အခ ကြေး ငွေ စသည်များ+

## (င) ဥပနိက္ခေပဘဏ္ဍာတော်

"ဥပနိက္ခေပတော တိ စေတိယပဋိဇဂ္ဂနတ္ထာယ ဝဍ္ဎိယာပယော ဇေတွာ ကပ္ပိယကာရကေဟိ ဌပိတဝတ္ထုတော" ဟူသော ဝိမတိဋီကာအဖွင့်ကို ထောက်ဆ၍ အတိုးရင်းပွား ချထားသော စေတိယသန္တက၏ အတိုးအညွန့်ကြေးငွေများ+

www.dhammaransi.com



## (ဓ) အာမိသဘာဏ္ဍာတော်

ဘောဇဉ် ငါးပါး, ခဲဖွယ်အမျိုးမျိုး အဝတ်စား, ပျား, သကာ, တင်လဲ, ထောပတ်, ဆီ, သစ်သီးဝလံ, ပန်းမာလ်– အစရှိသော ပစ္စည်းဝတ္ထုများ+

## (၄၀) စီမံခန့်ခွဲမှု

### (ဓ) အာမိသဘာဏ္ဍာတော်ကို စီမံခန့်ခွဲမှု

"မာလာဂန္ဓာဒီနိ တာဝ စေတိယေ အာရောပေတဗ္ဗာနိ" စသည်ဖြင့် ဝိနည်းမဟာဝါ အဋ္ဌကထာ၌ ဖွင့်ပြတော်မူသည့်အတိုင်း ပန်း, နံ့သာ, အမွှေးအကြိုင်–စသည်တို့ကို စေတီတော်၌ လှူပတင့်တယ် ကြည်ညိုဖွယ်ဖြစ်အောင် တင်လှူခြင်း၊ စုလျား=ပုဝါ, တဘက်, အဝတ်အထည်တို့ကို တံခွန်ကုက္ကား မုလေးပွား နဖူးစား မျက်နှာကြက် ပြုလုပ်လှူဒါန်းခြင်း၊ လိုအပ်သည်ထက် အဝတ်အထည်က ပိုမိုများပြားသည်ရှိသော် နောင်ဟောင်းနွမ်း သောအခါ လဲလှယ်ဖို့ရန် ရည်သန်၍ ပရိဘောဂ ဘဏ္ဍာတော်အဖြစ်ဖြင့် ဘဏ္ဍာတော်တိုက်၌ လုံခြုံစွာ သိမ်းဆည်းသိုမှီးထားခြင်း၊ အဆက်မပြတ် လှူဒါန်းခြင်းကြောင့် အဝတ်အထည်တို့ အလွန်များပြားနေမူ ဆွေးမြေ့ခြင်း, အချည်းနှီးဖြစ်ခြင်း– ဘေးတို့မှ ကာကွယ်ရန် နည်းလမ်းကို ရှာကြံသင့်၏။

ရှာကြံသော်.... "သံဃိကပစ္စည်းကို မူလဆွေဇာ=မြစ်ပြတ်ပေးခြင်း, စွန့်ခြင်း, ဝေဖန်ခြင်း မပြုလုပ်ကောင်း သော်လည်း

www.dhammaransi.com



လဲလှယ်သည့်အစွမ်းဖြင့် ပေးကမ်း စွန့်လွှတ်သောသူအားလည်း ကောင်း,သုံးဆောင်သောသူအားလည်းကောင်း အပြစ်မရှိ" ဟု ပြတော်မူသော အဋ္ဌကထာစကားကို နည်းယူ၍ စေတိယသန္တကပိုဂ်ိုသော အဝတ်အထည်များကို ဘဏ္ဍာတော်ထိန်း ကပ္ပိယ ကာရကတို့က လဲလှယ်အပ်၏၊ လဲလှယ်၍ရသော ပစ္စည်းသည် အသုံးအဆောင် ပစ္စည်းဝတ္ထုမျိုးဖြစ်အံ့၊ ပရိဘောဂ ဘဏ္ဍာ တော်သို့ သွင်းသင့်သည်၊ သို့မဟုတ် လဲလှယ်၍ရသော ပစ္စည်း ဝတ္ထုသည် အနာမာသကြေးငွေဖြစ်အံ့၊ ဥပနိက္ခေပ ဘဏ္ဍာ တော်သို့ သွင်းလျှင် သင့်တန်ရာ၏။

ဆီအမျိုးမျိုးကိုမူ ဆီမီးညှိထွန်း ပူဇော်ရသည်၊ ယခုခေတ် အလျောက် ညစ်ကျုံးပေကျံခြင်းမှ ကင်းစေရန် တကြောင်း, အလင်းရောင် ကောင်းကောင်း ရစေခြင်းငှာတကြောင်း ရေနံ ဆီ, ဓာတ်ဆီတို့နှင့် လဲလှယ်၍ ဓာတ်မီး, လျှပ်စစ်မီး ညှိထွန်း ပူဇော်လျှင် သင့်ရာသည်၊ လဲလှယ်၍ရသည်က ကြေးငွေဖြစ်မူ ဥပနိက္ခေပ ဘဏ္ဍာတော်သို့ သွင်းလျှင် သင့်မြတ်ရာသည်။

စေတီတော်အား တင်လှူပြီးသော ဆွမ်း, ပျား, တင်လဲ— စသည်တို့ကို စေတီတော်၌ အမြဲဝတ်ပြုလျက်နေသော လူ, ရှင်, ရဟန်းအား အခမဲ့ ပေးကမ်းစွန့်ကြဲအပ်၏၊ အမြဲဝတ်ပြုလျက် နေသော လူ, ရှင်, ရဟန်းတို့ သုံးဆောင်စားသောက်ကောင်း ၏။

အမြဲဝတ်ပြုနေသော လူ, ရှင်, ရဟန်းတို့ မရှိသော် ထိုခဏ၌ သုံးဆောင်စားသောက်လိုသော လူ, ရှင်, ရဟန်းသည် ဆောင်ယူ

www.dhammaransi.com



လှူဒါန်းအပ်ပြီးသော ဆွမ်းကို ထားမြဲထားဦး၍ တံမြက်လှည်းခြင်း, ပန်းမှိုက်သွန်ခြင်း-အစရှိသော ဝတ်တရားကိုပြုလုပ်ပြီးမှသုံးဆောင် စားသောက်ခြင်းငှာ သင့်၏၊ မွန်းတည့်ချိန်နီးလတ်သော် သုံးဆောင် စားသောက်ပြီးမှ ဝတ်ပြုခြင်းငှာလည်းသင့်၏၊ ယခုခေတ်လူတို့ စေတီတော်များ၌ဆွမ်းချပွဲ,ဆွမ်းတော်ကြီးတင်ပွဲများကျင်းပကြရာတွင် များစွာသော သစ်သီးဝလံ,မုံ့, ခဲဖွယ်,ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်း ကြသောအခါ ဗုဒ္ဓဝေယျာဝစ္စပုဂ္ဂိုလ်တို့အား စွန့်လည်း စွန့်ကောင်း၏၊ ၎င်းတို့က စားလည်းစားကောင်း၏၊ ဘဏ္ဍာတော်ထိန်းကပ္ပိယကာရကတို့က စေတီတော်၌ အရှည်ကျေးဇူးများစေရန် ရည်သန်၍ စေတီတော်အားဆက်ကပ်လှူဒါန်းပြီးသော သစ်သီးဝလံ, မုံ့, ခဲဖွယ်, ဘောဇဉ်တို့ကို အဖိုးနှုန်းထား၍ လဲလှယ်လျှင်မူလည်း လဲလှယ်ကောင်း၏၊ ရသော အဖိုးအခ ကြေးငွေများကို တတြုပ္ပါဒဘဏ္ဍာတော်သို့ သွင်းလျှင် သင့်တန်ရာ၏။

## (င) ဉပနိက္ခေပဘဏ္ဍာတော်ကို စီမံခန့်ခွဲမှု

စေတိယေ ဆတ္တံဝါ ဝေဒိကံဝါ ဗောဓိဃရံဝါ အာသနဃရံဝါ အကတံ ဝါ ကရောန္တေန ဇိဏ္ဏံဝါ ပဋိသင်္ခရောန္တေန-စသည်ဖြင့် ပါရာဇိကအဋ္ဌကထာ၌ (ဝိ၊ဋ္ဌ–၄၊ မျက်နှာ ၂၅၄–၌ကြည့်) ဖွင့်ပြအပ်သည်နှင့် အညီ စေတီတော်၌ ထီးကိုလည်း ကောင်း, သပိတ်မှောက်၏ အထက် ၄–ထောင့်အကျယ် ပန်းခံ=ပွတ်တိုင်ကိုလည်းကောင်း, ဗောဓိအိမ်ကိုလည်းကောင်း, ဇရပ်တန်ဆောင်းကိုလည်းကောင်း–မပြုလုပ်ရသေးသော အဆောက်အဦသစ်ကို

www.dhammaransi.com



ပြုလုပ်လိုသော, ဆွဲမြေ့ယိုယွင်းသော အဆောက်အဦဟောင်းကို ပြုပြင်လိုသောရဟန်း, ထုံး အင်္ကတေ လိမ်းကျံလိုသော ရဟန်းသည် လှူဒါယကာတို့ကို တိုက်တွန်းနှိုးဆော်၍ ပြုလုပ်ခြင်းငှာ သင့်၏၊ ပြုလုပ်လိုသော ဒါယကာ အကယ်၍မရှိသော် စေတီတော်၏ အကြောင်းကိစ္စ ရှိသောအခါ သုံးစွဲရန် ရည်မှတ်၍ ကပ္ပိယများ အတိုး ရင်းပွါး ချထား အပ်သော ဥပနိက္ခေပ ဘဏ္ဍာတော်မှ ပြုလုပ် စေအပ်၏၊ ဥပနိက္ခေပ ဘဏ္ဍာတော်မရှိလျှင် သံဃာတော်အား ပန်ကြားခြင်းကို ပြု၍ သံဃာတော်၏ ပစ္စည်းလေးပါးအလို့ငှာ ဒါယကာတို့ လှူဒါန်းထားသော လယ်, ယာ, ဥယျာဉ်, အရာမ်,မြုံမြေ—စသည်တို့မှ ထွက်သော အခွန်အခပစ္စည်း=တတြုပ္ပါဒသံဃိကဘဏ္ဍာတော်မှ ပြုလုပ်စေအပ်၏။

## (ဿ) တတြုပ္ပါဒဘဏ္ဍာတော်ကိုစီမံခန့်ခွဲမှု

"ဝေတနံ ဒတွာပိ ဇဂ္ဂါပေတဗ္ဗော၊ ဝေတနဉ္စ ပနေတ္ထ စေတိယသန္တကမ္ပိ သံဃသန္တကမ္ပိ ဒါတုံ ဝဋ္ဋတိ" ဟု ပါရာဇိကာဏ် အဋ္ဌကထာ (ဝိ၊ဋ္ဌ ၁၊ ၃၄၁)ဖွင့်ပြသည့်အတိုင်း စေတီတော်၏ ဝတ္ထုကဘဏ္ဍာတော်ဖြစ်သော လယ်, ယာ, ဥယျာဉ်, အရာမ်, မြုံမြေ, လူနေတိုက်အိမ် အဆောက်အဦ—စသည်တို့၌ မပြတ်ကြည့်ကြပ် စောင့်ရှောက်သော သူတို့ကို လခကြေးငွေပေး၍ စောင့်ရှောက် စေအပ်၏၊ ၎င်းလခ ကြေးငွေကို စေတိယ—တတြုပ္ပါဒ ဘဏ္ဍာတော်မှ ပေးသင့်၏၊ တတြုပ္ပါဒဘဏ္ဍာတော် မရှိသော် ဥပနိက္ခေပဘဏ္ဍာတော်မှ ပေးလျှင် သင့်ရာ၏၊ ၎င်း

www.dhammaransi.com



ဥပနိက္ခေပ ဘဏ္ဍာတော် မရှိပြန်သော် သံဃာတော်အား ပန်ကြား၍ သံဃိကဘဏ္ဍာတော်မှ ပေးကောင်းသည်ပင်။

“စေတိယဿ ဝါ သံဃဿ ဝါ သန္တကေန စေတိယဿ သန္တကံ ရက္ခာပေတုံ ဝဋ္ဋတိ” စသည်ဖြင့် ဖွင့်ပြသော ဝိနယ-သင်္ဂဟ **အဋ္ဌကထာ**စကားအရ စေတီတော်၏ ပစ္စည်းဘဏ္ဍာတော်ဖြင့်လည်းကောင်း၊ သံဃာတော်၏ ပစ္စည်းဘဏ္ဍာဖြင့်လည်းကောင်း စေတိယသန္တက အမျိုးမျိုးသော ပစ္စည်းဘဏ္ဍာတော်ကို စောင့်ရှောက်စေခြင်းငှာသင့်၏၊ စေတီတော်၏ ပစ္စည်းဘဏ္ဍာတော်ဖြင့် သံဃသန္တကပစ္စည်းဘဏ္ဍာကို စောင့်ရှောက်ခြင်းငှာ မအပ်—ဟု ဆိုသည်ကို ထောက်ဆ၍—

> ယခုခေတ် သံဃသမ္မုတိရ ဩဝါဒ ဆရာတော်တို့သည်လည်းကောင်း၊ ရဟန်းတော်တို့၏ သဘောတူကြိုက်ညီချက်ကို ရကြကုန်သော ဂေဟဋ္ဌ ဘဏ္ဍာတော်ထိန်း ကပ္ပိယကာရက လူကြီးတို့သည် လည်းကောင်း စေတီတော်နှင့် တကွ ဘဏ္ဍာတော် အမျိုးမျိုးတို့ကို အမှုဆောင် စာရေးစာချီ၊ အုပ်ချုပ်ရေးမှူး၊ ဝတ်မြေအုပ်၊ ဥယျာဉ်မှူး၊ ရဲဘော်၊ ပုလိပ်၊ ဈေးအုပ်၊ ဈေးခေါင်း၊ အစောင့်၊ တံမြက်လှည်း၊ ပန်းမှိုက်သွန်-စသော အမှုထမ်းတို့ကို ခန့်အပ်၍ လခကြေးငွေ ပေးပြီးလျှင် စောင့်ရှောက်စေခြင်းသည် သင့်လျော်၏၊ ၎င်းလခကြေးငွေကို စေတိယတတြုပ္ပါဒ ဘဏ္ဍာတော်မှ ပေးသင့်၏၊ ၎င်းမရှိ**လတ်**သော် ဥပနိက္ခေပဘဏ္ဍာတော်မှပေးသင့်၏၊ နှစ်ပါး

www.dhammaransi.com



လုံး မရှိလတ်သော် သံဃာကို ပန်ကြား၍ သံဃိက ဘဏ္ဍာမှယူ၍ ပေးကောင်းသည်ပင်။

ဝေတနမ္ပိ ဒတ္ဗာ ဇဂ္ဂါပေတဗ္ဗော–အစရှိသော ပါရာဇိကဏ် အဋ္ဌကထာ, အထက်ပါ ဝိနယသင်္ဂဟ အဋ္ဌကထာတို့ကို ထောက်ဆ ဆင်ခြင်လိုက်လျှင် စေတိယ, စေတိယသန္တကဘဏ္ဍာတော်တို့နှင့် တိုက်ရိုက်ဆက်စပ်သော မှုခင်းကိစ္စအတွက် ရုံးတော်နှင့်ပတ်သက် ရာတွင် အမှန်ကုန်ကျစားရိတ်ကိုလည်းကောင်း, သွားလာရသော ခရီးစားရိတ်ကိုလည်းကောင်း, ဘုရားအမှုထမ်းတို့ကို စိမံခန့်ခွဲရန် အတွက်သော်လည်းကောင်း, နဝကမ္မ အဆောက်အဦ စိမံကြည့် ကြပ် အုပ်ချုပ်ရန်အတွက်သော်လည်းကောင်း, ဘဏ္ဍာစာရင်း အင်းကြည့်ကြပ်စစ်ဆေးရန်အတွက်သော်လည်းကောင်း, စေတီနှင့် ပတ်သက်သောအခြားကိစ္စအရပ်ရပ်အတွက်သော်လည်းကောင်း, ဘဏ္ဍာတော်ထိန်း ကပ္ပိယကာရက လူကြီးတို့ အစည်းအဝေး တက်ရောက်ရာဝယ် အမှန်တကယ်ကုန်ကျသော စားရိတ်စားခ ကိုလည်းကောင်း စေတိယ တဗြုပ္ပါဒဘဏ္ဍာတော်မှ ထုတ်ယူ သုံးစွဲလျှင် သင့်တန်ရာ၏၊ အမှန်တကယ်ကုန်ကျသည်ထက် ပို၍ ဘဏ္ဍာတော်မှ ထုတ်ပေးခြင်း, ယူခြင်း, ဘဏ္ဍာတော်ထိန်း ကပ္ပိယကာရကတို့ ကိုယ်ကျင့်တရားပျက်ကွက်မှု, စည်းကမ်းမကျမှု, ဝတ်တရားချွတ်ယွင်းမှု–စသည်တို့ကြောင့် ပေါ်ပေါက်သော ကိုယ်ရေးကိုယ်တာ မှုခင်းကိစ္စများအတွက် ကုန်ကျသော စား ရိတ် စားခများကို ဘဏ္ဍာတော်မှ ထုတ်ယူပေးခြင်း, ယူခြင်းတို့ သည် အဓမ္မိကဒါန, အဓမ္မိကပဋိဂ္ဂါဟကတို့မှ မလွတ်ကင်းနိုင် ရာချေ။

www.dhammaransi.com



"စေတိယေ သုဓာကမ္မာဒိနိ ကရောန္တေဟိ ပန ဘိက္ခုစာရတော ဝါ" စသည်ဖြင့်လာသော ပရိဝါရအဋ္ဌကထာ (ဝိ၊ ဋ္ဌ ၄၊ မျက်နှာ ၂၅၄)အရ စေတီတော်၌ ထုံး, အင်္ဂတေ လိမ်းကျံခြင်းအမှု-စသည်တို့ကို ပြုလုပ်လိုသောရဟန်းတော် တို့သည် ဆွမ်းခံရာမှလည်းကောင်း, သံဃလာဘ်မှလည်းကောင်း မျှတရုံ မရကြကုန်သည်ရှိသော် စေတီတော်၏ ပစ္စည်း ဘဏ္ဍာတော်မှ မျှတလောက်ရုံမျှယူ၍ သုံးဆောင်စားသောက်ကြသဖြင့် စေတီတော်၏ ဝတ်အမှုကို ပြုခြင်းငှာ အပ်၏—ဟု ဖွင့်ဆိုသည်ကို ထောက်၍ လခရိက္ခာကို ယူကြကုန်ပြီးသော ဘုရား အမှုထမ်း တို့မှတပါး အခြားသော သဒ္ဓါသမ္ပန္န ဝတ္တာဓမ္မနှင့် ပြည့်စုံသူ ရဟန်း, ရှင်, လူတို့သည် စေတီတော်၌ ထုံး, အင်္ဂတေ လိမ်းကျံမှု, ပေါင်းမြက်သုတ်သင်မှု, မြေညှိမှု, အမှိုက်သရိုက်စွန့်မှု—စသည်တို့ကို ပြုလုပ်ဆောင်ရွက်ကြသောအခါ စေတိယသန္တက အာမိသဘဏ္ဍာတော်မှ ယူ၍ (သို့မဟုတ်— တြုပ္ပါဒဘဏ္ဍာတော်မှ ယူ၍) ဆာလောင်မွတ်သိပ်ခြင်း ကင်းပျောက်ရုံမျှသာ ပေးကောင်း၏၊စားလည်းစားကောင်း၏။

သို့သော် "ဝတ္တံ ကရောမာတိ မစ္ဆမံသာဒီဟိ သံဃဘတ္တံ ကာတုံ န ဝဋ္ဋတိ" ဟူသော အဋ္ဌကထာ၊ "သံဃဘတ္တံကာတုံ နဝဋ္ဋတီတိ မဟာဒါနံဒေန္တေဟိပိ ကရိယမာနံ သံဃဘတ္တံ ဝိယ ကာရေတုံ န ဝဋ္ဋတီတိ အဓိပ္ပါယော" ဟူသော ဝိမတိဋီကာ ဖွင့်ဆိုချက်အရ အလှူကြီး ပေးလှူကြကုန်သော ဒကာတို့သည် ပြုလုပ်အပ်ကုန်သော သံဃဆွမ်းကျွေးပွဲကြီးကဲ့သို့ ဖွယ်ဖွယ်ရာရာ လိုအပ်သည်ထက် ပိုမိုများပြားစွာ ပြုလုပ်ခြင်းငှာမသင့်။

www.dhammaransi.com



• ဤအရာနှင့်စပ်၍ ယခုကာလ စေတီယကိစ္စ, စေတီယ သန္တကကိစ္စအတွက် အစည်းအဝေးသို့တက်ရောက်ကြကုန်သော ဘဏ္ဍာတော်ထိန်း ကပ္ပိယကာရကလူကြီးတို့သည် စီစဉ်ပြုလုပ်ဖွယ်များလွန်း၍ အချိန်ကာလကြာမြင့်လှသဖြင့် ဆာလောင်မွတ်သိပ်ခြင်း နှိပ်စက်ခံသော် စေတီယသန္တက အာမိသ ဘဏ္ဍာတော်မှ ယူ၍လည်းကောင်း, (သို့မဟုတ်- တတြုပ္ပါဒဘဏ္ဍာတော်မှ ယူ၍လည်းကောင်း) ဆာလောင်မွတ်သိပ်ခြင်း ကင်းပျောက်ရုံမျှ စားသောက်သုံးဆောင်လျှင်သာ သင့်၏၊ မင်းစိုးရာဇာများကို စားပွဲတည်ခင်း ကျွေးမွေးခြင်း ကဲ့သို့ တင့်တယ် ခမ်းနား အသားမျိုးစုံ အဖုံဖုံသော မုန့်ခဲဖွယ်တို့ဖြင့် တန်းဆာဆင်၍ သုံးဆောင် စားသောက်ခြင်းမျိုး မပြုလုပ်သင့်၊ သုံးဆောင် စားသောက်ခြင်းပြုခဲ့လျှင် ထိုက်သင့်သည်ထက် ပိုသမျှ တရားနှင့်မလျော်သော သုံးဆောင်စားသောက်ခြင်း ဖြစ်ရာသည်။

## (ဂ) ပရိဘောဂဘဏ္ဍာတော်ကိုစီမံခန့်ခွဲမှု

ပရိဘောဂဘဏ္ဍာတော်ကို ထာဝရဘဏ္ဍာတော်, အထာဝရဘဏ္ဍာတော်ဟူ၍ နှစ်မျိုးနှစ်စား ခြားနား ထားသင့်သည်၊ ထိုနှစ်မျိုးတို့တွင် ထာဝရဘဏ္ဍာတော်၌ ဂန္ဓကုဋီ, အာရုံခံ့,စရပ် တန်ဆောင်း—စသော အဆောက်အဦအမျိုးမျိုး ပါဝင်သင့်သည်၊ အထာဝရဘဏ္ဍာတော်၌ ရဟန်းတော်တို့၏ အသုံးအဆောင် အမျိုးမျိုး, မင်းစိုးရာဇာတို့၏ အသုံးအဆောင်

www.dhammaransi.com



အမျိုးမျိုး, လူသာမန်တို့၏ အသုံးအဆောင် အမျိုးမျိုးပါဝင်သင့်သည်။

ထေဝရပရိဘောဂ ဘဏ္ဍာတော်ကို စီမံခန့်ခွဲမှု ပြုလုပ်သောအခါ အခကြေးငွေပေးပုံတို့ကို ဥပနိက္ခေပဘဏ္ဍာတော်ကဏ္ဍ၌ ပြဆိုခဲ့ပြီ။

၎င်းကဏ္ဍ၌ ပြဆိုအပ်ပြီးသော စေတိယသန္တက, သံဃသန္တကလည်းမရှိ, ဆောက်လုပ်လိုသူဒကာလည်း မရှိခဲ့သော် ဆွေးမြေ့ဟောင်းနွမ်းသော ဂန္ဓကုဋိ, စရပ်, တန်ဆောင်း–စသည်တို့ကို အဘယ်သို့ ပြုပြင်ဆောက်လုပ်အပ်ပါသနည်း ဆိုသော်–

"တသ္မိံ အသတိ စေတိံ အာဝါသံ ဝိဿဇ္ဇေတွာ အဝသေသာ ဇဂ္ဂိတဗ္ဗာ၊ ဧဟာ ဝိဿဇ္ဇေတွာ စေတိ သဏ္ဌပေတုံ ဝဋ္ဋတိယေဝ" ဟူသော အဋ္ဌကထာတွင် သံဃိကဝိဟာရ ဂရုဘဏ္ဍအရာ၌ ဖွင့်ပြအပ်သည်ကို နယဂ္ဂါဟယူ၍ ဟောင်းနွမ်း အိုမင်းသော စရပ်,တန်ဆောင်း တခုခုကိုစွန့်လွှတ်ပေးကမ်း၍ ထိုမှရအပ်သော ပစ္စည်းဝတ္ထုဖြင့် ကြွင်းကျန်သောစရပ်, တန်ဆောင်းတို့ကို ပြုပြင်ဆောက်လုပ်အပ်သော်လည်းကောင်း,များစွာသော စရပ်, တန်ဆောင်း အဟောင်းတို့ကို စွန့်လွှတ်ပေးကမ်း၍ ထိုမှရအပ်သော ပစ္စည်းဝတ္ထုဖြင့် တဆောင်တည်းသော စရပ်,တန်ဆောင်းကို ကောင်းမွန်ခိုင်ခံ့စွာ ပြုပြင်ဆောက်လုပ် စေအပ်သော်လည်းကောင်း သင့်ရာသည်၊ သို့သော် သဆူသော စေတီတော်၏ ပရိဘောဂ ဘဏ္ဍာတော်ဖြင့် အခြားတဆူသော စေတီတော်၏ ပရိဘောဂသို့ ပေါင်း၍ ပြုလုပ်မိမည်ကို အထူးသတိပြုရှောင်ကြဉ်ရာ၏။

www.dhammaransi.com



အထာဝရ ပရိဘောဂဘဏ္ဍာတော်ဖြစ်သော သမဏပရိက္ခရာ အသုံးအဆောင်များ, လူ—မင်းတို့၏ အသုံးအဆောင်ဖြစ်သော ပိုး, ဖဲ, ကတ္တီပါ, ကမ္ဗလာ,ကော်ဇော, သလွန်, ညောင်စောင်း, အင်းပျဉ်, ကုလားထိုင်, စားပွဲ—စသော ပစ္စည်းများကိုလည်း ကောင်း လုပတင့်တယ် ကြည်ညိုဖွယ်ဖြစ်အောင် ခင်းကျင်း ပြင်ဆင် စီမံပြုလုပ် လှူဒါန်းပူဇော်ထားသင့်သည်၊ လိုအပ်သည်ထက် ပိုမိုများပြားမှု ဟောင်းနွမ်း ကျိုးပဲ့ ပျက်စီးသောအခါ လဲလှယ်ရန် အတွက် ဘဏ္ဍာတိုက်၌ ထည့်သွင်း၍ လုံခြုံစွာ ထားထိုက်သည်။

"အတိ ရေကမဇ္ဈေ ဘဏ္ဍာဂါရာဒီသု ပညပေတွာ ပဋ္ဌပေတဗ္ဗံ နိက္ခိပိတုမ္ပိ ဝဋ္ဋတိ" ဟူသော အဋ္ဌကထာကိုမှီငြမ်းပြု၍ ဘဏ္ဍာတိုက် ပြတိုက်—အစရှိသည်တို့၌ တင့်တင့် တယ်တယ် ဖွယ်ဖွယ်ရာရာ လှပစွာခင်းကျင်း၍ တခြားသော ဘဏ္ဍာတော် အသေးအဖွဲ့ များကို သပ်ရပ်ပြောင်စင်စွာ တင်ထား၍ အများပြည်သူတို့ သဒ္ဓါတရား အကြည်ညိုပွါးများစေခြင်းငှာ ထားသင့်၏။

"မဟဂ္ဃေန သတဂ္ဃနကေန ဝါ သဟဿဂ္ဃနကေန ဝါ မဇ္ဈေန အညံ မဉ္စသတံ လဘတိ၊ ပရိဝတ္တေတွာ ဂဟေတဗ္ဗံ၊ နော စေ လဘံ မဇ္ဈေန မဇ္ဈော ယေဝ၊ အာရာမ အာရာမဝတ္ထု ဝိဟာရ ဝိဟာရဝတ္ထု ပီဌ ဘိသိ ဗိမ္ဗောဟ နာဒီနိပိ ပရိဝတ္တေတုံ ဝဋ္ဋတိ။ သေ နယော ပီဌ ဘိသိ ဗိမ္ဗောဟနေသုပိ" ဟု သံဃိက ဂရုဘဏ္ဍညောင်စောင်း—စသည်တို့ဖြင့် လဲလှယ်ယူငင်ပုံကို ပြဆိုသော အဋ္ဌကထာကို နည်းမှီး၍ စေတိယသန္တက ပရိဘောဂ

www.dhammaransi.com



ဘာသာတော်ဖြစ်သော ညောင်စောင်း, ခင်း, အင်းပျဉ်, ကုလားထိုင်, စားပွဲ, မှန်တင်, ကော်ဇော – စသော အသုံးအဆောင်တို့ကို စေတီတော်၌ အခြားလိုအပ်သော အသုံးအဆောင်များအတွက် ဘာသာတော်ထိန်း ကပ္ပိယ လူကြီးတို့က လဲလှယ်ယူငင်မှု သင့်တန်ရာသည်။

## (ခ) ဝတ္တကဘာသာတော်ကိုစီမံခန့်ခွဲမှု

"မူလစ္ဆေဇ္ဇဝသေန အဝိဿဇ္ဇိယံ အဝေဘင်္ဂိယဉ္စ ပရိဝတ္တနဝသေန ပန ဝိဿဇ္ဇေန္တဿ ပရိဘုဉ္ဇန္တဿ စ အနာပတ္တိတိ ဝေ မေတ္တာ အဓိပ္ပါယော ဝေဒိတဗ္ဗော" ဟူသော စူဠဝါအဋ္ဌကထာ (ဝိ၊ဋ္ဌ ၄၊ မျက်နှာ–၇၇)တွင် သံဃသန္တက ဂရုဘာဏ္ဍပစ္စည်းကို မူလစ္ဆေဇ္ဇ=မြစ်ပြတ်အားဖြင့် မပေးကောင်း၊ မဝေဖန်ကောင်း၊ လဲလှယ်သည်၏ အဖြစ်ဖြင့် ပေးသော ရဟန်းအားလည်းကောင်း, သုံးဆောင်သောရဟန်းအားလည်းကောင်း အပြစ်မရှိ–ဟု ပြဆိုသည်ကို နည်းယူ၍ စေတိယသန္တက ဝတ္တက-ဘာသာတော်ဖြစ်သော လယ်, ယာ, ဥယျာဉ်, အရာမ်မြေ, လူနေတိုက်အိမ်–စသည်တို့ကို တစုံတယောက်သောသူအား မြစ်ပြတ်မပေးမစွန့်ကောင်း၊ သို့ရာတွင် ဘာသာတော်ထိန်း ကပ္ပိယကာရက လူကြီးတို့က အကြောင်းအချက် အကျိုးအပြစ်တို့ကို ကြည့်ရှုဆင်ခြင်၍ တပါးသူတို့၏ လယ်, ယာ, ဥယျာဉ်–စသည်တို့နှင့် လဲလှယ်၍ယူကြမှုကား သင့်မြတ်ရာသည်၊ ဤသို့ လဲလှယ်ရာ၌ "ထာဝရေန ထာဝရပရိဝတ္တနံ ဝေဒိတဗ္ဗံ" ဟု အဋ္ဌကထာ၌ ပြဆိုတော်မူသောကြောင့် စေတီတော်ပိုင် ထာဝရ

www.dhammaransi.com



ဖြစ်သော လယ်,ယာနှင့် အခြားသူတို့ပိုင် လယ်ယာကိုလည်းကောင်း, ဥယျာဉ်-အရာမ်—ခြံမြေကိုလည်းကောင်း, လူနေ တိုက်အိမ် — စသည်ကိုလည်းကောင်း လဲလှယ်သင့်၏၊ အထာဝရပစ္စည်းနှင့် မလဲလှယ်အပ်၊ ကြည့်ရှုဆင်ခြင်ရမည်မှာ....စေတီတော်၏ လယ်,ယာ—စသော ထာဝရဘဏ္ဍာတော်သည် ဝေးသောအရပ်၌ တည်ရှိ၍ အခြားသူတို့ပိုင်လယ်, ယာ စသည်တို့သည် စေတီတော်၏အနီး၌ တည်ကုန်ငြားအံ့၊ ရေယာ အကျယ်အဝန်း အဖိုးအခွန်အခ တူမျှကုန်ငြားအံ့၊ လဲလှယ်သင့်ရာ၏၊ ဤသို့စသည်ဖြင့် ဆင်ခြင်လေ။

"သံဃိကေ ပန စေတိယသန္တကေ စ ကေဏိယာ ဂဟေတွာ ရက္ခန္တဿေဝ ဒါနံ ဝဋ္ဋတိ၊ ဝေတနေန ရက္ခန္တဿ အတ္တနော ဘာဂမတ္တံ ဝဋ္ဋတိ၊ (ပါရာဇိကဏ် အဋ္ဌကထာ၊ ဝိ၊ ဋ္ဌ ၁၊ မျက်နှာ—၃၄၁)။ ။ဤ၌ "သံဃိကေ ပန စေတိယသန္တကေ စ ကေဏိယာ ဂဟေတွာ" ဟူသောပါဠိဖြင့်သံဃသန္တကပစ္စည်း စေတိယသန္တကပစ္စည်းဖြစ်သော လယ်,ယာ,ဥယျာဉ်—အစရှိသည်တို့ကို နှစ်, လ, ရက် သတ်မှတ်ပိုင်းခြားပြီးလျှင် အဖိုးအခဖြင့် ဝယ်ယူ၍ (ဝါ—သီးစားယူ၍-ကန်ထရိုက်ဆွဲ၍) စောင့်ရှောက်သူ တစုံတယောက်ကို တိုက်ရိုက်အားဖြင့်ပြသည်(နီတတ္ထ)၊ သံဃာတော် တို့၏ သဘောကြိုက်ညီချက်ကို ခံယူရရှိကြကုန်ပြီးသော ဂဟဋ္ဌဘဏ္ဍာတော်ထိန်းကပ္ပိယကာရကလူကြီးတို့က သံဃာတော်ပိုင် စေတီတော်ပိုင် လယ်, ယာ, ဥယျာဉ်—စသည်တို့ကို နှစ်ပြတ် လပြတ် သတ်မှတ်၍ ရောင်းပိုင်သည်၊ သီးစားချပိုင်သည်၊

www.dhammaransi.com



ကန်ထရိုက်ပေးပိုင်သည်ကို သွယ်ဝိုက်သောနည်းအားဖြင့် ပြသည် (နေယျတ္ထ)၊ "ရက္ခန္တသော ဝ ဒါနံ ဝဍ္ဎတိ" ဖြင့်နှစ်ပြတ်,လပြတ် နှင့် သီးစားယူသူ, ဝယ်သူ, ကန်ထရိုက်ဆွဲသူတို့က ယင်း လယ်, ယာ, ဥယျာဉ်တို့မှ ထွက်သော အသီး, အရွက်, အပွင့်တို့ကို ပိုင် ဆိုင်သူဖြစ်သောကြောင့် လှူ, ရှင်, ရဟန်း, အခြားသောစေတီ တော်တို့အား လှူဒါန်းခြင်းသည် သင့်မြတ်၏၊ ဓမ္မိကဖြစ်၏၊ ခံယူ ခြင်းသည် လည်းကောင်း, သုံးဆောင်စားသောက် ခြင်းသည် လည်းကောင်း ဓမ္မိကပဋိဂ္ဂဟ ဓမ္မိကပရိဘောဂဖြစ်သည်-ဟု သိ စေတော်မူသည်။

"ဝေတနေန ရက္ခန္တသ အတ္တနော ဘာဂမတ္တံ ဝဍ္ဎတိ" ဖြင့် သံဃာတော်ပိုင် စေတီတော်ပိုင် လယ်, ယာ, ဥယျာဉ်—စ သည်တို့ကို သီးစားယူသူ ဝယ်သူ ကန်ထရိုက်ဆွဲသူမဟုတ်သဖြင့် ဘဏ္ဍာတော်ထိန်း လူကြီးတို့ထံမှ ဤရွေ့ဤမျှသော အသီး အရွက် အပွင့်တို့ကို နေ့တိုင်း စားသောက်သုံးဆောင်ဖို့ သတ်မှတ် ချက် ခွင့်ပြုချက်ရ၍ လခရိက္ခာဖြင့် စောင့်ရှောက်သူ ဖြစ်အံ့၊ မိမိအဖို့ဘာဂဖြစ်သော အသီး အရွက် အပွင့်တို့ကိုသာ စိုးပိုင် သူဖြစ်ရကား မိမိအဖို့ဘာဂထဲက လှူ,ရှင်,ရဟန်း, အခြားသော စေတီတော်တို့အား လှူဒါန်းကောင်း၏၊မိမိအဖို့ဘာဂထက်ပိုလွန် သော အသီး အရွက် အပွင့်တို့ကို လှူ, ရှင်, ရဟန်း, အခြားသော စေတီတော်တို့အား လှူဒါန်းမှု အဓမ္မိကဒါန ဖြစ်ရာသည်၊ခံယူ သုံးဆောင်သူတို့မှာလည်း အဓမ္မိကပဋိဂ္ဂဟ အဓမ္မိကပရိဘောဂ ဖြစ်ရာသည်—ဟု ပြ၏။

www.dhammaransi.com



## (က) အနာမာသဘဏ္ဍာတော်ကိုစီမံခန့်ခွဲမှု

"ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ" ဟူသော အဋ္ဌကထာကို ပမာနထားပြီးလျှင် အလှူရှင် ဒါယကာတို့က "ဤအနာမာသဝတ္ထုတို့ဖြင့် စေတီတော်အား ရွှေသင်္ကန်း ကပ်လှူလိုပါသည်" ဟူ၍လည်းကောင်း, "မကိုဋ်တန်းဆာ ဆင်လိုပါသည်" ဟူ၍လည်းကောင်း—ဤသို့စသည်ဖြင့် မိမိတို့ အလိုရှိကြသည့်အတိုင်း ပြောဆိုနှုတ်မြွက်၍ လှူဒါန်းကြကုန်အံ့၊ ထိုဒါယကာတို့ အလိုအတိုင်း ဘဏ္ဍာတော်ထိန်း တို့က စီမံခန့်ခွဲပြုလုပ်ပေးကုန်ရာသည်။

## ၄၁—စေတိယသန္တကရက္ခိတပုဂ္ဂိုလ်ကို စိစစ်ပြဆိုခြင်း

ပရိဝါပါဠိတော် စတုက္ကဉ္ဇ "အတ္ထိ ပရိက္ခာရော ရက္ခိတဗ္ဗော ဂေါပေ တဗ္ဗော န မမာယိတဗ္ဗော န ပရိဘုဉ္ဇိတဗ္ဗော" ဟူသော တတိယမြောက် ဒေသနာတော်အရ စေတိယသန္တက ပစ္စည်းပရိက္ခရာ ဘဏ္ဍာတော်ကို ရဟန်းတို့သည် "ငါ၏ ဥစ္စာ" ဟူ၍ မငြိတွယ်မခင်မင်အပ်, မသုံးဆောင်အပ်, မသုံးဆောင်ကောင်း၊ စင်စစ်မှာမူ ဘဏ္ဍာတော်ကို ထိန်းသိမ်း တတ်သော ဘဏ္ဍာဂါရိကပုဂ္ဂိုလ်, သင့်တင့်လျောက်ပတ် အပ်အောင်ပြုလုပ်တတ်သော ကပ္ပိယကာရကပုဂ္ဂိုလ်, ကိစ္စကြီးငယ် အသွယ်သွယ်ကို ရွက်ဆောင် ပြုလုပ် တတ်သော ဝေယျာဝစ္စကရပုဂ္ဂိုလ် စသည်တို့ကို ရဟန်းတော်တို့က အသီးသီး စီမံဖန်တီး ခန့်ခွဲသောအားဖြင့် စောင့်ရှောက်အပ် စောင့်ရှောက် ထိုက်သည်၊

www.dhammaransi.com



ပူတာ တံတင်း=သေတ္တာ ဘဏ်တိုက်—စသည်တို့၌ ထည့်သွင်း၍ လုံခြုံစေအပ် သိမ်းဆည်းစေအပ်သည်—ဟု အမိပ္ပါယ် လာသည်ကို ကျနစွာ မှတ်ယူအပ်သည်။

"စေတိယဿ ပဋိပတ္တာယ ဝါ၊ (ပ)၊ ဇဂ္ဂါပေတဗ္ဗော" ဟူသော ပါရာဇိကကဏ် အဋ္ဌကထာ ၌လည်း စေတီတော်အား ဆိမ်းညိုထွန်းပူဇော်ရန်အကျိုးငှာလည်းကောင်း, ကျိုးပဲ့ပွင့်ကွာ ပျက်စီးရာကို ပြုပြင်မွမ်းမံခြင်း အကျိုးငှာလည်းကောင်း ဒါယကာတို့သည် လှူဒါန်းအပ်သော ဥယျာဉ်, အရာမ်, ခြံမြေ—စသော ဝတ္တကဘဏ္ဍာတော်ကိုလည်း ရဟန်းတို့သည် စောင့်ရှောက်အပ် စောင့်ရှောက်ထိုက်၏၊အခ လစာ ကြေးငွေ ပေး၍လည်း လူတို့ကို စောင့်ရှောက်စေအပ် စောင့်ရှောက်စေထိုက်၏၊ စောင့်ရှောက်စေရမည်—ဟု အမိပ္ပါယ်လာသည်။

"ဣဿရော ဟိ ယောကောစိ ဘိက္ခု တာဒိသေ ပရိက္ခာရေ စောရေဟိပိ ဂယှမာနေ ဝါရေတုံ ပဋိဗလော စေ၊ ဗလက္ကာရေန အစ္ဆိန္ဒိတွာ ယထာဌာနေ ဌပေတုဗ္ဗော" ဟူ၍ ဝဇိရဗုဒ္ဓိဋီကာ မိန့်ဆိုရာ၌လည်း တစုံတယောက်သော ရဟန်းတော်သည် ထိုသို့သဘောရှိသော ဗုဒ္ဓသန္တကပစ္စည်း, ဓမ္မသန္တကပစ္စည်း ပရိက္ခရာ ဘဏ္ဍာတော်ကို စောင့်ရှောက်ခြင်းငှာ အစိုးရ၏၊ ခိုးသူတို့သည်လည်း ယူအပ်သည်ရှိသော် တားမြစ်ကန့်ကွက်ခြင်းငှာ စွမ်းနိုင်သည်ဖြစ်အံ့၊ အနိုင်အထက် လုယူ၍ ထားမြဲတိုင်းသောနေရာ၌ ထားခြင်းငှာ အပ်၏—ဟု အမိပ္ပါယ်လာသည်။

ဖော်ပြအပ်ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာတို့ကိုထောက်ရှု၍ ယခုခေတ်အခါ ဗုဒ္ဓသာသနာတော်တွင်းဝယ် စေတီတော်

www.dhammaransi.com



စေတိယသန္တကဖြစ်သော ဘဏ္ဍာတော်တို့ကို ရဟန်းတော်များ ကသော ပဓာနပြဋ္ဌာန်းသောအားဖြင့် စီမံအုပ်ချုပ် ပြုလုပ် စောင့်ရှောက်ခြင်းငှာ စိုးပိုင်သည်—ဟု သန္နိဋ္ဌာန်ကျ မှတ်ယူ အပ်၏။

ထိုသို့ စောင့်ရှောက်ခြင်းငှာ စိုးပိုင်သည်၏ အဖြစ်ကြောင့် မြို့ရွာနယ်ပယ် ဒေသဆိုင်ရာ သံဃသမ္မုတိရ ဩဝါဒါစရိယ ဆရာတော်များက ထိုထိုစေတီတော်တို့၏ ဘဏ္ဍာတော်ထိန်း ကပ္ပိယကာရက တို့ကိုလည်းကောင်း, ဝေယျာဝစ္စကရ ပုဂ္ဂိုလ် တို့ကိုလည်းကောင်း စီမံအုပ်ချုပ်၍ ထိုသူတို့ ပြုလုပ်သင့်—မသင့် စသော ဩဝါဒကို ပေးသင့်ပေးထိုက်၏။

ရဟန်းတော်တို့ စီမံခန့်ခွဲချက်ကို ဦးထိပ်ရွက်ပန်ဆင်ရသော လူဒါယကာ တို့သည်လည်းကောင်း, မိမိတို့သဘာဝအလျောက် သဒ္ဓါတရားပေါက်၍ ဝတ္တသမ္ပန္နနှင့် ပြည့်စုံသော လူဒါယကာ တို့သည်လည်းကောင်း စေတီတော် စေတိယသန္တက ဘဏ္ဍာ တော်တို့ကို စောင့်ရှောက်ခြင်းငှာ လည်းကောင်း, ဝတ်ပြုခြင်း ငှာလည်းကောင်း သင့်၏၊ ထို့ကြောင့်—

ပိဏ္ဍပါတ မဓု ဖာဏိတာဒီနိ ပန ယော နိဗဒ္ဓံ
စေတိယ ဇဂ္ဂကော ဟောတိ ပဗ္ဗဇိတော ဝါ ဂဟဋ္ဌော
ဝါ၊ တဿေဝ ဒါတဗ္ဗာနိ။

ဟု ဝိနည်းမဟာဝါ အဋ္ဌကထာ (ဝိဋ္ဌ ၃၊ မျက်နှာ ၄၂၄) ၌ ဖော်ပြအပ်လေပြီ။

www.dhammaransi.com



ဤဝိနည်းမဟာဝါ အဋ္ဌကထာ၌ စေတိယင်္ဂဏဝတ္တကို ထည့်သွင်း၍ပြခြင်းသည် ပဓာနအားဖြင့် စောင့်ရှောက်ထိုက်သူ့ စိမ်ခန့်ခွဲထိုက်သူအဖြစ်ကို ပြတော်မူသည်မဟုတ်၊ စေတီတော်၌ ဘုံမြက်လှည်းခြင်း, ပန်းမှိုက်သွန်ခြင်း—စသော ဝတ်အကျင့်နှင့် ပြည့်စုံသူ ဂဟဋ္ဌကိုသာ ရည်ရွယ်၍ပြတော်မူသည်—ဟု ယူဆသင့်သည်။

ဤသို့ ပြဆိုခဲ့ပြီး ဖြစ်သည့် အတိုင်း ဓမ္မသာမိ ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် တကွ အဋ္ဌကထာ ဋီကာရှင်တို့၏ စကားတော်တို့ကို ကျောက်ထီးတန္တြ အလေးအမြတ်ပြုသောအားဖြင့် ယခုခေတ်တွင် ထိုထိုမြို့ရွာဒေသတို့၌ နေထိုင်ကြကုန်သော ဥပါသကာ ဥပါသိကာအပေါင်းတို့သည် စေတိယဂေါပက ဘဏ္ဍာတော်ထိန်းလူကြီး ရွေးကောက်တင်မြှောက်ကြရာ၌ လည်းကောင်း, ဘဏ္ဍာတော်ထိန်း လူကြီးတို့၏ ကျင့်ဝတ်စည်းမျဉ်း ဥပဒေ ရေးဆွဲကြရာ၌လည်းကောင်း ဆိုင်ရာဒေသရှိ ရဟန်းသံဃာတော်တို့၏ စီမံခန့်ခွဲချက်=ဩဝါဒကို နာခံမှတ်ယူ အလေးမူလျက် ပြုလုပ် ဆောင်ရွက်ကြရမည်၊ (သို့မဟုတ်) သဘောတူညီချက်ကို ခံယူကြရမည်၊ ရဟန်းသံဃာတော်တို့၏ စီမံခန့်ခွဲချက် သဘောတူညီချက် မပါမရှိသော စည်းမျဉ်းနှင့်တကွ ဘဏ္ဍာတော်ထိန်း လူကြီးများ ကိုလည်း အစိုးရ တရားရုံး တော် များက အသိအမှတ် မပြုကောင်း၊ အကြောင်းကိုဆိုရသော်. အာရက္ခသံဝိဓာန, စေတိယ သန္တကဝိစာရဏတို့သည် လူတို့နှင့် မသက်ဆိုင်၊ ရဟန်းတော်တို့ကသာ စိုးပိုင်သောကြောင့်ပေတည်း။

www.dhammaransi.com



ဤကား "မန္တလေး မဟာမြတ်မုနိဘုရားကြီးသမိုင်း" လာ မဟာမြတ်မုနိ ဘဏ္ဍာဂါရိက ဩဝါဒါစရိယအဖွဲ့ ဝန်ဆောင် (အဂ္ဂမဟာပဏ္ဍိတ)ဟံသာဝတီဆရာတော်၏ ဩဝါဒ ကထာမှ ထုတ်နုတ်၍ သင့်လျော်သလောက်ကို ထည့်သွင်းဖော်ပြအပ်သော အချက်တို့ပေတည်း။

## ၄၂-ပြည့်စုံလောက်ပေပြီ

မြောင်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟအသင်း (ဒု–ဥက္ကဋ္ဌ ဒကာ မောင်အေး)နှင့် အမှုဆောင်လူကြီး ဒကာမှူ-တို့) လျှောက်ထားမေးမြန်းချက်ကို ဝက်လက်မြို့ သမဂ္ဂသံဃာတော် များ ဖြေကြားသည့်"ဗုဒ္ဓဘဏ္ဍာတော်ပြဿနာ"မှာ ဤမျှသော စကားအစဉ်ဖြင့် ပြည့်စုံလုံလောက်ပေပြီ။

အာဂတာ ဝတ ယာ ပဥှာ၊
ဗုဒ္ဓသန္တကသညုတာ။
ပါဠိဋ္ဌ ဝိစိနန္တ်ဝ၊
နိဋ္ဌာ ထေရေဟိ ဗျာကတာ။ ။

ဗုဒ္ဓသန္တကသညုတာ = ဘုရား ရှင်အား ရည်မှတ် သား၍ လှူထားကြရာ ဘဏ္ဍာတော်နှင့်စပ် အရပ်ရပ်သော။ ယာ ပဉှာ= မြောင်မြို့လုံးဆိုင်ရာ ပရိယတ္တိ သာသနာနုဂ္ဂဟ အသင်းကြီး၏ ဒု–ဥက္ကဋ္ဌ ဒကာ မောင်အေးနှင့် အမှုဆောင် လူကြီးဖြစ်သူ ဒကာမှူ–တို့ ကြည်ဖြူလေးမြတ် မေးလျှောက်အပ်သော အကြင် ပြဿနာသည်။ ဝတ=စင်စစ်။ အာဂတာ=ဝက်လက်မြို့ အတွင်း

www.dhammaransi.com



သိတင်းသုံးလတ် သမဂ္ဂမထေရ်မြတ်တို့ထံ ဖြေကြားရန် ဆိုက်ရောက်လာခဲ့ပေ၏။ သာ ပဥှာ=ဗုဒ္ဓသန္တကနှင့်စပ် အရပ်ရပ်သော အမေးပုစ္ဆာ ထိုပြဿနာကို။ ထေရေဟိ=ဝက်လက်မြို့ အတွင်း သိတင်းသုံးလတ် သမဂ္ဂမထေရ်မြတ်တို့သည်။ ပါဠိဥ္စ=သာမုက္ကံသိက ပါဠိစနှယ ဗုဒ္ဓမြွက်ဖော် ပါဠိတော်ကိုလည်း ကောင်း။ (အဋ္ဌကထာဋီကာယောစ=အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာနှင့် ဋီကာ မလပ် ဂန္ထန္တရအရပ်ရပ်တို့ကိုလည်းကောင်း။ (စ-သဒ္ဒါ သမုစ္စည်း အဋ္ဌကထာ,ဋီကာတို့ကိုဆည်းသည်)။ဝိစိနန္တော= ဖွေရှာ ထောက်လှမ်း စူးစမ်းလေ့လာလျက် သာလျှင်။ဗျာကတာ= သာသနာတော်နှင့် လောကအကျိုး ဖွံ့ဖြိုးစေဖွယ် ရည်မှန်းရွယ်လျက် မကျဉ်းမကျယ် မှတ်သားလွယ်အောင် ထုတ်ဆောင်ဖြေကြားအပ်ပေပြီ။ ဗျာကတာ = ဝက်လက်မြို့အတွင်း သိတင်း သုံးလတ် သမဂ္ဂမထေရ်မြတ်တို့ ဖြေကြားအပ်သော၊ သာ ပဥှာ=ထို (ဗုဒ္ဓဘာသာတော် ပြဿနာ) သည်။ နိဋ္ဌာ=၁၃၃၄—ခု ရတုဂိမ္ဟ နွေလခါကြုံ ကဆုန်မာသ ဆုတ်ပက္ခအရောက် ရှစ်ရက်မြောက်၌ မနှောက်အန္တရာယ် စိတ်၌ဝယ်လည်း ပြည့်ကြွယ်ကြည်ပြုံး နိဂုံးကမွတ် အဆုံးသတ်ပါသတည်း။

သာသနဿ စ လောကဿ၊
ဝုဍ္ဍိ ဘဝတု သဗ္ဗဒါတိ။

သာသနဿ = ရှင်တော်ဘုရား အမြတ်ထား၍ ဟောကြားညွှန်ပြ ဆိုဆုံးမအပ်သော ပရိယတ်, ပဋိပတ် ဤနှစ်ရပ်နှင့် ဆက်စပ်ခြင်းရှိ ပဋိဝေဓ ဤသုံးဝသော သာသနာတော်မြတ်

www.dhammaransi.com



ကြီး၏။ ဝုဍ္ဍိ=တက်နေအလား တိုးပွားစည်ပင် အလွန်လျှင် ကြီးပွားခြင်းသည်လည်းကောင်း။ လောကဿ=သာသနာတော် သုံးအင် ဦးထိပ်တင်လျက် ကြည်ရွှင်ဖြူဖြူ ခံယူကြသော သတ္တလောက၏။ ဝုဍ္ဍိ=တနေ့တခြား စည်ကားဆောင်ရွက် တိုးတက်ခြင်းသည်လည်းကောင်း။ သဗ္ဗဒါ=နေ့နေ့ညည ခပ်သိမ်းသော ကာလ၌။ ဘဝတု=အနုပါဒ် နိဗ္ဗူထိအောင် သိရိရွှန်းဝေ ဖြစ်ထွန်း ပါစေသတည်း။ ဣတိ=ဤကား ဝက်လက်မြို့ပျော် သမဂ္ဂသံဃာတော်တို့၏ မြော်ခေါ်နှုတ်မြွက် ဆုတောင်းချက် ပါတည်း။

ဗုဒ္ဓဘာသာတော် ပြဿနာပြီး၏။

ပု+ဒိ+အာနှင့် ပြည့်စုံရ ပါလို၏။

ဝက်လက်မြို့

သမဂ္ဂသံဃာတော်များ

www.dhammaransi.com

လယ်တီဆရာတော်ဘုရားကြီး

# ဘာသာ-သာသနာရေးဆိုင်ရာ

သိမှတ်ဖွယ်ရာများ

www.dhammaransi.com

လယ်တီဆရာတော်ဘုရားကြီး၏
ဥတ္တမပုရိသဒီပနီကျမ်းမှ ထုတ်နုတ်ဖော်ပြအပ်သော

# ဗုဒ္ဓဘာသာဝင်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

မိစ္ဆာဒိဋ္ဌိအယူရှိသော တယောက်သောသူသည် မိမိ၏ မိစ္ဆာအယူကိုစွန့်၍ အဘယ်သို့သော ဗုဒ္ဓဘာသာတရားအတိုင်းလိုက်နာမှ "ဗုဒ္ဓဘာသာဝင်" ဟူ၍ ခေါ်ထိုက်ပါသနည်း—ဟူသောပြဿနာ၌ အဖြေကား—

ဒသဝတ္ထုက ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် စင်ကြယ်၍ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို လိုက်နာမှ "ဗုဒ္ဓဘာသာဝင်" ဟူ၍ ခေါ်ထိုက်သည်။

ဒသဝတ္ထုက သမ္မာဒိဋ္ဌိဆိုသည်ကား—

(၁) အတ္ထိ ဒိန္နံ၊ (၂) အတ္ထိ ယိဋ္ဌံ၊ (၃) အတ္ထိ ဟုတံ၊ (၄) အတ္ထိ သုကတ-ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ (၅) အတ္ထိ အယံ လောကော၊ (၆) အတ္ထိ ပရော လောကော၊ (၇) အတ္ထိ မာတာ၊ (၈) အတ္ထိ ပိတာ၊ (၉) အတ္ထိ သတ္တာ ဩပပါတိကာ၊ (၁၀) အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။ ။ (ဥပရိပဏ္ဏာသပါဠိတော် သေဝိတဗ္ဗာသေဝိတဗ္ဗသုတ် မျက်နှာ ၉၉)

www.dhammaransi.com



(၁) ပေးကမ်းကျိုး ရှိ၏။
(၂) လက်ဦးလက်ဖျား ပေးလှူပူဇော်ကျိုး ရှိ၏။
(၃) အကြီးအကျယ် ပေးလှူပူဇော်ကျိုး ရှိ၏။
(၄) သုစရိုက်ဆယ်ပါး၏ ကောင်းကျိုး, ဒုစရိုက်ဆယ်ပါး၏ မကောင်းကျိုး ရှိ၏။
(၅) ဤလူ့ဘုံလောကသည်ရှိ၏၊ (တမလွန်လောကဖြစ်သည့် နတ်ဘုံအပါယ်ဘုံသားတို့ ဤလူ့ဘုံ၌ ပဋိသန္ဓေ လာရောက်တည်နေ ဖြစ်ပွားရခြင်း ရှိသည်ကိုဆိုလိုသည်။)
(၆) ဤလူ့ဘုံမှတပါး နတ်ဘုံ, အပါယ်ဘုံတို့ ရှိ၏၊ (ဤလူ့ဘုံသားတို့ နတ်ဘုံ,အပါယ်ဘုံ၌ ပဋိသန္ဓေတည်နေဖြစ်ပွားခြင်းရှိသည်ကို ဆိုလိုသည်။)
(၇) အမိ၌ ကောင်းစွာ လုပ်ကျွေးမွေးမြူခြင်း၏ ကောင်းကျိုး, ပြစ်မှားကျူးလွန်ခြင်း၏ မကောင်းကျိုးသည် ရှိ၏။
(၈) အဖ၌ကောင်းစွာလုပ်ကျွေး မွေးမြူခြင်း၏ ကောင်းကျိုး,ပြစ်မှားကျူးလွန်ခြင်း၏ မကောင်းကျိုးသည် ရှိ၏။
(၉) လောကတပါးမှ လောကတပါးသို့ ပြောင်းရွှေ့၍ ပဋိသန္ဓေတည်ကုန်သော သတ္တဝါတို့သည်ရှိကုန်၏။
၁၀) ဤလောက၌ ကောင်းစွာဖြစ်ကုန်သော ကောင်းစွာ ကျင့်ကြကုန်သော ဤလောက, တမလွန်လောကကို ကိုယ်တိုင်ဒိဋ္ဌသိ၍ 'မျက်မှောက်ပြု၍ ဟောကြားကြ

www.dhammaransi.com



ပေကုန်သော ရဟန်း,ပုဏ္ဏား, ဘုရား, **ပစ္စေကဗုဒ္ဓါ**, အရိယာသူတော်ကောင်းတို့သည် ရှိကုန်၏။ (ဤကား ဒသဝတ္ထုက သမ္မာဒိဋ္ဌိတည်း)။

ဤဒသဝတ္ထုကသမ္မာဒိဋ္ဌိကား **ကောကီပညာရှိ** သူတော်ကောင်းတို့ သိကြ, မြင်ကြ, ပညတ်ဟောပြောကြသော ကမ္ဘာ့အရိုး ကမ္ဘာ့ **အစဉ်အလာကြီးတည်း**၊ ဤဒသဝတ္ထုကသမ္မာဒိဋ္ဌိတည်ရှိလျှင်ပင် **ဗုဒ္ဓဘာသာဝင်အငယ်**–ဟု ဆိုရပြီ။

လောက၌ မိစ္ဆာဒိဋ္ဌိ**အယူ**ဟူသမျှတို့ကို ပဋိစ္စသမုပ္ပါဒ်ပညာသည် ပယ်ဖျောက်နိုင်၏၊ **မိစ္ဆာဒိဋ္ဌိအယူ**ဟူသမျှ**သည်** ပဋိစ္စသမုပ္ပါဒ် **ပညာ**မရှိသော သူတို့၌သာ ဖြစ်နိုင်၏၊ ယခုအခါ ပဋိစ္စသမုပ္ပါဒ်ကို ခေတ်ကွဲအောင် ခေတ်ပေါက်အောင် မြင်နိုင်သော ပညာကို အလွန်အရေးတကြီး လိုအပ်လှ၏၊ ဤပဋိစ္စသမုပ္ပါဒ် ပညာရှိသောသူကား **ဗုဒ္ဓဘာသာဝင် အလတ်တည်း**။

ဥတ္တမပုရိသဒီပနီကျမ်း၌ ဆိုအပ်ခဲ့ပြီးသော သတ္တကောသလ္လဌာန၌ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ကို ရသောပုဂ္ဂိုလ်ကား **ဗုဒ္ဓဘာသာဝင် အကြီး** တည်း။

**ပရမတ္ထဗုဒ္ဓဘာသာဝင် အစစ်**ကား သစ္စာလေးပါး ပေါက်ရောက် ထိုးထွင်းသိမြင်ပြီးသော သောတာပန် ပုဂ္ဂိုလ်သည်သာ ပရမတ္ထဗုဒ္ဓဘာသာဝင် **အစစ်** ဖြစ်နိုင်လေသည်၊ **အဘယ့်**ကြောင့်နည်း–ဟူမူ နောက်နောက်ဘဝတို့၌လည်း သဗ္ဗညုဗုဒ္ဓသရဏဂုံ အပြီးမြဲလေသောကြောင့်တည်း။

www.dhammaransi.com



ဗုဒ္ဓဘာသာဝင် အလတ်, အကြီးတို့ကား ယခု တဘာဝသာ စိတ်ချရကုန်သည်၊ ဗုဒ္ဓဘာသာဝင်အငယ်သည်ကား တနေ့တရက် မျှပင် စိတ်မချရ၊ ယနေ့ ဗုဒ္ဓဘာသာ, နက်ဖြန်ခါ ခရစ်ယန် စာဖြူဝင် ဖြစ်နိုင်သောသူတည်း၊ ပရမတ္ထဗုဒ္ဓဘာသာဝင်မှုကား သေလွန်၍ ဗုဒ္ဓဘာသာ မရှိရာ မိစ္ဆာဒိဋ္ဌိအမျိုးထဲမှာ ဖြစ်လေ၍ ဆယ်လရှယ်, တနှစ်အရှယ် စကား ပြောဆိုတတ်သော အခါ "ဗုဒ္ဓသရဏဂုံကို သင်-စွန့်ရမည်၊ ငါတို့ကိုးကွယ်ရာ ဆရာများကို သင်-ကိုးကွယ်ရမည်၊ မကိုးကွယ်လျှင် သင်၏ ဦးခေါင်းကို ဤသန်လျက်ဖြင့် ဖြတ်ပစ်မည်" ဟု ဆိုငြားအံ့၊ ထိုသူငယ်သည် ဦးခေါင်းကိုသာ အဖြတ်ခံလတ္တံ့။ "ကြီးစွာသော မီးပုံကြီးကို ပြု၍ ထိုမီးပုံထဲသို့ သင့်ကိုထည့်မည်"ဆိုလျှင်လည်း မီးပုံထဲသို့သာ အထည့်ခံလတ္တံ့၊ နိဗ္ဗာန်သို့ရောက်သည်တိုင်အောင် ဘာသာတရား ပြောင်းခြင်း မရှိတော့ပြီ၊ ထို့ကြောင့်-

"အဋ္ဌာန မေတံ အနဝကာသော- ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော အညံ သတ္ထာရံ ဥဒ္ဒိသေယျ"

ဟူ၍ ဟောတော်မူသည်။

အနက်ကား- ဒိဋ္ဌိသမ္ပန္နော = ကောင်းသောအယူနှင့် ပြည့်စုံသော။ ပုဂ္ဂလော=ပုဂ္ဂိုလ်သည်။ ယံ= ယေန ကာရဏေန= အကြင်အကြောင်းဖြင့်။ အညံ= မိမိ၏ဆရာ ဘုရားမှ တပါးသော။ သတ္ထာရံ= ဆရာကို။ ဥဒ္ဒိသေယျ=ညွှန်ပြရာ၏။ ဧတံ= ဤအကြောင်းသည်။ အဋ္ဌာနံ=အကြောင်းမဟုတ်။ အနဝကာသော= အရာမဟုတ်။

www.dhammaransi.com



ထိုသူအား နိဗ္ဗာန်ယူသည်တိုင်အောင် သဗ္ဗညု ဗုဒ္ဓဘာသာ ဗုဒ္ဓသာသနာသည် အမြဲတည်လေ၏။

(တနည်း) ဗုဒ္ဓဘာသာဝင် လက္ခဏာကို ဝိနည်း၌ ဟောတော်မူသည်မှာ - ကုဒ္ဒေါ အာရာဓကော ဟောတိ၊ (တချက်)

တုဋ္ဌော ဟောတိ ဂရဟိယော၊ (တချက်)။ ။

(ဝိနည်းပရိဝါရပါဠိတော် သေဒမောစနဂါထာအခဏ်း)

အနက်ကား — ကုဒ္ဒေါ = အမျက်ထွက်မူ။ အာရာဓကော= အားရလောက်သည်။ ဟောတိ=ဖြစ်၏။ ။ တုဋ္ဌော= နှစ်သက်သည်ရှိသော်။ ဂရဟိယော=အားမရလောက်= ကဲ့ရဲ့အပ်၏။

အဓိပ္ပါယ်ကား— ဘာသာတပါးမှ ဗုဒ္ဓဘာသာသို့ ဝင်ပါပြီ— ဆိုသူတို့ နဂိုရ်ဘာသာဝင် ပရိသတ် အမျိုးအရိုးများ အလယ်၌ "အမောင်စာဖြူ, အမောင် ယေရှုခရစ်" ဟု ခေါ်လိုက်လျှင် အမျက်ထွက်၍၊ "အမောင် ရှင်ဂေါတမတပည့်" ဟု ခေါ်လိုက်လျှင် အလွန်ကြည်လင် ရွှင်လန်းဝမ်းမြောက်မူ ထိုသူကား အားရလောက်သော ဗုဒ္ဓဘာသာဝင် ဖြစ်လေပြီ။ ။ ဗုဒ္ဓဘာသာသို့ ဝင်ပါပြီ-ဆိုသော ထိုသူ၏ မျက်မှောက်၌ အခြားသူ၏ မူလယူခဲ့ရင်း ဘာသာတပါး ထိုဆရာများ၏ ဂုဏ်ကျေးဇူးကိုပြောဆိုက နှစ်သက်ကျေနပ်နေသေးလျှင် ထိုသူကား အားရ လောက်သော ဗုဒ္ဓဘာသာဝင် မဟုတ်သေး— ဟူ၍ ဆိုလိုသည်။

ဤကား ဗုဒ္ဓဘာသာဝင် လက္ခဏာတည်း။

www.dhammaransi.com



ဗုဒ္ဓဘာသာဝင် လူမျိုး ဖြစ်သည်အား လျော်စွာ သိသင့် သိထိုက်သောတရား, တပါးသောဘာသာဝင် လူမျိုးတို့ မလှုပ်ချောက်ချား စေနိုင်ခြင်းငှာ **သိအပ်** နှလုံး သွင်းအပ်သော တရားများကိုလည်း သိလိုပါ. သည်—ဟူသော နဝမ လျှောက်ချက်၌—

## ဗုဒ္ဓဘာသာဝင်တို့ သိသင့် သိထိုက်သော တရား

သိသင့် သိထိုက်သောတရားမှာ အန္ဓပုထုဇန်အဖြစ်မှ လွတ် ၍ ကလျာဏ ပုထုဇန်အဖြစ်သို့ ရောက်ရန် ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်, သတိပဋ္ဌာန်—စသော တရားစုသည် ဗုဒ္ဓ ဘာသာမှာမှ ရှိသောတရားစုဖြစ်၍ ဗုဒ္ဓဘာသာဝင် ဆိုလျှင် ထိုတရားတို့ကို သိကျွမ်းလိမ္မာမှ ဗုဒ္ဓဘာသာဝင်တယောက် ဆိုစ လောက်သည်၊ ဒါနမှုမျိုး၊ ငါးပါးသီလ,ရှစ်ပါးသီလ, ဆယ်ပါး သီလ—ဟူသော သီလမှုမျိုး၊ ကသိုဏ်းဘာဝနာ, ဗြဟ္မဝိဟာရ ဘာဝနာ, ကသိုဏ်းစျာန်,ဗြဟ္မဝိဟာရစျာန်—ဟူသော ဘာဝနာ မှုမျိုး၊ ဤဒါန သီလ ဘာဝနာမျိုးစုကား ကမ္ဘာစဉ်ဆက် လာခဲ့သော ကမ္ဘာ့တန်းဆာတရားစု ဖြစ်သည်၊ ကမ္ဘာအနန္တမှာ ထာဝရရှိမြဲ—ဘုရားမပွင့်ရာ စကြဝဠာအနန္တမှာပင် အစဉ်ထာဝရ ရှိနေကြသော ကမ္ဘာ့တန်းဆာတရားမျိုး ဖြစ်ချေသည်၊ ကမ္ဘာ တိုင်း ကမ္ဘာတိုင်းမှာပင် လူရှိ၏, နတ်ရှိ၏, ဗြဟ္မာရှိ၏, ရသေ့ ရဟန်းရှိ၏၊ အနန္တစကြဝဠာမှာပင် လူရှိ၏, နတ်ရှိ၏, ဗြဟ္မာ ရှိ၏, ရသေ့ရဟန်းရှိ၏၊ ငါတို့၏ မြတ်စွာဘုရား ပွင့်ရာကာလ သည် အလွန်သောင်းကျန်းသော တရာ့တမ်းမှာ ပွင့်သည်နှင့်

www.dhammaransi.com



ထိုကမ္ဘာ့တန်းဆာတရားစုသည်ပင် တိမ်မြုပ်သောအခါဖြစ်ချေ၍ ကမ္ဘာ့တန်းဆာ ထိုတရားတို့ကိုပင် များစွာထုတ်ဖော်၍ ဟောတော်မူရလေသည်၊ သာသနာတွင်း၌ကား မြတ်သော အလှူခံ ပုဂ္ဂိုလ်အတွက်, သရဏဂုံ သုံးပါးအတွက် ထိုသာသနာပ ကာလထက် သာလွန်၏။

မြတ်စွာဘုရားပွင့်မှသာ ရှိသောတရားစုကား ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်တရားစုပေတည်း။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ဆိုလျှင် မြတ်စွာဘုရား ပွင့်မှ ရှိသောတရားစုကို အထူးသိကျွမ်းလိမ္မာအောင် အားထုတ်ရာသတည်း၊ ဥတ္တမပုရိသဒီပနီ၌ ထုတ်ပြခဲ့ပြီးသော သတ္တကောသလ္လဌာနသည် "ဗုဒ္ဓဘာသာအစစ်"ပင်တည်း။

ယခုဘဝ၌ ဘာသာတပါးတို့ မလှုပ်ချောက်ချားနိုင်စေခြင်းငှာ သိအပ် နှလုံးသွင်းအပ်သောတရားကား "ပဋိစ္စသမုပ္ပါဒ်တရား" ပေတည်း။

နိဗ္ဗာန်ရသည်တိုင်အောင် ဖြစ်လေရာရာ ဘဝအဆက်ဆက်တို့၌ ဘာသာတပါးတို့ မလှုပ်ချောက်ချားနိုင်စေခြင်းငှာ ထိုးထွင်း၍ သိအပ် သိထိုက်သောတရားကား "သစ္စာ လေးပါးတရား" ပေတည်း။

(ဤကား ဥတ္တမပုရိသဒီပနီကျမ်းမှ ထုတ်နုတ်ဖော်ပြအပ်သော "လယ်တီဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဘာသာဝင်"တည်း။)

www.dhammaransi.com

## လယ်တီဆရာတော်ဘုရားကြီး၏
## ဥတ္တမပုရိသဒီပနီကျမ်းမှ ထုတ်နုတ်ဖော်ပြအပ်သော

# ဒုလ္လဘာဩဝါဒတော်

## (၁) မနုဿတ္တဒုလ္လဘ

"လူ့အဖြစ်ကို ရခဲလှသည်" ဆိုရာ၌ (၁) **အပါယ** ဒုက္ခမှ **ကင်းလွတ်၍** မနုဿသမ္ပတ္တိနှင့် ချမ်းသာစွာနေရသည့် အတွက်နှင့် ဆိုသလော (၂) ကုသိုလ်အလုပ်မျိုးဖြစ်ထွန်းရန် **အခွင့်နှင့်** ဆိုသလောဟူ၍ စိစစ်သင့်၏။

**ကုသလကမ္မနှင့် မနုဿတ္တ**။ ။ (၁) ချမ်းသာစွာနေရသည့် အတွက်နှင့် ဆိုပါသည်—ဟူငြားအံ့၊ လူ့ချမ်းသာမည်သည် နတ်ချမ်းသာကို ထောက်စာသော် ချမ်းသာဟူ၍ မဆိုစလောက်၊ ထို့ကြောင့် ချမ်းသာစွာနေရသည့်အတွက်နှင့် ဒုလ္လဘဆိုခဲ့သော် ဒေဝတ္တဒုလ္လဘ, ဗြဟ္မတ္တဒုလ္လဘတို့ကို ရှေးဦးစွာ ဆိုရာ၏၊ မဆို၊ ထို့ကြောင့် ချမ်းသာစွာ နေရသည့်အတွက်နှင့် ဆိုသည်မဟုတ်၊ (၂) ကုသိုလ်အလုပ်မျိုး ဖြစ်ထွန်းရန် အခွင့်နှင့် ဆိုသည်—ဟု သိအပ်၏။

ထင်ရှားစေအံ့- ကုသိုလ်အလုပ်သည် (က) မနုဿသမ္ပတ္တိ, ဒေဝသမ္ပတ္တိ, ဗြဟ္မသမ္ပတ္တိ ပေါက်ရောက်အောင် လုပ်နည်း (ခ) ဗောဓိသုံးပါးပေါက်ရောက်အောင်လုပ်နည်း ၂ -လမ်းရှိ၏။

www.dhammaransi.com



ထို ၂-လမ်းတွင် (က) မနုဿသမ္ပတ္တိကို လိုလျှင်လည်း လူ့ပြည်ကလုပ်မှ ရသည်၊ နတ်ပြည်ခြောက်ထပ် ဒေဝသမ္ပတ္တိကို လိုလျှင်လည်း လူ့ပြည်ကလုပ်မှ ရသည်၊ ဗြဟ္မသမ္ပတ္တိကို လိုလျှင်လည်း လူ့ပြည်က လုပ်မှရသည် (ခ) ဗောဓိသုံးပါးတွင် တပါးပါးကို လိုလျှင်လည်း လူ့ပြည်ကလုပ်မှ ရသည်၊ မဟာဗောဓိအလုပ်ကို လုပ်ကြကြ ကုန်သော ယောကျ်ားမြတ်ကြီးတို့သည် ယခု အန္တရကပ် အတွင်း မှာပင် ဗြဟ္မာ့ပြည်သို့ အခေါက်များစွာ ရောက်ကြကုန်၏၊ ရောက်ကြကုန်သော်လည်း ဗြဟ္မာ့ချမ်းသာကို တာရှည်စွာခံစား၍ မနေကြကုန်၊ အဓိမုတ္တိသေခြင်းဖြင့် မိမိကိုယ်ကို သေအောင်ပြု၍ လူ့ပြည်သို့သာဆင်းလာကြကုန်၏၊ လူ့ပြည်မှာ စကြာမင်းဖြစ်သော်လည်းအတော်အလျော် ခံစားမိလျှင် ထိုစည်းစိမ်ကို စွန့်၍ မဟာဗောဓိပါရမီအလုပ်ကိုသာ တွင်တွင်လုပ်ဆောင်ကြကုန်၏။

**သဘောအချုပ်ကား။** ။ပညာရှိသောသူသည် လူ့ဘဝကို တခါရလိုက်လျှင် လောကီသမ္ပတ္တိအရာမှာ မနုဿသမ္ပတ္တိပေါင်း အသောင်း, အသိန်း ထူထောင်မိ၏၊ ဒိဗ္ဗသမ္ပတ္တိပေါင်း အသောင်း,အသိန်း ထူထောင်မိ၏၊ ကမ္ဘာများစွာ ချမ်းသာရှည်လျားသော ဗြဟ္မသမ္ပတ္တိပေါင်းလည်း များစွာထူထောင်မိ၏။

ခွဲဦးအံ့—မနုဿသမ္ပတ္တိတွင် စကြာမင်းအဖြစ်သည် အထွတ်အထိပ်တည်း၊စကြာမင်းအဖြစ်ကို ရသောသူသည် ထိုစကြာမင်းစည်းစိမ်ကို အသက်ထက်ဆုံး သုံးဆောင် ခံစံ၍ နေခဲ့သော် ခံစံမှုနှင့်သာ လူ့တဘဝ ပြီးလေ၏၊ သေရာတွင် စည်းစိမ်လည်း

www.dhammaransi.com



ကွယ်ပလေ၏၊ အတိဒုလ္လဘ ရခဲလှသော လူ့ဘဝကိုလည်း အချည်းနှီး ကုန်ဆုံးစေ၏၊ ဒုလ္လဘအချက်ကို သိ၍ ရရှိသော စည်းစိမ်ကို စွန့်နိုင်ပါလျှင် ထိုစကြာမင်းစည်းစိမ်လို စကြာမင်းစည်းစိမ်ပေါင်း စကြာမင်းဘဝပေါင်း တသောင်းမက တသိန်းမကရနိုင်၏၊ ထိုစကြာမင်းစည်းစိမ်ထက် ကြီးကျယ်သော နတ်မင်း ဘဝပေါင်း တသောင်းမက တသိန်းမက ရနိုင်၏၊ သိကြားမင်းစည်းစိမ်ပေါင်း တသောင်းမက တသိန်းမက ရနိုင်၏၊ နတ်မင်း သိကြားမင်း ချမ်းသာထက် အဆ တသိန်းမက ချမ်းသာသော မဟာဗြဟ္မာ ဘဝကိုလည်း ရနိုင်၏၊ မဟာကမ္ဘာကြီး ရှစ်ကမ္ဘာ အသက်ရှည်သော အာဘဿရာ ဗြဟ္မာမင်းစည်းစိမ်ကိုလည်း ရနိုင်၏၊ ၆၄—ကမ္ဘာ အသက်ရှည်သော သုဘကိဏှာဗြဟ္မာမင်း, မဟာကမ္ဘာ ငါးရာ အသက်ရှည်သော ဝေဟပ္ဖိုလ်ဗြဟ္မာမင်း, အထက်ဆုံးဘဝဂ်မှာ မဟာကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်သော အရူပဗြဟ္မာအဖြစ်ကိုလည်း ရနိုင်၏။ ။(ဤကားလူ၏ ဘဝ တကြိမ်ရလျှင် ရနိုင်သော လောကီစီးပွားလမ်းစုတည်း)

**ဘဝပဒေသာ**

လူ့ပြည်မှာ ရရှိသော စကြာမင်းစည်းစိမ်ကို မစွန့်နိုင်လျှင် ထိုစည်းစိမ်ကို မလွတ်နိုင်သည့်အတွက် စီးပွားလမ်းအကုန်ပျက်၏။ ထို့ကြောင့် လူ့ဘဝကို ရသောသူမည်သည် စကြာမင်းစည်းစိမ်ကိုသော်လည်း စွန့်လွှတ်နိုင်ရာ၏။

လောကစည်းစိမ်ကို ဘဝများစွာ ကမ္ဘာများစွာခံစံလိုသောသူသည် လောကီစည်းစိမ် အတွက်နှင့်ပင် ယခုဘဝ ရရှိသော

www.dhammaransi.com



စည်းစိမ်ချမ်းသာကို စွန့်လွှတ်နိုင်ရာ၏၊ မစွန့်နိုင်ခဲ့လျှင်ပြည်တန်သော ပတ္တမြားကို ထမင်းတထပ်စာနှင့် အဆုံးတိုင် ရောင်းစားသည်နှင့်တူ၏၊ လူ့ဘဝမည်သည် ဤမျှလောက် အဖိုးထိုက်တန်သော ဘဝပေတည်း။

ဗောဓိသုံးပါးတွင် တပါးပါးကို ရလိုသော သူသည်မူကား သာ၍ စွန့်လွှတ်နိုင်ရာသတည်း။ (ဗောဓိသုံးပါး-ဟူသည်မှာ– (၁) ဘုရားရှင်တို့ရအပ်သော သဗ္ဗညုတဉာဏ်အထွတ် တပ်သည့် မဂ်ဉာဏ်လေးပါးကို သမ္မာသမ္ဗောဓိခေါ်သည်၊ (၂) ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ရအပ်သော မဂ်ဉာဏ်လေးပါးကို ပစ္စေကဗောဓိခေါ်သည် (၃) ဘုရား၏ တပည့်သာဝက ရဟန္တာတို့ ရအပ်သော မဂ်ဉာဏ် လေးပါးကို သာဝကဗောဓိ ခေါ်သည်၊ ဤသုံးပါးတို့တည်း)။ ။လူ့ဘဝမည်သည် အသိဉာဏ်ရှိသော သူတို့အားခပ်သိမ်းသောလောကီ, လောကုတ္တရာ ချမ်းသာသုခ လိုတိုင်းရနိုင်သော ဘဝပဒေသာပေတည်း။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊
သမ္ပဿံ အတ္ထ- မတ္တနော။
ဘဝပဒေသကံ လဒ္ဓါ၊
စဇေယျ ကပဏံ သုခံ။ ။

တသ္မာ ဟိ =ထို့ကြောင့်လျှင်။ ပဏ္ဍိတော = ပညာရှိသော။ ပေါသော=ယောကျ်ားမြိသသူသည်။ အတ္တနော=မိမိ၏။အတ္ထံ= ဖြစ်ထွန်းရာသော နောင်လာအကျိုးစီးပွါးကို။ သမ္ပဿံ=ကောင်းစွာ ကြည်လင် အရှည်မြင်သည်ရှိသော်။ ဘဝပဒေသကံ =ဘဝ

www.dhammaransi.com



များစွာ ကမ္ဘာမှာသို ချမ်းသာသုခ လုပ်တိုင်းရနိုင်သော ဘဝ ပဒေသာပင်ကြီးကို။လဒ္ဓါ=ရသောအခါဖြစ်၍။ ကပဏံ သုခံ= မျက်တောင် တခတ် လျှပ်တပြက်နှယ် အသက်နည်းပါး အနာ များလျက် ခေါင်းပါးလူဖြစ် ပူခြစ်လောင်ဆာ ဗျာပါပွေရှုပ် စည်းစိမ်နုပ်ကလေးများကို။ စဇေယျ=စွန့်လွှတ်နိုင်ရာ၏။

## (၁) မနုဿတ္တ ဒုလ္လဘပြီး၏။

---

## (၂) ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ

" ဘုရားပွင့်ရာ သာသနာနှင့် ကြုံကြိုက်ခဲသည်" — ဟူရာ၌ (က) အဘယ်တရားအတွက်နှင့် ဆိုပါသနည်း၊ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာကို ရရာရကြောင်းဖြစ်သော ဒါန တရား,သီလတရား,ဘာဝနာတရားများအတွက်နှင့်ဆိုပါသလော၊ (ခ) ဘုရားသာသနာအစစ်ဖြစ်သော ဗောဓိပက္ခိယတရား ၃၇-ပါးအတွက်နှင့် ဆိုပါသလော—ဟူ၍ စိစစ်သင့်၏။

### ဗောဓိပဒေသာ သာသနာ

(က) ဒါန, သီလ, ဘာဝနာ သာမညများသည် ကမ္ဘာ့ တန်းဆာ ဓမ္မတာတရားစုဖြစ်သည်၊ဘုရားမပွင့်သော သုညကမ္ဘာ တို့မှာသည်း လူ, နတ်, ဗြဟ္မာ ကမ္ဘာနှင့်အပြည့် ရှိကြသည် ပင်၊ ဘုရားမပွင့်ရာ စကြာဝဠာအနန္တတို့မှာလည်း လူ, နတ်, ဗြဟ္မာ စကြာဝဠာနှင့် အပြည့်အပြည့် ရှိ ဒသည်ပင်၊ ထိုလူ,နတ်, ဗြဟ္မာတို့သည်လည်း အလေ့ပေါက် မဟုတ်ကြ၊ ဒါန, သီလ

www.dhammaransi.com



ဘာဝနာနှင့် ဖြစ်ကြရသည်၊ (ခ) ထို့ကြောင့် ဗောဓိပက္ခိယတရား ၃၇-ပါးဟူသော ဘုရားသာသနာအစစ်အတွက်နှင့် ဆိုပေသည်–ဟု သိအပ်သည်။

အချို့သူတို့ကား အထုံဝါသနာ ပါရမီဗီဇ ဖြစ်ကြသည်ကိုပင် အားရအံ့ချီး **အကျိုးကြီးပြုလုပ်၍** ပြောဟော ကြကုန်၏၊ ဗောဓိပက္ခိယအနှစ် အမြစ်မပါ အကာ, အပွေးမျှသာဖြစ်သော အထုံဝါသနာ ပါရမီဗီဇ သာမညများသည် သာသနာပသို့ ရောက်သောအခါ မိစ္ဆာဒိဋ္ဌိ တချက်လောက်ငြိလျှင်ပင် လှင့်စင်ပြယ်ပျောက်၍ ဝဋ္ဋာနုသာရီ မဟာပုထုဇန်အနေ သံသရာ့တစ္ဆေ သံသရာ့ မြေဘုတ်မြုပ်မြဲမျောမြဲ တလဲလဲသာ ဖြစ်ရာသည်။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊
သမ္ပဿံ အတ္ထ မတ္တနော။
သာသနံ အနုယုဉ္ဇေယျ၊
ဒိဋ္ဌာ ဗောဓိပဒေသကံ။ ။

တသ္မာ ဟိ = ထို့ကြောင့်လျှင်။ ပဏ္ဍိတော = ပညာရှိသော။ ပေါသော = ယောကျ်ားပြီသသူသည်။ အတ္တနော = မိမိ၏ ။ အတ္ထံ = နောင်အလောင်းအလျာ ပါရမီညဉ် အစဉ်ခြေမြစ် အနှစ်ရဲရဲ အကယ်မြဲ၍ သွားရန်အကျိုးကို။ သမ္ပဿံ = ကောင်းစွာ မြော်မြင်လျက်။ ဗောဓိပဒေသကံ = သုံးဖြာဗောဓိ ဝိဝဋ္ဋဓမ္မ လိုတိုင်းရသော ဗောဓိပဒေသာပင်ကြီးကို။ ဒိဋ္ဌာ = တွေ့ကြုံရ၍။ သာသနံ = သဗ္ဗညုမြတ်စွာ သာသနာအနှစ် အစစ်ကေန် တကယ်မှန်သော သတိပဋ္ဌာန် ၄–ပါး, သမ္မပ္ပဓာန် ၄–ပါး, ဣဒ္ဓိပါဒ် ၄–ပါး, ဣန္ဒြေ ၅–ပါး, ဗိုလ် ၅–ပါး, ဗောဇ္ဈင် ၇–ပါး, မဂ္ဂင်

www.dhammaransi.com



ဂ—ပါးဟူသော ဗောဓိပက္ခိယတရားများကို။ အနုယုဥ္ဇယျ=အားထုတ်ရာသတည်း။ ။

## (၂) ဗုဒ္ဓုပ္ပါဒ ဒုလ္လဘပြီး၏။

---

## (၃) ပဗ္ဗဇိတ ဒုလ္လဘ—
## ပဗ္ဗဇိတအပြား

ပဗ္ဗဇိတသည် (၁) ပညာပဗ္ဗဇိတ (၂) သဒ္ဓါပဗ္ဗဇိတ (၃) ဘယာပဗ္ဗဇိတ-ဟူ၍ သုံးပါးတို့တည်း၊ ထိုတွင် ရှေ့နှစ်ပါးကား ပါရမီရှိမှ ဖြစ်သည်၊ ဘယာပဗ္ဗဇိတ ဆိုသည်ကား မင်းဘေးသင့်၍, အနာဘေးသင့်၍, ရန်သူဘေးသင့်၍, လူမှုကြပ်တည်းလှ၍, လူ့ရည်မလယ်၍ ရဟန်းဘက်၌ အသက်မွေးဝမ်းကျောင်းလွယ်လှ၍ ပြုကြသောရဟန်းစုကား ဘယာပဗ္ဗဇိတချည်းတည်း။

သဗ္ဗညုသာသနာမည်သည် ပညာအလုပ်တည်း၊ လူဖြစ်စေ, ရဟန်းဖြစ်စေ ပညာရှိရာမှာ သာသနာနေသည်၊ ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်မှာသာ နေသကဲ့သို့တည်း။

ထင်ရှားစေဦးအံ့— သဗ္ဗညုဘုရားသာသနာမည်သည် နတ်ပွဲ, ဗြဟ္မာပွဲ သာတည်း၊ လူသည် နတ်, ဗြဟ္မာ တကုဋေမှာ တယောက်ကျမျှ ရှိမည်မဟုတ်၊ ရဟန်းသည်လည်း လူတသောင်းမှာ တယောက်ကျ ရှိမည်မဟုတ်၊ သာဝတ္ထိပြည်မှာ လူအရိယာ ပေါင်း ကုဋေများစွာ လာသည်၊ သာဝတ္ထိပြည်သား အကျွတ်ရသောရဟန်း တသိန်းမျှ ထွက်မည်မဟုတ်၊ ထို့ကြောင့် ဘုရားသာသနာ၌ ပညာပဗ္ဗဇိတ, သဒ္ဓါပဗ္ဗဇိတများကို ရည်၍ ပဗ္ဗဇိတဒုလ္လဘ—ဆိုသည်ဟုမှတ်။

www.dhammaransi.com



(၁) ပညာပဗ္ဗဇိတမျိုးကား အသိကို မဲသည်။
(၂) သဒ္ဓါပဗ္ဗဇိတမျိုးကား အကျင့်ကို မဲသည်။
(၃) ဘယာပဗ္ဗဇိတမျိုးကား ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး= ပစ္စည်းလေးပါး ပရိက္ခရာမှုကို ဂရုစိုက်၍ မဲသည်။—

ပညာပဗ္ဗဇိတော ပညံ၊
*သဒ္ဓံ သဒ္ဓါပရိဗ္ဗဇော။
ဘယာပဗ္ဗဇိတော လာဘံ၊
အနုယုဉ္ဇန္တိ သာသနေ။ ။

သာသနေ=သာသနာတော်၌—
(၁) ပညာပဗ္ဗဇိတော=ပညာပဗ္ဗဇိတရဟန်းမျိုးသည်။ ပညံ= တတ်မှု, သိမှုကို။ (၂) သဒ္ဓါပဗ္ဗဇိတော=သဒ္ဓါပဗ္ဗဇိတ ရဟန်းမျိုးသည်။ သဒ္ဓံ=ခုတင်စသော သဒ္ဓါမှုကို။ (၃) ဘယာပဗ္ဗဇိတော=ဘယာပဗ္ဗဇိတရဟန်းမျိုးသည်။ လာဘံ=ပစ္စည်းလာဘ် လာဘမှုကို။ အနုယုဉ္ဇန္တိ=မဲကြကုန်၏။ ။(ဤကား မြင်လျှင် သိဘို့ ပဗ္ဗဇိတ လက္ခဏာသုံးပါးတည်း)။

(တနည်း)—
ပညာပဗ္ဗဇိတော ပညံ၊
သဒ္ဓံ သဒ္ဓါပရိဗ္ဗဇော။
လောဘာပဗ္ဗဇိတော လောဘံ၊
မောဟံ မောဟာပရိဗ္ဗဇော။ ။

www.dhammaransi.com



(၁) ပညာပဗ္ဗဇိတော=ပညာပဗ္ဗဇိတရဟန်းမျိုးသည်။ပညံ= ပညာကို။ (၂) သဒ္ဓါပရိဗ္ဗဇော=သဒ္ဓါပဗ္ဗဇိတရဟန်းမျိုးသည်။ သဒ္ဓံ=သဒ္ဓါကို။ (၃) လောဘာပဗ္ဗဇိတော= အစားကောင်း, အဝတ်ကောင်း, အိပ်ရာနေရာကောင်း,အရိပ်အာဝါသ ကောင်း နှင့်နေရသည်ကို သာယာသော လောဘဖြင့် ရဟန်းပြုသောသူ သည်။ လောဘံ=အကောင်းအမွန် အတင့်အတယ် အဖွယ်အရာ သာယာမှုကို။ (၄) မောဟာပရိဗ္ဗဇော=သာသနမှ ခက်ခဲလှပုံ ကို မသိပဲ စွပ်မိရာဖြစ်၍ နေသော ရဟန်းသည်။ မောဟံ= အမေ့တလျော့အမှတ်တမဲ့နှင့် နေ့ကုန်မှုကို။ အနုယုဉ္ဇန္တိ=မဲကြ ကုန်၏။ ။(ဤကား တနည်း မြင်လျှင်သိဘို့ ပဗ္ဗဇိတလက္ခဏာ လေးပါးတို့တည်း)။

## (၃) ပဗ္ဗဇိတဒုလ္လဘပြီး၏။

---

## (၄) သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ—
## သဒ္ဓါသမ္ပတ္တိအပြား

သဒ္ဓါသည် (၁)ပသာဒသဒ္ဓါ (၂) ဩကပ္ပနသဒ္ဓါ (၃)အာဂမ သဒ္ဓါ (၄) အဓိဂမသဒ္ဓါ — ဟူ၍ လေးမျိုး ရှိ၏၊ ထိုတွင် (၁) ကြည်ညိုထိုက်သော ဂုဏ်ကို ကြားရမြင်ရလျှင် ကြည်ညို တတ်သောသဒ္ဓါသည် ပသာဒသဒ္ဓါတည်း၊ ဉာဏဝိပ္ပယုတ်သဒ္ဓါ မျိုးဖြစ်၍ သဒ္ဓါခိုင်မဟုတ်၊ (၂) ဣတိပိသော, သွာက္ခာတော, သုပ္ပဋိပန္နော—စသော ဂုဏ်များကို ဉာဏ်ဖြင့် မြင်၍ ကြည်ညို သော သဒ္ဓါသည် ဩကပ္ပနသဒ္ဓါမည်၏၊ ဉာဏသမ္ပယုတ် သဒ္ဓါ မျိုးဖြစ်၍ ယခုဘဝတွင် ခိုင်၏၊ သေလျှင် ပျက်လေ ပျောက်

www.dhammaransi.com



လေ၏၊ (၃) နိယတဗျာဒိတ်ကို ရပြီးသော အလောင်းအလျာတို့၏ ဒါန, သီလမှုတို့၌ ဖြစ်လေရာရာ အစဉ်ပါ၍ နေသော သဒ္ဓါသည် အာဂမသဒ္ဓါမည်၏၊ (၄) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရ၍ မိမိ၏ အဇ္ဈတ္တသန္တာန်၌ နိဗ္ဗာန်ကို မြင်ပြီးသော အရိယာတို့၏ သဒ္ဓါသည် အဓိဂမသဒ္ဓါမည်၏။

ဤလေးပါတွင် ပသာဒသဒ္ဓါသမ္ပတ္တိမှုသည်ပင် အလွန်ရခဲ၏၊ ဗုဒ္ဓဘာသာထွန်းကားရာနိုင်ငံမှာ နေကြသူ လူမျိုးအများရှိကြ၏၊ ပသာဒသဒ္ဓါမျှပင် မဖြစ်လိုကြ၊ ဩကပ္ပနသဒ္ဓါနှင့် ပြည့်စုံသောသူသည် မြတ်စွာဘုရား၏ တပည့်သား အနွယ်အဆက် မှန်လျှင် အလဇ္ဇီဒုဿီလ တို့၌ပင် အနွယ်နှင့် စပ်၍ လေးမြတ်ရိုသေနိုင်၏၊ အာဂမသဒ္ဓါနှင့် ပြည့်စုံသော သူသည် ဒါနမှု, သီလမှုနှင့် ကင်း၍ မနေနိုင်ပြီ၊ အဓိဂမ သဒ္ဓါနှင့် ပြည့်စုံသောသူသည် နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် သရဏဂုံ သုံးပါး, နိစ္စသီလငါးပါး, သုစရိုက်ဆယ်ပါး, ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါး, သိက္ခာသုံးပါး အစဉ်မြဲ၍သွား၏။

## ဝက်ရူးနာဥပမာ

ဤစကားရပ်မှာ "မိမိ၏ အဇ္ဈတ္တ သန္တာန်၌ နိဗ္ဗာန်ကို မြင်ကြပုံ"ကား— ဝက်ရူးနာရှိသောသူသည် နှလုံးကို လှုံ့ဆော်နိုင်သော ဆိုင်းသံ, ဝိုင်းသံ, ပွဲကြီး, လမ်းကြီးနှင့် တွေ့ကြုံသောအခါ ဝက်ရူးနာပေါ်၏၊ နောက်အခါ ဆေးကောင်း, ဝါးကောင်း, သမားကောင်းနှင့် တွေ့၍ ဝက်ရူးနာ အမြစ်အရင်းနှင့်တကွ ကင်းရှင်းပျောက်ငြိမ်းလေ၏၊ ပွဲကြီး, လမ်းကြီး

www.dhammaransi.com



နှင့်တွေ့သော်လည်း ကိစ္စမရှိပြီ၊ ထိုအခါ ပွဲကြီး လမ်းကြီးနှင့် တွေ့တိုင်း မိမိကိုယ်ကို အမှတ်ရ၍– “ငါသည် ရှေးအခါ၌ ဤကဲ့သို့သော ပွဲကြီး, လမ်းကြီးနှင့် တွေ့ခဲ့လျှင် နှလုံးမှာ ဘယ်လိုဖြစ်၍လာသည်၊ ထို့နောက် လူမှန်းမသိ ဖြစ်၍သွားသည်၊ အမှတ်ရ၏၊ ယခုမူကား လွတ်ငြိမ်းပေပြီ”ဟု အလွန်ဝမ်းမြောက်၏၊ ထိုပွဲကြီး, လမ်းကြီးအလယ်မှာ ဝက်ရူးနာပေါ်၍ နေရှာကြသော သူတပါးတို့ကို မြင်ရပြန်လျှင်လည်း “ငါသည်လည်း ရှေးအခါ သည်လို ဖြစ်ခဲ့လှပြီ၊ ယခု လွတ်ငြိမ်းပေပြီ” ဟု ဝမ်းမြောက်ပြန်၏၊ သူတပါးတို့ တဆင့်ပြောကို ကြားသိရပြန်လျှင်လည်း ထို့အတူ၊ ဝက်ရူးနာ၏ အဖြစ်သနစ်ကို ပြောဆိုသံကြားရလျှင်လည်း ထိုနည်းအတူပင်။

ဤအတူ လောက၌ ရာဂဖြစ်ပွားဘို့ အခွင့်စု, ဒေါသဖြစ်ပွားဘို့အခွင့်စု, မာနဖြစ်ပွားဘို့အခွင့်စု, မောဟ–ဥဒ္ဓစ္စဖြစ်ပွားဘို့အခွင့်စုသည် အပြည့်ရှိ၏၊ ထိုအခွင့်စုမှာ ရှေးအခါ ရာဂ–စသည် ဖြစ်ပွားခဲ့လှပြီ၊ အရိယာဖြစ်ပြီးသောအခါ ထိုအခွင့်စုနှင့် တွေ့ကြုံသော်လည်း ဖြစ်နေကျ ရာဂ–မဖြစ်လာပြီ၊ ဖြစ်နေကျဒေါသ– မဖြစ်လာပြီ၊ ထိုအခါ ဤသို့သိ၏– “ဤအခွင့်မှာ ရှေးအခါ ရာဂဖြစ်ခဲ့လှပြီ၊ ယခု ဖြစ်မှုငြိမ်းပေပြီ” ဟု သိ၏၊ ဒေါသဖြစ်ခွင့်စသည်တို့မှာလည်း ဤနည်းမြင်လေ၊ သူတပါးတို့မှာ ထိုရာဂ, ဒေါသ – စသည်တို့ ဖြစ်၍ နေကြသည်ကို မြင်သောအခါ၌လည်းကောင်း, ကြားရသောအခါ၌လည်းကောင်း ထို့အတူ “ငါ့မှာ အဖြစ်ငြိမ်းပေပြီ”ဟုသိ၏၊ “ထိုသို့သော ရာဂ, ဒေါသမှ လွတ်ပေပြီ–လွတ်ပေပြီ”ဟုသိ၍ ဝမ်းမြောက်၏။

www.dhammaransi.com



ဝက်ရူးနာရှိ၍ နေသော သူတယောက်သည် ဝက်ရူးနာ ထပေါ်၍ နေသော သူတယောက်ကို မြင်ရလျှင်ကြားရလျှင် "ငါလည်း သည်သူလိုဖြစ်ရအုံ၊ ယနေ့လား, နက်ဖြန်လား"ဟု နှလုံး နောက်ကျုခြင်းဖြစ်လာ၏၊ ထို့အတူ ပညာရှိသော သတိ သံဝေဂနှင့်ယှဉ်သော ပုထုဇန်သည် ရာဂအတွက်နှင့် အရှက်တကွဲ အကျိုးနဲ၍ နေသောသူကို မြင်လျှင် ကြားလျှင် "ထိုရာဂသည် ငါ၌လည်း ရှိချေ၏၊ ငါလည်း ထိုသူကဲ့သို့ဖြစ်မှုမှ မကျွတ်သေး, မလွတ်သေး, မငြိမ်းသေး၊ ယနေ့လား, နက်ဖြန်လား"ဟု နှလုံး တိတ်လန့်ခြင်း ဖြစ်၏။

အရိယာဖြစ်ပြီးသူ ထိုအမှုကို ကြားလျှင်"ငါ၌ 'ထိုရာဂမရှိပြီ၊ ထိုသူကဲ့သို့ ဖြစ်မှုမှ ကျွတ်ပေပြီ, လွတ်ပေပြီ, ငြိမ်းပေပြီ"ဟု မိမိ အဇ္ဈတ္တကို အာရုံပြု၍ ဝမ်းမြောက်ခြင်း ဖြစ်၏။

ဤကား အဇ္ဈတ္တသန္တာန်၌ ဖြစ်ခဲ့ဘူးသော အတိတ် ကိလေသာကို အာရုံပြုမှုတချက်, ထိုကိလေသာ တို့၏ အဇ္ဈတ္တ သန္တာန်၌ ငြိမ်းမှုကို အာရုံပြုမှုတချက် ဖြစ် သည်။

သုသုခံ ဝတ ဇီဝါမ၊ အာတုရေသု အနာတုရာ။
အာတုရေသု မနုဿေသု၊ ဝိဟာရာမ အနာတုရာ။ ။

(ကိလေသာကျင်နာမှု မငြိမ်းသူတို့ကို မြင်၍ မိမိ အဇ္ဈတ္တသန္တာန်၌ ကိလေသာကျင်နာမှု ငြိမ်းသည်ကို ဝမ်းမြောက်သော ဂါထာဒေသနာတည်း)။

www.dhammaransi.com



အနက်ကား—အာတုရေသု=ကိလေသာဖြင့် ကျင်နာကုန်သော သူတို့၏အထံ၌။ အနာတုရာ=ကိလေသာဖြင့် ကျင်နာခြင်း ကင်းကုန်သည်ဖြစ်၍။ မယံ=ငါတို့သည်။ သုသုခံ=အလွန်ချမ်းသာစွာ။ ဇီဝါမ ဝတ=အသက်ရှည်ကုန်၏ တကား။ မနုဿေသု=လူတို့သည်။ အာတုရေသု=ကိလေသာဖြင့် ကျင်နာခြင်းရှိကုန်စဉ်။ အနာတုရာ=ကိလေသာဖြင့် ကျင်နာခြင်း ကင်းကုန်သည် ဖြစ်၍။ မယံ=ငါတို့သည်။ ဝိဟရာမ=နေကြရကုန်၏။

လောက၌ မိမိသန္တာန်မှာ ရှိနေသော မြေ့,ရေ, လေ,မီး-စသော ဓာတ်အစုတို့ကို မမြင်မှု=အဝိဇ္ဇာကြောင့် ငါဟူ၍ စွဲလမ်းခြင်းနှင့်တကွ ဇရာ, မရဏမီး၏ အစီးအပွါးတို့ကို စိတ်ရော ကိုယ်ပါ ပူမှန်းမသိ, အေးမှန်းမသိ၊ ကူလီအလုပ်, ကုန်သည် အလုပ်, မင်းစိုးရာဇာအလုပ်တို့ကို အားထုတ်လုပ်ဆောင်၍ နေကြသော ပုပုရွရွတို့ကို မြင်ကြသောအခါ အရိယာတို့မှာ“ဤကဲ့သို့သော ဗာလုဿုက သခ်ါရမှ ကျွတ်ရပေပြီ, လွတ်ရပေပြီ, ငြိမ်းရပေပြီ” ဟု ဝမ်းမြောက်၏၊ ပုထုဇန်အချင်းချင်း မြင်ကြလျှင်ကား အားကျ၏။

(ဗာလုဿုက သခ်ါရ — ဟူရာ၌ — ဗာလာနံ ဥဿုကောတိ ဗာလုဿုကော။ ။ဗာလာနံ=အဝိဇ္ဇာမှောင်ဓာတ် အကြပ်အတည်း ဖုံးပိတ်၍ နေကြကုန်သော အန္ဓပုထုဇန်တို့၏။ ဥဿုကော=ကြောင့်ကြစိုက်မှုတည်း။ ဣတိ=ဤသို့သောအကြောင်းကြောင့်။ ဗာလုဿုကော=ဗာလုဿုကမည်၏။ ။အဝိဇ္ဇာ, သခ်ါရ=နှစ်ပါးတွင်

www.dhammaransi.com



သင်္ခါရကိုဆိုသတည်း၊ တဏှာ, ဥပါဒါန်, ဘဝ–သုံးပါး တွင် ကမ္မဘဝမှုကို ဗာလုသျှကဆိုသည်)။

ထိုသို့သော ဗာလုသျှကမှုတို့ကို စိတ်ရော,ကိုယ်ပါ ရယ်ကာ, ပြုံးကာ လုပ်ဆောင်၍နေကြသော အန္ဓပုထုဇန်၊ မြို့ကြီး,ရွာကြီး, ဈေးကြီး, နာကြီး, ဆိပ်ကြီး, ကမ်းကြီး, စခန်းကြီး–စသည် တို့၌ ဆူဆူညံညံ လုလုယက်ယက် ပြောဆိုပြုလုပ်၍ နေကြသော အန္ဓပုထုဇန်တို့ကို မြင်သောအခါ ကြားသောအခါတို့၌ အရိယာပုဂ္ဂိုလ်သည် မိမိသန္တာန်မှာ အဝိဇ္ဇာချုပ်ငြိမ်းမှု, တဏှာ ချုပ်ငြိမ်းမှု, ဗာလုသျှကသင်္ခါရ ချုပ်ငြိမ်းမှုကိုမြင်၍ "ငါသည် ဤသို့သော ဗာလုသျှကဒုက္ခမှ လွတ်ပေပြီ" ဟု ဝမ်းမြောက်၏။ ။ပုထုဇန် အချင်းချင်း မြင်ကြ ကြားကြ လျှင်ကား အားကျ၏။

သုသုခံ ဝတ ဇီဝါမ၊ ဥဿုကေသု အနုဿုကာ။
ဥဿုကေသု မနုဿေသု၊ ဝိဟရာမ အနုဿုကာ။ ။

(ဗာလုသျှကသင်္ခါရမှု နှိပ်စက်၍နေကြသော အန္ဓပုထုဇန်တို့ကိုမြင်၍ အဇ္ဈတ္တသန္တာန်၌ အဝိဇ္ဇာချုပ်ငြိမ်း မှု, တဏှာချုပ်ငြိမ်းမှုကို မြင်၍ အရိယာတို့ဝမ်းမြောက် သော ဓမ္မပဒကျမ်းလာ ဂါထာဒေသနာ)။

အနက်ကား– ဥဿုကေသု = ကာမဂုဏ်ကို လုံ့လ ထုတ်ကုန်သော သူတို့၏ အထံ၌။ အနုဿုကာ= ကာမ ဂုဏ်ကို လုံ့လထုတ်ခြင်း ကင်းကုန်သည်ဖြစ်၍။ မယံ= ငါတို့သည်။ သုသုခံ=အလွန်ချမ်းသာစွာ။ဇီဝါမဝတ= အသက်ရှည်ကုန်၏ တကား။ မနုဿေသု = လူတို့သည်။

www.dhammaransi.com



ဥဿုကေဿု=ကာမဂုဏ်ကို လုံ့လထုတ်ကြကုန်စဉ်။ အနုဿုကာ= ကာမဂုဏ်ကို လုံ့လထုတ်ခြင်း ကင်းကုန်သည်ဖြစ်၍။ မယံ= ငါတို့သည်။ ဝိဟရာမ= နေကြရကုန်၏။

လူဖြစ်လျက် မျက်စိကန်း၊ နားကန်း၊အရူးအသွပ်–စသည်ကို မြင်သောအခါ၌လည်းကောင်း၊ အပါယ်လေးဘုံ၌ ဆင်းရဲဒုက္ခခံနေရသော သတ္တဝါတို့ကို မြင်ရသော အခါ၌လည်းကောင်း သတိသံဝေဂရှိကြသော ပုထုဇန်ပညာရှိတို့မှာ "ငါ၌လည်း ဤကိလေသာမျိုး၊ဤကံမျိုး၊ဤဝိပါက်မျိုး တန်းလန်း ရှိချေသေးသည်၊ ယခုနေ့လား၊ နက်ဖြန်လား၊ ငါ့လမ်း ငါ့စခန်းစုပင်ဖြစ်ချေသည်" ဟု နှလုံးထိတ်လန့်ခြင်း ဖြစ်၏၊ အရိယာတို့မှာ "ငါလွတ်ပေပြီ၊ ငါငြိမ်းပေပြီ" ဟု မိမိ၏ အဇ္ဈတ္တသန္တာန်၌ ထိုဝိပါကဒုက္ခငြိမ်းမှုကို ရှုမြင်၍ ဝမ်းမြောက်ခြင်းဖြစ်၏၊ ဂိဇ္ဈကုဋ်တောင်မှာ ပြိတ္တာတွေကို မြင်ရ၍ အရှင်မောဂ္ဂလာန်ထေရ်ဝမ်းမြောက်မှုကဲ့သို့တည်း။

ဤကား မိမိ၏ အဇ္ဈတ္တသန္တာန်၌ အနာဂတ် ဖြစ်သောယုတ်ညံ့ လှစွာသော ဝိညာဏ်၊ နာမ် ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့၏ ချုပ်ငြိမ်းမှုကို ရှုမြင်၍ ဝမ်းမြောက်ပုံတည်း။

ဗုဒ္ဓုပ္ပါဒအခါမည်သည် ဇရာ–မရဏမီး၊ သက္ကာယဒိဋ္ဌိမီး–အစရှိသော အနမတဂ္ဂ ဝဋ္ဋဒုက္ခမီးတို့၏ ငြိမ်းမှုတခုကိုသာ မဲရမည့်အခါတည်း။

www.dhammaransi.com



လူဖြစ်သောသူသည်လည်း လူ့အမှု၊ လူ့စည်းစိမ်တို စွန့်လွှတ်၍ အဝိဇ္ဇာခေတ်ကို သတ်မှုတခုသာ အလုပ်ထားရမည့် အခါဖြစ်သည်၊ လူ့စည်းစိမ်မည်သည် အနမတဂ္ဂ သံသရာ ဓမ္မတာတည်း၊ ယခုဘဝမှ တွေ့ရသည်မဟုတ်၊ သူဌေးဖြစ်သူလည်း သူဌေး စည်းစိမ်ကို ပြန်၍ ကြည့်ရသော အခါမဟုတ်၊ မင်းဖြစ်သူလည်း နတ်ဖြစ်သူလည်း၊ သိကြားဖြစ်သူလည်း၊ ဗြဟ္မာဖြစ်သူလည်း ဗြဟ္မာ့စည်းစိမ်ကို အမှုစိုက်၍နေရသည့် အခါမဟုတ်၊ မင်းစည်းစိမ်၊ နတ်စည်းစိမ်၊ သိကြားစည်းစိမ်၊ ဗြဟ္မာ့စည်းစိမ် စုကား သံသရာ့ ဓမ္မတာ ကိလေသာအစီးအပွား ဇရာ၊ မရဏ အစီးအပွါးစုသာတည်း၊ ယခုမှ တွေ့ဘူးရသည် မဟုတ်၊ မိမိနှလုံးထဲမှာ ရဲရဲတောက်ပါရှိ၍နေသော သက္ကာယဒိဋ္ဌိ အဝိဇ္ဇာ၊ အစိစိုင်ရဲမီးကို သတ်မှုတခုကိုသာ လုပ်ရမည့်အခါတည်း၊ အခါလွန်၍သွားလျှင် လုပ်ခွင့်မရှိပြီ။

ထိုသို့ဖြစ်ပါလျက် ရခဲလှစွာ ကြုံကြိုက်ခဲလှစွာသော ဗုဒ္ဓုပ္ပါဒခဏ နှစ်အဖိုးတန်၊ လအဖိုးတန်၊ ရက်အဖိုးတန်၊ နာရီအဖိုးတန်၊ ခဏအဖိုးတန်တွေကို အလွန်ခံ၍၊ အကုန်ခံ၍၊ တဏှာ—ဥပါဒါန်တို့ ဆွဲငင်ရာ ပါ၍၊ လိုက်စား၍ သူဌေးစည်းစိမ်၊ မင်းစည်းစိမ်၊ နတ်စည်းစိမ်၊ သိကြားစည်းစိမ်၊ ဗြဟ္မာစည်းစိမ်များနှင့် နေ့ကုန်၊ ရက်ကုန်၊ လကုန်၊ နှစ်ကုန်၍ နေကြသောသူတို့ကိုမြင်သောအခါ ပညာရှိ ပုထုဇန်မှာ "ငါ့ာလည်း ဤတဏှာ၊ ဤဥပါဒါန် ထင်လင်းရှိချေသေးသည်" ဟု နှလုံးထိန့်လန့်ခြင်းဖြစ်၏၊

www.dhammaransi.com



အရိယာတို့မှာ"ဤကဲ့သို့ အခါမသိ, အခွင့်မသိ, မိမိနှလုံးထဲမှာ ရဲရဲတောက်၍နေသော ငရဲထုပ်ကြီး ကိုလည်း မသိသော တဏှာ,ဥပါဒါန်မျိုးသည် ငါ၌ ကင်းလွတ်ပေပြီ"ဟု ဝမ်းမြောက်၏၊ (ဤကား မိမိ၏ အဇ္ဈတ္တသန္တာန်၌ တဏှာ, ဥပါဒါန်တို့၏ ချုပ်ငြိမ်းမှုကို ရှုမြင်၍ ဝမ်းမြောက်ပုံတည်း)။

ဘဝမှာ သခါရနှင့် တူပြီ၊ ဇာတိမှာ ဝိညာဏ်နှင့် တူပြီ။ ။ဤတွင်ရွေ့ကား မိမိ၏ အဇ္ဈတ္တသန္တာန်၌ နိဗ္ဗာန်ကို မြင်ပြီးသော အရိယာတို့၏—ဟူသောစကား၌ မိမိ၏ အဇ္ဈတ္တသန္တာန်တွင် နိဗ္ဗာန်ကိုမြင်ပုံကို ပြဆိုလိုက်သောအခဏ်းတည်း)။

## (၄) သဒ္ဓါသမ္ပတ္တိ ဒုလ္လဘပြီး၏

---

## (၅) သဒ္ဓမ္မသဝန အတိဒုလ္လဘ သဇ္ဇနောဝါဒ၊ ရခဲစွာ့ရှင့်

သဒ္ဓမ္မဆိုသည်ကား သာသနာကို ဆိုသတည်း၊ ထိုသာသနာသည် အဓိသီလသိက္ခာ သာသနာ, အဓိစိတ္တသိက္ခာ သာသနာ, အဓိပညာသိက္ခာသာသနာဟူ၍ သုံးပါးရှိ၏၊ အောက်၌ပြခဲ့ပြီးသော သိက္ခာသုံးပါး ပင်တည်း။ ။ပရိယတ္တိ သာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ ဟူ၍လည်း အဋ္ဌကထာများမှာ လာ၏။

www.dhammaransi.com



အနမတဂ္ဂသံသရာ၌ ငါ၏ နားနှစ်ဖက်မှာ လူ၌ ဖြစ်သော အသံမျိုး စကားမျိုး, နတ်၌ဖြစ်သော အသံမျိုး စကားမျိုး, ဗြဟ္မာ၌ဖြစ်သော အသံမျိုး စကားမျိုး ကြားမှုနာမှု သံသရာနှင့်တခု စဲသည်ဟူ၍ မရှိပြီ၊ ထိုကြားမှုနာမှုတို့သည် ကိလေသာမီးပွားများဘို့, တဏှာမီးပွားများဘို့, ဒေါသမီး မောဟမီး ပွားများဘို့, သက္ကာယဒိဋ္ဌိမီး ပွားများဘို့, ဇရာ—မရဏမီး ပွားများဘို့ချည်း ဖြစ်ချေ၏၊ ထိုမီးစုလွတ်ငြိမ်းရန် အသံမျိုးသည် ငါ၏နားမှာ သီလာဘူးသည်မရှိ၊ ယခုဘဝ ကြုံကြိုက်၍နေခဲ့ပြီ၊ ငါ၏နားကို သံသရာမီးငြိမ်းရန် အသံစုမှ ယခုဘဝ အသုံးချတော့မည်ဟု သတိရှိသင့်လှသည်။

## (၅) သဒ္ဓမ္မသဝနဒုလ္လဘာပြီး၏။

(ဤကား လယ်တီဆရာတော် ဘုရားကြီး၏ ဥတ္တမပုရိသ ဒီပနီကျမ်းမှ ထုတ်ဆောင်ဖော်ပြအပ်သော "ဒုလ္လဘာဩဝါဒ တော်" တည်း)။

### လယ်တီဆရာတော်ဘုရားကြီး၏ ဗောဓိပက္ခိယဒီပနီကျမ်းမှထုတ်နုတ်ဖော်ပြအပ်သော "သာသန ဒါယဇ္ဇ"

# သာသနအမွေခံစစ်တမ်း

("သတိပဋ္ဌာန်၄-ပါး, သမ္မပ္ပဓာန် ၄-ပါး,ဣဒ္ဓိပါဒ် ၄-ပါး ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါး" ဟူသော) ဤဗောဓိပက္ခိယတရား (၃၇) ပါးတို့သည် ဘုရား အမွေတော်မည်ကုန်၏၊သာသန အမွေတော်မည်ကုန်၏၊သာသနာ တော်မြတ်ကြီး၌ အသချေ်ယျ အနန္တအဖိုးထိုက်သော အမြိုက် ဥစ္စာ ရတနာတို့မည်ကုန်၏။

[ဤဗောဓိပက္ခိယတရား၌ သာသနဒါယဇ္ဇ=သာသန အမွေခံစစ်တမ်းကို ပြဆိုရာ၏၊ သာသနဒါယဇ္ဇ—ဟူသည် ကား သာသန အမွေအနှစ်ကို ခံမှုတည်း။ ဒါတဗ္ဗန္တိ ဒါယံ။ဒါတဗ္ဗံ=ပေးအပ်၏။ ဣတိ=ထို့ကြောင့်။ ဒါယံ= ဒါယမည်၏။ (မိဖဖြစ်သူတို့က သား+သမီး ဖြစ်သူတို့ အား စင်စစ် ပေးခြင်းငှါ ထိုက်သော အမွေဥစ္စာ တည်း)။ ဒါယံ အာဒဒါတီတိ ဒါယာဒေါ။ ဒါယံ= အမွေဥစ္စာကို။ အာဒဒါတိ=ခံယူထိုက်၏။ ဣတိ=ထို့ ကြောင့်။ ဒါယာဒေါ=ဒါယာဒမည်၏။ (ထိုအမွေ ဥစ္စာကို ခံယူထိုက်သော သား, သမီးတည်း)။ ။

www.dhammaransi.com



ဒါယာဒဿ ကမ္မံ ဒါယဇ္ဇံ။ ဒါယာဒဿ=အမွေဥစ္စာကို ခံယူထိုက်သောသူ၏။ ကမ္မံ=အမွေခံမှုသည်။ ဒါယဇ္ဇံ= ဒါယဇ္ဇ မည်၏။ (အမွေခံမှုတည်း)။ ။သာသနဿ ဒါယဇ္ဇံ သာသနဒါယဇ္ဇံ။ သာသနဿ=သာသနာတော်၏။ ဒါယဇ္ဇံ=အမွေခံမှုသည်။ သာသနဒါယဇ္ဇံ=သာသန ဒါယဇ္ဇမည်၏။ ဗုဒ္ဓဒါယဇ္ဇ—ဟူ၍လည်း ဆိုရ၏၊ဘုရား အမွေခံဟု ဆိုလိုသည်]။

ဤ၌ အမွေဥစ္စာကို ရှေးဦးစွာ ပြဆိုအပ်၏။

## သာသနအမွေ ၂–ပါး

သာသနာတော်၏ အမွေသည် (၁) အာမိသ အမွေ (၂) ဓမ္မအမွေဟူ၍နှစ်ပါးရှိ၏။

(၁) ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး—ဟူသော ပစ္စည်း လေးပါးသည် အာမိသ အမွေမည်၏။ (၂) သီလ, သမာဓိ, ပညာ—ဟူသော သိက္ခာသုံးပါး၊ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ— အစရှိသော ဝိသုဒ္ဓိ ခုနစ်ပါး၊ သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန် လေးပါး—အစရှိသော ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါး— ဤတရားစုသည် ဓမ္မအမွေမည်၏။

## ဓမ္မအမွေ ၂–ပါး

ထိုဓမ္မအမွေသည် (၁)လောကီဓမ္မအမွေ (၂) လောကုတ္တရာ ဓမ္မအမွေနှစ်ပါးရှိ၏။

www.dhammaransi.com



(၁) လောကီဖြစ်သော သီလ, သမာဓိ, ပညာ– ဟူသော သိက္ခာသုံးပါး၊ သောကီဝိသုဒ္ဓိခြောက်ပါး၊ ထိုလောကီသိက္ခာ, လောကီဝိသုဒ္ဓိတို့၌ အကျုံးဝင်သော ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် လောကီဓမ္မအမြေမည်၏။

(၂) လောကုတ္တရာ မဂ်, ဖိုလ်တို့၌ အကျုံးဝင်သော သိက္ခာ သုံးပါး၊ လောကုတ္တရ ဉာဏဒဿနဝိသုဒ္ဓိတပါး၊လောကုတ္တရာ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် လောကုတ္တရာ ဓမ္မအမြေမည်၏။

## လောကီဓမ္မအမြေ ၂-ပါး

လောကီ ဓမ္မအမြေသည်လည်း (၁) ဝဋ္ဋနိဿိတဓမ္မအမြေ (၂) ဝိဝဋ္ဋနိဿိတဓမ္မအမြေ–ဟူ၍ လည်းကောင်း၊ (တနည်း) (၁) နိယတဓမ္မအမြေ (၂) အနိယတဓမ္မအမြေ–ဟူ၍ လည်း ကောင်း နှစ်ပါးရှိ၏။

(၁) ဤသာသနာတော်တွင်း၌ပင်လျှင်မင်းဆရာစိုးဆရာဖြစ်ရန်, ဘုန်းတန်ခိုးအရှိန်အဝါကြီးရန်, အခြွေအရံများရန်,ပစ္စည်းလေးပါးများရန် အားထုတ်အပ်သော သီလ, သမာဓိ,ပညာမျိုးသည်လည်းကောင်း၊ သံသရာ၌ လူကောင်း နတ်ကောင်း ဖြစ်ရန် အားထုတ်အပ်သော သီလ, သမာဓိ, ပညာမျိုးသည် လည်းကောင်း ဝဋ္ဋနိဿိတမည်၏။

(၂) ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋ– ဟူသော ဝဋ္ဋ သုံးပါးသည်ရှိ၏၊ ထိုဝဋ္ဋသုံးပါး၏ ကုန်ငြိမ်းမှု–ဟူသောနိဗ္ဗာန် သည် ဝိဝဋ္ဋမည်၏၊ ယခုဘဝ၌ပင်လျှင် အသုံးစုံအားဖြင့် သည်း

www.dhammaransi.com



ကောင်း, တစိတ်တဒေသအားဖြင့် လည်းကောင်း ဝဋ်သုံးပါး ကုန်ငြိမ်းရန် အားထုတ်အပ်သော သီလ, သမာဓိ, ပညာမျိုး သည် ဝိဝဋ္ဋနိဿိတမည်၏။

မိမိပြုသောကုသိုလ်အတွက် နောင်သော အခါ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကိုလည်း ရောက်လို၏၊ ယခုဘဝ၌ လောကပသာဒဂုဏ်ကိုလည်း အလိုရှိ၏၊ နိဗ္ဗာန်သို့မရောက်မီ နောက်ဘဝတို့၌ လူကောင်းနတ်ကောင်း အဖြစ်ကိုလည်း အလိုရှိ၏—ဟု ဖြစ်သော သီလ, သမာဓိ, ပညာမျိုးသည်ကား ဝဋ္ဋ, ဝိဝဋ္ဋနှစ်ပါးကိုမှီသော ဥဘယနိဿိတကုသိုလ်မျိုးမည်၏။

ကျမ်းဂန်တို့၌ကား ဝဋ္ဋနိဿိတ, ဝိဝဋ္ဋနိဿိတ နှစ်ပါးသာ အဆိုရှိ၏၊ ဝဋ်ဘက်၌ စိတ်ညွတ်ခြင်း အားကြီးသူတို့၏ ကုသိုလ်ကို ဝဋ္ဋနိဿိတ၌ သွင်း၍ ယူလေ၊ ဝိဝဋ္ဋဘက်၌ စိတ်ညွတ်ခြင်း အားကြီး သူတို့၏ ကုသိုလ်ကို ဝိဝဋ္ဋနိဿိတ၌သွင်း၍ ယူလေ။

(၁) နိယတ,အနိယတနှစ်ပါး၌ ပုထုဇန်ပုဂ္ဂိုလ်တို့၌ ရှိနေသော သက္ကာယဒိဋ္ဌိအနုသယနိုင်ငံကြီးသည် အလွန်တရာ နက်ကျယ်စွာသော ရှားမီးကျီး ပင်လယ်ကြီးနှင့် တူ၏၊ ပုထုဇန်ပုဂ္ဂိုလ်တို့၌ ရံဖန်ရံခါဖြစ်ရသော သီလ, သမာဓိ, ပညာတို့သည် ထိုရှားမီးကျီးပင်လယ်ပြင်သို့ကျရောက်သောမိုးရေမိုးပေါက်စနှင့် တူကုန်၏၊ သီလကို ငါဖြည့်သည်, ငါသီလရှိသည်၊ သမာဓိကို ငါပွားများသည်, သမာဓိစျာန်ကိုငါရသည်, ငါသမာဓိရှိသည်၊ ငါတတ်သည်,ငါသိသည်,ငါပညာရှိသည်,ငါလိမ္မာသည်,ရှုပ်နာမ်

www.dhammaransi.com



ကို ငါရှုသည်,ငါမြင်သည် ဟူ၍ ဖြစ်သမျှသော သီလ,သမာဓိ, ပညာတို့သည် ငါ, ငါဟူသော သက္ကာယဒိဋ္ဌိပေါ်မှာချည်း ဖြစ်ကြရကုန်သည်ဖြစ်၍ရှားမီးကျီး ပင်လယ်ပြင်မှာ ကျရောက်သော မိုးရေ မိုးပေါက် တို့နှင့် တူကုန်၏၊ သက္ကာယဒိဋ္ဌိ နိုင်ငံကြီး သည် ထိုသီလ,သမာဓိ, ပညာတို့ကို ကွယ်ပျောက် ပျက်သုဉ်း စေနိုင်၏၊ ထို့ကြောင့် ပုထုဇဉ်တို့၌ဖြစ်ရသော လောကီ သီလ, သမာဓိ, ပညာတို့သည် အနိယတမျိုးတို့သာတည်း။

(၂) ပုထုဇဉ်တို့၌ သီလရှိသည်, သမာဓိရှိသည်, ပညာရှိ သည်—ဆိုသော်လည်း တဒင်္ဂ တခဏသာတည်း၊ သောတာပန် တို့၌ဖြစ်ကုန်သောအာဇီဝဋ္ဌမကလောကီသီလသည်လည်းကောင်း, ဘုရားဂုဏ်တော်၌တည်ကြည်သော လောကီ သမာဓိ,တရားဂုဏ်, သံဃာဂုဏ် သီလဂုဏ်—စသည်တို့၌ တည်ကြည်သော လောကီ သမာဓိတို့သည်လည်းကောင်း, သစ္စာလေးပါးအရာ၌ သိမှု မြင်မှု လိမ္မာမှုဟူသော လောကီပညာတို့သည်လည်းကောင်း နိယတ မျိုးတို့သာတည်း၊အနဝတတ်အိုင်ကြီး အပြင်၌ ကျရောက်သော မိုးရေ မိုးပေါက် ကဲ့သို့ ထိုလောကီ သီလ, သမာဓိ, ပညာ တို့သည် သောတာပန်ပုဂ္ဂိုလ်တို့အား ဘဝများစွာကမ္ဘာအဆက် ဆက်ကွယ်ပျောက်ပျက်စီးသည်ဟူ၍ မရှိကြကုန်ပြီ။

ဤကား လောကီမဂ္ဂအမြွေဥစ္စာအပြားကိုပြဆိုချက်တည်း။

## လောကုတ္တရာမဂ္ဂအမြွေ

လောကုတ္တရာစိတ်ရှစ်ခုတို့၌ ယှဉ်သော သီလ, သမာဓိ, ပညာ, ဉာဏဒဿန ဝိသုဒ္ဓိ, ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး-ဟု

www.dhammaransi.com



ဆိုအပ်သော လောကုတ္တရာ မဂ္ဂအမွေသည်ကား ဝိဝဋ္ဋနိဿိတ သာတည်း၊ နိယတဖြစ်သော လောကုတ္တရာ သီလ, သမာဓိ, ပညာသို့ ပေါက်ရောက်ကြကုန်ပြီးသော အရိယာပုဂ္ဂိုလ်တို့မှာ ဖြစ်ကြလေကုန်သော လောကီ သီလ, သမာဓိ, ပညာတို့သည် လည်း နိယတအဖြစ်သို့ ရောက်ကြလေကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား ဒုဿီလအဖြစ်သို့ တဖန်ရောက်ခြင်း, အသမာဟိတ အဖြစ်သို့ တဖန်ရောက်ခြင်း, ဒုပ္ပည အန္ဓဗာလအဖြစ်သို့ တဖန်ရောက်ခြင်း မရှိကြကုန်ပြီ။

ဤကား သာသနအမွေဥစ္စာ အပြားကိုပြဆိုခဏ်းတည်း။

## သာသနအမွေခံပုဂ္ဂိုလ် (၇) ပါး

သာသန အမွေခံပုဂ္ဂိုလ်တို့သည်ကား— ဘိက္ခု, ဘိက္ခုနီ, သာမဏေ ယောကျ်ား, သာမဏေမိန်းမ, သိက္ခမာန်မိန်းမ, ဥပါသကာ ယောကျ်ား,ဥပါသိကာ မိန်းမ—ဟူ၍ ခုနစ်မျိုးရှိကြကုန်၏။

သိက္ခမာန်မိန်းမတို့သည်ကား ရဟန်းလောင်းမ ပဉ္စင်းလောင်းမတို့တည်း၊ ရှေးငါးဦးတို့သည် သိတင်းသုံးဖော် ငါးယောက် မည်ကုန်၏၊ သိတင်းသုံးဖော်ငါးယောက်တို့မှ တပါးကုန်သော သရဏဂုံ၌ ကောင်းစွာ တည်ကုန်သော လူ, နတ်, ဗြဟ္မာတို့သည် ဥပါသကာ ဥပါသိကာတို့၌ အတွင်းဝင်ကုန်၏။

ထိုခုနစ်ယောက်သော ပုဂ္ဂိုလ်တို့တွင် ပစ္စည်းလေးပါးတည်းဟူသော အာမိသ အမွေကို သိတင်းသုံးဖော်ငါးဦးသားတို့ သည်သာ ခံကြရကုန်၏၊ ကျန်နှစ်ဦးသားတို့သည် မခံကြရကုန်၊

လောကီ, လောကုတ္တရာ ဓမ္မအမွေ နှစ်ပါးကိုမူကား ခုနစ်ဦးသားတို့ပင် ခံကြရကုန်၏၊ ထိုသို့ခံကြရကုန်ရာ လောကီသီလအမွေ၌ အထူးရှိကြကုန်၏၊ လောကုတ္တရာသီလ အမွေ၌လည်းကောင်း၊ လောကီ, လောကုတ္တရာ သမာဓိ အမွေနှစ်ပါးတို့၌လည်းကောင်း၊ လောကီ, လောကုတ္တရာ ပညာအမွေ နှစ်ပါးတို့၌လည်းကောင်း အထူးမရှိကြကုန်။

## လောကီသီလအမွေ၌ အထူးရှိပုံ

အဘယ်သို့လျှင် လောကီသီလ အမွေ၌ အထူးရှိကြကုန်သနည်း—ဟူမူကား သိတင်းသုံးဖော်ငါးဦးတို့သည် ဝိနည်းသီလအမွေ, သုတ္တန်သီလအမွေ နှစ်ပါးတို့ကို ခံကြရကုန်၏၊ ဥပါသကာ ဥပါသိကာတို့သည် သုတ္တန်သီလအမွေကိုသာ ခံကြရကုန်၏၊ ဝိနည်းသီလ အမွေကိုမခံကြရကုန်၊ ဤသို့လောကီသီလအမွေ၌အထူး ရှိကြကုန်၏၊ (သုတ္တန်သီလ—ဆိုသည်ကားသိတင်းသုံးဖော် ငါး တို့မှာ ဗြဟ္မဇာလသုတ္တန်၌ လာသော သီလစုတည်း၊ ဥပါသကာ ဥပါသိကာတို့မှာ ထိုထို သုတ္တန်တို့၌လာသော အာဇီဝဋ္ဌမက သီလ, အဋ္ဌင်္ဂဥပေါသထသီလ, ဒသင်္ဂသီလစုတည်း၊ ဓုတင်္ဂသီလ, ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလစုသည်လည်း သုတ္တန်သီလစုပင်တည်း)။

## လောကုတ္တရာ သီလအမွေ၌ အထူးမရှိပုံ

လောကုတ္တရာ သီလအမွေ၌ အဘယ်သို့ အထူးမရှိကြကုန်သနည်း— ဟူမူကား လောကုတ္တရာမဂ္ဂင်ရှစ်ပါးတို့တွင် ပါဝင်

www.dhammaransi.com



သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ–ဤမဂ္ဂင် သုံးပါးကို လောကုတ္တရာ သီလအမွေဆိုသည်၊ ထိုလောကုတ္တရာ သီလကိုမူကား သိတင်းသုံးဖော် ငါးဦးတို့သည်လည်း ရထိုက်သောသူတို့မှပင် ရကြကုန်သည်၊ ဥပါသကာ ဥပါသိကာတို့သည်လည်း ရထိုက်သောသူတို့သည် ရကြကုန်သည်သာတည်း။

သမာဓိအမွေနှစ်ပါး,ပညာအမွေနှစ်ပါးတို့၌လည်း ထို့အတူ အထူးမရှိကြပုံကို သိလေ။

ဝိသုဒ္ဓိခုနစ်ပါး, ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် ထိုသီလ, သမာဓိ, ပညာ သုံးပါးတို့၌ အတွင်းဝင်ကြကုန်၏။

ထိုခုနစ်ယောက်သော သာသန အမွေခံတို့တွင် သာသနာတော်ထမ်းဖြစ်ကြပေကုန်သော သိတင်းသုံးဖော် ငါးယောက်တို့သည်ကား မိမိတို့အဖို့အရာသာသနအမွေခံလည်း ဖြစ်ကြပေကုန်၏၊ ပိဋကတ်သုံးပုံနှင့်တကွ အလုံးစုံသောသာသနာကို အနှစ်ငါးထောင် တည်လေအောင် ဆောင်ရွက်, စောင့်ရှောက်, ထိန်းသိမ်းကြကုန်သည်ဖြစ်၍ သာသနအမွေထိန်းလည်း ဖြစ်ကြပေကုန်၏၊ ကျန်ရှိသောနှစ်ဦးသားတို့သည်ကား အမွေခံသက်သက်သာ ဖြစ်ကြကုန်၏၊ အမွေခံဌာနထက် အသွင် အပြင်ကို ဆောင်မှုနှင့် တကွ အမွေထိန်း ဌာနသည် အလွန်ကြီးမြတ်၏၊ ထို့ကြောင့် အရိယာဖြစ်၍ အနှစ်ခြောက်ဆယ်ရှိပြီးသော လူဂဟဋ္ဌသည် ယနေ့တွင်ရှင်ပြုသော ပုထုဇန်ခုနစ်နှစ်ရွယ်သာမဏေ

www.dhammaransi.com



**ယော်ကို** ရှိခိုးရ၏၊ ရဟန္တာဖြစ်ပြီးသော ရဟန်းသည် မိမိထက် **စာနာ**ရီမျှ ရဟန်းသိက္ခာကြီးသော ပုထုဇန်ရဟန်းကို ရှိခိုးရ၏။

သာသနအမွေခံ ပုဂ္ဂိုလ် အပြားကိုပြဆိုခဏ်း
ပြီး၏။

---

## ဓမ္မာနုဓမ္မပဋိပန္နအရိယာ

သိက္ခာသုံးပါး, ဝိသုဒ္ဓိခုနစ်ပါး, ဗောဓိပက္ခိယတရားသုံးဆယ့် ခုနစ်ပါးတို့သည်လောကုတ္တရာတရားကိုးပါးတို့အား လျော်သော သဘောရှိသော အကျင့်မျိုးစင်စစ်ဖြစ်၍ ဓမ္မာနုဓမ္မပဋိပတ်မည် ကုန်၏၊ ထိုအကျင့်တို့ကို ကောင်းစွာကျင့်ကြပေကုန်သော ခုနစ် ယောက်သော သာသနအမွေခံပုဂ္ဂိုလ်တို့သည် သုပ္ပဋိပန္နပုဂ္ဂိုလ် တို့မည်ကုန်၏, ဥဇုပ္ပဋိပန္နပုဂ္ဂိုလ်တို့ မည်ကုန်၏, ဉာယပ္ပဋိပန္န ပုဂ္ဂိုလ်တို့မည်ကုန်၏, သာမိစိပ္ပဋိပန္နပုဂ္ဂိုလ်တို့မည်ကုန်၏၊ ပုထုဇန် ပင်ဖြစ်ကြကုန်သော်လည်း အရိယာရှစ်ယောက်တို့တွင် အစဆုံး ဖြစ်သော သောတာပတ္တိမဂ္ဂဋ္ဌ သေက္ခပုဂ္ဂိုလ်တို့၌ သင်္ဂြိုဟ်ရေ တွက်ရကုန်၏၊ ဓမ္မာနုဓမ္မပဋိပန္နအရိယာ—ဟူ၍ ဆိုအပ်ကုန်၏၊ ပုထုဇန်ဇာတိ ရှိကြကုန်သေးသည်ဖြစ်၍ ပရမတ္ထအရိယာကား မဟုတ်ကြကုန်သေး၊ ထိုစကားမှန်၏— မြတ်စွာဘုရားဟောကြား ပညတ်တော်မူအပ်သော အာဇီဝဋ္ဌမကသီလ—အစရှိသောဗောဓိ ပက္ခိယတရားမျိုးကို သေက္ခပဋိပဒါသုတ်— စသည်တို့၌ အရိယ သီလ, အရိယသမာဓိ, အရိယပညာ—ဟူ၍ ဟောတော်မူ၏။

www.dhammaransi.com



(ဣမိနာ အရိယေန သီလက္ခန္ဓေန သမန္နာဂတော ဟောတိ– အစရှိသည်တည်း)။

ထို့ကြောင့် မြတ်စွာဘုရားသာသနာတော်တွင်း၌ သရဏဂုံ သုံးပါးနှင့် တကွ အာဇီဝဋ္ဌမက သီလ အမြဲနိစ္စ တည်ရှိသော ဥပါသကာ ပုဂ္ဂိုလ်, ဥပါသိကာ ပုဂ္ဂိုလ်ဖြစ်ပေလျှင်ပင် သုပ္ပဋိပန္နဂုဏ် တစိတ်နှင့်ပြည့်စုံသူ ဖြစ်ပေ၏၊ ဥဇုပ္ပဋိပန္နဂုဏ်တစိတ်, ဉာယပ္ပဋိပန္နဂုဏ်တစိတ်, သာမီစိပ္ပဋိပန္နဂုဏ်တစိတ်နှင့် ပြည့်စုံသော သူ ဖြစ်ပေ၏၊ ဓမ္မာနုဓမ္မပဋိပန္နအရိယာမည်ပေ၏။

"သံဃံ သရဏံ ဂစ္ဆာမိ၊ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော" စသည်ဖြင့် သံဃာသဒ္ဒါနှင့် လာရာတို့၌မူကား သီလဝန္တ ကလျာဏပုထုဇန်ဖြစ်သော ဘိက္ခု, ဘိက္ခုနီ–နှစ်ဦး ကိုသာ သင်္ဂြိုဟ်ရေတွက်ရာ၏၊ ဝိနည်းအရာ၌ ဥပသမ္ပန္န သံဃာမှ အပဖြစ်သော သာမဏေယောကျ်ား, သာမဏေမိန်းမ, သိက္ခမာန် မိန်းမ, ဥပါသကာ, ဥပါသိကာတို့ကို မသင်္ဂြိုဟ် မရေတွက်အပ် ကုန်။

## သမဏ, ဗြာဟ္မဏ, ဘိက္ခု မည်ပုံ

ထိုဗောဓိပက္ခိယဓမ္မ–ဟု ဆိုအပ်သော ဓမ္မာနုဓမ္မပဋိပတ်ကို ကောင်းစွာကျင့်သော ပုဂ္ဂိုလ်သည် ဥပါသကာပုဂ္ဂိုလ်, ဥပါသိကာ ပုဂ္ဂိုလ်ပင် ဖြစ်ငြားသော်လည်း သုတ္တန်ဒေသနာတော် နည်း အားဖြင့် သမဏမည်၏, ဗြာဟ္မဏမည်၏, ဘိက္ခုမည်၏၊ (ရဟန်း မည်၏–ဆိုလိုသည်)။

www.dhammaransi.com



အလင်္ကတောပိ စေ သမံ စရေယျ၊
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သော ဗြာဟ္မဏော သော သမဏော သ ဘိက္ခု။ ။

(ဓမ္မပဒပါဠိတော်၊ သန္တတိမဟာမတ္တဝတ္ထု၊ ၃၄)

အလင်္ကတောပိ=ပကတိသော လူဝတ်တန်ဆာ ဝတ်ဆင်လျက်လည်း။ သမံ=ညီညွတ်စွာ။ စေ စရေယျ=အကယ်၍ ကျင့်ပေငြားအံ့။ သန္တော=ငြိမ်သက်သော စိတ်နှလုံး ရှိသည်ဖြစ်၍။ ဒန္တော=နူးညံ့ဆေးလေး ယဉ်ကျေးသော စိတ်နှလုံးရှိသည်ဖြစ်၍။ သဗ္ဗေသု=အလုံးစုံကုန်သော။ ဘူတေသု=သတ္တဝါတို့၌။ ဒဏ္ဍံ=ကံသုံးပါးဖြင့် ထိပါးခြင်းအမှုကို။ နိဓာယ=ပယ်စွန့်ချထား၍။ နိယတော=အမြဲလျှင်။ ဗြဟ္မစာရီ=ကာမဂုဏ်နှင့် အာရုံမစပ် မြတ်သောအကျင့်ရှိသည်။ ဘဝေယျ=ဖြစ်ပေငြားအံ့။ သော=ထိုလူဝတ်ပကတိ ဆင်ယင်လျက်ရှိသောသူသည်။ သမဏော=ရဟန်းပင်တည်း။ သော=ထိုသူသည်။ ဗြာဟ္မဏော=အရိယာပင်တည်း။ သော=ထိုသူသည်။ ဘိက္ခု=ရဟန်းပင်တည်း။

(ဤကား ဗောဓိပက္ခိယ တရားဟူသော ဓမ္မာနုဓမ္မပဋိပတ် အကျင့်မြတ် လက်ရှိနှင့် စိတ်နှလုံးဖြူစင်စွာ နေထိုင်ပေသောသူကို ပကတိလူပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း ရဟန်း ဆိုရ၏—ဟု ဟောတော်မူသောပါဠိအနက်တည်း)။

ဤကားသာသနအမွေခံဖြစ်ရမှု မြင့်မြတ်ပုံကို
ပြဆိုခဏ်းတည်း။

www.dhammaransi.com



## ဓမ္မဒါယာဒသုတ် ကောက်နုတ်ချက်

အမွေသည်လည်း ဆိုးမွေ, ကောင်းမွေ—ဟူ၍ (၂) မျိုး၊ အမွေခံပုဂ္ဂိုလ်သည်လည်း ဆိုးမွေခံ, ကောင်းမွေခံ-ဟူ၍ (၂)မျိုး ရှိ၏၊ မူလပဏ္ဏာသ ပါဠိတော် ဓမ္မဒါယာဒသုတ်ကြီးကို လိုရင်းမျှ ထုတ်ပြပေအံ့—

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသ ဒါယာဒါ။ အတ္ထိ မေ တုမှေသု အနုကမ္ပာ၊ "ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ၊ နော အာမိသဒါယာဒါ"တိ။

ဘိက္ခဝေ=ရဟန်းတို့....။ တုမှေ=သင်တို့သည်။ မေ=ငါဘုရား၏ ။ ဓမ္မဒါယာဒါ=ဗောဓိပက္ခိယ ဓမ္မအမွေကို ခံစံကြကုန်သည်။ ဘဝထ = ဖြစ်ရစ်ကြကုန်လော့။ အာမိသဒါယာဒါ= အာမိသ အမွေကို ခံစံကြကုန်သည်။ မာ ဘဝထ= မဖြစ်ရစ်ကြကုန်လင့်။ တုမှေသု=သင်တို့၌။ မေ=ငါဘုရား၏ ။ အနုကမ္ပာ=သနားသမှု ကြောင့်ကြပူခြင်းသည်။ အတ္ထိ=ရှိနေ၏။ ကိံ အတ္ထိ = အဘယ်သို့ ရှိသနည်း ဟူမူ။ "မေ=ငါ၏ ။ သာဝကာ=တပည့်တပန်း ရဟန်း ရှင် လူတို့သည်။ ကိန္တိ=အဘယ်သို့လျှင်။ ဓမ္မဒါယာဒါ=ဓမ္မအမွေ ကိုသာ ခံယူကြကုန်သည်။ ဘဝေယျုံ = ဖြစ်ပါကုန် အံ့နည်း။ အာမိသဒါယာဒါ=အာမိသအမွေကို ခံယူကြကုန်သည်။ နော ဘဝေယျုံ = မဖြစ်ပါကုန်အံ့နည်း"။ ဣတိ = ဤသို့ သနားသမှု ကြောင့်ကြပူခြင်းသည်။ မေ=ငါ့အား။ အတ္ထိ=ရှိနေ၏။ ။ (အနက်)

www.dhammaransi.com



## အမွေ ၂-ပါး ၃-ပါး

အမိဖွဲ့ဘယ်ကား ဘုရားအမွေသည် (၁) အာမိသအမွေ (၂) ဓမ္မအမွေ—ဟူ၍ နှစ်ပါးရှိ၏၊ ထိုတွင် ၁—အာမိသသည် (က) ပစ္စယာမိသ (ခ) လောကာမိသ (ဂ) ဝဋ္ဋာမိသ—ဟူ၍ သုံးပါရှိ၏။

(က) ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး-ပစ္စည်း ပရိက္ခရာ လာဘသက္ကာရမျိုးသည် ပစ္စယာမိသမည်၏။

(ခ) လောက၌ ထင်ပေါ်သော ဂုဏ်ရှိန်အဝါ မင်းဆရာ, စိုးဆရာ, သူဌေးဆရာ, သူကြွယ်ဆရာ, တပည့်သံဃာ, ဒကာ ပရိသတ် ပေါများမှု အလုံးစုံသည် လောကာမိသမည်၏။

(ဂ) နောက်နောက်ဘဝ၌ ရယူခံစံရန် ဘဝသမ္ပတ္တိ, ဘောဂ သမ္ပတ္တိ, ဣဿရိယသမ္ပတ္တိ အလုံးစုံသည် ဝဋ္ဋာမိသမည်၏။ (ဓမ္မအမွေမှာ ရှေး၌ပြဆိုတိုင်းပင် သိလေ)။

မြတ်စွာဘုရားသည် ကိုယ်တော်မြတ်ပရိနိဗ္ဗာန် စံတော်မူသည့် နောက် ကျွန်းအပြင်မှာ သုံးကြောင်းသုံးသွယ် ပင်လယ်ရေမြင် ကြီး လွှမ်းရှ်သွားဘိ သကဲ့သို့ ဗုဒ္ဓဘာသာ သာသနာတော်မြတ် ကြီးမှာ ဤအာမိသအမွေကြီး သုံးကြောင်းသုံးသွယ် လွှမ်းရှ် အလွန့်ထက်အလွန် ဖြစ်ပွါး၍ သွားလိမ့်မည်ကို မြင်တော်မူ၏၊ ထို့ကြောင့်—

> ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊
> မာ အာမိသ ဒါယာဒါ။

ဟူသော အမိန့်တော်မှာတမ်းကို ဟောဖော် မြွက်ကြား ထား တော်မူခဲ့သတည်း။

www.dhammaransi.com



အနုကမ္ပ—ဆိုသည်ကား မြတ်စွာဘုရားတို့၏ ကြောင့်ကြတော် မူခြင်းပင်တည်း၊ ပင်လယ်ကြီးသုံးခု ဆူဝေရာ ကျွန်းနေလူတို့ကို ပင်လယ်ကြီးလွှမ်း၍ သွားသကဲ့သို့ ဘုရားဘုန်းတော်၊ တန်ခိုးတော်နှင့် အာမိသ အမွေကြီး ပွါးစီး ကြီးကျယ်၍ သွားရာ ဗုဒ္ဓဘာသာ သာသနာဝင် ရှင်လူ အပေါင်း တို့ကို ထိုအာမိသအမွေ ပင်လယ်ကြီးလွှမ်း၍ထိုအာမိသအမွေ ပင်လယ်ရေငန်ကြီး၌ နစ်မွန်းမျောပါး၍ ဓမ္မအမွေ အထွတ်အမြတ်တို့မှ အပဖြစ်၍ နေရစ်ကြမည်ကို ကြောင့်ကြတော် မူကြောင်းကို—

> ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ၊
> နော အာမိသဒါယာဒါ။

ဟု မိန့်တော်မူလေသတည်း။

ဤသို့ မြတ်စွာဘုရားသည် ကြောင့်ကြတမည် မကြည်မဖြူ ပယ်မြစ်တော်မူသော အမွေမျိုးဖြစ်၍ အာမိသအမွေသုံးပါးသည် အမွေဆိုးမည်၏၊ မြတ်စွာဘုရားသည် အကြည်အဖြူ ဆောင်နှင်းတော်မူခဲ့သော သတိပဋ္ဌာန်—စသော ဗောဓိပက္ခိယ ဓမ္မအမွေတော် (၃၇) ပါးသည် အမွေကောင်းမည်၏၊ ဤသို့လျှင် သာသနအမွေတော်သည် ဆိုးမွေ၊ ကောင်းမွေ—နှစ်ပါး ရှိလေသတည်း။

[ဆိုးမွေ၊ ကောင်းမွေ- နှစ်ပါးကို ပြဆိုလိုက်သဖြင့် ဆိုးမွေကို ခံယူသောသူ၊ ကောင်းမွေကို ခံယူသောသူ—ဟူသော အမွေခံနှစ်ပါးသည်လည်း ထင်ရှားလေတော့သည်]။

www.dhammaransi.com



## အာမိသအမွေ၌ မနစ်မွန်းမမျောပါးစေပုံ

ဆိုဖွယ်အထူးကား အာမိသအမွေမှာလည်း မြတ်စွာဘုရားသည် အကြည်အဖြူဆောင်နှင်းတော်မူခဲ့သောအရာ ရှိသေး၏၊ (၁) ပိဏ္ဍိယာလောပဆွမ်း (၂) ပံသုကူသင်္ကန်း (၃) ရုက္ခမူကျောင်း (၄) ပူတိမုတ္တဆေး–ဤလေးပါးတည်း၊ ဤလေးပါးသည် ဗုဒ္ဓဒါယဇ္ဇကြီး လေးပါးမည်၏၊ ဘုရား ကြည်ဖြူတော်မူလှသော အမွေတော်ကြီးလေးပါး ဆိုလိုသည်။

ထိုသို့ဖြစ်ခဲ့သော် မြတ်စွာဘုရားသည် "အတိရေကလာဘော ဝိဟာရော အဍ္ဎယောဂေါ" – အစရှိသည်ဖြင့် ဒါယကာတို့ လှူဒါန်းသော အတိရေကလာဘ အာမိသအမွေတို့ကို အဘယ်ကြောင့် ခွင့်ပြုတော်မူသနည်း ဟူမူကား–

ပိဋကတ်သုံးပုံဟုဆိုအပ်သော ပရိယတ္တိသာသနာကြီးသည် ပဋိပတ္တိသာသနာကြီး, ပဋိဝေဓသာသနာကြီးနှစ်ပါး၏ အမြစ်မူလကြီး ဖြစ်၏၊ ပရိယတ္တိ သာသနာကြီး တည်ရှိ မှသာ ထိုသာသနာကြီး နှစ်ပါးသည် တည်နိုင်၏၊ ပရိယတ္တိသာသနာကြီးကို သာသနာငါးထောင် (အနှစ်ငါးထောင်တည်အောင်) ဆောင်ရွက်မှုသည် အလွန်ဝန်ကြီးလှ၏၊ ဆုတ်ကပ်ကာလဖြစ်၍ သာသနဝန်ထမ်း ရဟန်းသံဃာတို့သည် ကာယဗလ, ဉာဏဗလ လျော့ပါးကြကုန်၏၊ အတိရေကလာဘကိုလွှတ်၍ ရုက္ခမူလ–စသည်၌သာတည်၍ ပရိယတ္တိသာသနာကြီးကို ရွက်ဆောင်ခြင်းငှာ မတတ်နိုင်ရှိကြမည့်အခွင့်ကို မြင်တော်မူသည် တကြောင်း၊ ပါရမီနည်းပါးကြသောသူတို့မှာ ပရိယတ္တိမှု, ဒါနမှု, သီလမှု,

www.dhammaransi.com



ပစ္စယာနုဂ္ဂဟမှုတို့ကို ပြန့်ပြောစွာပြုကြသဖြင့် အပါယဒုက္ခမှ လွတ်မြောက်၍ နောက်ဘုရား သာသနာ၌ ကျွတ်လွတ်ကြရန် အခွင့်ကို မြော်လင့်တော်မူသည်တကြောင်း- သို့အကြောင်းများကြောင့် အတိရေကလာဘ အာမိသအမွေတို့ကိုလည်း ခွင့်ပြုတော်မူရပြန်သတည်း။

ထိုသို့ဖြစ်ခဲ့သော် အာမိသအမွေ၌ နှစ်မွန်းမျောပါးကြရန် အမှုကို မြတ်စွာဘုရားပင် ပြုခဲ့ရာမကျပြီ လော–ဟူမူ၊ (အဖြေကား) ပရိယတ္တိသာသနာတော်အတွက် ပစ္စယာမိသ, လောကာမိသ နှစ်ချက်နှင့် ဆက်ဆံကြကုန်သော ပရိယတ္တိဓရပုဂ္ဂိုလ်တို့မှာ အာမိသတဏှာလွှမ်းမိုးမှု, အာမိသအမွေ၌ နှစ်မွန်းမျောပါးမှုတို့မှ ကင်းလွတ်စေခြင်းငှာ "ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ" အစရှိသော ပစ္စဝေက္ခဏာသုဒ္ဓိ အစီအရင်ကို ထားတော်မူပေသတည်း၊ ထို့ကြောင့် အာမိသ နှစ်ချက်နှင့် ရောယှက်ဆက်ဆံကာ နေရသော်လည်း ပစ္စဝေက္ခဏာ သုဒ္ဓိအစီအရင်အတိုင်း အာမိသနှစ်ရပ်၌ ငြိကပ်ခင်တွယ်ခြင်း မရှိသော ပစ္စယသန္နိဿိတ သီလစေတနာ, ဉာဏ်ပညာ တည်းဟူသော သဘောကြီးကို တက်စီး၍နေကြပေမူကား အာမိသအမွေ ပင်လယ်ဝေရာ၌ နှစ်မွန်းမျောပါးဖွယ် မရှိကြလေပြီ။

နှစ်မွန်း (နှင့်) မျောပါး–ဤနှစ်ပါးတို့ အထူးကား ပစ္စယာမိသ, လောကာမိသ, ဝဋ္ဋာမိသ–ဟူသော အာမိသ သုံးချက်တို့၌ အာဒီနဝဉာဏ်ဖြစ်ပေါ်မှု မရှိသည်ကို "နှစ်မွန်းမှု" ဆိုသည်၊ ထိုနှစ်မွန်းမှုအတိုင်းပင် နှစ်ရှည်,

www.dhammaransi.com



လမျှား အရွယ်သုံးပါး လိုက်စား သာယာ၍ နေမှုကို "မျှောပါးမှု" ဆိုသည်။

ထိုသို့အရွယ်သုံးပါးလုံး နစ်မွန်း, မျှောပါးမှုကို တားမြစ်တော်မူခြင်းငှါ—

တိဏ္ဏံ အညတရံ ယာမံ၊
ပဋိဇဂ္ဂေယျ ပဏ္ဍိတော။ ။

ဟူ၍ ဓမ္မပဒပါဠိတော်၌ ဟောတော်မူ၏။

ပဏ္ဍိတော=အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသောသူသည်။ တိဏ္ဏံ=အရွယ်သုံးပါးတို့တွင်။ အညတရံ ယာမံ=တပါးပါးသောအရွယ်၌။ ပဋိဇဂ္ဂေယျ=မိမိကိုယ်ကို သုတ်သင်ရှင်းလင်းရာ၏။ (အနက်)

အဓိပ္ပါယ်ကား—ပဌမအရွယ်မှာ အာမိသအမြွေဆိုး၌ နစ်မွန်း,မျှောပါး၍နေခဲ့လျှင် ဒုတိယအရွယ်၌ မိမိကိုယ်ကိုဖော်ထုတ်ယူငင်၍ စင်ကြယ်အောင် သုတ်သင် ရှင်းလင်းရာ၏၊ ဒုတိယအရွယ်မှာပင် နစ်မွန်း,မျှောပါး၍ နေခဲ့လျှင် တတိယ အရွယ်၌ မိမိကိုယ်ကို ဖော်ထုတ်ယူငင်၍ စင်ကြယ်အောင် သုတ်သင်ရှင်းလင်းရာ၏၊ "ဖော်ထုတ်ယူငင် သုတ်သင်ရှင်းလင်းမှု" ဆိုသည်ကား အာမိသအမြွေ၌ တွယ်တာသောတဏှာကို ဝေးစွာပယ်ရှား၍ ဗောဓိပက္ခိယ ဓမ္မအမြွေဘက်၌ ကောင်းစွာ တည်ခြင်းကို ဆိုသတည်း၊ စီဝရသန္တောသ, ပိဏ္ဍပါတသန္တောသ,သေနာသနသန္တောသ, ဘာဝနာရာမ— ဟူသော အရိယဝံသတရားလေးပါးတို့၌ ကောင်းစွာတည်ခြင်းကို ဆိုသတည်း။

www.dhammaransi.com



## အာမိသဥ္စ နစ်မွန်း, မျောပါးခြင်းအပြစ်

သေသည့်တိုင်အောင် အရွယ်သုံးပါးလုံး အာမိသအမြှုဥ္စ နှစ်မွန်း, မျောပါး၍သွားခဲ့သော် အဘယ်သို့ ဖြစ်သနည်း–ဟူ မူကား အပါယ်သို့ကျတတ်ကြောင်းကို ဟောတော်မူပြန်၏။

အယသာဝ မလံ သမုဋ္ဌာယ၊
တတုဋ္ဌာယ တမေဝ ခါဒတိ။
ဧဝံ အတိဓောနစာရိနံ၊
သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ ။ ။
(ခမ္မပဒပါဠိတော်၊တိဿတ္ထေရဝတ္ထု၊၄၇)

အယသာ=သံမှ၊ မလံ=သံချေးသည်။ သမုဋ္ဌာယ=လွန်စွာထ ၍လည်းကောင်း။ တတုဋ္ဌာယ=ထိုထိုအရပ်မှထ၍လည်းကောင်း။ တမေဝ=ထိုသံကိုသာလျှင်။ခါဒတိဣဝ=နေ့စဉ်အမြဲစားသကဲ့သို့။ ဧဝံ=ဤအတူ။အတိဓောနစာရိနံ=အာမိသအမြှုဥ္စ ပစ္စဝေက္ခဏာ ဉာဏ်ပညာမကြီး တဏှာကဖိစီး၍ ခရီးမသင့် လွန်၍ကျင့်သော ရဟန်းကို။ သာနိ ကမ္မာနိ=မိမိစိတ်မှ နေ့စဉ် ထကုန်သော အာမိသတဏှာ ကံကြမ္မာတို့သည်။ ဒုဂ္ဂတိံ= အပါယ်လေးပါး သို့။ နယန္တိ= ဆွဲငင်ဆောင်ပို့ကြကုန်၏။ (အနက်)

## သန်းပြိတ္တာကြီးဝတ္ထု

မြတ်စွာဘုရား ထင်ရှားရှိစဉ်အခါ ဇေတဝန်ကျောင်းတိုက် အတွင်းမှာ ရဟန်းကြီးတပါး သေဆုံးခဲ့ရာ သင်္ကန်းတထည်၌ သာယာသည့် အတွက် ထိုသင်္ကန်းမှာပင် သန်းဖြစ် လေ၏။

www.dhammaransi.com



ထိုရဟန်းကို အကြောင်းပြု၍ ဟောတော်မူသော ဒေသနာ ပေတည်း၊ သက်န်းတထည်၌ ဖြစ်ပွားသောတဏှာသည်ပင်လျှင် အပါယ်သို့ချနိုင်၏၊ ထိုထက် ပိုမိုရာ၌ ဆိုဖွယ်မရှိပြီ။

ထိုသင်္ကန်းသည် သံဃိကအဖို့မှ ဝေစုရသော သင်္ကန်းဖြစ်၍ ဓမ္မိကဉစ္စာပင်ဖြစ်၏၊ ရဟန်းတော်ကြီးသည်လည်း နှစ်ရာ့နှစ်ဆယ် ခုနစ်ပါးသော သိက္ခာပဒသီလရှင်ဖြစ်၏၊ ဓမ္မိကသင်္ကန်းတထည် သည်ပင်လျှင် နှစ်ရာ့နှစ်ဆယ်ခုနစ်ပါးသော သိက္ခာပဒသီလရှင် ရဟန်းတော်ကြီးကို အပါယ်သို့ချလေ၏၊ လောဘပယောဂတွေ များစွာနှင့် ရှာကြံလုပ်ဆောင်၍ရသော လူတို့၏ ပစ္စည်းဉစ္စာ မှာ ငါးပါးမျှသော သိက္ခာပဒသီလရှင်ဖြစ်သူ လူတို့၌ အဘယ် ဆိုဖွယ်ရှိအံ့နည်း—ဟု သံဝေဂသတိ ရှိကြကုန်ရာ၏။

## သူဌေးကြီးနှင့် အမွေခံဉပမာ

တနည်းကား- သူဌေးကြီး တဦးသည် ငွေအကုဋေများစွာ ရွှေအကုဋေများစွာ ပုလဲ—ပတ္တမြား အကုဋေများစွာ ကြွယ်ဝ ၏၊ ထိုရတနာတို့ကို ဝိပတ္တိကာလ၌ ရန်သူမျိုး ၅—ပါးမှလွတ် ကင်း၍ သားစဉ်, မြေးဆက် ကြွယ်ဝစွာ ခံစံရစ်ကြစေခြင်းငှာ နက်လှစွာသောမြေ၌ မြှုပ်နှံ၍ထား၏၊ အိမ်၌ အလွယ်တကူ သုံးစွဲရန် ခြောက်သောင်းမျှလောက်သော ငွေ, ဆန်ရေစပါး, ဝတ်စား တန်းဆာမျှသာရှိ၏၊ အမွေခံသား ခြောက်ယောက် ရှိ၏၊ သူဌေးကြီးသေလွန်၍ အမွေခွဲဝေကြရာ အိမ်ရှိပစ္စည်း များကို ခြောက်ပုံခြောက်စုပြု၍ ဝေယူကြ၏၊ မြေနှံပစ္စည်းများ မှာလည်း ကမ္ပည်းမှတ်စာတို့ကို ခြောက်ပုံခြောက်စုပြု၍ ဝေယူ

www.dhammaransi.com



ကြ၏၊ မြေနှံ့ရတနာတို့ကား ဥစ္စာရှင်ကိုယ်တိုင် တူးဖော်မှရနိုင်သော အခွင့်ရှိကြကုန်၏။

(၁) သားခြောက်ယောက်တို့တွင် တယောက်သောသူသည် လောဘ အလွန်ကြီး၏၊ လက်ရောက် ရရှိသော ပစ္စည်းမျှနှင့် အနည်းငယ်မျှ ရောင့်ရဲခြင်းမရှိ၊ ရရှိသည်ဟူ၍မျှ မထင်နိုင်၊ မိမိဝေပုံကျရာ မြေနှံ့ရတနာတို့ကို လွန်စွာတပ်စွန်း၏၊ မရလျှင် ရက်ရှည်မနေနိုင်ရှိ၏၊ ထိုသို့ ထက်သန်သော လောဘကြောင့် အပင်ပန်းခံ၍ အမြန်တူးဖော်လေရာ အကုဋေများစွာ ရွှေငွေရတနာတို့ကိုရ၍ သူဌေးကြီး ဖြစ်လေ၏။

(၂) တယောက်သော သူသည် ဝီရိယအလွန် ကောင်း၏၊ ခဲယဥ်းစွာ နေ့ရှည်ရက်များ တူးဖော်ပင်ပန်းရမည်ကို အမှုကြီးတခုဟု မထင်၊ အလွယ်တကူမျှသာထင်၏၊ ထိုသို့ ထက်သန်သောဝီရိယဖြင့် အပန်းခံ၍ အမြန်တူးဖော်လေရာ အကုဋေများစွာ ရွှေငွေရတနာတို့ကိုရ၍ သူဌေးကြီးဖြစ်လေ၏။

(၃) တယောက်သောသူသည် စိတ်စွဲသန်လှ၏၊ ဝေပုံကျပြီးသောအခါမှ စ၍ ထိုရတနာတို့၌သာ စိတ်သွား၍နေ၏၊ အိပ်၍ အိပ်ရမှန်းမသိ, စား၍စားရမှန်းမသိ ဖျောက်ဖျက်၍ပင်မရ ရှိနေ၏၊ ထိုကဲ့သို့စွဲမြဲသောစိတ်ဖြင့် အပန်းခံ၍ အမြန်တူးဖော်လေရာ အကုဋေများစွာ ရွှေငွေရတနာတို့ကိုရ၍ သူဌေးကြီးဖြစ်လေ၏။

(၄) တယောက်သောသူသည် အကြံအဖန် ဉာဏ်ပညာ အလွန်ကောင်း၏၊ စက်ကိရိယာ ကြံဖန်လုပ်ဆောင်၍ တူးဖော်

www.dhammaransi.com



သော် အလှူယ်တကူနှင့် ရနိုင်လတ္တံ့—ဟု စိတ်ချ၏၊ ထိုသို့သော ဉာဏ်ဖြင့် ကြံဖန်လုပ်ဆောင်၍ တူးဖော်လေရာ အကုဋေ များစွာ ရွှေငွေရတနာတို့ကိုရ၍ သူဌေးကြီး ဖြစ်လေ၏။

(၅) တယောက်သောသူသည် လောဘနည်းလှ၏၊တသောင်းကျော်တန် ရရှိလျှင်ပင် သူဌေးကြီး ဖြစ်ပြီထင်၏၊ မြေနှံ့ရတနာတို့ကို ယူလိုသောဆန္ဒပင်မရှိ၊ မိမိဥစ္စာဟူ၍ပင် မမှတ်၊ ရရှိ ပြီးသော ဥစ္စာနှင့်သာ တင်းတိမ်၍ နေလေ၏။

(၆) တယောက်သောသူသည် ရပြီးသော ဥစ္စာကို မကြာမီ ဖြုန်းတီး၍ ကုန်စေ၏၊ နက်နဲခက်ခဲစွာသော ရတနာတို့ကို တူးဖော်ရန် ပေါက်တူး, တူးရှင်း ဖိုးမျှမကျန်၊ မကောင်းသူဖြစ်၍လည်း ရပ်ရွာမှနှင်ထုတ်၍ တရွာတပြည်၌ နေရ၏။

## ဥပမာ—ဥပမေယျ နှိုးနှောပုံ

ဤဥပမာ၌ မြတ်စွာဘုရားသည် သူဌေးကြီးနှင့်တူ၏၊ သီလဝိသုဒ္ဓိနှင့် ပရိယတ္တိဓမ္မတို့သည် အိမ်တွင်းရှိ ရွှေငွေရတနာ ဥစ္စာဓမ္မစနှင့် တူကုန်၏၊ ဈာန်အဘိညာဟူသော စိတ္တ ဝိသုဒ္ဓိသည် နက်နဲခက်ခဲစွာ မြှုပ်၍ထားသော အကုဋေမျှားစွာ ရွှေငွေရတနာနှင့်တူ၏၊ ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော လောကီပညာ ဝိသုဒ္ဓိလေးပါးသည် နက်နဲခက်ခဲစွာ မြှုပ်ထားသော အကုဋေမျှားစွာ ရွှေငွေရတနာနှင့်တူ၏၊လောကုတ္တရဉာဏဒဿနဝိသုဒ္ဓိသည် နက်နဲခက်ခဲစွာ မြှုပ်ထားသော အကုဋေမျှားစွာ ပုလဲ, ပတ္တမြားရတနာနှင့် တူ၏၊ ဗုဒ္ဓဘာသာ သာသနာဝင် လူရှင်အပေါင်းသည် အမွေခံသားခြောက်ယောက်နှင့် တူကုန်၏။

www.dhammaransi.com



(၁) လူရှင်အပေါင်းတို့တွင် ဣဒ္ဓိပါဒ်ဆန္ဒမျိုး ရှိသော သူအပေါင်းတို့သည် လောဘလွန်ကဲလှသော ပဌမသူဌေးသားနှင့် တူကုန်၏။

ဣဒ္ဓိပါဒ်ဆန္ဒ ရှိကြကုန်သော လူအပေါင်း, ရှင်အပေါင်းမည်သည် ရရှိတတ်သိ၍ နေကြသော သီလဝိသုဒ္ဓိ, ပရိယတ္တိဓမ္မနှင့် အနည်းငယ်မျှ တင်းတိမ်ခြင်း မရှိကြကုန်၊ "မြတ်စွာဘုရား၏ သာသနာဓမ္မနှင့် တွေ့ရပေပြီ၊ သာသနအမွေကို ခံရပေပြီ" ဟူ၍ပင် ပြောလောက်သည် မထင်နိုင်ကြလေကုန်၊ အထက်ဝိသုဒ္ဓိတို့ကို ရလိုသောဆန္ဒ အလွန်သန်ကြကုန်၏၊မရလျှင် မနေနိုင်ကြကုန်။

(၂) ဣဒ္ဓိပါဒ်ဝီရိယမျိုးရှိသော သူအပေါင်းတို့သည် ဝီရိယလွန်ကဲသော ဒုတိယသူဌေးသားနှင့် တူကုန်၏။

ထိုကဲ့သို့သောသူတို့သည် မိမိတို့ မရဘူးကြကုန် သေးသော အထက်အထက်သော အလုပ်ကြီး အကိုင်ကြီးတို့နှင့် အပန်းခံ၍ နေရမှ စိတ်ကြည်နိုင်ကြကုန်၏။

(၃) ဣဒ္ဓိပါဒ်စိတ်မျိုးရှိသော သူအပေါင်းတို့သည် စိတ်စွဲကြီးလှသော တတိယသူဌေးသားနှင့် တူကုန်၏။

ထိုကဲ့သို့သောသူတို့သည် အကျိုးအာနိသံသကြီးမြတ်လှသော အလုပ်အကိုင်ကို ကြားသိရလျှင် တခြားတပါးသောအလုပ်တို့၌ စိတ်မရှိကြကုန်ပြီ။

(၄) ဣဒ္ဓိပါဒ်ပညာမျိုး ရှိကြသော သူအပေါင်းတို့သည် ပညာလွန်ကဲသော စတုတ္ထသူဌေးသားနှင့် တူကုန်၏။

www.dhammaransi.com



ထိုကဲ့သို့သောသူတို့သည် သူများတို့မတတ်နိုင်ကြသော ခက်ခဲသောပညာမှု, နက်နဲသောပညာမှု, အကျိုးအာနိသင် ကြီးမြတ်လှသောပညာမှုတို့ကို ဖြစ်မြောက်ပေါက်ရောက်အောင် ထူထောင် လုပ်ဆောင်၍နေရမှ စိတ်ကြည်နိုင်ကြကုန်တော့သည်။

(၅) ဣဒ္ဓိပါဒ်မျိုးမဟုတ်၊ ဆန္ဒနုပ်, ဝီရိယနုပ်, ပညာနုပ် မျိုးသာရှိသောသူအပေါင်းတို့သည် လက်ရောက်ရရှိသော ဥစ္စာ စုနှင့်ပင် သူဌေးကြီးဖြစ်ပြီ–ဟု စိတ်ချသောပဥ္စမ သူဌေးသားနှင့် တူကုန်၏။

ထိုကဲ့သို့သောသူတို့သည် သဒ္ဓါ, ဆန္ဒသေးနုပ်ကြသည့်အတွက် အထက်အထက်သော ဝိသုဒ္ဓိတို့ကို ယခုဘဝ၌ မိမိတို့ရထိုက်သော မိမိတို့ဆိုင်ရာ မိမိတို့အမွေဥစ္စာ–ဟူ၍ပင်အထင်မရကြကုန်၊ လုံ့လ ဝီရိယသေးနုပ်ကြသည့် အတွက် အအိပ်အနေကို ခြိုးခြံ၍ နေ့ရှည်ရက်များ အားထုတ်ရသော အမှုမျိုးဆိုလျှင် ထိုအမှု၌ စိတ်မရှိကြကုန်ပြီ၊ မဖြစ်နိုင်သောအမှု–ဟု ပစ်ပယ်၍ ထားကြကုန်၏၊ စိတ်စေတနာ သေးနုပ်ကြသည့် အတွက် ထိုအမှု၌ အခိုင်အမြဲစိတ်စွဲမှုမရှိကြကုန်၊ သူတပါးတို့ စိတ်ထင်ရာ ပြောဆိုကြသော နာနာဝါဒ စကားကို ကြားတိုင်း ကြားတိုင်း စိတ်ပြောင်း၍ နေကြကုန်၏၊ အသိပညာ သေးနုပ်ကြသည့်အတွက် မိမိတို့နှင့်ထိုက်တန်သော အလုပ်မဟုတ်–ဟု စွန့်ပယ်၍ ထားကြကုန်၏၊ ထိုကဲ့သို့သောသူတို့ကို မြင်တော်မူ၍–

ဆန္ဒိဒ္ဓိပါဒံ ဘာဝေတိ၊ ဝီရိယိဒ္ဓိပါဒံ ဘာဝေတိ၊

စိတ္တိဒ္ဓိပါဒံ ဘာဝေတိ၊ ဝိမံသိဒ္ဓိပါဒံ ဘာဝေတိ–

ဟူ၍ ဟောတော်မူသည်။

www.dhammaransi.com



မိရိုးဖလာအားဖြင့် သေးနုပ်၍ နေသော ဆန္ဒစသည်တို့ကို ကြီးပွားရှိလာအောင် ထူထောင်ပွားများကြရမည်—ဟူလို၊ ကြီးပွားရှိလာမှ ဆန္ဒတမျိုး, စိတ်တမျိုး ပေါ်နိုင်ကြ လေကုန်သတည်း။

(၆) ဗုဒ္ဓဘာသာ၌ လူ့ဒုသီလ, ရဟန်းဒုသီလ တို့သည် ဆင်ခြမသူရှေးသား လူပျက်နှင့်တူကုန်၏။

သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ, အာဇီဝဋ္ဌမကသီလ ဟု ဆိုအပ်သော နိစ္စသီလ မလုံခြုံကြကုန်သော လူမိန်းမ, လူယောကျ်ားတို့သည် သာသနအမွေခံ ဥပါသကာအင်္ဂါ, ဥပါသိကာ အင်္ဂါတို့မှ လွတ်ကွာ၍ ဥပါသကာပျက်, ဥပါသိကာပျက် အဖြစ်၌ တည်ကြကုန်၏။

ပါရာဇိက ကျရောက်သော ရဟန်း, သာမဏေ တို့သည် ဘုရားအမွေခံ ရဟန်းကောင်းအင်္ဂါ,သာမဏေကောင်းအင်္ဂါတို့မှ လွတ်ကွာ၍ ရဟန်းပျက်, သာမဏေပျက် အဖြစ်၌သာ တည်ကြကုန်၏။

ထိုသူတို့တွင် လူတို့မှာ ငါးပါးသီလ, အာဇီဝဋ္ဌမကသီလ တို့ကို ယခုနေ့မှစ၍ စောင့်ထိန်းပါတော့မည်—ဟု ဆောက်တည်လျှင် ယခုနေ့မှစ၍သာသနအမွေခံဥပါသကာ, ဥပါသိကာအဖြစ်သို့ ရောက်နိုင်ကြကုန်၏။ ။ဤကား တဦးသောအဖ၏ အမွေခံသား မြေး အမျိုးအရိုးပင်မှန်ကြကုန်သော်လည်း ဣဒ္ဓိပါဒ်လေးပါးတွင် တပါးပါး အခြေခံရှိကြသော သူတို့သည်သာ မိမိတို့ဆိုင်ရာ အမွေဥစ္စာကို အကုန်ရယူ ခံစံကြရ ကုန်သည်၊

www.dhammaransi.com



ဤဒွိပါဒ်လေးပါးတွင် တပါးပါးမျှ မရှိကြကုန်သောသူတို့သည်ကား အလှယ်တကူ အပေါ်ယံက အချို့မျှသောအမွေကိုသာ ရယူခံစံရကုန်သည်၊ အနှစ်သာရဖြစ်သောအမွေဥစ္စာကြီးမှ အပဖြစ်ကြကုန်၏၊ အချို့သူတို့ကား အလှယ်တကူ အပေါ်ယံက အချို့မျှကိုပင် ဖြုန်းတီး၍ ပစ်ကြသဖြင့် ဘုရားအမွေသာသနအမွေမှ အပဖြစ်ကြသည်၊ ဤကား အမွေခံသူ အထူးအပြားကို ပြဆိုခဏ်းတည်း။

## အနိယတအမွေခံတို့၏ အနိယတအလား

တနည်းကား — အနိယတအမွေခံ, နိယတ အမွေခံအားဖြင့် နှစ်ပါးရှိ၏။

အကြင်သူတို့သည် မိမိတို့အဇ္ဈတ္တသန္တာန်၌ ကောင်းကောင်းကြီးထင်မြင်သော အနိစ္စဉာဏ်, အနတ္တဉာဏ်ကို တရံတဆစ်မျှ မရဘူးကြကုန်၊ ထိုသူတို့သည် အနိယတအမွေခံမည် ကုန်၏၊ အနိယတဆိုသည်ကား ယခုနေ့၌ သဗ္ဗညုဘုရားတပည့်သား, သဗ္ဗညုဘုရားအမွေခံ၊ နက်ဖြန်၌ တပါးသောဘုရားတပည့်သား, တပါးသော ဘုရားအမွေခံ ဖြစ်ကြကုန်လတ္တံ့၊ မိမိကိုးကွယ်၍ လာခဲ့သော သဗ္ဗညုသာသနာကိုပင် ကဲ့ရဲ့ရှုတ်ချ ဖျက်ဆီးကြကုန်လတ္တံ့၊ လောက၌ ဗုဒ္ဓဘာသာမှ ခရစ်ယာံဘာသာသို့ ပြောင်း၍ ဗုဒ္ဓဘာသာကို ကဲ့ရဲ့ရှုတ်ချ ဖျက်ဆီးကြကုန်၏၊ နောက်ဘဝဆိုဖွယ်ရာ မရှိပြီ။

ထို့အတူ သည်လ၌ သဗ္ဗညုဘုရားတပည့်သား, နောက်လ၌ တပါးသောဘုရား တပည့်သား၊ သည်နှစ်၌ သဗ္ဗညု ဘုရား

www.dhammaransi.com



တပည့်သား, နောက်နှစ်၌ တပါးသော ဘုရားတပည့်သား၊ ပဌမအရွယ်၌ သဗ္ဗညုဘုရားတပည့်သား, ဒုတိယအရွယ်၌ တပါးသောဘုရား တပည့်သား၊ ဒုတိယအရွယ်၌ သဗ္ဗညုဘုရားတပည့်သား, တတိယ အရွယ်၌ တပါးသော ဘုရားတပည့်သား တပါးသောဘုရားအမွေခံ ဖြစ်ကြကုန်လတ္တံ့၊ သည်ဘဝ၌ သဗ္ဗညုဘုရားတပည့်သား သဗ္ဗညုဘုရားအမွေခံ, နောက်ဘဝ၌ တပါးသော ဘုရားတပည့်သား တပါးသော ဘုရားအမွေခံ ဖြစ်ကြကုန်လတ္တံ့။

## ပုထုဇန်၏ အနက်အဓိပ္ပါယ်

နာနာသတ္ထာရာနံ မုခံ ဥလ္လောကေန္တီတိ ပုထုဇ္ဇနာ၊ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်။)

နာနာသတ္ထာရာနံ = အထူးထူးသောဆရာ အထူးထူးသောဘုရားတို့၏။ မုခံ = မျက်နှာကို။ ဥလ္လောကေန္တိ = တမော့မော့ကြည့်တတ်ကုန်၏။ ဣတိ=ထို့ကြောင့်။ ပုထုဇ္ဇနာ=ပုထုဇန်မည်ကုန်၏။ ။ (ဆည်းကပ်ကိုးကွယ်သည်ကို တမော့မော့ကြည့်မှု–ဆိုသည်)

အဓိပ္ပါယ်ကား –ပုထုဇန်သတ္တဝါတို့ မည်သည် အနမတဂ္ဂသံသရာ၌ ကိုးကွယ်ရာဌာန မြဲသည်ဟု မရှိကြ၊ ယခုနေ့၌တမျိုး, နက်ဖြန်၌တမျိုး၊ သည်လ၌တမျိုး, နောက်လ၌တမျိုး၊ သည်နှစ်၌တမျိုး, နောက်နှစ်၌တမျိုး၊ သည်အရွယ်၌တမျိုး, နောက်အရွယ်၌တမျိုး၊သည်ဘဝ၌တမျိုး, နောက်ဘဝ၌တမျိုး ကိုးကွယ်ရာဘုရားအစားစား အဖုံဖုံ ပြောင်းကြမြဲ ဖြစ်ကုန်၏။

www.dhammaransi.com



**အနမတဂ္ဂသံသရာ၌** သဗ္ဗညုဘုရားကို ဘုရား—ဟု ကိုးကွယ်ကြရသော ဘဝကား အလွန်နည်းပါး၏၊ ရံခါ **ဗြဟ္မာ**ကို ဘုရား—ဟု ကိုးကွယ်ကြရကုန်၏၊ ရံခါ သိကြားကို, ရံခါ ထိုထိုနတ်ကြီးတွေကို, ရံခါ **နေ**ကို, ရံခါ လကို, ရံခါ ထိုထိုနက္ခတ်ကို, ရံခါ ဘုမ္မစိုဝ်းနတ်ကြီး ဘီလူးကြီးတွေကို ဘုရား—ဟု ကိုးကွယ်ကြရကုန်၏၊ လောက၌ အလွန်ယုတ်မာ မှောက်မှားသော မိစ္ဆာဒိဋ္ဌိဆရာကြီးတွေတို့ကား ကမ္ဘာ့တန်းဆာ ကမ္ဘာ့မြေစာကဲ့သို့ အလွန်တရာ ပေါများကြကုန်၏၊ ထိုမိစ္ဆာဒိဋ္ဌိ အယုတ်တမာကြီးတွေကို တွေ့မိတွေ့ရာ ဘုရား—ဟူ၍ ကိုးကွယ်ကြကုန်သော ဘဝတို့ကား အလွန်များပြားကုန်၏၊ ရံခါ နဂါးကို, ရံခါ ဂဠုန်ကို, ရံခါ မြစ်ကို, ရံခါ တောင်ကို, ရံခါ တောကို, ရံခါ သစ်ပင်ကို, ရံခါ တောင်ပို့ကို, ရံခါ မီးကို, ရံခါ ရေကို ဘုရား—ဟူ၍ ကိုးကွယ်ကြရကုန်၏၊ ဤသို့လျှင် ကိုယ်တွင်း၌ သက္ကာယဒိဋ္ဌိ **အမှောက်အမှားကြီး** ရှိနေကြကုန်သော ပုထုဇန်သတ္တဝါတို့၏ တဘဝ တဘဝလျှင် တမျိုးတမျိုး ကိုးကွယ်ရာ ဘုရားမည်သည် လောကဓာတ်၌ အလွန်များပြား၏၊ ကြပ်ကြပ် ကိုးကွယ်လေလေ အပါယ်ငရဲ ကြပ်ကြပ်နက်နဲလေလေသာဖြစ်၏။

ဤဘဝမှ နောက်၌လည်း သက္ကာယဒိဋ္ဌိ အမှောက်အမှားကြီးနှင့်တကွ ကျင်လည်၍ သွားကြရကုန် သေးသည်ရှိသော် တဘဝလျှင် တမျိုးတမျိုး ကိုးကွယ်ရာဘုရား ပြောင်း၍ပြောင်း၍ သွားကြကုန် လတ္တံ့၊ ပုထုဇန် အဖြစ်သည် ကြောက်ဖွယ်,

www.dhammaransi.com



လန့်ဖွယ်, စက်ဆုပ်ဖွယ်, ရွံရှာဖွယ်, အောင့်အန့်ဖွယ် အလွန် ကောင်းလေစွ။

ဤကား "နာနာသတ္တာရာနံ မုခံ ဥလ္လောကေန္တိတိ ပုထုဇ္ဇ နာ" ဟူသော ပါဠိတော်မြတ်၏ အဓိပ္ပါယ်ရပ်တည်း။

ကိုးကွယ်ရာဘုရား ပြောင်းရွှေ့လျှင် ကိုးကွယ်ရာတရားလည်း တဘဝလျှင်တမျိုး ပြောင်းရွှေ့ကြရကုန်၏၊ ရံခါ သဗ္ဗညုဘုရား တို့ပညတ်သော အဓိသီလတရားကို ကိုးကွယ်ကြရကုန်၏၊ ရံခါ နွားတို့၏ အလေ့အကျင့်— ဟူသော ဂေါသီလ ဂေါဝတ— တရားတို့ကို ကိုးကွယ်ကြရကုန်၏၊ ရံခါ ခွေးတို့၏ အလေ့ အကျင့်, ရံခါ မြင်းတို့၏ အလေ့အကျင့်, ရံခါ ဆင်တို့၏ အလေ့အကျင့် —စသည်ဖြင့် ကိုးကွယ်ရာ သီလတရားလည်း အလွန်များပြား၏။

ဒိဋ္ဌိအရာ၌လည်း သမ္မာဒိဋ္ဌိတရားကို ကိုးကွယ်ရသော ဘဝ အလွန်နည်းပါး၏၊ အလွန်ယုတ်မာလှသော မိစ္ဆာဒိဋ္ဌိဓမ္မတို့သည် ကမ္ဘာ့တန်ဆာ ကမ္ဘာ့မြေစာဖြစ်၍ အလွန်ပေါများကြကုန်၏၊ ထိုတရား ထိုသာသနာတို့ကို ကိုးကွယ်ရာပြု၍ လာကြကုန်၏၊ ကြပ်ကြပ် ကိုးကွယ်လေလေ အပါယ်ငရဲ နက်နဲ လေလေချည်း သာတည်း။

## ပုထုဇန်တို့၏ မဟာအမှား

သံသရာ၌ ကျင်လည်ကြရကုန်သော ပုထုဇန်သတ္တဝါတို့မှာ အမိုက်အမဲ အမှောက်အမှား အနန္တရှိနေကြသည်တွင် ကိုးကွယ် ရာဘုရား မှောက်မှားမှု, ကိုးကွယ်ရာတရား မှောက်မှားမှုသည်

www.dhammaransi.com



အလွန်တရာ နာကျည်းလှသော မဟာအမှောက်အမှားကြီးပေတည်း၊အဘယ့်ကြောင့် နည်းဆိုသော် ကိုးကွယ်ရာဘုရားမှောက်မှားခဲ့လျှင် အလုံးစုံသောကိုယ်ကျင့်တရားလည်း အကုန်မှောက်မှားတော့သည်၊ မနုဿတ္တဒုလ္လဘ- ဟူသော ဘဝပဒေသာပင်ကြီးသည် ငရဲပဒေသာပင်ကြီး လုံးလုံး ဖြစ်လေတော့သည်။

**ဤကား** အနိယတအမြွေခံပုဂ္ဂိုလ်တို့၏ ရှေးသို့သွားကြလတ္တံ့သော အနိယတအလားကို ပြဆိုချက်တည်း။

## နိယတအမြွေခံတို့၏ နိယတအလား

အကြင် သူတို့သည် မိမိတို့ အဇ္ဈတ္တခန္ဓာ၌ အနိစ္စအချက်, အနတ္တအချက်ကို ကောင်းစွာမြင်ဘူးကြကုန်၏၊သက္ကာယဒိဋ္ဌိနိုင်ငံကြီးမှ ကျွတ်လွတ်ကြကုန်၏၊ ထိုသူတို့သည် နိယတအမြွေခံမည်ကုန်၏။

နိယတဆိုသည်ကား ထိုသူတို့သည် နောင်အနမတဂ္ဂသံသရာ၌ ကိုးကွယ်ရာဘုရား မှောက်မှားမှုမှ ကျွတ်လွတ် ကြပေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရား၏ သားတော်အစစ်, သမီးတော်အစစ် ဘဝဆက်တိုင်း အမြဲဖြစ်ကြကုန်၏၊ ထိုသူတို့အား ဘုံစဉ်စံမျိုး ဖြစ်ကြကုန်၍ သံသရာ၌ ဘာမျှားစွာ ကမ္ဘာမျှားစွာကျင်လည်၍ သွားကြကုန်သော်လည်း ငါတို့ဘုရား၏ ဂုဏ်တော်ကျေးဇူးတော် တို့သည် တဘဝ ထက် — တဘဝ တကမ္ဘာ ထက် — တကမ္ဘာ ပွင့်လင်း၍သာသွားကြကုန်၏၊တရားတော်၏ ဂုဏ်တော်ကျေးဇူးတော်, သံဃာတော်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည် တဘဝထက်—ဘဘဝ တကမ္ဘာထက်—တကမ္ဘာ ပွင့်လင်း၍သာ

www.dhammaransi.com



သွားကြကုန်၏၊သီလ,သမာဓိ, ပညာသာသနာတော်ကြီးသုံးပါး၊ သီလဝိသုဒ္ဓိ—အစရှိသော ဝိသုဒ္ဓိကြီးခုနစ်ပါး၊သတိပဋ္ဌာန်,သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်—ဟူသော ဗောဓိပက္ခိယတရား ၃၇–ပါး၊ ဤအလုံးစုံသော မွေအမွေတော်ကြီးတို့သည် တဘဝထက်-တဘဝ တကမ္ဘာထက်ဘာကမ္ဘာ၊ ထိုသူတို့စိတ်နှလုံးမှာ ကြီးကျယ်စွာ ပွားများ စည်ကားရှိသော သွားကြကုန်၏။

ငါတို့မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကြီး,ပဋိပတ္တိသာသနာတော်ကြီး, ပဋိဝေဓသာသနာတော်ကြီး သုံးပါတို့သည် ထိုသူတို့မှာ အစဉ်ထာဝရ ဘဝအဆက်ဆက် ကမ္ဘာ အဆက်ဆက် မပျက်ခိုင်ကျည် အမြဲတည်လေကုန်၏၊ လူ့ချမ်းသာ, နတ်ချမ်းသာ,ဗြဟ္မာ့ချမ်းသာတို့ကို အစဉ်ခံစားစံစားသော သံသရာ၌ကျင်လည်ကြရကုန်သော်လည်း တဘဝတမျိုး ကိုးကွယ်ရာဘုရားပြောင်းရွှေ့ကြရသော လောကီဘုံသူ လောကီဘုံသား မဟုတ်ကြရပေကုန်ပြီ၊ လောကုတ္တရာဘုံသူ လောကုတ္တရာဘုံသား, အရိယာ ဘုံသူ အရိယာဘုံသား အဖြစ်နှင့်သာ ကျင်လည် ကြရကုန်၏။

## နိဗ္ဗာန်ဘုံသူ နိဗ္ဗာန်ဘုံသား

သံသရာဝဲသြဃ၌ နစ်၍, မြုပ်၍, မွန်း၍, မော၍, မျော၊ ပါး၍ နေကြကုန်သော သံသရာဘုံသူ သံသရာဘုံသား ဝဋ္ဋဒုက္ခသမားမျိုး မဟုတ်ကြပေကုန်ပြီ၊ သဉပါဒိသေသအမည်ရှိသော ပဌမနိဗ္ဗာန်ဘုံသူ ပဌမနိဗ္ဗာန်ဘုံသားအစစ် ဖြစ်ကြကုန်၍ ဘုံစဉ်

www.dhammaransi.com



အားဖြင့် ခံစားစံစားကာ အနုပါဒိသေသ နိဗ္ဗာန်သို့ တသန်တည်း ဆန်တက်သမားတို့သာတည်း။

အနမတဂ္ဂသံသရာ၌ ခပ်သိမ်းသော ပညာရှိသူ လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့သည် သဗ္ဗညုတ မြတ်စွာဘုရားတို့၏ သားတော်အစစ် သမီးတော်အစစ်,နိယတဘုံသူနိယတဘုံသားအဖြစ်ကို အလိုရှိကြလျှကုန်သည်ဖြစ်၍ ဘုရားကို တမြော်တည်း မြော်ကြရကုန်၏၊ တရားကို တမြော်တည်း မြော်ကြရကုန်၏၊သံဃာကို တမြော်တည်း မြော်ကြရကုန်၏၊ သာသနာကိုတမြော်တည်း မြော်ကြရကုန်၏၊ ဒါနကို များစွာပြု၍ ဆုတောင်းကြရကုန်၏၊ သီလကို များစွာပြု၍ ဆုတောင်းကြရကုန်၏၊ဘာဝနာကို များစွာပြု၍ ဆုတောင်းကြရကုန်၏။

ဤကား—နိယတအမွေခံ ပုဂ္ဂိုလ်တို့၏ ယခုဘဝမှ ရှေ့သို့ တဖြောင့်တည်း သွားကြလတ္တံ့သော နိယတအလားကို ပြဆိုချက်တည်း။

သည်ကိုရည်၍ သုတ္တန်,အဘိဓမ္မာ ပါဠိတော်အရပ်ရပ်တို့၌—

တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော—

ဟူ၍ ဟောတော်မူသည်။

တိဏ္ဏံ=သုံးပါးကုန်သော၊ သံယောဇနာနံ=သံယောဇဉ်တို့၏။ ပရိက္ခယာ=ကုန်ဆုံးချုပ်ငြိမ်း ရုပ်သိမ်းခြင်း

www.dhammaransi.com



ကြောင့်။ သောတာပန္နော=အနုပါဒိသေသ နိဗ္ဗာန်သို့ တဖြောင့်တည်းသွားသော ဗောဓိပက္ခိယ ဓမ္မအယဉ်သို့ ရှေးဦးစွာရောက်သောသူသည်။ ဟောတိ=ဖြစ်၏။ အဝိနိပါတ ဓမ္မော=စုတေသည်၏ အခြားမဲ့၌ အလိုမရှိရာ ဘဝသို့ ပရမ်းပတာကျခြင်းသဘောမှ ကျွတ်လွတ်လေ၏။ နိယတော=ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်မကွဲ အစဉ်ထာဝရမြဲသော ဗောဓိပက္ခိယ ဓမ္မအမွေခံ ဖြစ်လေ၏၊ သမ္ဗောဓိပရာယဏော=အထက်မဂ် အထက်ဖိုလ်လျှင် အလိုရှိကာ လွယ်စွာရကြောင်းလည်းလျောင်း မှီခိုရာရှိသည်။ ဟောတိ=ဖြစ်၏။ (အနက်)

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ — ဤ သုံးပါးကို သံယောဇဉ်သုံးပါး ဆိုသည်၊ ထိုသုံးပါး တို့တွင်လည်း သက္ကာယဒိဋ္ဌိသည်သာ ပဓာန အချုပ် တည်း။

အနိယတ, နိယတ အမွေခံနှစ်ပါးကို
ပြဆိုခဏ်းပြီး၏။

---

## တိုက်တွန်းချက်=ဥယျောဇဉ်

ဤသို့လျှင် ခွဲခြမ်းဝေဖန်၍ ပြဆိုခဲ့ပြီးသော ဆိုးမွေ, ကောင်းမွေ—ဟူ၍ အမွေ ၂—မျိုး၊ အနိယတ အမွေ, နိယတအမွေ—ဟူ၍ အမွေ ၂ — မျိုးရှိသည်ကိုလည်း ကောင်း၊ ဆိုးမွေခံ, ကောင်းမွေခံ—ဟူ၍ အမွေခံ ၂-မျိုး၊ အနိယတအမွေခံ, နိယတ

www.dhammaransi.com



အမွေခံ—ဟူ၍ အမွေခံ ၂—မျိုးရှိသည်ကိုလည်းကောင်း သိမြင်ကြကုန်သော ရှင်ရှင်လူလူ သူတော်ကောင်း သူမြတ်လောင်း အပေါင်းတို့သည် ရှေးရှေးသော ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တို့က "ဆိုးမွေကို ခံစံလို၍ ဘုရားသာသနာကို ငါတို့ ဆုတောင်းခဲ့ကြကုန်သည် မဟုတ်၊ ကောင်းမွေကို ခံစံလို၍သာ ဆုတောင်းခဲ့ကြကုန်သည်၊အနိယတတဒင်္ဂအမွေကိုလို၍ ဒါန,သီလ, ဘာဝနာ ပါရမီဆုတောင်းမှုကို ငါတို့ ပြုခဲ့ကြကုန်သည်မဟုတ်၊နိယတအမွေကို ရလို၍ ပြုခဲ့ကြကုန်သည်"ဟု မိမိတို့ ပင်ပန်းတကြီး နှိုးရင်းကိုးစား၍ လာခဲ့ကြသော အမှုရင်းကို ကောင်းစွာမြှော်ထောက်၍လည်းကောင်း, အမွေယုတ် အမွေဆိုးများကို မြတ်စွာဘုရား မြစ်ပယ်တော်မူသည်ကို မြှော်ထောက်၍လည်းကောင်း ယခုဘဝ ဘုရားတပည့်သား ဘုရားအမွေခံ အဖြစ်ကို ရကြသည့်အခါ၌ မိမိတို့ကိုယ်ကို ဆိုးမွေကိုခံစံသော အမွေခံဆိုး အမွေခံယုတ် မဖြစ်ကြကုန်စေရာ၊ အနိယတ တဒင်္ဂအမွေမျှကို ခံစံရသော အနိယတ တဒင်္ဂအမွေခံ မဖြစ်ကြစေကုန်ရာ၊ ဗောဓိပက္ခိယ ဓမ္မအမွေတည်းဟူသော ကောင်းမွေကို ခံစံသော အမွေခံကောင်း အမွေခံမြတ်သာ ဖြစ်ကြစေကုန်ရာ၏။

ထိုစကားမှန်၏—ဘဝသံသရာ ရှည်မြင့်စွာကာလ၌ ဘုရားအမွေခံဖြစ်ကြရန် ဒါန, သီလ, ဘာဝနာ ပါရမီဆုတောင်းမှုကို ပြုကြသောအခါ၌"အကျွန်ုပ်တို့ ယခုပြုအပ်သော ကောင်းမှုကုသိုလ်ကြောင့် နောင်လူတွင် ထင်ရှားဘုရားမြတ်စွာ ပွင့်သောအခါ၌ ကောင်းစွာ ဖူးတွေ့ကြရကုန်သည် ဖြစ်၍ အကျွတ်

www.dhammaransi.com



ဘုရားကို ရကြပါလိုကုန်၏”ဟူ၍လည်းကောင်း၊ “မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်တရားတော်မြတ်ကို ရကြပါလိုကုန်၏”ဟူ၍လည်းကောင်း-ဤသို့ ဓမ္မအမွေကိုသာ ဆုတောင်းကြမြဲ ဓမ္မတာဖြစ်သည်၊ “နောင်လူတွင်ထင်ရှား ဘုရားမြတ်စွာ ပွင့်သောအခါ၌ ကောင်းစွာဖူးတွေ့ကြရကုန်သည် ဖြစ်၍ ပစ္စည်းလာဘ်လာဘ ပေါများကြရပါလိုကုန်၏၊ မင်းဆရာ, စိုးဆရာ, သူဌေးသူကြွယ်ဆရာ ဖြစ်ကြရပါလိုကုန်၏”ဟု အာမိသအမွေနှစ်ပါးကိုဆုတောင်းကြမြဲမဟုတ်၊ လူတို့မှာလည်း “ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ, ဣဿရိယသမ္ပတ္တိ ကုသိုလ်မျိုးကို များများကြီး စိုက်ပျိုးကြရပါလိုကုန်၏”ဟု ဆုတောင်းကြမြဲမဟုတ်။

## အရိယဝံသတရား ၄-ပါး

ယခုအခါ၌မူကား ရှင်လူအပေါင်းတို့၌ ပစ္စယာမိသတဏှာ, လောကာမိသတဏှာ, ဝဋ္ဋာမိသတဏှာတို့သည် လွန်စွာမင်းမူ၍နေကြကုန်၏၊ တဏှာသုံးပါး၏ ဆန့်ကျင်ဘက်ဖြစ်သော အရိယဝံသတရား လေးပါးများကို ပြောဆိုခဲ့လျှင် မခံနိုင်ရှိကြကုန်၏။

အရိယဝံသတရား လေးပါးဆိုသည်ကား—

၁။ ဆွမ်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း တပါး၊

၂။ သင်္ကန်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း တပါး၊

၃။ ကျောင်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း တပါး၊

၄။ ဘာဝနာတရား၌ မွေ့လျော်ခြင်းတပါး—

ဤလေးပါးတို့တည်း။

www.dhammaransi.com



ဤလေးပါးတို့သည် ဘုရား, ဘုရားတပည့်သား, ဘုရားအမွေခံရှင်လူ အရိယာအရိုးအမျိုးခံသူတို့ မစွန့်အပ်သော တရားဖြစ်၍ အရိယဝံသတရား မည်ကုန်၏၊ ဤကား အသိအလိမ္မာဉာဏ်ပညာရှိသူတို့ သတိမူကြရန်အချက်တည်း။

(အသိဉာဏ်ပညာ နည်းသူတို့မှာ)— အသိအလိမ္မာ ဉာဏ်ပညာနည်းပါး လှသူတို့မှာမူကား ကုသိုလ်တရား အဖြစ်များလျှင်ပင် အကောင်းပြုရတော့သည်။

(ဉာဏ်ပညာကြီးသူတို့မှာ)— အသိအလိမ္မာ ဉာဏ်ပညာရှိသူတို့သည် ယခုဘဝ၌ သော်လည်းကောင်း, နတ်ပြည်သို့ရောက်ကြ၍ နောက်ဘဝ၌ သော်လည်းကောင်း နိယတဓမ္မအမွေခံဘုံစဉ်စံအဖြစ်သို့ မချွတ်မလွဲ အမြဲမုချ ရောက်လိုကြကုန်သည်ရှိသော်—

"အာဇီဝဋ္ဌမကသီလ၌ ကောင်းစွာတည်၍ ပြုဆိုခဲ့ပြီးသော ကာယဂတာသတိကို ထူထောင်ပြီးလျှင် ခန္ဓာငါးပါးတရားတို့၌ လက္ခဏာရေး သုံးပါးတို့ကို တနေ့တနေ့လျှင် ယုတ်စွအဆုံး သုံးနာရီမျှ အချိန် ရအောင်လုံ့လ စိုက်မြဲကြကုန်ရာ၏"၊ (အရေးကြီးသော ဩဝါဒဖြစ်သည်— သူတော်ကောင်းတို့....)။

ခန္ဓာငါးပါးတို့တွင် တပါးပါး၌ ပေါက်ပေါက် ရောက်ရောက်ထင်မြင်နိုင်ကြ ကုန်လျှင်ပင် နိယတအမွေခံ ဘုံစဉ်စံအဖြစ်သို့ ရောက်နိုင်ကြကုန်၏၊ လက္ခဏာရေးသုံးပါးတို့တွင်လည်း အနိစ္စလက္ခဏာရေးတပါး ကောင်းကောင်းထင်မြင် နိုင်ကြကုန်လျှင်ပင် နိယတအမွေခံ ဘုံစဉ်စံအဖြစ်သို့ ရောက်နိုင်ကြကုန်၏။

www.dhammaransi.com



(တပါးပါး၌ စွဲမြဲရန် အစိအရင်ကိုမူကား ငါတို့ စီရင်သော လက္ခဏာဒီပနီ၊ ဝိဇ္ဇာမဂ္ဂဒီပနီ၊ အာဟာရဒီပနီ၊ အနတ္တဒီပနီ၊ ကမ္မဋ္ဌာနဒီပနီ စာအုပ်တို့မှာ ယူကြလေကုန်၊ နိယတဘုံစဥ်စံတို့၏ အလားကိုလည်း ငါတို့စီရင်သော စတုသစ္စဒီပနီကျမ်း၊ ပရမတ္ထသံခိပ်ကျမ်း နိဗ္ဗာန်အခဏ်း တွင် ကြည့်ရှုကြလေ)။

ဤကား ဗောဓိပက္ခိယဒီပနီကျမ်းမှ
ထုတ်နုတ်ဖော်ပြအပ်သော
သာသနအမွေခံစစ်တမ်းတည်း။

www.dhammaransi.com

### ဆင်ရှင် ဆရာတော်၏

# သိမှုနှင့် ကျင့်မှု အလင်းရောင်

## နမော ဗုဒ္ဓါယ။ (သိဒ္ဓမ်)

“ပညာသမာ အာဘာ နတ္ထိ” သာသနာနှင့်လောက နှစ်ဌာန စလုံး၌ အရေးကြီးသောအမှုမှာ သိမှုနှင့် ကျင့်မှုပင် ဖြစ်တယ်၊ “ဘာကိုသိ၍ ဘာကိုကျင့်ရမည်နည်း” ဟု မေးခဲ့သော် သိစရာတွေ, ကျင့်စရာတွေကား လောကီ, လောကုတ္တရာ အသင်္ချေအနန္တ= မရေမတွက်နိုင်အောင် အလွန်များပြားလှတယ်၊ ၎င်း သိစရာတွေ, ကျင့်စရာတွေ အသင်္ချေအနန္တကို လောကာ ထွတ်ထား ရှင်တော်မြတ် ဘုရားမှတပါး မည်သူမျှ အကုန်အစင်တော့ဖြင့် သိနိုင်, ကျင့်နိုင်ကြမည် မဟုတ်ချေ၊ သို့သော် အကုန်အစင် မသိနိုင်, မကျင့်နိုင်ငြားသော်လည်း မိမိတို့ မချွတ်မလွဲ ပြုကျင့်ရမည့် အမှုကိစ္စနှင့် သက်ဆိုင်ရာကိုတော့ဖြင့် ရှေးဦးစွာ သိဖို့, ကျင့်ဖို့ အရေးကြီးတယ်။

ဥပမာ အဓိပ္ပါယ်မှာ—မဂ်,ဖိုလ်,နိဗ္ဗာန်ချမ်းသာကို အလိုရှိ၍ ဝိပဿနာတရားကို ကျင့်ကြံအားထုတ်လိုသောသူသည် အားထုတ်ပုံ, အာထုတ်နည်း,ကျင့်ပုံ, ကျင့်နည်းများကို ဝိပဿနာပညာရှိ သူတော်ကောင်းများထံ ဆည်းကပ်,သင်ကြား,မေးမြန်း, နည်းယူ၍ဖြစ်စေ၊ဝိပဿနာတရားအားထုတ်ပုံ, အားထုတ်နည်း, ကျင့်ပုံ, ကျင့်နည်း—စသည်များကို ဘုရားဟော ပိဋကတ်ကျမ်းဂန်များနှင့် အညီ သေချာကျနစွာ ရေးသား၍ ပြဆိုသော ကျမ်းစာများ

www.dhammaransi.com



ကို သဘောပေါက် နားလည်အောင် သေချာစွာ ကြည့်ရှု၍ ဖြစ်စေ တတ်သိနားလည်အောင် သင်ကြား, မေးမြန်း, နည်းယူပြီး ကျင့်ကြံအားထုတ်မှသာလျှင် မိမိတို့အလိုရှိအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာကို ရရှိကြပေမည်၊ မတတ်, မသိ, နားမလည်ဘဲနှင့် အရမ်းကျင့်ကြံအားထုတ်ခဲ့လျှင် အချိန်ကုန် လူပန်း၍ ဒုက္ခများရုံမျှသာ ဖြစ်ပေလိမ့်မည်။

## မသိလျှင်မေး–မစင်လျှင်ဆေး

ထို့ကြောင့် ရှင်တော်မြတ်ဘုရားက–

"သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉ္ဟိတဗ္ဗံ"–ဟု ဟောကြား ပညတ်တော်မူခဲ့တယ်၊ အနက် အဓိပ္ပါယ်မှာ–

"ချစ်သားရဟန်းတို့ .... ကျင့်ခြင်းငှါ အလိုရှိသော ရဟန်းရှင်လူသည် ကျင့်ပုံ, ကျင့်နည်းကို မသိလျှင် သိအောင် လုပ်ရမည်၊ ပညာရှိသူတော် ကောင်းများထံ ဆည်းကပ်မှီဝဲ၍ အဖန်တလဲလဲ မေးမြန်းရမည်၊ မေးမြန်းပြီးနောက် သဘော ပေါက်အောင် အဖန် တလဲလဲ စဉ်းစားနှိုင်းချိန်ရမည်"ဟုဟောတော်မူလိုရင်းဖြစ်တယ်။

ရှေးပညာရှိများကလည်း "မသိလျှင်မေး–မစင်လျှင်ဆေး"ဟု ဆိုရိုးစကားပြု၍ ထားခဲ့ကြတယ်၊ ထို့ကြောင့် မသိက ပညာရှိ သူတော်ကောင်းများထံ ဆည်းကပ်၍ မေးလျှင် သိနိုင်ပါတယ်၊ မစင်ကြယ်က ရေကြည်ရေကောင်းဖြင့် ဆေးကြော သုတ်သင်လျှင် စင်ကြယ်နိုင်ပါတယ်။

www.dhammaransi.com



ထို့အတူ လောကီစီးပွါး ချမ်းသာရေးအတွက် ဆေးဆရာဝန် ပြုလုပ်၍ အသက်မွေးလိုသောသူမှာလည်း ဆေးဖက်ဆိုင်ရာ အတတ်ပညာများကို ရှေးဦးစွာ တတ်သိ ကျွမ်းကျင်နားလည်မှုမရှိပဲနှင့် ဆေးဆရာဝန်ပြုလုပ်၍ ကုသလျှင် လူသတ်သမားသာ ဖြစ်၍ ဆရာ့လူနာ နှစ်ဦးနှစ်ဝလုံးပင် နစ်နာဆုံးရှုံး ပျက်စီးမည်သာ ဖြစ်မယ်။

ပန်းထိမ်၊ ပန်းဘဲ၊ ပန်းပု၊ ပန်းချီ၊ ကျောင်းဆရာ၊ ရှေ့နေ၊ စာရေးစာချီ၊ အမှုထမ်း၊ အရာထမ်း၊ စစ်ဗိုလ်၊ စစ်သား၊ ကုန်သည်၊ လယ်လုပ်–စသည်တို့မှာလည်း မိမိတို့လုပ်ကိုင်မည့် အလုပ်အကိုင်နှင့် သက်ဆိုင်ရာ တတ်သင့်တတ်ထိုက်၊ သိသင့် သိထိုက်သော အချက်အလက် အတတ်ပညာ များကို ရှေးဦးစွာ တတ်သိ နားလည်ထားပြီးမှသာလျှင် ပြုလုပ် ဆောင်ရွက်သော အခါ ချောမောပြေပြစ်စွာ ပြီးမြောက်ခရီးရောက်၍ ကြီးပွားချမ်းသာကြမည်သာ ဖြစ်မယ်။

မျက်မှောက်ကြီးပွားချမ်းသာကြောင်း သမ္ပဒါတရား လေးပါးတို့တွင် ပဌမဦးဆုံး "ဥဋ္ဌာနသမ္ပဒါ"ဟူသည်မှာလည်း ဆိုင်ရာ ဆိုင်ရာ မိမိလုပ်ကိုင်သည့် အတတ်ပညာရပ်မျိုး၌ စေ့စေ့စပ်စပ် သေချာစွာ တတ်ကျွမ်း နားလည်သူ ဖြစ်ရမည်–ဟု သဗ္ဗညု မြတ်စွာဘုရားကိုယ်တိုင် အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် ပါဠိတော် ဒီဃဇာဏုသုတ် (ဆဋ္ဌမူ–၁၀၇)၌ ညွှန်ပြတော်မူခဲ့တယ်။

ယခုမျက်မှောက် လောကလူသားတို့ လိုက်နာလျက် ရှိသော စည်းကမ်းတခုမှာလည်း လုပ်ငန်းကြီးတခု လုပ်ကိုင် တော့မည်ဆိုလျှင် ထိုလုပ်ငန်းဆိုင်ရာ တတ်သိ ကျွမ်းကျင်သည့် ပညာရှိ

www.dhammaransi.com



ပါရဂူပုဂ္ဂိုလ်များကို ရှာကြံ၍ ကြီးမှူးကြပ်မတ်လုပ်ကိုင်စေခဲ့သဖြင့် လွန်စွာကောင်းမွန်ကြီးပွား တိုးတက်လျက် ရှိကြောင်းကို သတိပြုသင့်ကြပေသည်။

## ကိုယ့်ဝတ္တရားကိုယ်ကျေရန်

ထို့ပြင် ဆရာနှင့်တပည့်, အမိအဖနှင့် သားသမီး, လင်နှင့်မယား, ဘုန်းကြီးနှင့်ဒကာ, အလုပ်ရှင်နှင့်အလုပ်သမား, ခေါင်းဆောင်နှင့်နောက်လိုက်, အစိုးရနှင့်လူထု–စသည်တို့ မှာလည်း တယောက်နှင့်တယောက် တဦးနှင့်တဦး အပြန်အလှန် ပြုကျင့်ကြရမည့် တာဝန်ဝတ္တရားများ အသီးအသီး ရှိကြရာ ရဟန်းရှင်လူ မည်သူမဆို ကိုယ့်တာဝန်, ကိုယ့်ဝတ္တရားကို သိ၍ ကိုယ့်တာဝန်,ကိုယ့်ဝတ္တရားကိုသာ ကျေပွန်အောင် ပြုလုပ် ဆောင်ရွက်ကြလျှင် ဘယောက်နှင့်တယောက် တဦးနှင့်တဦး မသင့်မတင့် မကျေမနပ်မညီမညွတ် မချမ်းသာစရာမရှိချေ၊သင့်တင့်,ကျေနပ်, ညီညွတ်၍ ကြီးပွားချမ်းသာကြမည်သာ ဖြစ်မယ်။

သူများတွေ တာဝန်ဝတ္တရား မသိမကျေသည်ကို တွက်ကပ်နှိုင်းခိုင်းနေကြရန်မသင့်ချေ၊ သူက တာဝန်မသိမကျေမကောင်းလို့ ကိုယ်က ပြန်၍ တာဝန်မကျေ, မကောင်းလျှင် သူ့မှာသာ အပြစ်ရှိ၍ ဆုတ်ယုတ်နစ်နာသည် မဟုတ်ချေ၊ ကိုယ့်မှာလည်း အပြစ်ရှိ၍ ဆုတ်ယုတ်နစ်နာမည်သာဖြစ်တယ်၊ သို့ဖြစ်၍ အားလုံး ရဟန်းရှင်လူမည်သူမဆို ကိုယ့်တာဝန်, ကိုယ့်ဝတ္တရားကိုသာ သိဖို့နှင့် ကျင့်ဖို့ အရေးကြီးသောကြောင့် ကိုယ့်တာဝန်, ကိုယ့်ဝတ္တရားကိုသာ ကျေပွန်အောင် သတိထားသည်းခံပြီး အားထုတ်ပြုကျင့် ဆောင်ရွက်ကြရန်သာ ဖြစ်တယ်။

www.dhammaransi.com



## ဝတ္တရားမကျေလျှင် အကုသိုလ်ဖြစ်သည်

အမိ,အဖ,ဆရာသမား–စသောသူတို့အပေါ်၌ သား, သမီး, တပည့်–စသောသူတို့က ပြုသင့်,ပြုထိုက်,ပြုအပ်သော တာဝန်ဝတ္တရားများကို မသိ,မပြု, မကျေပွန်လျှင် အကုသိုလ်ဖြစ်တယ်၊ အကုသိုလ်သည်–

(၁) မပြုအပ်သည်ကို ပြုခြင်းကြောင့်ဖြစ်သော (အကတ္တဗ္ဗကရဏ)အကုသိုလ်၊

(၂) ပြုအပ်သည်ကို=ပြုရမည်ကို မပြုခြင်းကြောင့်ဖြစ်သော (ကတ္တဗ္ဗအကရဏ) အကုသိုလ်–

ဟူ၍ နှစ်မျိုးနှစ်စားရှိတယ်။

(၁) မပြုသင့် မပြုထိုက် မပြုကောင်းသော ပါဏာတိပါတ= (သူ့အသက်သတ်ခြင်း) စသော ဒုစရိုက်တို့ကို လွန်ကျူးကျော်နင်း ပြုကျင့်ခြင်းသည် အကတ္တဗ္ဗကရဏ အကုသိုလ်မကောင်းမှုမည်တယ်။

(၂) အမိ, အဖ, ဆရာသမား – စသောသူတို့ အပေါ်၌ ပြုသင့် ပြုထိုက် ပြုရမည့် တာဝန်ဝတ္တရားများကို လွှဲဖယ်ရှောင်သွေ မပြုပဲနေခြင်းသည် ကတ္တဗ္ဗအကရဏ အကုသိုလ်မကောင်းမှုမည်တယ်၊ (အပါယ်လေးပါးသို့လည်း ကျရောက်စေနိုင်တယ်)။

သို့ဖြစ်၍ ရဟန်းရှင်လူ မည်သူမဆို မိမိတို့နှင့် သက်ဆိုင်ရာ တာဝန်ဝတ္တရားများကို သိအောင်, ကျေပွန်အောင် အထူးသတိထားပြီး အားထုတ်ပြုကျင့် ဆောင်ရွက်ကြဖို့ သင့်တယ်။

အမိ, အဖ, ဆရာသမား–စသောသူတို့အပေါ်၌ ပြစ်မှားလိုသော ပဒုဋ္ဌစိတ်မရှိပါပဲလျက် အဘယ့်ကြောင့် အကုသိုလ်

www.dhammaransi.com



မကောင်းမှု ဖြစ်ပါသနည်း ဆိုသော်— "ကတ္တဗ္ဗာ ကရဏမ္ပိ ပါပကရဏံ နာမ" ဟူသော ဩဝါဒပါတ်မောက် အဖွင့်၌ လာရှိသည်အရ ပြုသင့် ပြုထိုက် ပြုရမည့် မိဖဝတ်, ဆရာဝတ်-စသည်တို့ကို လဲ့ဖယ်ရှောင်သွေ မပြုပဲနေခြင်းသည်ပင် ဖြစ်မှားလိုသော ပဒုဋ္ဌစိတ် ဖက်စပ်၍ အကုသိုလ်မကောင်းမှုကို ပြုသည်မည်တယ်။ ။(ဤ၌ ကတ္တဗ္ဗအကရဏ အကုသိုလ်မကောင်းမှုများကိုကား ယခုခေတ် ယခုအခါမှာ သိရှိနားလည်သူ အလွန်နည်းပါး၍ နေတယ်၊ ပါဠိသာစေ အထောက် အထားနှင့် အကျယ်ကိုသိလိုက ဒုကနိပါတ် ကေဋ္ဌိသီလဇာတ်နှင့် အနန္တဂုဏဒီပနီကျမ်းများတွင် ကြည့်ရှု၍ သိရှိကြရန် ဖြစ်တယ်)။

## သိမှု (နှင့်)ကျင့်မှု အရေးကြီးသည်

သိမှု(နှင့်)ကျင့်မှု နှစ်မျိုးတို့ဘွင် ဂန္ထဓုရသုတမယ-စသော သိမှုသည် ပရိယတ္တိကိစ္စဖြစ်၍ ဝိပဿနာဓုရ သီလ, သမာဓိ-စသောကျင့်မှုသည် ပဋိပတ္တိကိစ္စ ဖြစ်တယ်၊ သို့ဖြစ်၍ သိမှုသည် ပဌမအရေးကြီး၍ ကျင့်မှုသည် ဒုတိယအရေးကြီးတယ်။

အဘယ့်ကြောင့် သိမှုသည် ပဌမအရေးကြီးပါ သနည်း—ဆိုသော်—"မရှိတာထက် မသိတာခက်သည်" "မသိလျှင် အဝိဇ္ဇာ၊ သိလျှင်ဝိဇ္ဇာ" ဆိုသည့်အတိုင်း မသိလျှင် ဘယ်အရာဌာနအမှုကိစ္စမျိုးမဆို ခက်၍ သိလျှင် ဘယ်အရာဌာန အမှုကိစ္စမျိုးမဆို လွယ်တယ်၊ ထို့ကြောင့် ဝိနည်းအဋ္ဌကထာကြီးများ၌ ပညာရှိတို့ ညည်းညူပုံကို "ဓိရတ္ထု ဝတ ရေ အညာဏံ" လို့ ဖော်ပြထားတော်မူတယ်၊ အဓိပ္ပါယ်မှာ— "အချင်းတို့...အရာရာ၌မသိ

www.dhammaransi.com



မလိမ္မာခြင်းသည် ကေန်စင်စစ် စက်ဆုပ်ရွံရှာဖွယ် ဖြစ်၏” ဟု ဆိုတော်မူလိုရင်းဖြစ်တယ်။

အားလုံးသော သတ္တဝါတို့သည် သံသရာမှာ ရှည်ကြာစွာ ကျင်လည်ပြီး အမျိုးမျိုးသော ဘေးဒုက္ခတွေနှင့် တွေ့ကြုံ၍ နေရခြင်းမှာ သစ္စာလေးပါး အမှန်တရားကို ယထာဘူတ အကြောင်းအကျိုးအခြေခံနှင့် ဟုတ်မှန်သည့်အတိုင်း မသိကြ လို့သာ ဖြစ်တယ်၊ သစ္စာလေးပါးအမှန်တရားကို ဟုတ်တိုင်း မှန်စွာ သိကြလျှင် သံသရာဝဋ္ဋဒုက္ခမှလွတ်မြောက်ကြ၍ နိဗ္ဗာန်သို့ ရောက်ကြမည်သာ ဖြစ်တယ်-လို့ မဟာနိဒါနသုတ် နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်များ၌ မြတ်စွာဘုရား ဟောတော်မူတယ်။

ထို့ကြောင့် ရှေးပညာရှိတို့က—

မသိလျှင်တွယ်၊သိလျှင်ပြယ်သည်။ ။တွယ်လျှင်လည်း ဘေး၊ ပြယ်လျှင်အေးသည်။ ။မသိကတပတ်ပတ်၊ သိမှ အပြီးသတ်သည်။ ။မသိအစ၊ သိကအဆုံး၊ ကိစ္စ တုံးသည်။ (ဟူ၍ရင်း)

လယ်လုပ်မခက်၊ လယ်တည်ခက်သည်။ ။အကျင့် မခက်၊ အသိခက်သည်။ ။သူတော်မခက်၊ ပညာရှိ ခက်သည်။ (ဟူ၍ရင်း)

မိန့်ဆိုတော်မူခဲ့ကြတယ်။

လောကီ၊ လောကုတ္တရာ အမှုကိစ္စ အရာရာတိုင်းမှာပင် ဟုတ် တိုင်းမှန်စွာသိဖို့၊ မြော်မြင်ဉာဏ်ရှိဖို့၊ ဗဟုသုတ အသိဉာဏ်စုံဖို့ အလွန်အရေးကြီးတယ်၊ ဗဟုသုတ အသိဉာဏ်သည် အလွန်အဖိုး တန်တယ်၊ အဖိုးတန်ပုံမှာ— အသိဉာဏ်ရှိသူ(နှင့်) အသိဉာဏ်မရှိ

www.dhammaransi.com



သူနှစ်ယောက် ပါဏာတိပါတ–စသော အကုသိုလ် မကောင်းမှုကို အတူပြုကြရာ၌ပင် အပြစ်ရှိပုံချင်း, အပြစ်ကြီးပုံချင်း မတူကြချေ၊ အသိဉာဏ်ရှိသူပြုသော အကုသိုလ်မှာ အပြစ် ပေါ့၍ အသိဉာဏ် မရှိသူပြုသော အကုသိုလ်မှာ အပြစ် ကြီးတယ်၊ တို့အတူပင် ဒါန,သီလ-စသော ကုသိုလ်ကောင်းမှုပြုရာ၌လည်း အသိဉာဏ်ရှိသူပြုသော ကုသိုလ်မှာ အကျိုးကြီး၍ အသိဉာဏ် မရှိသောသူပြုသောကုသိုလ်မှာ အကျိုးနည်းတယ်၊ ထို့ကြောင့် ဗဟုသုတ အသိဉာဏ်သည် လောကီ, လောကုတ္တရာ ကောင်းကျိုး ချမ်းသာအတွက် အလွန်အရေးကြီး အဖိုးတန်သည်-ဟု ဆိုရတယ်။

ဤအနက်အဓိပ္ပါယ်အကြောင်းအရာသည် ဤဆိုလတ္တံ့သော မိလိန္ဒမင်းကြီး (နှင့်) အရှင်နာဂသိန် ရဟန္တာမထေရ်မြတ်တို့ အမေး-အဖြေကို ကြည့်သောအားဖြင့် သိသာ ထင်ရှား လှပါတယ်။

## မိလိန္ဒမေး–အရှင်နာဂသိန်ဖြေ

(မိလိန္ဒ) အရှင်ဘုရား.... အကြင်သူသည် အပြစ်ကို သိလျက် မကောင်းမှုကို ပြု၏၊ အကြင်သူသည် အပြစ်ကို မသိပဲ မကောင်းမှုကို ပြု၏၊ ထိုသူနှစ်ယောက်တို့တွင် အဘယ်သူအား သာလွန်ပိုမို၍ မကောင်းမှု များပါသနည်း (အပြစ်ကြီးပါသနည်း)

(အရှင်နာဂသိန်) ဒကာတော်မင်းကြီး....အကြင်သူသည် အပြစ်ကိုမသိပဲ မကောင်းမှုကို ပြု၏၊ ထိုသူအား မကောင်းမှုသည် များ၏(အပြစ်ကြီး၏)။

www.dhammaransi.com



(မိလိန္ဒ)အရှင်ဘုရား....ဒကာတော်တို့တွင် အကြင်မင်းသည်လည်းကောင်း, မင်း၏အမတ် စသည်တို့သည်လည်းကောင်း သိလျက် မကောင်းမှုကိုပြုအံ့ (သိလျက်ဥပဒေကိုကျူးလွန်အံ့) ထိုသိလျက် ပြုသော (ဥပဒေကိုကျူးလွန်သော)သူအား နှစ်ဆတက်သောအပြစ်ဒဏ်ကို ပေးကြပါကုန်၏။

(အရှင်နာဂသိန်) ဒကာတော် မင်းကြီး.... ငါမေးလတ္တံ့သော စကားကို သင်—အဘယ်သို့ အောက်မေ့မှတ်ထင်(သဘောကျ)သနည်း၊ ရဲရဲပြောင်ပြောင် အလျှံနှင့်တကွဖြစ်၍ အလွန်ပူသော သံတွေခဲကို တယောက်သောသူသည် သိလျက်ကိုင်အံ့၊တယောက်သောသူသည် မသိပဲ ကိုင်အံ့၊ ထိုသူနှစ်ယောက်တို့တွင်အဘယ်သူအား ပြင်းစွာ ပူလောင်ရာသနည်း။

(မိလိန္ဒ) အရှင်ဘုရား....ပမန်းမသိပဲ ကိုင်သောသူအား ပြင်းစွာပူလောင်ရာပါ၏။

(အရှင်နာဂသိန်) ဒကာတော်မင်းကြီး....ဤဥပမာအတူပင်လျှင် အကြင်သူသည် အပြစ်ကိုမသိပဲ မကောင်းမှုကို ပြု၏၊ ထိုသူအား မကောင်းမှုသည်မျှား၏(အပြစ်ကြီး၏)။

(မိလိန္ဒ) အရှင်ဘုရား .... သင့်တင့် လျှောက်ပတ်ပါပေ၏-ဟု ကျေနပ်စွာ ဝန်ခံခြင်းကို ပြုတယ်။

www.dhammaransi.com



ထိုသို့ မိလိန္ဒမင်းကြီး မေးသည်ကို အရှင်နာဂသိန်မထေရ် ဖြေဆိုတော်မူသောကြောင့်လည်း ကောင်း, ပရမတ္ထ သဘာဝကို ထောက်ဆနိုင်းချိန်သဖြင့် သင့်လျော် လျောက်ပတ်သောကြောင့် လည်းကောင်း အပြစ်ကို မသိပဲ မကောင်းမှုပြုရာ၌ သာလွန် ပိုမို၍ အပြစ်ကြီးမားကြောင်းကို ကောင်းကောင်းကြီး သန္နိဋ္ဌာန် ချ၍ မှတ်ကြရန် ဖြစ်ပါတယ်၊ (ပါဠိသာခကကို အလိုရှိက မိလိန္ဒပဉှာပါဠိတော် ဆဋ္ဌမူ စာမျက်နှာ ၈၀—မှာ ယူကြရန် ဖြစ်တယ်)။

(မှတ်ချက်)။ ။ ရဲရဲတောက်၍ အလွန် ပူသော သံတွေခဲကို သိလျက်ကိုင်သောသူမှာ အဆင် အခြင် အတိုင်းအထွာ အသိဉာဏ်နှင့် ခပ်ပေါ့ပေါ့ ကိုင်သော ကြောင့် ပြင်းစွာမပူလောင်ရာ၊ အလွန်ပူသော သံတွေ ခဲ-ဟု မသိ၍ အရမ်းကိုင်သောသူမှာ အလွန်ပြင်းထန်စွာ ပူလောင်ရာသကဲ့သို့ ထို့အတူ မကောင်းမှု၏ အပြစ်ကို မသိသောကြောင့် အပြစ်ပင်မရှိ—ဟု မှတ်ထင်၍ စေတနာထက်သန်စွာ မိုက်မိုက်မဲမဲ စွမ်းအားရှိသလောက် လုံ့လအားထုတ် ပြုလုပ်သောကြောင့် သာလွန် ပိုမို၍ အပြစ်ကြီးသည်—ဟု ဆိုလိုရင်း ဖြစ်တယ်၊ ဆူးငြောင့် စသည်ကို ရှိမှန်းမသိ၍ ပြင်းပြစွာ အရမ်းနင်းမိ သော ကြောင့် အစူးအရှနာသကဲ့သို့ မှတ်ကြရန်ဖြစ်တယ်။

ဤဖော်ပြလတ္တံ့သော[ ]ကွင်းအတွင်းရှိ စကား ရပ် သဘောအဓိပ္ပါယ်များမှာ သင်္ဂြိုဟ် ဘာသာဋီကာ ကျမ်းမှ ထုတ်နုတ်၍ ဖော်ပြလိုက်ခြင်းဖြစ်တယ်။

www.dhammaransi.com



[သိ၍ လွန်ကျူး,မသိ၍ လွန်ကျူး။ ။"ဒိဋ္ဌိသမ္ပယုတ်စိတ်သည်ဒိဋ္ဌိဝိပ္ပယုတ်စိတ်ထက် သတ္တိထက်၏"ဟု(ဆိုပြီး) မိစ္ဆာအယူ ရှိသူတို့သည် အပြစ်မရှိဟု အယူရှိသဖြင့် မကောင်းမှုကို ပြုကျင့်မိကြကုန်၏၊ သမ္မာအယူ ရှိသူတို့ကား အပြစ်ရှိမှန်းသိလျက်ပင်တမင်ကျူးလွန်ကြကုန်၏၊ ထိုသူ (၂) မျိုးတွင်အပြစ်မမြင်၍ ပြုမိသူမှာ မကောင်းမှုပြစ်သက်သက်သာ ထိုက်၍အပြစ်ရှိမှန်းသိလျက်ကျူးလွန်သူ၌ အပြစ် ကြီးလေးစွာ ရထိုက်သည် မဟုတ်ပါလော—ဟု မေး။

အဖြေကား—ဤသို့ မမှတ်သင့်၊ ခွဲဦးအံ့— အပြစ်ရှိပါလျက်အပြစ်မရှိ—ဟု ယူခြင်းသည် မိစ္ဆာအယူတည်း၊ ထိုမိစ္ဆာဒိဋ္ဌိ အရင်းခံ၍ မကောင်းမှုကို ပြုရာ၌ တွန့်ဆုတ်ခြင်း မရှိ ရဲရဲဝံ့ဝံ့ပြုကျင့်၏၊ထို့ကြောင့် မကောင်းမှု အကုသိုလ် သတ္တိသည် ထိုမိစ္ဆာအယူရှိသူတို့၏ သန္တာန်၌ ကြီးလေးစွာ အဖတ်တင်ရ၏၊ ဥပမာ- ရဲရဲငြိသောသံတွေခဲကို ရွှေတုံးထင်၍ ကိုင်သူမှာပြင်းထန်စွာအလောင်ခံရသကဲ့သို့တည်း၊အပြစ်ရှိမှန်းသိလျက် ကျူးလွန်သူကား အကုသိုလ်အပြစ်ကို ကြောက်ရွံ့တွန့်ဆုတ် လျက်ပင် မရှောင်ကြဉ်နိုင်၍ ပြုကျင့်မိ၏၊ ထို့ကြောင့် အကုသိုလ် အပြစ်လည်း ဒိဋ္ဌိနှင့်ယှဉ်သလောက် မကြီးမားချေ၊ ဥပမာ—ယခင် သံတွေခဲကို မလွဲသာ၍ ကိုင်ရသူ၌ အပူသက်သာသကဲ့သို့တည်း။ ။မိလိန္ဒပဉှာ"ဇာနန္တာ ဇာနန္တာနံ ပါပကရဏပဉှာ" ပါဠိတော်ကို မှီရေးသည်။

www.dhammaransi.com



ပညတ်တော်ကို သိလျက် လွန်ကျူးပြစ်။ ။ သို့ဖြစ်လျှင် ရာဇသတ်ဥပဒေကိုလည်းကောင်း, ဘုရားပညတ်တော်ကို လည်းကောင်း သိလျက် လွန်ကျူးသူတို့မှာ လောက, ဓမ္မဝယ် အဘယ့်ကြောင့် ကြီးလေးသော အပြစ်ကို ရကြပါသနည်း—ဟုမေးဖွယ်ရှိပြန်၏၊ အဖြေကား—ရာဇသတ် ဥပဒေနှင့် ဝိနည်းပညတ်ကို ကျူးလွန်သူတို့မှာ ကျူးလွန်ပြစ်သာမက ဥပဒေ—ပညတ်တော်ကို မလေးစားမှု=အဂါရဝ ဒေါသစိတ်များလည်း ခြံရံလျက် ရှိလေသည်၊ ထို့ကြောင့် လောက, ဓမ္မအလိုက် ကြီးလေးသောအပြစ် ထိုက်၏၊ ထို့ပြင် ပညတ်တော်—ဥပဒေများကို နားမလည်ခြင်းသည်လည်း ဒိဋ္ဌမဟုတ်၊ အချို့အရာ၌ မောဟ, အချို့အရာ၌ မသိရုံမျှသာ ဖြစ်၏၊ ထို့ကြောင့် ဒိဋ္ဌိမဖက်ပဲ မသိသည့်အတွက် ဥပဒေ—ပညတ်တော်ကို ကျူးလွန်ရာ၌ လောကအလိုက် လည်း ညှာညှာတာတာ အပြစ်ပေးရ၏၊ သံသရာဘေး မှာလည်း သိလျက် ကျူးလွန်သူလောက် မကြီးလေး တတ်ပေ။ ]

## အသိဉာဏ်ရှိဖို့လိုသည်

အချို့သောသူတို့မှာ ကုသိုလ်ဖြစ်အောင် ပြုလုပ်ကြသော်လည်း ဗဟုသုတအသိဉာဏ်မရှိ၍ ပြုပုံပြုနည်း နေရာမကျ မှားယွင်းသောကြောင့် ကုသိုလ်မဖြစ်ပဲ အကုသိုလ်သာ ဖြစ်၍ နေတယ်၊ သာသနာကို ကြီးမြောက်အောင် ချီးမြှောက်ပါသော်လည်း မချီးမြှောက်တတ်၍ ပြုစုချီးမြှောက်ရာ မရောက်ပဲ

www.dhammaransi.com



သာသနာ ဆုတ်ယုတ်ပျက်စီးအောင် ဖျက်ဆီးရာသာ ကျရောက်၍ နေတယ်၊ တိုင်းပြည်လူထု ရှင်, လူအများ ကောင်းစားချမ်းသာအောင် ပြုလုပ်ပါသော်လည်း ကောင်းစားချမ်းသာအောင် ပြုလုပ်ရာမရောက်ပဲ ဆုတ်ယုတ်ပျက်စီး ဆင်းရဲနစ်နာအောင်သာ ပြုလုပ်ရာရောက်၍နေတယ်၊ ဤစကားများသည် ယခုခေတ် ယခု အခါမှာ မျက်မြင်ကိုယ်တွေ့ဖြစ်ကြသောကြောင့် အလွန်သိသာထင်ရှားပါတယ်။

အချို့သောသူတို့မှာ လောကီမှု၌ ဖြစ်စေ, လောကုတ္တရာမှု၌ ဖြစ်စေ အကြားအမြင် အတွေ့အကြုံ ဗဟုသုတ အသိဉာဏ် ခေတ်ခံအလွန်နည်းပါးသောကြောင့် ပညာရှိ သူတော်ကောင်း များက အကျိုးကိုလိုလား၍ အဟုတ်အမှန် အကောင်းတရား စကားကို ဟောပြောသော်လည်း မဟုတ်မမှန် မကောင်း သော တရားစကား ထင်မှတ်၍ မယုံကြည်, မလေးစား, မလိုက် နာပဲ ရှိတတ်တယ်၊ ပညာမရှိသော မသူတော်များက မဟုတ် မမှန် မကောင်းသောတရားစကား (မတရားစကား)ကို အဟုတ် အမှန် အကောင်းတရားစကား ထင်မှတ်အောင် ယုတ္တိယုတ္တာ နှင့် လုပ်ကြံပြီး ဟောပြောလျှင် ယုံလွယ်တတ်, လိုက်နာတတ် တယ်၊ သူများက မနာလို ဝန်တို၍ တယောက်နှင့်တယောက် တဦးနှင့်တဦး အထင်အမြင် မှားအောင်, မညီညွတ်အောင်, မသင့်မြတ်အောင်, အကြည်ညို ပျက်အောင်, ဂုဏ်ယုတ်အောင်, သူတို့ဖက်ပါအောင် မကောင်းသော စိတ်ထားဖြင့် လုပ်ကြံပြီး ဟောပြောလျှင် အစဉ်းအစား အဆင်အခြင်မရှိ အရမ်းမဲ့ ယုံကြည်လိုက်နာတတ်တယ်။

www.dhammaransi.com



ဤကဲ့သို့ အစဉ်းအစား အဆင်အခြင် မရှိသူများ ( နှင့် ) ဟောတိုင်း ပြောတိုင်း ယုံကြည်လိုက်နာတတ်သောသူများမှာ– "မစဉ်းမစား၊ ယုံလွယ်ငြား၊ မှောက်မှားတတ်ကြောင်းမှတ်" ဟူသော ပညာရှိများစကားအရ များသောအားဖြင့် မှားတတ်, ပျက်စီးတတ်တယ်၊ သို့ဖြစ်၍ မဟုတ်မမှန် မကောင်းသော တရားထူး တရားဆန်း, ဝါဒထူး ဝါဒဆန်း, အယူထူး အယူဆန်းတွေ ပေါ်ပေါက်ပေါ်များ၍ နေသော ဝိပတ္တိဆုတ်ကပ် ယခုခေတ် ယခုအခါကြီးမှာ ဟောတိုင်း ပြောတိုင်း မစဉ်းမစား အရမ်းမဲ့ ယုံကြည်လိုက်နာခြင်း မပြုကြမူ၍ စဉ်းစဉ်း စားစား နှိုင်းချိန် ဝေဖန်ပြီး ယုံကြည်လိုက်နာ ပြုကျင့်ကြမှသာလျှင် သင့်လျော်မည့် ခေတ်အခါကြီးဖြစ်၍ အထူးသတိထားပြီး လိုက်နာ ပြုကျင့်ကြရန်သင့်တယ်။

## ဟောတိုင်း ပြောတိုင်း မယုံသင့်

အချို့က စိတ်ကောင်း စေတနာကောင်းပင် ရှိငြားသော်လည်း အမှားကိုအမှန်, မကောင်းကို အကောင်း – ထင်မှတ်၍ တတ်ယောင်ကား, သိယောင်ကားနှင့် ဟောတတ် ပြောတတ် တယ်၊ အချို့ကလည်း အမှား, အမှန်ကိုသိလျက် မကောင်း သောစိတ်ထားဖြင့် အမှားကိုအမှန်, အမှန်ကိုအမှား, မကောင်း ကိုအကောင်း, အကောင်းကိုမကောင်း– ပြုလုပ်၍ ဟောတတ် ပြောတတ်တယ်၊ အချို့ကလည်း "မုန်းလျှင်အပြစ် ချစ်လျှင် အကျိုး" ဟူသည့်အတိုင်း ချစ်သည့်အခါချစ်သလို, မုန်းသည့် အခါမုန်းသလို မလိုတမျိုး, လိုတမျိုး ပြောတတ်ဆိုတတ်တယ်၊ အချို့ကလည်း အသိဉာဏ် မရှိသည့်အတွက် ချီးမွမ်းရမည်ကို

www.dhammaransi.com



ကဲ့ရဲ့ခြင်း, ကဲ့ရဲ့ရမည်ကို ချီးမွမ်းခြင်း — ပြုလုပ်၍ ပြောဆို တတ်တယ်၊ ထို့ကြောင့် ရှေးပညာရှိတို့က—

* ဟောတိုင်း — ပြောတိုင်း၊ ချင့်စားနှိုင်း။
ရေးတိုင်း မယုံရာ။

* နိဗ္ဗာန်လိုက၊ ဝိရာဂ၊ မိန့်မှုယုံသင့်ပါ။

ဟူသောလင်္ကာဖြင့် သတိပေးမှာကြား ဟောပြော၍ ထားခဲ့ ကြတယ်။

ထိုလင်္ကာ၏ အဓိပ္ပါယ်မှာ — သူများ ဟောတိုင်းလည်း မယုံနှင့်၊ ပြောတိုင်းလည်း မယုံနှင့်၊ ရေးထားတဲ့စာကို တွေ့တိုင်း လည်းမယုံနှင့်၊ "နှိုင်းနှိုင်းချိန်ချိန် — သုခမိန်" ဆိုသည့်အတိုင်း စဉ်းစားချင့်ချိန်ဝေဖန်ပြီး ယုံသင့်မှယုံကြရန် ဆိုလိုရင်းဖြစ်သည့် ပြင် နိဗ္ဗာန်ကို အလိုရှိသော ပညာရှိ သူတော်ကောင်းများ, ကိလေသာ ရာဂကင်းတဲ့ ဘုရား, ရဟန္တာများ ဟောပြောခဲ့တဲ့ တရားစကားကိုသာလျှင် ယုံကြည်လိုက်နာကြပါ—ဟု ဆိုလိုရင်း ဖြစ်တယ်၊ ဘုရား, ရဟန္တာ ပညာရှိ သူတော်ကောင်းများ ဟောကြားအပ်သော တရားစကားကိုလည်း "ဆင်ခြင်ဉာဏ်ကို ရှေ့တည်၊ ယုံကြည်မှုကို နောက်ထား"ဟူသော ပညာရှိတို့စကား အရ မစဉ်းမစား မဝေဖန်ပဲ ယုံကြည်လိုက်နာခြင်းထက် စဉ်းစား ဆင်ခြင်ဝေဖန်ပြီး ယုံကြည် လိုက်နာခြင်းက သဘာဝကျ၍ သာလွန်ပိုမိုကောင်းတယ်။

ထို့ကြောင့် အားလုံးသော လူရှင် အပေါင်း တို့သည် လောကီ, လောကုတ္တရာ အမှုကိစ္စ အရာရာတိုင်းမှာပင် "အပ္ပ

www.dhammaransi.com



မာဒေန သမ္မာဒေထ” ဟူသော ပစ္ဆိမဗုဒ္ဓဝစန (ဗုဒ္ဓ၏ နောက်ဆုံးအမှာစကား) နှင့်အညီ သတိသမ္ပဇဉ် အမြဲယှဉ်၍ ယုံကြည်လိုက်နာပြုကျင့်ကြရန် မေတ္တာရှေ့ထား၍ သတိပေးဟောပြောခြင်းအမှုပြုပါတယ်။

## ဗုဒ္ဓမြတ်စွာ၏ မူဝါဒ– မစွဲလမ်းရာ ၁၀–ဌာန

ဗုဒ္ဓမြတ်စွာသည် ကေသမုတ္တိနိဂုံးသား ကာလာမ–အမျိုးသားတို့အား (တိကအင်္ဂုတ္တိုရ်ပါဠိတော်၌) ဟောကြားတော်မူသည်မှာ–ကာလာမအမျိုးသားတို့....

(၁) ကလေးဘဝမှစ၍ ကြားနာမှတ်သားခဲ့ရခြင်းဖြင့်လည်း “ဟုတ်တယ် မှန်တယ်”ဟု အစွဲအမြဲမယူဆကြနှင့်ဦး။

(၂) မိဘ, ဘိုးဘွား – စသည်တို့မှ ဆင်းသက်၍ (ပရံပရ) အဆက်ဆက်မှတ်ယူလုပ်ကိုင်ရိုး ဖြစ်၍လည်း အစွဲအမြဲ မှတ်ယူမထားကြနှင့်ဦး။

(၃) “ဣတိ ကိရ=ဒီဟာက ဒီလိုတဲ့”ဟု အခြားတယောက်ကပြောလိုက်ရုံမျှ (တဆင့်ကြားမျှ) ဖြင့်လည်း အမြဲမှတ်ယူမထားကြနှင့်ဦး။

(၄) ဒီအယူအဆသာ ငါတို့သင်ထားသော ကျမ်းစာနှင့်ညီတယ်–ဟု မိမိတို့ကျမ်းစာနှင့် ညီရုံမျှဖြင့်လည်း အတည်တကျမှတ်ယူမထားကြနှင့်ဦး။

(၅) မိမိဘာသာ ကြံစည်ထားသောအရာကိုလည်း “ဟုတ်လှပြီ, မှန်လှပြီ”ဟု အမြဲအစွဲ ယူမထားကြနှင့်ဦး။

(၆) အခြားနေရာ (အခြားနိုင်ငံ) တို့၌ သူတပါးတို့လုပ်နည်း

www.dhammaransi.com



ကိုင်နည်းကို သဘောကျ၍လည်း ဤနေရာ၌ သင့်တော်လှပြီ– ဟု အမြဲစွဲယူ မထားကြနှင့်ဦး။

(၇) တစုံတခုပြုရာ အကြောင်းအထောက်အထားကို စဉ်းစားရာဝယ် အကြောင်းအထောက်အထား ကောင်း၍ သဘောကျသဖြင့်လည်း အစွဲအမြဲ ယူမထားကြနှင့်ဦး။

(၈) သူပြောသောအယူဝါဒသည်ငါတို့ စဉ်းစား ကျေနပ်ထားသောအယူနှင့် ညီမျှပေသည်–ဟု အယူဝါဒချင်း တူရုံမျှနှင့်လည်း အမြဲအစွဲ မယူကြနှင့်ဦး။

(၉) ဤရသေ့ရဟန်းကား ယုံကြည်ထိုက်သော အထက်တန်းပုဂ္ဂိုလ်တည်း၊ ဤပုဂ္ဂိုလ်၏ စကားကို လေးလေးစားစား မှတ်သားထိုက်သည်"ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်ဦး။

(၁၀) "ဤရသေ့ရဟန်းကား ငါတို့ ကိုးကွယ်ထားသော ဆရာဖြစ်၏၊ ငါ့ဆရာစကားကို ငါမှတ်သားသင့်သည်"ဟု လည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်ဦး။

ကာလာမအမျိုးသားတို့.... "ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသောတရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သောတရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ်, ဆောက်တည်အပ်ကုန်သည် ရှိသော် အစီးအပွားမရှိခြင်းငှါ,ဆင်းရဲခြင်းငှါဖြစ်ကုန်၏"ဟု သင်တို့သည် မိမိတို့ကိုယ်တိုင်ပင် သိရှိသောအခါ၌မူ ထိုတရားတို့ကို ပယ်စွန့်ကုန်ရာ၏။

ကာလာမအမျိုးသားတို့...."ဤတရားတို့ကား ကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်မရှိသောတရားတို့တည်း၊ ဤ

www.dhammaransi.com



တရားတို့ကား ပညာရှိတို့ ချီးမွမ်းအပ်သောတရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သည် ရှိသော် အစီးအပွားအလို့ငှာ, ချမ်းသာခြင်းငှာဖြစ်ကုန်၏" ဟု သင်တို့သည် မိမိတို့ကိုယ်တိုင်ပင်လျှင် သိရှိသောအခါ၌မူ ထိုတရားတို့ကို ပြည့်စုံစေ၍ နေကုန်ရာ၏—
ဟု ဗုဒ္ဓမြတ်စွာသည် ကာလာမအမျိုးသားတို့အား ဟောကြားတော်မူသည်။

ဤသို့အကျဉ်းအားဖြင့်ဟောကြားပြသခဲ့ပြီးသော သိမှု(နှင့်) ကျင့်မှုဆိုင်ရာ လောကကြောင်း, ဓမ္မကြောင်းများကို ယုံကြည်လေးစား ထောက်ထားသောအားဖြင့် မိမိတို့ ကိုယ်တိုင်လည်း (အမှန်အတိုင်း) သိမှုနှင့်ကျင့်မှု ပြည့်စုံအောင်အားထုတ်၍ သူတပါးတို့အားလည်း (အမှန်အတိုင်း) သိမှုနှင့်ကျင့်မှု ဤ(၂)ခုနှင့်ပြည့်စုံအောင် ကူညီအားပေး ချီးမြှောက်ခြင်းကိုပြုနိုင်ကြပါစေကုန်သတည်း။

## နိဂုံးချုပ်ဆောင်ပုဒ်

သိမှု–ကျင့်မှု၊ ဤနှစ်ခု၊ ယခုအားထုတ်ပါ။
အားထုတ်ပါက၊ နိဗ္ဗာန၊ မုချ ရမည်သာ။ ။

ဆင်ရှင်သရာတော်
မြောင်မြို့၊စစ်ကိုင်းတိုင်း

www.dhammaransi.com



## အားလုံး(အထူး)သတိထားကြရန်

ငါ့ကိုလည် သူမပိုင်၊ သူ့ကိုလည်းငါမပိုင်။
ဘယ်သူကိုမှ ဘယ်သူမပိုင်၊ ငါ့ကိုသော်မှ ငါမပိုင်။
အချိန်တိုင်းက သူဖြစ်ချင်သလိုဖြစ်၊ ငါဖြစ်ချင်သလိုမဖြစ်။
ပစ္စည်းကသော်လည်း လူကိုပစ်၊ လူကသော်လည်း ပစ္စည်းကိုပစ်၊စင်စစ်မုချ၊

* အမြဲမရှိအနိစ္စ၊
* ကြောက်စရာ့ဒုက္ခ၊
* အစိုး မရ အနတ္တပါတကား။ ။

(ဒီပဲရင်း ဆရာတော်)

---

## ဘယ်စိတ်နှင့်သေ ဘယ်ဘုံပြေ
## မသွေရောက် မည်နည်း

၁။ လောဘနှင့်သေ၊ ပြိတ္တာပြေ၊ မသွေရောက်မည်မှတ်။
၂။ ဒေါသနှင့်သေ၊ ငရဲပြေ၊ မသွေရောက်မည်မှတ်။
၃။ မောဟနှင့်သေ၊ တိရစ္ဆာန်ပြေ၊ မသွေရောက်မည်မှတ်။

### အထောက်အထားကား—

ယေဘုယျေန ဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ။
ဒေါသေန ဟိ စဏ္ဍဇာတိတာယ ဒေါသသဒိသံ နိရယံ ဥပပဇ္ဇန္တိ။
မောဟေန ဟိ နိစ္စံ သမ္မူဠှံ တိရစ္ဆာနယောနိယံ ဥပပဇ္ဇန္တိ။

(အဋ္ဌသာလိနီ အဋ္ဌကထာ)

www.dhammaransi.com



## သံဝေဂရှစ်ပါး အကျဉ်းဆောင်ပုဒ်

ချမ်းသာ,ဆင်းရဲ၊ ပေါ်,ရှားမြဲ၊ဆုံး,ကွဲ၊ချစ်,စိုး၊ရှင်, သေမျိုး။
ချီးမွမ်း, ပြစ်တင်၊ထောင်, လဲချင်၊ ပျိုလျှင်,အိုရိုး၊သံဝေမျိုး။
ရှင်,သေ၊ဖြစ်,ပျက်၊ ရ, ကုန်၊ဆုံ,ကွဲ၊မျက်မြင်ဒိဋ္ဌ ကမ္မဋ္ဌာန်းဘဲ။

(ဂန္ဓာရုံဆရာတော်)

### ပစ္ဆိမဗုဒ္ဓဝစန

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊
အပ္ပမာဒေန သမ္ပာဒေထ။

(မဟာပရိနိဗ္ဗာနသုတ်)

www.dhammaransi.com

# လောကသံသရာ
# ကြီးပွားချမ်းသာရေးလမ်းညွှန်

ဆောင်ပုဒ်နှင့်အဓိပ္ပါယ်

* ကာယ၊ ဉာဏ၊ စာရိတ္တ၊ သုံးဝပြည့်စုံရေး။
* ဤရေးသုံးပါး၊ ပြည့်စုံငြား၊ ကြီးပွား ချမ်းသာရေး။

၁။ ကာယ (ကာယဗလ) ကျန်းမာရေး။
၂။ ဉာဏ (ဉာဏဗလ) ပညာတတ်သိရေး။
၃။ စာရိတ္တ (စာရိတ္တဗလ) အကျင့်စာရိတ္တ ကောင်းမွန်ရေး။

ဤအခြေခံ ရေး သုံးပါးနှင့် ပြည့်စုံသောသူသည်ငင်း, မြို့ရွာသည်ငင်း, တိုင်းပြည် နိုင်ငံသည်ငင်း မုချအမှန် ကြီးပွား ချမ်းသာရမည်။

သို့ဖြစ်၍ ကျောင်းသူ ကျောင်းသား လူငယ် လူရွယ် များ နှင့် မိမိတို့၏ သားသမီးများအား ဤအခြေခံရေး သုံးပါးနှင့် ပြည့်စုံအောင် ပြုလုပ်ပေးကြရန် ဖြစ်သည်။

ဆင်ရှင်ဆရာတော်
မြောင်မြို့(စစ်ကိုင်းတိုင်း)